
သိန်းမင်းစာပေ

လုံးချင်းဝတ္ထုအသစ်

# ချိုမြယ်

ရှုပဗေဒါ

ဒီကောင်လေး



ပန်းချီ သိန်းရွှေ

စာမူခွင့်ပြုချက်အမှတ် ၇၃/၉၉/၁

အဖုံးခွင့်ပြုချက်အမှတ် ၂၃၉/၉၉/၄

၁၉၉၉၊ နှစ်၊ ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၈၀ ကျပ်

ထုတ်ဝေသူ

ဦးတင်အုန်း မြ-၀၉၄၃၊

မိုးမင်းစာပေ ၉၃၊ ရိပ်သာလမ်း၊

လေးထောင့်ကန်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မှ

အတွင်းပုံနှိပ်သူ

ဦးအောင်ခိုင် (၀၄၆၈၅) အောင်သစ္စာပုံနှိပ်တိုက်၊

အမှတ် ၅၇၆/ပတ္တမြားလမ်း၊ သဃ်န်းကျွန်း ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ

ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်စက်

၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊

ရန်ကုန်မြို့။

# ချိုနွယ်ပင် ( ရူပဗေဒ )

---

## မီကောင်လေး

## [illegible]ရှိသော ဝန် အ ရေး သုံး ပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်ရေး အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

မဒေနကျသော တာဝန်ဖြစ်သည်။

# အပိုင်း (တစ်)

## အခန်း (၁)

သူမသည် ဝါးတန်းလမ်းရှိ (**Dream**) စားသောက်ဆိုင်ကလေးထဲသို့ တစ်ယောက်တည်း ကြွကြွရွရွလေး ဝင်လာခဲ့သည်။

သူမ**ဝင်**လာတော့ အောက်ထပ်တွင်ရှိသော ရိုးရိုး စားပွဲဝိုင်းမှ **စားသောက်**နေသူ အချို့၏ မျက်လုံးများက လှပထောင့်တင်းသော ခန္ဓာကိုယ်အလှနှင့် စွဲမက်ဖွယ် ကောင်းလှသော သူမ၏ မျက်နှာလေးကို လျှပ်တစ်ပြက် ငေးမောသွားကြသည်။

သူမကတော့ မည်သူ့ကိုမျှ တစ်ချက်ကလေး လှည့်မကြည့်ခဲ့ပါ။

သိန်းမင်းစာပေ

အောက်ထပ်တွင် ရှိသော လှေကားမှ တစ်ဆင့် အနက်ရောင် ရေမြှုပ်ဆိုဖာတွေ ကျကျနန ခင်းထားသော အပေါ်ထပ်သို့ တက်ခဲ့သည်။

သူမက ထူးထူးခြားခြား တစ်ယောက်တည်း ဖြစ်နေသောကြောင့် အပေါ်ထပ် ဆိုဖာတွင် ထိုင်၍ စားသောက်နေကြသော ယောကျာ်း လေး ငါးဦး ခန့်က သူမကို သမင်လည်ပြန် ကြည့်ကြ၏။

သူမသည် သူမအတွက် အကောင်းဆုံး နေရာ တစ်ခုကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ရှာဖွေလိုက်သည်။

ခက်တာက တစ်ယောက်ခုံ လုံးဝမရှိ။

အနည်းဆုံး လေးယောက်ခန့်ထိုင်နိုင်သော ဆိုဖာ အကြီးကြီးတွေသာ ရှိသည်။

မတတ်နိုင်၊ ထိုင်ရမှာပဲ။

ကိုယ့်မလဲ ကိုယ့်အကြောင်းနှင့် ကိုယ်။

သူမရွေးချယ်ပြီး ထိုင်ချလိုက်သောခုံမှာ မည်သူမှ ရှိမနေ။

သူမ ခုံရှေ့ရှိ တစ်ဖက်ဆိုဖာမှ စကားဖောင်ဖွဲ့ ပြောနေကြသော ယောကျာ်းလူရွယ်သုံးဦးက သူမကို ပြုံးစေ့စေ့ဖြင့် လှည့်ကြည့်ကြသည်။

သူမက မျက်နှာကိုမာန်အပြည့်၊ ဟန်အပြည့်ဖြင့် ခပ်တင်းတင်း ချီထားသည်။





သူမ၏ နှုတ်ခမ်းသားတွေက အနီရဲရဲ နှုတ်ခမ်းနီအရောင်ကြောင့် သွေးရောင်လွှမ်းပြီး ထင်းနေသည်။

'အစ်မ ဘာများသုံးဆောင်မလဲခင်ဗျ'

ဘွိုင်ကောင်လေးက သူမအနားသို့လာရပ်ပြီး ခပ်တိုးတိုးမေးသည်။

'လစ်ပတန်း တီး'

'ဟုတ်ကဲ့....နောက်ဘာများ....'

'ရပြီ နောက်တော့မှာမယ်'

'ဟုတ်....'

သူမအနီးမှ ဘွိုင်ကောင်လေးက သူမမျက်နှာကို တအံ့တသြ ကြည့်၍ လှည့်ထွက်သွားသည်။

သူ အံ့သြလဲ အံ့သြစရာကိုး။

ဒီလိုနေရာမျိုးကို လာပြီး တီးတစ်ခွက်ပဲ မှာတယ်ဆိုတော့ သူတို့အတွက် အင်မတန် ထူးဆန်းနေမှာပေါ့။

မတတ်နိုင်။

သူမ ဒီနေရာကို ဒီလို အချိန်မျိုးမှာ အတိအကျ ရောက်အောင် သူမရောက်လျှင်တီးတစ်ခွက်ထက်ပိုပြီး ဘာမှမသောက်မိအောင် သူ့ရဲ့ ယတြာအတိုင်း သူမ လုပ်နေရတာမို့လား။

သူမ (Dream)ကို တစ်ယောက်တည်း ရောက်လာ ခဲ့ရတာလဲ 'ယတြာ' ကြောင့် ဖြစ်သည်။

ဒီနေ့မှာ 'ယတြာ'အတိုင်း သူမ မလုပ်ဖြစ်လျှင် ရှေ့ဆက်ပြီး ပြဿနာပေါင်း သောင်းခြောက်ထောင်ကို သူမ မဖြစ်မနေ ရင်ဆိုင် ရတော့မည်။

ဗေဒင်တောာထားတဲ့ ဆရာမကြီးရဲ့ ဟောချက် အတိုင်း ဖြစ်လာပါ့မလား။

အင်းလေ....ဆရာမကြီးသတ်မှတ်ထားတဲ့ အချိန်အထိတော့ စောင့်ရမှာပေါ့၊

သူမပထမဆုံး လုပ်ရမှာကတော့ သူမရှေ့ရှိနှစ်ယောက်ထိုင် ဆိုဖာခုံပေါ်သို့ ဆရာမကြီး၊ ပေးလိုက်သော 'အင်း'စာရွက်ကို မည်သူမျှ မမြင်အောင် အသာပစ်ရမည်၊

ပစ်သည့်အချိန်ကလဲ... နာရီ တိကျရမည်။

နံနက် ဆယ်နာရီနှင့် ခြောက်မိနစ်တိတိ ဖြစ်ရမည်။ ဗေဒင်ဟောကိန်း အတိုင်းဆိုလျှင်'အင်း'စာရွက်ကိုသူမထိုင်နေသောဆိုဖာခုံပေါ်သို့လှမ်းပစ်ပြီးဆယ့်ငါးမိနစ်ကြာသည်နှင့် ယောကျ်ားနှစ်ယောက်က သူမရှေ့သို့ မလွဲမသွေရောက်လာမည်၊

ထိုလူနှစ်ယောက်ထဲတွင် ဘစ်ယောက်က ကောန်မှုချ 'စနေသား'ဖြစ်ရမည်။

ထိုစနေသား ဆိုသူနှင့် သူမက မျက်နှာချင်းဆိုင် ထိုင်ပြီး 'ယတြာ'အတိုင်း ဇာသဝေမတိမ်း လုပ်ရတော့မည်။

သိန်းမင်းစာပေ



သူမသည် ထိုင်နေရင်းက နာရီ တကြည့်ကြည့်ဖြင့် စိတ် တွေက အဆငတန် လှုပ်ရှားနေသည်။

ဘွိုင်ကောင်လေးက သူ့ရှေ့ရှိစားပွဲပေါ်သို့တီးတစ်ခွက် လာတင်ပေး၏၊

'အစ်မ လိုတာ ပြောပါနော်'

'အင်း....အင်း'

သူ့အမေးကို သူမ ပြန်မဖြေနိုင်။

'တီ....'

သူမနာရီမှ ဆယ်နာရီ ထိုးပြီဖြစ်ကြောင်း အသံပေးလိုက် ရာတွင် သူမစိတ်ထဲထိတ်ခနဲဖြစ်ပြီး လန့်သွားသည်။

သူမ စားပွဲပေါ်ရှိ အငွေ့ထနေသော တီးကို ကြည့်လိုက် နာရီကို ငုံ့ကြည့်လိုက်ဖြင့် သူမစိတ်တွေက မတည်မငြိမ် ဖြစ် လာသည်၊

ဘာကြောင့်များ၊ ဒီလောက်အထိ ဖြစ်နေရတာပါလိမ့်၊

သူမ တွေးလို့မရတော့၊ ဒီလိုနှင့် နာရီလက်တံတွေက....

တစ်မိနစ်....

နှစ်မိနစ်....

သုံးမိနစ်....

လေး. ..

သိန်းမင်းစာပေ

ငါး....

ခြောက်....

'ယတြာ'ရဲ့ နာရီအတိုင်း တိတိကျကျ ရောက်လာသည်နှင့် သူမက သူမလက်ထဲရှိ 'အင်း'စာရွက်ကို မည်သူမှ မမြင်အောင် အသာလုံးချေပြီး ပစ်လိုက်သည်၊

သူမ ပစ်လိုက်သော 'အင်း'စာရွက်က ဆိုဖာ နှစ်ခုကြား ထဲသို့ အသာ သွားတင်သည်၊

အင်း ပထမအဆင့်တော့ ပြီးသွားပြီ၊

သူမ စိတ်သက်သာရသွားပြီး တီးခွက်ကိုယူ၍ အသာ ငုံ့သောက်သည်။

တီးခါးခါးရဲ့အရသာက သူမလည်ချောင်းထဲသို့ အရသာရှိစွာ စီးဆင်းသွား၏၊

ဒုတိယအဆင့် အောင်မြင်ဖို့အတွက် သူမ ရှေ့သို့ ဆယ့်ငါးမိနစ်အတွင်း ရောက်လာမည့် လူနှစ်ယောက်ကို စောင့်ရမည်၊

ထို ဆယ့်ငါးမိနစ်က သူမအတွက် ဆယ့်ငါးနာရီခန့် ကြာသည်ဟုထင်ရသည်၊

အမြန်ရောက်ချင်ပါမှ အချိန်က ဘောင်ရုံနှင့် မရောက်နိုင်၊

သူမ ရှေ့ရှိ တစ်ဖက်ခုံမှ လူတွေကလဲ သူမရဲ့လှုပ်ရှားမှုတွေကို တမေ့တမော အကြည့်စူးစူးတွေနှင့် ကြည့်နေကြသည်။





သူတို့မျက်လုံးတွေက မသတီစရာမျက်လုံးတွေ၊

သူတို့အကြည့်တွေက မထိတရိအကြည့်တွေ၊

သူမတစ်ကိုယ်လုံး ပေါက်ထွက်သွားတော့မလား ထင်ရသည်အထိပြူးစေ့စေ့ဖြင့် စိုက်ကြည့်နေကြသည်။

သူမရဲ့အလှကလဲ ခပ်ဖျော့ဖျော့ထွန်းညှိထားသောမီးရောင်အောက်မှာ လှပဝင့်ကြွားစွာဖြင့် ချောမွတ်နုပျိုနေလို့ ဖြစ်မှာပေါ့။

သူမရဲ့နက်မှောင်နုထွေးပြီး အုံခဲနေသော ဆံပင်နက်နက်အရှည်ကြီးတွေက သူမထိုင်နေသော ဆိုဖာခုံမှာ ဖြန့်ဝဲစွာကျဆင်းနေသည်။

သူမရဲ့မျက်နှာပေါက်က မြန်မာဆန်စွာ လှပပီရိသေသပ်လွန်းသည်၊

မျက်ခုံး မျက်လုံး နှာတံနှင့်နှုတ်ခမ်းတွေက အင်မတန်စွဲမက်စရာ ကောင်းလွန်းတဲ့ အလှပိုင်ရှင်မျိုးဖြစ်သည်၊

သူမအရပ်က ငါးပေလေးလက်မရှိပြီး သူမရဲ့ကိုယ်ခန္ဓာအချိုးအစားကတောင့်တင်း ကျစ်လစ် ခိုင်မာလွန်း၏၊

ဘာကြောင့်လဲဆိုတော့ သူမက ရင်စေ့မြန်မာအင်္ကျီလက်ပတ်နှင့် ခြေမျက်စိဖုံးသောထဘီကို ဝတ်ထားသဖြင့် သူမရဲ့အလှက ထင်းခနဲပေါ်လွင်နေသည်၊

ပြီးတော့ သူမရဲ့ ကိုယ်နေကိုယ်ထားနှင့် ထိုင်နေပုံကိုကြည့်ခြင်းအားဖြင့် တွေ့သူတိုင်း ရင်သတ်ရှုမောစရာဖြစ်သည်၊

သူမသည် နောက်ကျောမှီကို ခပ်ပြေပြေလျှောမထိုင်ဘဲ ခါးကိုဆန့်၍ ရင်ကိုကော့ကာ ခပ်မတ်မတ်ထိုင်၏။

ဒါကြောင့် သူမအလှကို ဘေးဘစောင်းမြင်ရုံနှင့်ပင်ကျက်သရေရှိစွာ လှပတင့်တယ်သော မိန်းမကောင်းတစ်ယောက်ဟု ကောက်ချက်ချနိုင်သည်၊

သူမ ပေါင်ပေါ်တွင်တင်ထားသော ရှိုးရိုးလက်ကိုင်လွယ်အိတ်ကို သူမကလက်ဖြင့် အသာအုပ်၍ ကိုင်ထားသည်။

'တောက်....နာတယ်ကွာ၊ ဒီတစ်ခါလွတ်သွားတာ ရေခရလည်လည်နာတယ်၊ တကယ်ဆို ဒီငနာတွေ တပ်ဆင်းသွားအောင် ငါလုပ်ရမှာကွ၊ ခံပြင်းစရာကောင်းလိုက်တာ၊ ဘာမှစားချင်စိတ်မရှိတော့ဘူး'

'မစားလို့ မရဘူး၊ မင်း မစားချင်နေ၊ ငါတော့ဆာလှသေတော့မယ်'

သူမထိုင်နေစဉ် သူမအနားသို့ မမျှော်လင့်ဘဲရောက်လာသော လူနှစ်ယောက်၏စကားသံတွေကြောင့် သူမအံ့သြဘနန်းမော့ကြည့်လိုက်သည်။

'ကြည့်စမ်း.... ဆယ့်ငါးမိနစ်တိတိပြည့်တဲ့အချိန်မှာဘဲဗေဒင်ဟောကိန်းအတိုင်း လူနှစ်ယောက် ရောက်လာပါလား။

သင်းတို့ထဲက ဘယ်သူက စနေသားဖြစ်မလဲ။

တစ်ယောက်ယောက်တော့ ဖြစ်ပါစေကွယ်။

ဘုရားသိကြားတွေ မ စကြပါ။

သူမစိတ်ထဲကျိတ်ပြီးဆုတောင်းလိုက်စဉ် သူတို့နှစ်ယောက်





က ဖြုန်းဆို သူမရှေ့ရှိဆိုဖာမှာ ရဲရဲပံ့ပံ့ ဝင်ထိုင်ချလိုက်သည်။

'အာ....အောရိုး ဖြစ်တယ်နော်'

သူတို့နှစ်ယောက်ထဲက အပြာနုရောင်စပို့ရှပ်လက်တိုဝတ်ထားတဲ့သူက သူမကို စေ့စေ့ကြည့်၍ လှမ်းပြောသည်၊

'ဖြစ်ပါတယ်ရှင်....ဖြစ်ပါတယ်'

သူမက 'ယတြာ' ချေရမယ့်သူပဲ၊ ဖြစ်ရတာပေါ့။

ဒီနေရာမှာ မာနခေါင်ခိုက်ပြီး ဘဝင်မြင့်သွေးကြွနေလို့မဖြစ်။

သူမ သူတို့နှစ်ယောက်ကို ဘယ်စကားက စပြောရမှန်းမသိ၍ ချီတုံချတုံ ဖြစ်နေသည်။

ခုချိန်ထိတော့ ဗေဒင်ဟောထားတဲ့အတိုင်း တစ်ခုမှမလွဲသေး။

သူတို့နှစ်ယောက်ထဲက 'စနေသား' တစ်ယောက်မှ မပါဘူးဆိုရင်တော့ ဒီဆိုင်ထဲကလူအားလုံးကို တစ်ယောက်ချင်းလိုက်မေးပြီး သူမရှေ့မှာထိုင်ခိုင်းရတော့မည်။

'ယတြာ' မလုပ်လို့တော့ ဘယ်လိုမှမဖြစ်။

'ယတြာ' မပြီးလျှင်လဲ သူမ ဒီနေရာက တစ်ချက်လေးမှရွှေ့မှာမဟုတ်ဘူး။

ငါ့နွယ် စိတ်ညစ်လိုက်တာနော်၊

ဘယ်ကစလို့ စပြောရမှန်းလဲ မသိပါဘူး။

'တစ်ယောက်တည်းလားဗျာ....မပျင်းဘူးလား'

သူမရှေ့မှ စပို့ရှပ်နှင့်လူက စကားစလာပြီ။

အင်း....အခြေအနေပေးတုန်းဖြေမှပါပဲ။

'အစ်ကိုတို့ ဘာများသုံးဆောင်မလဲခင်ဗျ'

ဘွိုင်ကောင်လေးကရောက်လာပြီး မေးသည်။

'နေဦး....နေဦး....ခဏ၊ မမှာကြနဲ့ဦးနော်'

'ဘာလဲ ခင်ဗျားက ဒကာခံမလို့လား'

သူ့နံဘေးက ရှပ်အင်္ကျီအဖြူရောင်နှင့်လူက သူမကို ပြုံးစေ့စေ့ကြည့်ပြီးမေးသည်။

'ဒီလိုပါ၊ ကျွန်မ ပြောတာလေး ကျေးဇူးပြုပြီးခဏ နားထောင်ပေးပါ'

'မြန်မြန်နော်၊ ကျွန်တော် ဗိုက်အရမ်းဆာနေပြီ'

'အင်းပါ၊ နှစ်မိနစ်ဆိုရင် ကျွန်မစကား ပြီးပြီ'

'ကျွန်တော်သာ ဗိုက်မဆာခင် ခင်ဗျားစကားကို တစ်နေ့လုံး နားထောင်ပေးတယ်....အဟုတ်'

အံမာ....အရေးထဲ အသားကလဲ ယူလိုက်စာ။

ဒီနေရာမှာ သူမ ရန်စကားပြောလို့ မဖြစ်။

သူမ သူ့ကိုခပ်ပြုံးပြုံးသာ စိုက်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲသိလား၊ ခင်ဗျား သိပ်လှလို့'

ဘုရားရေ....

သူမစိတ်ထဲ ကျိတ်အော်ရင်း သူ့စကားကြောင့် သူမရင်ထဲ စိမ့်ခနဲဖြစ်သွားသည်။





'ကျွန်မပြောတာ အရင်နားထောင်ပါရှင်၊ အချိန် သိပ်မရလို့ပါ၊ ဒီလို....ဒီလို၊ ကျွန်မ အခု ဒီကို တစ်ယောက်တည်း ရောက်လာတာ ယတြာ ချေဖို့ပါ'

'ဗျာ....'

'ဟာ....ခင်ဗျားဟာကလဲ'

သူတို့ နှစ်ယောက်လုံးဆီမှ တအံ့တဩ ပြိုင်တူအသံတွေ ထွက်လာသည်။

'အင်းလေ၊ ကျွန်မပြောလို့လဲ ရှင်တို့အတွက် အံ့ဩချင် အံ့ဩနေမှာပေါ့၊ ဘာကြောင့်လဲ ဆိုတာတော့ ကျွန်မ ရှင်းမပြတော့ပါဘူး၊ ကျွန်မ သိချင်တာ တစ်ခုပဲ ရှိပါတယ်၊ ရှင်တို့နှစ်ယောက်ထဲမှာ စနေသား တစ်ယောက်တော့ ပါမယ် တင်ပါတယ်'

သူမ စကားဆုံးတော့ သူတို့နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူ ရယ်ကြသည်။

'ရှင်တို့ကလဲ....ရယ်တာက အရင်၊ ကျွန်မ မေးတာတော့ မဖြေဘူး'

'ရယ်ဆို ခင်ဗျားမေးတဲ့ မေးခွန်းက ရယ်စရာကိုး၊ ကျွန်တော်တို့နှစ်ယောက်လုံးစနေသားတွေ၊ ကဲ...ပြော ခင်ဗျားက ဘာအလို ရှိသေးလဲ'

'ဟယ်....တကယ်....တကယ်....စနေသားပါတာနော်၊ ဝမ်းသာလိုက်တာ ရှင်၊ ကျွန်မဖြင့် ဘယ်လို ဝမ်းသာမှန်းတောင် မသိဘူး၊ ဒီတော့ ရှင်တို့စနေနှစ်ယောက်တည်းကတစ်ယောက်ကို

ကျွန်မရွေးမယ်၊ ကျွန်မရဲ့ယကြော်ာအတိုင်းဆိုရင် ကျွန်မနဲ့ စနေသားက မျက်နှာချင်းဆိုင် ထိုင်ရမယ်....

'ဒီနေ့မှာ အဲဒီလူ စားချင်သမျှကို ကျွန်မက စေတနာ သဒ္ဓါတရားအပြည့်နဲ့ ပြည့်ပြည့်ဝဝ ကျွေးရမယ်'

'ပြီးရင်ရော ဘာတွေ ပါသေးလဲ' ,

စပို့ရှပ်နှင့် ခပ်ချောချောပုဂ္ဂိုလ်က သူမကိုမေးသည်။

'ပြီးပြီ၊ ဘာမှမပါတော့ဘူး'

'ဟာ....ဒီလိုတော့ ဘယ်ရမလဲဗျာ၊ ကိုယ့်ကို ဒကာခံပြီး ကျွေးမွေးသွားတဲ့ လူရဲ့ နာမည်နဲ့ လိပ်စာလေးတော့ သိခွင့်ရှိပါတယ်၊ ခင်ဗျား မပြောရင်တော့ ဒီကိစ္စကို ကျွန်တော် ငြင်းမယ်'

'အို....ရှင်ကလဲ....ပြောမှာပေါ့'

'အင်း....ပြီးရော၊ ခင်ဗျား ကတိတစ်ခု တည်ပစေနော်၊ ခင်ဗျားကျွေးမယ့် စနေသားက ကျွန်တော်ပဲ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဗိုက်ဆာလွန်းလို့ အူတောင် ပြတ်တော့မယ်....'

'ကဲ ပါရှင်၊ ကျွန်မ အခုချိန်ကစပြီး ကျွေးပါတယ်၊ ရှင် ကျွန်မရှေ့တည့်တည့်မှာထိုင်နော်၊ ဒီဘက် နည်းနည်းတိုးထိုင်'

'ဟ....ကျုပ်ရော'

သူ့နံဘေးက သူ့သူငယ်ချင်းကပြောသည်။

'စိတ်မရှိပါနဲ့ရှင်၊ ရှင့်ကို နောက်တစ်နေ့ ကျွန်မ ကျွေးပါမယ်ရှင်၊ ဟိုဘက်ကခုံမှာ ခဏလေး သွားထိုင်ပေးပါလား'





'ဟုဘ်လား....ပဲ ဖိုးလ၊ သွား....သွား'

'ကောင်းပါတယ်....ကောင်းပါတယ်၊ ငါပဲ နိုင်ကြပါ'

ဖိုးလဆိုသူက မွစိပွစိ ပြောပြီး ထသွားသည်။

သူက သူမရှေ့မှာ သူမနှင့် မျက်နှာချင်းဆိုင် ဖြစ်အောင် တည့်တည့် ထိုင်လိုက်သည်။

'ကဲ....ရှင်စားချင်တာမှာတော့ ရပြီ'

'ညီလေး ခဏ'

ဘွိုင် ကောင်လေးက သူမတို့ စားပွဲအနီးသို့ ရောက်လာသည်။

'အလိုရှိတာ ပြောပါခင်ဗျ'

'ဆလာမီတစ်ပွဲ....ဟမ်ဘာဂါ တစ်လုံး....ဘီယာတစ်ဘူး....ညီလေး၊ ခပ်မြန်မြန် လုပ်ကွာ'

'ဟုတ်ကဲ့....အစ်ကို....စိတ်ချ'

ဘွိုင်ကောင်လေး ထွက်သွားတော့ သူက သူမ မျက်နှာကို စူးစူးရှရှ လှမ်းကြည့်သည်။

'ခင်ဗျားက မှာချင်တာ မှာဆိုလို့ ကျွန်တော်လဲ ဗိုက်ဆာတာနဲ့ မှာလိုက်တာ များသွားလားတောင်မသိပါဘူး'

'ရပါတယ်၊ ရှင်ဗိုက်ဆန့်သလောက် မှာနိုင်တယ်၊ နောက်ထပ် မှာချင်လဲ ထပ်မှာပါ၊ အားမနာနဲ့'

'ခင်ဗျားက ရုပ်လှသလောက် အတော် သဘောကောင်းတဲ့ အမျိုးသမီးပဲ၊ ခင်ဗျားလို အမျိုးသမီးနဲ့ အခုလို တွေ့ဆုံခွင့်ရတဲ့ အတွက် သိပ်ဝမ်းသာပါတယ်၊ ဒါနဲ့ ခင်ဗျား နာမည်'

'နေပါဦး... ဖြည်းဖြည်းပေါ့'

'အေးဗျ....ဆောရီး၊ ခုနက ကျွန်တော့်ကို ပြောမယ်လို့ ပြောထားတာပဲ၊ မေ့သွားလို့....မေ့သွားလို့၊ ကျွန်တော် စားပြီးရင် ခင်ဗျားတကယ် ပြောရမှာနော်'

'ရှင့်နာမည်ရော ပြောမှာလား'

'ပြောပါတယ်၊ နာမည်များ ကပ်စေးနှဲစရာ လိုက်လို့၊ ပြောရမလား'

'ရှင့်သာဘော'

'နောက်ဆို 'ရှင်'နေရာမှာ မင်းလို့သာ တစ်ခွန်းတည်း ပြောင်းခေါ်လိုက်'

'ဘာဖြစ်လို့'

'ကျွန်တော့်နာမည် မောင်မင်း'

'ဟယ်....အဟုတ်....မောင်မင်း'

သူမက နာမည်ကြားပြီး ပခုံးလှုပ်၍ သဘောကျစွာ ရယ်မောလိုက်သည်။

'အမေ ပေးခဲ့တဲ့နာမည်လေ၊ ဘယ်လောက်အဓိပ်စားလဲဆိုတာကြည့်တော့....

'ကျွန်တော့်နာမည် ကြားတာနဲ့ လူရယ်စရာကို ဖြစ်ရောဟာ....တော်ပြီ၊ ခင်ဗျားနဲ့ စကား မပြောနိုင်တော့ဘူး၊ ဆာနေပြီ၊ ဝါးတီး ဖွင့်တော့မယ်'

သူက စားပွဲပေါ်သို့ ဘွိုင်ကောင်လေး လာချပေးသော





ဆလာမီနှင့် ဟမ်ဘာဂါထဲမှ ဟမ်ဘာဂါကိုယူ၍ အားပါးတ မြိန်ရည်ယှက်ရည် စားသည်။

ဒီလူ့ကြည့်ရတာ အတော် ဆာလောင်နေတဲ့ပုံပဲ။

သူမကိုပင် မကြည့်နိုင်တော့....။

ခေါင်းငုံ့ပြီး အားပါး တရနှင့် တရှုံ့ရှုံ့ကော်ဘမက်ခက်ဖြင့် စားနေပုံက အင်မတန် ဆာလောင်မွတ်သိပ်နေသော ကလေးငယ် တစ်ယောက်နှင့် တူသည်။

သူမကိုလဲ ရှက်ရွံ့ အားနာပုံမရှိ။

ဆလာမီတစ်ပွဲနှင့် ဟမ်ဘာဂါ တစ်လုံးစားတာက အလွန်ဆုံး ဆယ်မိနစ်ခန့်သာ ကြာသည်။

ပြီးတော့ ဘီယာဘူးကိုဖောက်၍ ခေါင်းမော့၍သောက်ချ၏။

ဒီနေရာမှာ သူနှင့်သူမသာ တရင်းတနှီးခင်မင်နေကြလျှင်သူ့ကို ဘီယာမသောက်ဖို့ သူမ တားမြစ်ရလိမ့်မည်။

သူသောက်လိုက်သောဘီယာအရှိန်ကြောင့်သူမရဲ့နှာခေါင်းဝမှာ ဘီယာနံ့က စူးခနဲဝင်လာသည်။

သူ့ပုံစံကလေးကတော့ သူဝတ်စားထားတာကို ကြည့်ခြင်းအားဖြင့် ဒိုက်တိမိုက်ကန်းနှင့် တဇွတ်ထိုးနိုင်မည့်ပုံမှန်းသိသာလှသည်။

သူသည် စပို့ရှပ်အနက်ရောင်လက်တိုနှင့် အရောင်လွင့်နေပြီဖြစ်သော ဂျင်းပန်ဘောင်းဘီအပြာနုရောင်ကြောင့် သူ့ပုံစံမှာ လေလွင့်နေသောလူငယ်ပုံစံမျိုး ဖြစ်နေသည်။

သူနှင့်သူမသည် အသက်အားဖြင့်ရွယ်တူနီးပါးလောက်သာ

သူ့ပုံစံနှင့်သူ့မျက်နှာပေါက် သူ့ခန္ဓာကိုယ်သွယ်လျလျ
ကြောင့် သူသည် ဘယ်လိုမှ လူကြီးလူကောင်းတစ်ယောက်
ပုံစမျိုးမပေါက်ပေ။

သို့သော် အလွန်တောက်ပြောင်နေတဲ့မျက်လုံးတွေနဲ့ ပုံစံက
လေးဖြစ်သည်။

'ဟိတ်....ကျွန်တော်စားတာကြည့်ပြီး ခင်ဗျားမျက်လုံးလှလှ
လေးတွေ ပိုတောက်သွားပြီ၊ ကျေးဇူးအထူးတင်ပါတယ်ဗျာ
အခုလို အားပါးတရစားခွင့်ရတဲ့အတွက်၊ နောက်ရော အခု
လို အကျွေးအမွေးမျှားရှိသေးလား'

'ရှိရင် အကြောင်းကြားမှာပေါ့'

'အိုကေ....တကယ်နော်'

သူက လက်ဖျောက်တီးရင်းပြောသည်။

'ကဲ ကျွန်တော်တို့နှစ်ယောက်စကားပြောကြစို့၊ကျွန်တော့်
နာမည် မောင်မင်း....

'ခင်ဗျား....နာမည်....'

သူက သူ့ပါးစပ်ကို တစ်ရှူးစဖြင့်သုတ်ရင်း စကား စ
သည်။

'ရှုတိုင်းယဉ်'

'ဟာ....အိပ်မက်မက်စရာကောင်းတဲ့နာမည်လေးပဲ၊ခင်ဗျား





နဲ့ခင်ဗျားနာ[illegible]ည်နဲ့ အရမ်းလိုက်တယ်၊ ကျွန်တော်တစ်ခုခုခေါ်
မယ်ဗျာ၊ ယဉ်....ယဉ်လို့ခေါ်မယ် ရတယ်မို့လား'

သူမသည် ဘာကြောင့် သူ့ဆန္ဒကိုလိုက်လျောပြီး ခေါင်း
ညိတ်မိလိုက်မှန်းမသိ။

သူ့ရဲ့နှုတ်ခမ်းပါးပါးပေါ်မှထွက်လာသော 'ယဉ်'ဆိုသည့်
နာမည်လေးက အခုမှပိုပြီးချစ်စရာကောင်းသွားသလို။

'ယဉ်'

အိုး....ကြည့်စမ်း၊ သူတကယ် ပိုင်ပိုင်နိုင်နိုင်ခေါ်လိုက်ပြီဘဲ။

'ကျွန်တော့်ကို မင်းလို့ခေါ် ဖြစ်တယ်နော်'

'အင်းပါ'

'ဟာ....အင်းပါ၊ မလုပ်နဲ့၊ ခေါ်ကြည့်'

သူ့ကိုသူမလှမ်းကြည့်တော့ သူ့မျက်ဝန်းတွေကအနည်း
ငယ် မှာရှေ့ကျော့ရနိုင်ပြီး ချွတ်စပ်စပ်နိုင်သောမျက်ဝန်းညို
တွေကို လှမ်းတွေ့လိုက်ရသည်။

'ကျေးဇူးရှင်ဆိုတော့လဲ ခေါ်ရတာပေါ့ မင်းရယ်'

'ဟာ ဒီနေ့ကို ဘယ်လိုနေ့မျိုးနဲ့မှ မလဲနိုင်တော့ဘူး၊ အိပ်
ကျက်သရေရှိပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့နေ့ပဲ၊
နောက်နေ့တွေမှာလဲ အခုလို 'ယတြာ'မပါဘဲ တွေ့ဆုံခွင့် မရှိ
ဘူးလား'

'ဟင့် အင်း'

သူမ ငြင်းလိုက်တော့ သူ့မျက်လုံးတွေက သူမမျက်ဝန်း
တည့်တည့်သို့ စူးစိုက်ကြည့်နေသည်။

'ကောင်းပြီလေ၊ ယဥ္စသဘောပါ၊ ယဉ်မရွေ့ချင်တဲ့သူကို မတွေ့စေရပါဘူး။ ဒီနေ့အတွက်တော့ လုံးဝ အထူးကျေးဇူး တင်ပါတယ်'

'ဟင်'

သူပြောပြီး ရုတ်တရက်ထရပ်လိုက်တော့ သူမရင်ထဲ ဘယ် လိုကြီးဖြစ်သွားမှန်းမသိပေ။

သူ့ကိုလှမ်းခေါ်ဖို့ သူမ ပြင်လိုက်သည့်အချိန်မှာဘဲ သူက တစ်ဘက်ခုံရှိ သူ့သူငယ်ချင်းကို ပခုံးပုတ်ခေါ်၍ ချက်ချင်း လှည့်ထွက်သွားသည်။

သူမ ဘာမှမတတ်နိုင်တော့။

သူမအနီးရှိခုံမှ လူဘချို့က သူမကို ရိထော့ထော့ အကြည့် ဖြင့် လှမ်းကြည့်နေကြတော့ သူမသည် ခပ်ချက်ချက်နှင့်ပင် ရှင်း စရာရှိတာအမြန်ရှင်းပြီး ထိုဆိုင်ထဲမှထွက်လာခဲ့သည်။

* * *



အခန်း (၂)

'မင်းလုပ်တာ ဟုတ်ကိုမဟုတ်ဘူး၊ ဘာမှန်းမသိ အလ ကားနေ စိတ်ကလက်တစ်ဆစ်၊ ကိုယ့်လဲ ကျေးရသေးတယ်၊ အခုလို ဝုန်းဒိုင်းလုပ်ခဲ့တော့ ကောင်းမလား'

'နေစမ်းပါ၊ မိန်းကလေးတွေအကြောင်း မင်း ဘယ် လောက်သိလို့လဲ'

'သိသင့်သလောက်တော့ သိပါတယ်ကွာ၊ အေး....ဒါပေ မယ့် မင်းလိုတော့ အထာမညက်တာ ဝန်ခံတယ်'

'ဝန်ခံရင် အသာနေစမ်းပါ ဖိုးလရာ၊ ငါ အဲဒီလို အိုင် တင်ဆိုင်တင်လုပ်ခဲ့မှ ဟိုအမျိုးသမီးရင်ထဲမှာ တစိမ့်စိမ့်ခံစား ပြီး စိတ်ထိခိုက်တဲ့စိတ်နဲ့ တသသဖြစ်နေမှာ'

'မင်းဒဿနကို ပြောစမ်းပါဦး'

'မောင်မင်းကွ....မောင်မင်း၊ မပိုင်ရင် ဘာမှမလုပ်တတ်တာဖိုးလအသိဆုံး၊ အမျိုးသမီးပုံစံကိုကြည့်ပါလား၊ နှာမည်နဲ့လူနဲ့လိုက်သလား မမေးနဲ့၊ ပုံစံကြည့်ရတာအတော်ထောမယ့်ပုံစံ၊သူ့နားမှာဝတ်ထားတဲ့ စိန်နားကပ်ဆို လက်ဖြာနေတာပဲ၊ ငါ့မျက်လုံးတောင် ကျိန်းကျဲန်းသွားတယ်၊ လည်ပင်းကဆွဲကြိုးကိုကြည့်၊ စိန်လေ့ကတ်ကလဲ သူ့အသားအရေနဲ့မျှား ဟပ်နေတာပဲ....

'ညာဘ လက်ခလယ်မှာဝတ်ထားတဲ့ ခြောက်တန်းသွားစိန်လက်စွပ်ကလဲ နည်းနည်းနောနောတန်ဖိုးမဟုတ်ဘူး၊ဒါမျိုးတွေ့လိုက်တော့ မောင်မင်းအလှည့်ပေါ့ ဖိုးလရဲဘယ်လောက်နှိပ်ထားလိုက်လဲ'

'ဟာ....မော့ကောင်၊ မင်းဟာလေ ပိုက်ဆံရှိတဲ့ မိန်းမမှန်သမျှလိုက်ဖန်တဲ့ဝါသနာက ခုထက်ထိ မစွန့်လွှတ်နိုင်သေးဘူးလား'

'ငါ့ဒဿနကိုသိတယ်မို့လား၊ သူဌေးဖြစ်ချင်တဲ့ဒဿနလေ၊ ငါ့မိဘက ငါ့ကို ချမ်းသာအောင်မလုပ်ထားနိုင်ဘဲ၊ ချမ်းသာတဲ့မိန်းမတစ်ယောက်ကိုတွေ့ရင် ငါ့နှုတ်ဖျားပေါ်က သကာရည်လို ချိုမြိန်နေတဲ့စကားလုံးတွေနဲ့ ဖမ်းစားပစ်မယ်၊ ဆွဲဆောင်သိမ်းသွင်းပစ်မယ်၊ ကိုယ့်ဘက်က ပိုင်ပြီဆိုတာနဲ့ တစ်ချက်တည်းပဲ'

သိန်းမင်းစာပေ



သူက လက်ဖျောက်တီးပြီး လေတစ်ချက် ချွန်လိုက်လေသည်၊

ဖိုးလက သူ့ကို တအံ့တသြ ငေးကြည့်နေရှာ၏။

'ငါက သူ့ထက်အရင်စောပြီး ထွက်လာတယ်ဆိုတာ သူဘာကားနဲ့လာသလဲဆိုတာ သိချင်လို့ပါကွ၊ ငါ့ကို အပြစ်တင်မစောစမ်းပါနဲ့'

'ဟင်....ဒါကြောင့် မင်းက ငါ့ကို ဆိုင်ကထွက်တော့ဆိုင်အပြင်ဘက်မှာ စီးကရက်ဝယ်သလိုလိုနဲ့ရပ်ကြည့်ခဲ့တာ အဲဒီအမျိုးသမီးကားကိုပေါ့'

'ဟုတ်တယ်၊ သိပ်မှန်တာပေါ့ ဖိုးလရာ၊သူမ ဘယ်လောက်ချမ်းသာသလဲဆိုတာသိရအောင်ရယ်၊ သူမစီးတဲ့ ကားအမျိုးအစားနဲ့ ကားနံပါတ်ကိုသိချင်လို့ရယ်၊ ကဲ ရှင်းပြီလား'

'မင်း သိခဲ့ပြီးပြီဆိုတော့'

'ငါ့ခွင်ထဲ ရောက်အောင် ဆွဲခေါ်လိုက်ရုံပေါ့ ဖိုးလ ရဲ၊ ဟား....ဟား....ဟား၊ ရှင်းနေတာပဲ၊ ဒီထက် ရှင်းအောင် ငါဘာမှ မပြောတော့ဘူး'

'ဟာကွာ....မင်းလုပ်ရပ်တွေကို ငါ လုံးဝ ရွတ်ချလိုက်ပြီ၊ မိန်းကလေး တစ်ယောက်ကို အဲဒီလို ပုံစံမျိုးနဲ့တော့ မင်းဘဝထဲကို လုံးဝဆွဲမခေါ်သင့်ဘူး၊ မင်းနားလည်လား'

'ဘာလဲ ငါက အသည်းနှလုံးကိုအရင်းအနှီးပြုပြီး မေတ္တာစစ် မေတ္တာမှန်နဲ့ အချိန်ဆွဲပြီးချစ်ပြရမှာလား'

သိန်းမင်းစာပေ

'အဲဒါကြောင့် မင်းမိသားစုနဲ့ မင်းနဲ့ မတည့်တာ၊ မင်း လုပ်ရပ်တွေက အဓိပ္ပာယ်မရှိဘူး'

'ဘာလို့ မရှိရမှာလဲ၊ ငါ့အတွက် ရှိတယ်....သိပ် ရှိတယ်၊ ဒီမယ်ဖိုးလ၊ လူဆိုတာ ကိုယ့်ခံစားချက်နဲ့ကိုယ် ကိုယ့်ယုံကြည် ချက်နဲ့ကိုယ် လူတိုင်းမှာ ရှိတယ်၊ ကိုယ့်ရင်ထဲမှာ ဖြစ်ချင်တဲ့ ဆန္ဒထက် ဘယ်သူ့ကိုမှ ဦးစားမပေးနိုင်ဘူး၊ ကိုယ့် အတွက်ကို တော့ အရောင် တင်ပေးရမှာချည်းဘဲ....

'လူတိုင်းဟာ ကိုယ့်ဆန္ဒ သိပ်မြင်းထန်လာတဲ့ အခါကျရင် ဦးနောက်နဲ့ အသိတရားကို ဆန့်ကျင်ပြီး နောက်ဆုံး ဆန္ဒ နောက်ကို ဦးစားပေးလိုက် လျှောသွား ကြတယ်....

'အေး....ငါလဲ ဒီလိုပဲ၊ ငါ့ဘဝဟာ ဟိုး စပြီး မွေးလာ ကတည်းက အယ်တော့မှ ချမ်းသာ ပြည့်စုံခြင်းကို မရခဲ့ဘူး၊ အမြဲဘမ်း အစားဆင်းရဲ အနေဆင်းရဲနဲ့ ဘဝဆင်းရဲခြင်း ဒဏ်ကို မျိုးစုံခံစားခဲ့ရတယ်၊ ငါ့ဘဝမှာ ငါ မသေခင် အဖြစ် ချင်ဆုံး ဆန္ဒတစ်ခုပဲရှိတယ်....

'အဲဒါဟာ ဧါချမ်းသာဖို့တစ်ခုပဲ၊ ချမ်းသာခြင်း သုခကို ငါကိုယ်တိုင် ကြိုးစားရင်းနဲ့ လုပ်လို့မရခဲ့ရင် သိပ်ချမ်းသာတဲ့ မိန်းမတစ်ယောက်ကို ငါရအောင် ယူပြမယ်၊ ဒါပဲဖိုးလ'

'အေးလေ၊ မင်းမလဲ မင်း ခံစားချက်နဲ့ မင်း ဆိုတော့ ငါ လဲ ဘာမှ မပြောတော့ပါဘူး၊ ဒါပေမယ့်ကွာ၊ မိန်းကလေး တစ်ယောက်ကို ကိုယ့်ရင်ထဲက နှလုံးသားဆန္ဒ မပါတဲ့နဲ့တော့





သွားမစလိုက်ပါနဲ့၊ ငါ့မှာ နှမတွေရှိတော့ နှမချင်း ကိုယ်ချင်း စာတယ်....

'ပြီးတော့ ရှုတိုင်းယဉ်က တော်တော်လှတဲ့ အမျိုးသမီး၊ ငါလဲ သူ့မျက်လုံးတွေကို အကဲခတ်ခဲ့ပါတယ်၊ မင်းထင်သလို အလွယ်တကူရမယ့် မိန်းကလေးမျိုးတော့ လုံးဝမဖြစ်နိုင်ဘူး'

'ဘာကြေး လောင်းမလဲ ဖိုးလ'

'ဘာလဲ....ရဖို့လား'

'ဟုတ်တယ်၊ ငွေ ငါးထောင်ကြေး လောင်းမလား၊ မင်း နိုင်ရင် ဒီတစ်ခါ ကား အရောင်း ထွက်တဲ့အခါ အားလုံး မင်း ယူ၊ ငါနိုင်ရင် ငါအကုန်ယူမယ်၊ ဘယ့်နှယ်လဲ'

'အေး စိန်လိုက်'

နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက် ထောင် ပြီး ထပ်လိုက်ကြသည်။

* * *

## အခန်း (၃)

'ဘယ် နှယ်လဲသမီး....အဆင်ပြေရဲ့လား'

'ရှူး....တိုးတိုး ဒေါ်ကြီးရဲ့....တိုးတိုး၊ တော်ကြာ မေမေ ကြားသွားလို့ ပြဿနာတက်နေဦးမယ် လာ....သမီး အားလုံး ပြောပြမယ်'

'အေး....အေး'

ဒေါ်ကြီးပွင့်က မေမေ့ရဲ့ ညီမ ဝမ်းကွဲ အပျိုကြီး ဖြစ်သည်။

သူမတို့အိမ်မှာ သူမ ကလေးဘဝ ကတည်းက အတူနေခဲ့သူ ဖြစ်သောကြောင့် သူမနှင့် ပတ်သက်လာသမျှ အားလုံး အစစ တာဝန်ယူခဲ့သူလဲဖြစ်သည်။





သူမယခု တော့်ရဲ့ ကိစ္စမှန်သမျှ သူမ၏ မိဘ နှစ်ပါးကို ဖွင့်ဟတိုင်ပင်လေ့ မရှိဘဲ ဒေါ်ကြီးပွင့်ကိုသာ အားကိုး အား ထားပြီး ဆွေးနွေးတိုင်ပင်ခဲ့တာ များသည်။

ယခု 'ယကြွာ'လုပ်သည့် ကိစ္စမှာလဲ ဒေါ်ကြီးပွင့်ကို အား ကိုးပြီး လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

'အဆင်ပြေလိုက်တာ ဒေါ်ကြီးရယ်၊ ဆရာမကြီး ပြောတဲ့ အတိုင်း အားလုံး ကွက်တိပဲ....သိလား၊ တစ်ခုမှ ချို့ယွင်း မသွားဘူး၊ သမီးဖြင့် ဝမ်းသာလွန်းလို့ ရင်တွေတုန်နေတာဘဲ၊ ဒီမှာ....စမ်းကြည့်စမ်းပါဦး ဒေါ်ကြီးရဲ့'

သူမက ဒေါ်ကြီးလက်ကို လှမ်းယူပြီး သူမ ရင်ဘတ်ပေါ် လက်တင်၍ စမ်းစေသည်။

'အို....ဟုတ်ပါရဲ့၊ ဒေါ်ကြီးသမီးလေး ရင်တွေ တုန်လို့ ပါလား၊ ဟိုစနေသားဆိုတဲ့လူရော တကယ်လာလား သမီး'

'လာတာပေါ့၊ သူလာလို့ ဝမ်းတွေသာပြီး စိတ်ချမ်းသာ သွားတာ၊ နို့မို့ဆို စနေသားလိုက်ရှာရမှာနဲ့ ယကြွာပျက်ရင် ဒုက္ခဒေါ်ကြီးရဲ့၊ ဆရာမကြီးက အတော် တော်တာပဲနော်၊ ပြောသမျှအားလုံး ကွက်တိချည်းပဲ'

'သမီးယကြွာ အထမြောက်သွားလို့ ဒေါ်ကြီး ဝမ်းသာ ပါတယ်၊ ဒါပေမယ့် ဆရာမကြီး ရဲ့ စကားကိုတော့ သမီးလိုက် နာရမယ်နော်၊ ဆရာမကြီး ပြောလိုက်တာ သမီး မှတ်မိတယ် မို့လား'

ဒေါ်ကြီးစကား ကြောင့်, သူမ တစ်ချက်ငိုင်သွားသည်။

'မှတ်မိပါတယ် ဒေါ်ကြီးရယ်။ ဆရာမကြီးက ယတြာပြီး ပြီဆိုတာနဲ့ သမီးနဲ့တွေ့ခဲ့တဲ့စနေသားဆိုတဲ့လူကို လုံးဝမေ့ပစ် ရမယ်တဲ့'

'ဟုတ်တယ် သမီး၊ မမေ့နိုင်ရင် သမီးရဲ့ဘဝရှေ့ရေးအ တွက် အားလုံးအန္တရာယ်ပတ်လည်ဝိုင်းပြီးလို့ပြောခဲ့တာ မှတ်မိ တယ်နော်'

သူမ စကားပြောချင်စိတ်မရှိတော့ပါ။

သူမမျက်ဝန်းထဲမှာ ခုနကဆုံခဲ့သည့်လူကို ဖျတ်ခနဲပြေးမြင် ပြီး သူမရင်ကလှိုက်ခနဲတစ်ချက်ခုန်သွားသည်။

ဒီလောက် ရင်ခုန်စရာကောင်းတဲ့လူကို ကျွန်မ မေ့ပစ်ရ ရမယ်တဲ့လား။

မဖြစ်နိုင်လိုက်တာကွယ်။

'သမီး ဒေါ်ကြီးပြောနေတာကြားလား'

'ဟုတ်....ကြား....ကြားပါတယ် ဒေါ်ကြီးရယ်'

'ကြားတယ်သာဆိုတယ် ငိုင်လို့ပါလား သမီး၊ ဒေါ်ကြီးက သမီး ဟိုလူ့ကိုမယူစေချင်လို့ သူ့ကို သမီးယူရင် စိတ်ဆင်းရဲပြီး သေမှာပဲဆိုလို့ ဆရာမကြီးဆီခေါ်ပြီး ယတြာလုပ်ခိုင်းခဲ့တာ နော်၊ ဆရာမကြီးရဲ့ယတြာချိုးဖောက်ရင်တော့ သမီးနဲ့ဒေါ် ကြီး ဒီတစ်သက်မခေါ်တော့ဘူး၊ ဒီအိမ်မှာလဲမနေတော့ဘူး၊ လပွတ္တာမှာဘဲသွားနေတော့မယ်'

သိန်းမင်းစာပေ



ဒေါ်ကြီးကပြောပြီး သူ့အနားမှ မကျေမနပ်လှည့်ထွက် သွားသည်။

သူမသည် စိတ်မောလူမောဖြစ်၍ ရင်ခုန်နှမ်းလျစွာကျန်ရစ် ခဲ့၏။

ဘာဖြစ်လို့များ ဒီ မောင်မင်းဆိုတဲ့လူကိုမေ့မရနိုင်အော တသသဖြစ်နေရတာပါလိမ့်၊

သူမ မတွေးတတ်လောက်အောင်ဖြစ်လာ၍ ခေါင်းရှုပ်ရှ နှင့် လက်အစုံဖြင့် ဆံပင်တွေကို ထိုးဖွပစ်လိုက်၏။

* * *

သိန်းမင်းစာပေ

## အခန်း (၄)

သူမတစ်သက်မှာ သူမနှင့် 'ယတြာ' ကြောင့် လျှပ်တစ်ပြက် ရင်းနှီးခင်မင်ခွင့် ရခဲ့သော သူနှင့် အကြောင်း တစ်ခုခုကြောင့် ထိုက်တိုက်ဆိုင်ဆိုင် အဖြစ်မျိုးနှင့် ကြုံရမည်ဟု လုံးဝမထင်ခဲ့ မိပါ။

မောင်မင်းဆိုသူနှင့် သူမသိပြီး သုံးရက်ခန့်ကြာသောနေ့မှာ သူမသည် အိမ်ထဲမှ တစ်ယောက်တည်း ပျင်းပျင်း ရှိတာနှင့် သူမ၏ သူငယ်ချင်းစုစုတို့ အိမ်သို့ အလည်သွားရန်အတွက် အိမ်မှကားကို ထုတ်သည်။

ကားစက်နှိုးသော်လည်း စက်ကနှိုး၍ မရ။





ဘက်ထရီဒေါင်းသွားမှန်း သူမသိလိုက်သည်။

အိမ်က ခြံစောင့်၊ မာလီနှင့် အလုပ်သမားတွေ ခေါ်ပြီး တွန်းနှိုးသော်လည်း မရသဖြင့် သူမ အတော် ဒေါကန်သွား သည်။

ဒေါကြောင့်လဲ ကားကို ခြံထဲမှာ ထားခဲ့ပြီး လမ်းထိပ်မှ ကားတစ်စီး ငှား၍ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

'သမီးတစ်ယောက်တည်း မသွားနဲ့၊ ဒေါ်ကြီးပွင့် လိုက်ပို့ မယ်'

'ရတယ်...နေ...နေ၊ သမီးကားငှားပြီး သွားမယ်'

'ဟဲ့...အြဲဒီကောင်မလေး၊ နေပါဦးဆိုတာ မရဘူး'

ဒေါ်ကြီးပွင့်က သူမကို စိုးရိမ်တကြီး အော်ဟစ်ပြောရင်း ကျန်ရစ်ခဲ့သည်။

သူမတို့ခြံက လမ်းချိုး အကွေ့တွေထဲမှ ခပ်ကျဉ်းကျဉ်း လမ်းငယ်တစ်ခုထဲမှ ခြံဖြစ်သောကြောင့် လမ်းထိပ် ရောက်ရန် အတော်ဝေးဝေး လျှောက်ရသည်။

သူမက မိုးပြာရင့်ရောင် အပွင့် နုတ်နုတ်ကလေးတွေ ပါ သော အပျော့စား ရှပ်အင်္ကျီ ဝမ်းဆက်ကို ဝတ်ထား၏။

သူမပခုံးမှာ ကြိုးရှည် လွယ်သာအိတ်ကို လွယ်ထားပြီး သူမ သည်ခုံမြင့်ဖိနပ် ခပ်ထူထူမြင့်မြင့်ကို စီးထားသည်။

ဆံပင်တွေကို နိုင်ငံခြားဖြစ် ကလစ် အကောင်းစားဖြင့် စု
စည်း ချည်နှောင်ထားသည်။

သူမ၏ လမ်းလျှောက်ပုံစံက စတိုင်ကျ လှပသောကြောင့်
သူမကိုယ်လုံးကိုယ်ပေါက်နှင့် ခုံမြင့်ဖိနပ် ထူထူကြောင့် လမ်းမ
ပေါ်မှာ တင်းရင်းစွာ ပေါ်လွင်နေသည်။

သူမတို့ အိမ်နီးနားမှာတော့ လူပြတ်ပါသည်။

လမ်းထိပ်နားရောက်မှ အချဉ်ထုပ်ဆိုင်၊ အကြော်ဆိုင်
ကွမ်းယာဆိုင်နှင့် ဆိုက်ကားဂိတ်၊ ကားဂိတ်တို့ကို တွေ့ရသည်။

ထိုသို့ သူမလမ်းလျှောက်ရတာ ကြာသောကြောင့် ပတ်ဝန်း
ကျင် အခြေအနေကိုပင် မေ့လျော့ နေခဲ့သည်။

သူမသည် လျှောက်ရင်း လျှောက်ရင်းမှ ဘတ်(စ်)ကား
ဂိတ်သို့ရောက်လာသည်။

ဘတ်စ်ကား တိုးစီးရမှာဆိုရင်တော့ သူမ မစီးချင်။

မြို့ထဲသွားမည့် ဘတ်စ်ကားတွေက လူတွေ သိပ်ကျပ်သိပ်ပြ
ပြည့်နေသဖြင့် သူမ စိတ်ထဲ မသတီသလို ဖြစ်သွား၏။

ဒါ့ကြောင့်ကြုံရာ တက္ကစီတစ်စီး ငှားဖို့ဆုံးဖြတ်ပြီး ဘတ်
ကားဂိတ်ကျော်ကျော်သို့ လျှောက်လာခဲ့သည်။

အခုဆို တက္ကစီကားတွေက ကိုယ်ပိုင် ကားတွေထက်
သားနား နေသေးသည်။

သိန်းမင်းစာပေ



ဥဒဟို[illegible]ားနေ၍ လက်တစ်ချက် လှမ်းတားလိုက်ရုံနှင့်
အဆင်ပြေ[illegible] စီးရသည်။

သူမသည် ခပ်လှမ်းလှမ်းမှ လာနေသော 'ကက'နံ့ပါတ်
တက္ကစီကားတစ်စီးကို လက်တား ခေါ်လိုက်သည်။

ထိုကားက သူမရှေ့သို့ စက်သံလုံးလုံးဖြင့် အရှိန် နှေးစွာ
လျှော့ခနဲ ရောက်လာ၏။

ကားမောင်းသူက ရေဘင်မျက်မှန်တပ်ပြီး ဦးထုပ်ငိုက်ငိုက်
ဆောင်းထားသဖြင့် သူမ စီးရမှာ အနည်းငယ် တွန့်သွား
သည်။

ထိုသူက ကားထဲမှခေါင်းထုတ်ပြီး သူမ မျက်နှာကို သေ
ချာစွာ ကြည့်၍ ခေါ်လိုက်တော့....

'ယဉ်....မောင်မင်းဘေ....မမှတ်မိဘူးလား'

'ဟင်....မင်း'

သူမ အံ့ဩလွန်း၍ ဘာစကားမှ မပြောနိုင်အောင် မှင်သက်
မိနေခဲ့သည်။

'ကြည့်စမ်းကွာ၊ တိုက်တိုက်ဆိုင်ဆိုင် ယဉ်နဲ့ တန်းတိုးတယ်
ယဉ်ဘယ်သွားမလို့လဲ....

'လာလေတက်၊ ယဉ်သွားချင်တဲ့နေရာပြော၊ တစ်ပြား
ပေးစရာမလိုဘူး၊ အလကား လိုက်ပို့ပေးမယ်'

သိန်းမင်းစာပေ

'မင်းမင်းက ဒီကား မောင်းနေတာလားဟင်'

သူမသိချင်လွန်း၍ ခပ်တိုးတိုးမေးလိုက်သည်။

'ဟာ မမောင်းပါဘူးယဉ်ရဲ့၊ ကိစ္စတစ်ခု အရေးကြီးတာနဲ့ သူငယ်ချင်း တစ်ယောက်ကားကို ဆွဲလာတာပါ၊ ယဉ်တက်ပါ ကျွန်တော်ကအော့ ကား ဆက်မောင်းဖို့အတွက် ခဏတော့ ငြိမ်နေရဦးမှဖြစ်မယ်၊ ဘာလို့လဲ....သိလား'

သူမသည် သူ့စကားထဲမှာ နစ်မျောပြီး သူ့ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိစဉ်....

'ယဉ်ကို တွေ့လိုက်ရတာ ရင်တွေအရမ်းခုန်သွားလို့'

သူမရင်ထဲ ထိတ်ခနဲ လှုပ်ရှားသွားသည်။

'ကဲ....လာပါယဉ်ရဲ့ တက်စမ်းပါ၊ ဒီလို အခွင့်အရေးမျိုး နောက်တစ်ခါ ရချင်တယ်ဆိုရင်တောင် ရဖို့လွယ်မှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့ ယဉ်ရယ်၊ ဒါကလဲ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံဖို့အတွက် ဖန်တီးပေးလိုက်တာပဲဖြစ်မှာပေါ့၊ ဟုတ်တယ်မို့လား'

'ရှင် တော်တော် စကားတတ်တယ်'

သူမကပြောရင်း ကားနောက်တံခါးဖွင့်၍ ဝင်ထိုင်ဖို့ လုပ်တော့....

'ကျွန်တော့်နံဘေးမှာလာထိုင်ပါလား ယဉ်ရယ်....ဟင်'

သိန်းမင်းစာပေ



သူ့ခေါင်းမုံလေးက သူမကို အောက်ကျို့ အသနားခံတဲ့ ပုံစံမျိုး....။

အဲဒါတော့ လုံးဝမဖြစ်နိုင်ပါ။

မြို့ထဲမှာ သူမတို့ အသိမိတ်ဆွေတွေ အများကြီးရှိမည်။

တစ်ယောက်မဟုတ် တစ်ယောက် တွေ့သွားမှာကိုတော့ သူမအလွန်စိုးရိမ် ည်း

'ကျွန်မဒီမှာပဲ ထိုင်ပါရစေ'

ကဲဗျာ....ခင်ဗျားသဘော ခင်ဗျားသဘော၊ ခင်ဗျား ဟာ လေ အင်မတန်လှသလောက် အတော်သွေးကြီး ဘဝင်မြင့်မြ မိန်းမမျိုး၊ ခင်ဗျားနဲ့မှ ဘယ်လိုလုပ်ပြီး လာဆုံမှန်း မသိပါဘူး ဘဝဇာတ်ဆရာရဲ့ ဖန်တီးမှုကလဲ ဟန်ကျပန်ကျ မရှိလိုက်တာ ရေရေလည်လည် ဒေါ်ဖောင်းစရာ ကောင်းတယ်၊ ကဲ ပြော... ခင်ဗျား ဘယ်သွားမှာလဲ'

သူ့အနားမှာ သူမ မထိုင်လို့ သူ ဒေါသအကြီး ပြေ လိုက်မှန်း သိလိုက်သည်။

'ရှင်နဲ့အတူတူ ထိုင်ပြီး မြို့ထဲအထိ ကျွန်မ မသွားရဲဘူး မတော်တဆ....'

'သိပါတယ် သိပါတယ်၊ တစ်ယောက်ယောက် မြင်ရ ကျွန်တော်လိုကောင်စားမျိုးနဲ့ ခင်ဗျားက အပြောအဆို မ နိုင်ဘူးဆိုတဲ့ သဘောပေါ့'

သိန်းမင်းစာပေ

'စိတ်မရှိပါနဲ့ ရှင်၊ ကျွန်မ တောင်းပါတယ်၊ ကျွန်မ အခုလို ထွက်လာတာ ကျွန်မမိဘတွေ မသိဘူးရှင့်၊ ကျွန်မ အခုသွားမှာက လဲဖေဖေ့ ရုံးခန်းနဲ့ ကပ်လျက်ဖြစ်နေလို့ပါ၊ ကျွန်မဖေဖေက ကျွန်မနဲ့ ပတ်သက်လာရင် သိပ်ဈေးဆိုးတာ၊ တစ်ခုခုဆို နည်းနည်းလေးမှ သည်းခံနိုင်တဲ့စိတ်မျိုးမရှိဘူး၊ ကျွန်မမေ့မေ ဆိုတာကလဲ....'

'ဘော်ပါဘော့ဗျာ တော်ပါတော့၊ ခင်ဗျား ပြောမယ့် စကားထဲမှာ ကျွန်တော် စိတ်ချမ်းသာမယ့် စကား အကြောင်း တစ်ခုခုပဲ ပြောစမ်းပါ၊ ကျွန်တော်တစ်ခုမှ စိတ်မချမ်းသာ လွန်းလို့'

'ကဲ....ရှင်ပြော၊ ဘာပြောရမှာလဲ'

'ကျွန်တော် ပြောခိုင်းတာ ယဉ်တကယ် ပြောမှာလား'

'အင်း၊ ရှင့်ကို စိတ်ချမ်းသာစေချင်လို့ တစ်ခုခုတော့ပြောမှာပေါ့'

'ဟုတ်ပြီ၊ ကျွန်တော့်ကို လွမ်းနေတယ်လို့ တစ်ခွန်းတည်း ပြော'

'အံမယ်'

'ဘာလဲ၊ ယဉ် မပြောချင်လို့လား၊ ဒါဖြင့်လဲ ကားပေါ်က ဆင်းဗျာ၊ လိုက်မပို့တော့ဘူး'

သိန်းမင်းစာပေ



'ဟယ် [illegible]စမ်း၊ လူဆိုးကြီးကျနေတာပဲ၊အနိုင်ကျင့်ပုံက လွန်အားကြီးတယ်'

'ပြောပါ၊ ကျွန်တော်က ကျွန်တော့်ကို ယဉ် လွမ်းနေပါတယ်ဆိုတဲ့စကားကို ကြားချင်လွန်းလို့၊ ယဉ်တကယ်ပြောစမ်းပါ၊ ကျွန်တော် အရမ်း အရမ်းတောင်း ပန်တယ်ကွာ....

'အခု ပြော'

'မှန်ထဲက ခိုးမကြည့်နဲ့'

'ဒီလို တည့်တည့် ကြည့်မယ်ဆိုရင်ရော'

သူက သူမကို မှန်ထဲမှကြည့်နေရာမှ သူ့မျက်နှာကို နောက်သို့ လှည့်ပြီး ပြောလိုက်တော့ သူမ ပို၍ တုန်လှုပ်သွားသည်၊

'ပြောပါယဉ်ရယ်....ပြောပေါ့၊ ယဉ့်စကား ဆုံးတာနဲ့ ကျွန်တော် ကားစက်နှိုးမယ်။ ယဉ်သွားချင်တဲ့နေရာ လိုက်ပို့မယ်၊ ပြီးရင် ယဉ်နဲ့ ကျွန်တော် တစ်နေရာမှာ မုန့်သွားစားမယ်'

သူမစိတ်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ အလိုလိုဝမ်းသာပျော်ရွှင် ကြည်နူးနေမိသည်။

သူမကို အညှာလှယ်သည့် မိန်းမတစ်ယောက်လို့ ထင်ချင်လဲ ထင်ပါစေတော့။

သို့သော် ဂဃနဏ မသိဘဲနဲ့တော့ သူမအလွယ်တကူ မလိုက်လျောသင့်မှန်း နားလည်ရမည်။

သိန်းမင်းစာပေ

ပြီးတော့ သူမသည် သူမ အဆင့်အတန်း အခြေအနေထက် နိမ့်ကျနွမ်းပါးသော သူ့ကို သူမရဲ့ အိပ်ထောင်ဖက် အဖြစ် လက်ထပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့သူ ဖြစ်၏။

သူ ဘယ်သူလဲဆိုတာ သူမ အရင်ဆုံး သိအောင် လုပ်ရဦးမည်။

အခုအချိန်မှာတော့ ပထမဦးဆုံး သူ့ဆန္ဒ တစ်ခုကို လိုက်လျောပေးလိုက်မှ ဖြစ်မယ်။

'ကျွန်မ မင်းကိုလွမ်းနေပါတယ်'

သူမ စကားဆုံးသည်နှင့် 'သူက သူ့မျက်ဝန်းညိုတွေဖြင့် သူမမျက်လုံးတည့်တည့်ကို အကြာကြီး စိုက်ကြည့်ပြီး ညို့ယူလိုက်သည်။

သူ့အကြည့်က သူမ နှလုံးသား၏ အနက်ရှိုင်းဆုံး နေရာအထိ ပြေးဝင် ခိုကပ်သွားသည်။

'ကျွန်တော် ဆုံးဖြတ်လိုက်ပြီဟဥ်'

'ဟင် ဘာလဲ'

သူ့ရဲ့ ရုတ်တရက် ပြောလိုက်သော စကားကြောင့် သူမ မျက်လုံးအဝိုင်းသားဖြင့် ကပျာကယာ မေးလိုက်သည်။

'သိပ်ချစ်●ရာ ကောင်းတဲ့ မိန်းကလေး တစ်ယောက်ကို ဒီနေ့ပဲ စေ့စပ်လိုက်တော့မယ် လို့'





'အို....

သူမထံမှ အာမေဋိတ်သံ ထွက်သွားသည့်အချိန်မှာ သူက ရှေ့ကို ဖျတ်ခနဲသုည့်ပြီး ကားစက်နှိုးလိုက်သည်။

သူမရင်တွေ လှိုက်ခုန်ပြီး သူမောင်းနေသော ကားပေါ်မှာ ပါလာခဲ့သည်။

## အခန်း (၅)

သူမသည် လေးဆယ့်ခုနှစ်သမ်းရှိသူမ သူငယ်ချင်းစုစုတို့နေသော အိမ်ပေါ်မှအဆင်း၊ အိမ်အောက်ထပ်တွင် သူ့ကားကို တွေ့လိုက်ရ၍ သူမ အံ့သြသွားသည်။

'ဟင် ရှင်ပြန်သွားပြီမှတ်နေတာ၊ ခုနက ရှင်ပြောတော့ ပြန်မယ်ဆို'

'အလကား....၊ ယဉ်လို မိန်းမချောလေးနဲ့နှစ်ယောက်တည်း ကားစီးရတဲ့ အရသာကို ဘယ်လိုအရာမျိုးနဲ့မှ မလဲနိုင်ပါဘူး၊ ပြန်ရက်မလားဗျာ၊ ယဉ်ဆင်းလာတဲ့အထိ ထိုင်စောင့်နေတာ သိပ်မကြာဘူးနော်၊ တစ်နာရီနီးပါး လောက်ပါဘဲ'





သူမက သဘောကျစွာရယ်သည်။

'ရှင် စောင့်နေမယ်မှန်းမှ မသိတာ၊ သူငယ်ချင်းနှစ်ယောက တွေ့တုန်း စကားတွေ ဖောင်ဖွဲ့နေကြတာ'

'ကျွန်တော့်များ ယဉ်က အားနာရတယ် ရှိသေး၊ နော ဆို ကျွန်တော့်ရှေ့မှာ အားနာတဲ့စကား လုံး၀ မပြောပါနဲ့'

'ရှင် မကြိုက်ဘူးပေါ့လေ'

'သူစိမ်းဆန်တာဆို ဘာမှမကြိုက်ဘူး'

'အံမယ်'

'ကဲ....တက်ပါဒေါ်ယဉ်ယဉ်၊ ကျွန်တော် ခုနတုန်းက ပြေ ထားပြီး ပြီနော်၊ တစ်နေရာမှာ မုန့်သွားစားမယ် ဆိုတာ'

'ရှင်က ဘယ်နေရာ သွားချင်လို့လဲ၊ နည်းနည်းဝေး ကျွန်မ လိုက်လို့မဖြစ်ဘူး'

'ရပါတယ် ယဉ့်သဘော၊ ဒီတစ်ခါတော့ ရှေ့မှာ ထိုင် မယ်နော်'

'ဟယ် မလုပ်နဲ့၊ ကျွန်မစိတ်က မရဲဘူးရှင့်'

'ဘာလဲ၊ ကျွန်တော်က ကိုက်စားမှာ စိုးလို့လား၊ လောက်တောင် ဖြစ်နေတာ တစ်ခါတည်း ခိုးပြေးသွားမှ တူတယ်'

သူမရဲ့ ထဲထိတ်ခနဲ တုန်သွားမှုကြောင့် သူမ ခန္ဓာကိုယ်လေးက သိမ့်ခနဲ လှုပ်သွားသည်။

'မကြောက်ပါနဲ့ဗျာ၊ ချစ်လို့ စတယ်လို့ သဘောထား ဟုတ်လား'

'အို....ရှင်ပြောပုံကလဲ'

'ဟုတ်တယ်လေ၊ မှန်တာပြောတာပဲ ဘာဖြစ်သွားလို့လဲ'

'ရှင် ခုနက ပြောတဲ့ စကားမျိုး အခုအချိန်မှာ လုံးဝ မပြောသင့်ဘူး'

သူမက ပြောပြောဆိုဆို ကားနောက်ခန်း တံခါးဖွင့်၍ ဝင်ထိုင်သည်။

'စိတ်ထဲက ဆန္ဒရှိလာလို့ ပြောမိတာ အပြစ်ရှိသလား ယဉ်ရယ်၊ ကျွန်တော့်မှာ သိပ်အပြစ်ကြီးသွားသလားဟင်'

'ကျွန်မရှင်းရှင်းပဲ ပြောမယ်'

သူမရဲ့ မာမာသန်ထန်စကားကြောင့် သူက သူမ မျက်နှာကို စူးရှစွာစိုက်ကြည့်နေသည်။

'ပြောပါ'

'ရှင့်အကြောင်း ကျွန်မ ဘာတစ်ခုမှမသိရသေးဘူး'

'ဟုတ်ပြီ....အဲဒီတော့'

'ရှင် ဘယ်သူလဲ၊ ရှင့်မိဘတွေ ဘယ်သူလဲ၊ ရှင့် အခြေအနေ





အဆင့်အတန်း ဘယ်လိုရှိတယ်ဆိုတာ ကျွန်မရအောင်စုံစမ်းဦးမယ်၊ ရှင်နေတဲ့လိပ်စာနဲ့ ရှင့်မိဘနာမည်တွေ ကျွန်မသိချင်ပါတယ်'

'ယဉ်က အခုချက်ချင်းကြီးသိချင်တာလား'

'သိချင်လို့မေးနေတာပေါ့ရှင်'

'ကောင်းပြီလေ'

ဆိုဖာနောက်မှီမှာ လျောထိုင်နေသော သူမကိုယ်လေးက အသာမတ်သွားသည်။

သူပြောမယ့်စကားကို သူမ အရမ်းစိတ်ဝင်စားသွားပြီ။

'ကျွန်တော့် မိဘနာမည်တွေနဲ့ကျွန်တော်အခြေအနေအဆင့်အတန်းကို ယဉ်မသိရခင်မှာ ကျွန်တော့်ကို ယဉ်ကတိတစ်ခုတော့ပေးပါ'

'ပြောပါ၊ ကျွန်မပေးနိုင်မယ်လို့ ထင်ပါတယ်'

'ပေးနိုင်မယ်ဆိုတာ သိပ်မရေရာမတိကျဘူးယဉ်၊ 'ပေးကိုပေးမယ်ရှင်'လို့ ပြောမှ တိကျမယ့်စကားပါ'

'ကဲပါ....ပေးမယ် ပေးမယ် ပြော'

'ဟုတ်ပြီ၊ ဒါဆို ကျွန်တော်ပြောမယ်။ ကျွန်တော့် မိဘနာမည်က ဦးဘုန်းမင်းနဲ့ဒေါ်ခိုင်ဇအေးပါ၊ သူတို့က မြောက်ဥက္ကလာကနွယ်နံ(၁)လမ်း၊အိမ်နံပါတ်(        )မှာနေပါတယ်၊

ကျွန်တော့်အဖေရဲ့အလုပ်အကိုင်ကတော့ ပြောရမှာအင်မတန်အားငယ်ထိခိုက်စရာကောင်းပါတယ်....

'အဖေက အဝေးပြေးကားတွေမောင်းတဲ့ ကားဒရိုင်ဘာပါ၊ အမေက နာ့(စ်)မ၊ ကျွန်တော်တို့မှာ မောင်နှမသုံးယောက်ရှိပါတယ်၊ ကျွန်တော့်အထက်မှာ ဖြူပြာမင်းဆိုတဲ့အစ်မရယ်၊ မူယာမင်းဆိုတဲ့ အစ်မရယ် နှစ်ယောက်ရှိပါတယ်....

'ကျွန်တော်ကအငယ်ဆုံး မောင်မင်းပေါ့၊ ကျွန်တော့်အစ်မကြီးကတော့ အိမ်ထောင်ကျသွားပါပြီ။ အိမ်မှာ ကျွန်တော့်အစ်မအငယ်ရယ်၊ အဖေရယ် အဒမရယ် ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော် အိမ်ပေါ်ကဆင်းလာတာ နှစ်နှစ်ကျော်ပြီ'

သူမသည် သူ့အကြောင်းတွေကို မမျှော်လင့်ဘဲသိလိုက်ရသောကြောင့် သူမကိုယ်သူမ အံ့ဩလို့မဆုံးနိုင်အောင်ဖြစ်နေမိသည်။

သူ့အခြေအနေအဆင့်အတန်းကို သူပြောလို့ သူမသိရပြီ၊

သူမတို့အဆင့်အတန်းနဲ့ ဘယ်လို ဘယ်လိုမှမသက်ဆိုင်။

ယှဉ်ဖို့မပြောနဲ့၊ စကားထဲပင် တည့်ပြောလို့မရ။

ဒီလိုအခြေအနေမျိုးရှိတဲ့သူမျိုးနဲ့သာ သူမနဲ့ကားတစ်စီးထဲသွားနေမှန်း အိမ်ကမိဘတွေသိလျှင် ရင်ကွဲနာကျပြီးသေသွားနိုင်သည်။





သူမ ကြောက်လိုက်တာ။

သူ့လိုလူမျိုးနှင့်သူမရှေ့ဆက်ပြီး ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့။

'အခု ရှင် ဘယ်လိုနေသလဲ'

ဆိုသည့် မေးခွန်းမျိုးကိုပင် သူမ မမေးရဲတော့။

သေချာပြီပေါ့။

ဒီတက္ကစီကားကလဲ သူ့ဒရိုင်ဘာလုပ်ပြီး မောင်းနေမှန်း....

မဖြစ်နိုင်ဘူး၊ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။

သူမရင်ထဲမှာ ကြေကွဲနင့်သီးစွာ ကောက်ချက် ချလိုက်သည်။

'ကျွန်မ....ကျွန်မကို ခွင့်ပြုပါဦး၊ ကျွန်မသွားတော့မယ်'

သူမ တံခါးဖွင့်ပြီး အလျင်စလိုဆင်းလိုက်၏။

'ဟာ....ယဉ်....ယဉ်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ယဉ်အဲဒီလိုမလုပ်နဲ့နော်၊ ကျွန်တော်မကြိုက်ဘူး၊ယဉ် ကားပေါ်ပြန်တက်၊ မတက်ရင် ကျွန်တော် လမ်းမှာတစ်ခုခုလုပ်မိလိမ့်မယ်'

သူက ကားတံခါးဖွင့်ဆင်းပြီး သူမနောက်မှအပြေးလိုက်ပြီး အတင်းဆင်းခေါ်သည်။

သူမသာ ကားပေါ်ပြန်မတက်လျှင်တော့ သူ့စိတ်နဲ့လမ်းမလယ်မှာတစ်ခုမဟုတ်တစ်ခု ဖြစ်သွားနိုင်သည်။

အနီးနားပတ်ဝန်းကျင်မှလူတချို့ကလဲ ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသည်။

ဘုရားသ်ကြားမှလို့၊ အိမ်ကအသိမိတ်ဆွေတွေ မပါပါစေနဲ့။

သူမ သူ့ကိုသန့်ပြီး ကားနားသို့ အမြန်ရောက်အောင် လျှောက်ပြီး ကားတံခါးကိုဖွင့်၍ဝင်ထိုင်ဘော့၊ သူကလဲ ကားတံခါးကို ဂုန်းခနဲဆွဲဖွင့်ပြီး ဝင်ထိုင်သည်။

'ဘာလဲဗျ၊ ကျွန်တော်ရဲ့ ကျက်သရေရှိတဲ့ အဆင့်အတန်းကို ကြားလိုက်ရလို့ နားခါးသွားတာလား၊ ဒါမှမဟုတ် ငါ့လိုအဆင့်အတန်းမျိုးနဲ့ ဒီလိုလူမျိုးနဲ့မှ လာဆုံရလေခြင်းဆိုပြီး ယူကြုံးမရဖြစ်ပြီး အသည်းဆတ်ဆတ်ခါ နာသွားတာလား၊ ကျွန်တော်မလိမ်ဘတ်ဘူး....

'ပညာတတ်ဘူး၊ ဒီနေရာမှာ ကျွန်တော်ရပ်ရည်နဲ့ခင်ဗျား ယုံကြည်လို့ရမယ့်စကားမျိုး လိမ်ညာဟန်ဆောင် ပြောရင်ရတယ်၊ ဒါပေမယ့် ကျွန်တော်မပြောဘူး၊ ခင်ဗျားစိတ်ထဲမှာ ကျွန်တော်အလကားကောင်ဆိုတာ လုံးဝမဖြစ်စေရဘူး....

'ဆင်းရဲလို့ ဆင်းရဲတယ်ပြောတာ ခင်ဗျားအတွက် ကြက်သီးထစရာဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ ဘာမှမဖြစ်ဘူး၊ ဆင်းရဲသားလဲ သူပဲ၊ ချမ်းသာတဲ့လူလဲ လူပဲ၊ လူတွေ အားလုံးဟာ ချမ်းသာခြင်း ဆင်းရဲခြင်းဆိုတဲ့ အဆင့်အတန်းကို ခွဲပေးထားကြလို့ အဆင့်အတန်းဆိုတာ ဖြစ်လာတာ....





'လောကကြီးမှာ ဖြစ်ပျက်နေတာတွေ အားလုံး ဘယ်နေရာမှာဆန်းနေလဲ၊ ကျွန်တော့်ကို ပြောစမ်းပါဦး၊ တစ်ဆိတ်လောက် ပြောပြစမ်းပါ'

သူမသည် ဆွံ့အသူတစ်ယောက်လို ငြိမ်သက်စွာ ထိုင်နေမိသည်။

'ကောင်းပြီလေ၊ ယဉ်ဖြေလို့မရသေးရင်လဲ မဖြေနဲ့၊ နောက်တစ်ခါတွေ့တော့ ကျွန်တော်မေးတာ ယဉ် ဖြေဖို့ကြိုးစားပေးပါ၊ အခု ယဉ်ကို ကျွန်တော်အိမ် လိုက်ပို့ပေးပါမယ်၊ မုန့်လဲ သွားမစားတော့ပါဘူး၊ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ယဉ်လိုက်ခဲ့ပေးပါ'

သူပြောပြီး ကားစက်နှိုးလိုက်သည်။ ကားကိုဝူးခနဲမောင်းထွက်သွားသည်၊

သူမ သူ့ကို စကားတစ်ခွန်းမှမပြောနိုင်ဘဲ ပါလာခဲ့သည်၊

ထိုအချိန်ကစပြီး သူကလဲသူမကို စကား တစ်ခွန်းမှ မပြော။ ကားမှန်မှ တစ်ဆင့်လဲ သူမကို တစ်ချက်ကလေး လှမ်းမကြည့်။

'ယဉ်....၊ ဘယ်အထိလိုက်ပို့ပေးရမှာလဲ'

လမ်းတစ်ဝက်ရောက်မှ သူလှမ်းမေးသည်။ ကားအရှိန်က အနည်းငယ်မြန်နေသည်။

'ရပါတယ်၊ တွေ့တဲ့နေရာမှာဘဲ ချပေးပါ'

စကားသံတွေ ပြတ်တောက်သွားကြသည်။

သူကလဲ တစ်ခွန်းမှ မပြော၊ သူမကလဲ ပြောစရာစကား
မရှိ။

တကယ်ဆို သူ့ဘဝ အဆင့်အတန်းကို သူ အမှန်အတို
ပြောခဲ့၍ သူမ သိခွင့်ရခဲ့တာဘဲ။

သူ့ကို စိတ်ဆိုးစရာ တစ်စက်ကလေးမှ မရှိနိုင်ပါ။

သို့သော် သူမစိတ်ထဲမှာတော့ အနည်းငယ် သွေးလန့်သွ
တာ အမှန်ပါဟု တစ်လောကလုံး ကြားအောင် အော်ပြေ
လိုက်ချင်သည်။

သူမက တစ်လမ်းလုံး အတွေးနယ်ထဲမှာ နစ်မြုပ်ပျော်
လာခဲ့သည်။

သူမ မျက်လုံးအစုံကို မှိတ်ထားမှုကြောင့်လဲ ဘယ်နေ
ရောက်လို့ ရောက်နေမှန်းမသိပါ။

ကားက ကျွီခနဲ ဘရိတ်အုပ်သံကြားမှ သူမမျက်လုံး
ရင်း ကြည့်လိုက်မိ၏။

သူက သူမ၏ မျက်နှာကို တစ်ချက်ကလေးမှ မကြည့်မိအေ
နေသည်။

စကားလဲ တစ်ခွန်းမှ မပြောပါ။

ကားက လမ်းဘေး တစ်နေရာမှာ ရပ်လျက်သား
နေ၏။





'ကျေးဇူးတ[illegible]ါတယ် မင်း'

ထိုစကားကိုသာ သူမပြောပြီး ကားတံခါးဖွင့် ဆင်းခဲ့သည်
အထိ သူ့ထံမှ စကားတစ်ခွန်းမှ မကြားရချေ။

ထိုနေရာမှ သူမလှည့်ထွက်ခဲ့သည်အထိ သူ့ကားစက်နှိုးသံ
ကို လုံးဝမကြားရပါ။

သူ ဘယ်အချိန်မှ ထွက်သွားသည်ဆိုတာ သူမ မသိတော့။

သူမသည် ထိုနေရာမှ အမြန်ဆုံး ခြေလှမ်းဖြင့် ကပျာကယာ
လျှောက်လာခဲ့သည်။

* * *

## အခန်း (၆)

'ဟာ ဒါဆို မင်းမိသားစု အခြေအနေ အားလုံးကို ဖွင့် ပြောပြလိုက်ပြီပေါ့'

ဖိုးလက သူ ယဉ်ကို ပြောခဲ့သော စကားတွေကြောင့် တအံ့တသြ ထပြော၏။

'ဟုတ်တယ်ဖိုးလ၊ ငါမထိန်ချန်ဘဲ အားလုံး ပြောခဲ့လိုက်တယ်၊ အခြေအနေက မပြောလို့ မရတော့တဲ့ အခြေအနေ၊ ဒီနေရာမှာ သူ့ကို ငါညာလိုက်ရင် ငါနဲ့သူနဲ့ ဇာတ်လမ်းက ရှေ့ဆက်လို့ ဘယ်လိုမှ ရမှာမဟုတ်တော့ဘူး။ သူ့ပုံစံက ငါ့ မိဘအဆင့်အတန်းကို အသည်းအသန် သိချင်နေတဲ့ ပုံစံမျိုး ရှိတယ်....





'ငါမညာဘဲ ဟောဟောဒိုင်းဒိုင်း ပြောချ လိုက်တော့ သူ့မျက်လုံးတွေက အရောင်တောက်သွားတယ်၊ သူ့ကြည့်ရတာ အမှန်တရားကို ဒိုင်မြတ်နိုးတဲ့ ပုံစံမျိုး....

'ငါသူ့ကို မသိမသာ အကဲခတ်ကြည့်တော့ ငါ့ဘက်မှာ သုံးပုံတစ်ပုံ စိတ်ဝင်စားတဲ့ အနေအထားမျိုး တွေ့ရတယ်၊ ဒါကြောင့် ငါ့အခြေအနေကို မေးတာပေါ့၊ ရှင်းနေတာပဲ'

'မင်း အိမ်အထိ လိုက်သွားရင်ကော'

'လိုက်ပစေ၊ ငါအိမ်မှာ မနေဘူး အိမ်ပေါ်က ဆင်းလာတာကြာပြီလို့ ပြောလိုက်တယ်'

'ဒါဖြင့် ငါတို့ အခုနေတဲ့လိပ်စာ ပြောခဲ့တယ်ပေါ့'

'ဟော့ အေး မပြောဘူး၊ ပြောဖို့အချိန်မရောက်သေးဘူး ဖိုးလ၊ အစကတော့ ငါက ငါ့ဉာဏ်နဲ့ငါ သူ့ဆီဘယ်လိုနည်းနဲ့ချဉ်းကပ်ရမလဲလို့ စဉ်းစားထားခဲ့တာ၊ အခုတော့ အနေအထားကတစ်မျိုးပြောင်းသွားပြီ....

'ငါ့မိဘက ဘာတွေလဲဆိုတာ ငါပြောပြလိုက်တော့ သူ့မျက်နှာမှာ သွေးတောင်မရှိတော့ဘူး၊ သူ တော်တော်လေး တုန်လှုပ်ချောက်ချားသွားတဲ့ပုံပဲ၊ အေးပေါ့လေ၊ သူ့လိုတစ်ကိုယ်လုံး စိန်တွေသီးနေတဲ့မိန်းမတစ်ယောက်က အဝေးပြေးကားမောင်းတဲ့ဒရိုင်ဘာရဲ့သားမျိုးကို ဘယ်စဉ်းစားချင်မလဲ'

'ချစ်ခြင်းမေတ္တာမှာ အဲဒါတွေနဲ့လဲ သိပ် မဆိုင်ပါဘူး ကွာ'

'ဟာ....ဘယ်နှယ့်ပြောတာတုန်းကွ၊ သိပ်ဆိုင်တာပေါ့၊ သူ့လိုသူဌေးသမီးက ငါတို့လိုဆင်းရဲသားကို ဘယ်လိုနည်းနဲ့မှစဉ်းစားမှာမဟုတ်ဘူး....

'အေး....အဲဒီတော့ ငါဘာဆက်လုပ်ရမလဲဆိုရင် သူ့ကို ဘယ်လိုယောကျ်ားမျိုးမှ မပေးနိုင်တဲ့ မပေးတဲ့အချည် အချင်းမျိုးတွေ ငါဒီနေ့ကစပြီး မွေးထုတ်ရတော့မယ်'

'ဘာလဲကွ၊ မင်းဟာက လိုရင်းမရောက်ဘူး'

'ငါပြောရင် မင်း သိပ်အံ့ဩသွားလိမ့်မယ်၊ မင်းကိုငါ့ပြောခဲ့ပါတယ်၊ သူ့ကားနံပါတ်သိပြီးကတည်းက သူ ဘယ်မှာနေတယ်၊ ဘာလုပ်တယ်၊ သူ့မိဘမိသားစုအဆင့်အတန်း ဘယ်လိုရှိတယ်ဆိုတာ ငါစုံစမ်းပြီးပြီ....

'သူတို့သိပ်ချမ်းသာတယ်ဖိုးလ၊ ပြီးတော့ သူဟာမိဘအမွေတွေအပြင် သူ့အိမ်မှာရှိတဲ့ အဒေါ်အပျိုကြီး ရဲ့အမွေတွေကိုပါ ခံစားရမယ့်သူလို့ ခိုင်လုံတဲ့သတင်းကိုငါရခဲ့ပြီးပြီ....

'ပြီးတော့ သူ့မှာ မောင်နှမသားချင်း တစ်ယောက်မှမရှိဘူး၊ သူဟာ တစ်ဦးတည်းသောသမီး။ သူတို့မိဘတွေပိုင်ဆိုင်သမျှစည်းစိမ်တွေအားလုံး သူတစ်ယောက်ပဲရမှာ သေချာတယ်....





'အဲဒီတော့ ငါ ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ သူ့ကို ငါ့ဘက်ပါလာအောင် ပုံစံတစ်မျိုးတည်းနဲ့ စည်းရုံးသိမ်းသွင်းရမယ်'

ဖိုးလကသူ့ကိုအံ့အားသင့်နေသောမျက်လုံးများဖြင့် ပါးစပ်အဟောင်းသားဖြင့်ကြည့်နေ၏။

'အဓိကနံပါတ်တစ် အရေးကြီးဆုံးက သူနဲ့တွေ့တဲ့အချိန်တိုင်းမှာ ငါ့ရဲ့ပင်ကိုယ်ဗီဇစိတ်တွေကို ချိုးဖျက်ပစ်ရမယ်၊ ငါ ဒေါသကြီးတတ်တာ အတ္တကြီးတာ နေရာတကာတဇွတ်ထိုးစိတ်နဲ့ မိုက်တီမိုက်ကန်းလုပ်တတ်တာတွေကို သူလုံးဝမရိပ်မိမသိအောင် နေပြရမယ်....

'သူ့ကို အသည်းအသန်ကြွေနေတဲ့ယောကျ်ားတစ်ယောက်အဖြစ် သူ့ရှေ့မှာ မားမားမတ်မတ်ရပ်ပြနေရမယ်၊ ပြီးတော့ သူ့ဆန္ဒမှန်သမျှကိုအစွမ်းကုန်လိုက်လျောပေးရမယ်၊ သူနဲ့ယှဉ်ရင် ငါက အစစအရာရာဂုဏ်ငယ်သူဆိုတော့ သူပြုသမျှနုရမယ့် ဘဝမျိုးမှာနေပြရမယ်၊ သူ့မေတ္တာမရမချင်း ငါအရမ်းအောက်ကျခံမ ကွာ....

'နောက်ဆုံး ငါ့ပါးကိုရိုက်သွားပစေ၊ ငါငုံ့ခံပြီးလှည့်လာခဲ့မယ်၊ ဒါပဲဖိုးလ'

'ဟာ....ငါ မင်းဉာဏ်တွေကိုလိုက်လို့မမီတော့ဘူး၊ငါဘာမှမပြောတတ်တော့ပါဘူး မောင်မင်းရာ'

သူက ဖိုးလုအပြောသဘောကျပြီး မျက်လုံးကိုမှိတ်ကာ ဦးခေါင်းကိုခါယမ်းပစ်လိုက်တယ်။

'ယဉ်....

ကျွန်တော်တို့ နှစ်ယောက်ရဲ့ဇာတ်လမ်းကစဖို့ အချိန်တန် သွားပြီ။

* * *



## အခန်း (၇)

သူမ ညကတစ်ညလုံး သူ့အကြောင်းတွေကိုတွေးတော စဉ်းစားနေမိ၍ တော်တော်နှင့်အိပ်၍မရခဲ့ပါ။

သူပြောပြခဲ့၍ သူ့မိသားစုအဆင့်အတန်းကို သူမ သိခဲ့ရ ပြီးပြီ။

သူ့လိုလူမျိုးကို သူမလိုမိန်းကလေးမျိုးက စိတ်ဝင်စား ချဉ်းကပ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့။

ဒီအဖြစ်တွေကိုသာ သူမမိဘတွေသိလျှင် သူမကို အကြီး အကျယ်စိတ်ဆိုးပြီး ရစရာမရှိအောင် ပြောကြတော့မည်။

သူမတို့က ဆွေစဉ်ခုနှစ်ဆက် မျိုးခုနစ်ဆက်က ကျိုကျိုတက် အောင်ချမ်းသာခဲ့ကြသူတွေ။

သူမမိဘနှစ်ပါးရဲ့အလုပ်တွေကလဲ တကယ့် အဆင့်အတန်း မြင့်မြင့် အလုပ်တွေ။

ဟိုတယ်ကြီးတွေဖွင့်၊ အဆောက်အအုံတွေဆောက်၊ တံတား တွေဖောက်၊ လမ်းတွေဖောက် အလုပ်မျိုးကို တခမ်းတနား လုပ်တဲ့သူတွေ။

အဲဒီတော့ သူမအတွက် ငွေဆိုတာ ဘယ်နေရာမှာလှည့် လှည့် ဖိတ်ဖိတ်လျှံနေသည်၊

သူမက ဇာစ်ဦးတည်းသောသမီးပီပီ မိဘနှစ်ပါးအလိုလိုက် ချစ်ခင်မှုကို ပြည့်ပြည့်ဝဝရသလို၊ အဘေါ်အဖိုးကြီး၏မေတ္တာ ကိုလဲ ပြည့်စုံထူးကဲစွာရခဲ့သည်။

ဒီတော့ ဒီလိုမိသားစုအသိုင်းအဝန်းမျိုးကိုစွန့်ပြီး သူ့ကို စိတ်ဝင်စားခဲ့မိခြင်းက သူမအတွက် များစွာအမြစ်ကြီးလေး သောကိစ္စတစ်ခုဖြစ်ခဲ့သည်။

ဒီအပြစ်တွေကို သူမကိုယ်တိုင်မှလွဲလျှင် မည်သူမှမသိရ အောင်ကျိတ်မှိတ်ပြီးနေခဲ့သည်။

သူမသည် ကလေးဘဝတုန်းကဆိုလျှင် သူမနှင့် အဆင့် အတန်းချင်းမတူသည့်သူတွေကို ဘယ်တော့မှပေါင်းသင်းဆက် ဆံလေ့မရှိပါ။





သူမနှင့်တန်းတူ သုံးနိုင်စားနိုင် ဝတ်နိုင်မှ အပေါင်းအသင်း အဖြစ်မှ လက်တွဲခွင့်ပြုခဲ့၏။

အခုတော့ ကလေးဘဝက ကိုယ့်ထက်နိမ့်ပါးခဲ့သူမှန်သမျှ ကိုပိုးဆိုးပက်စက်ပြောခဲ့ခြင်းက ဝဋ်လည်ပြီလား။

ကျွန်မ ဝဋ်လိုက်ခဲ့ပြီနဲ့တူပါတယ်။

သူ့ကိုတွေ့ခဲ့ပြီးတဲ့အချိန်တိုင်း သူမနှလုံးသားထဲကနေ သူ့ ကို ဖျောက်ဖျက်လို့မရအောင် စွဲထင်ကျန်ရစ်နေခဲ့သည်။

သူ့ကိုသတိရလိုက်မိတာနှင့် သူ့မိဘအဆင့်အတန်း အခြေ အနေကိုပြန်သတိရပြီး သူမကျောချမ်းအောင် ကြောက်ရွံ့တုန် လှုပ်သွားရပြန်၏။

ကျွန်မ ဘာလုပ်ရမလဲ မင်းရယ်...,

ဘဝအဆင့်အတန်း နိမ့်ပါးနွမ်းပါးမှာကို သေမလောက် ကြောက်ရွံ့ချောက်ချားခဲ့တဲ့မိန်းကလေးတစ်ယောက်က မင်း လိုလူမျိုးကို စိတ်ဝင်စားသင့်ပါသလား။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝအဆင့်အတန်းမြင့်မားမှု ကို ဘယ်လိုအာမခံချက်မျိုးနဲ့ မင်းလိုလူမျိုးက ပေးနိုင် မှာလဲ။

'အို....မဖြစ်နိုင်ဘူး....မဖြစ်နိုင်တော့ပါဘူး။

သူမ ခေါင်းတွေရှုပ်ထွေးလာ၍ ဆံပင်တွေကိုလက်ဖြင့် ထိုးဖွပစ်လိုက်သည်။

'သမီး'

'ဟင်....မေမေ'

သူမ လှည့်အကြည့်မှာ မေမေ့ကို သူမအနီးတွင် တွေ့လိုက်ရသည်။

'လာသမီး(Break fast)စားရအောင်လေ၊ခေါ်တာ၊သမီး ဖေဖေက သမီးမလာသေးလို့ အောက်မှာစောင့်နေရှာတယ်၊ မေမေ့သမီးကကွယ် အိပ်ပုပ်ကြီးလိုက်တာ၊ အခုမှ နိုးတာလား'

'ဟုတ်တယ်....မေမေ၊ ညက....'

သူမနှုတ်မှယောင်ပြီး လွှတ်ထွက်သွားမည့်စကားကို ချက်ချင်းရပ်ပစ်လိုက်သည်၊

'ဟင်....ညက ဘာဖြစ်လို့လဲသမီး'

'ဘာ ဘာမှမဖြစ်ပါဘူး မေမေ၊ သမီး ဝတ္ထုဖတ်နေလို့ အိပ်ရာဝင်တာ နောက်ကျသွားလို့ပါ'

'ဒီဝတ္ထုတွေကလဲဖတ်ပြန်ပြီ၊ ကိုယ့်မလဲ မျက်လုံးအားကနည်းပါတဲ့နဲ့၊ မဖတ်စမ်းပါနဲ့ သမီးရယ်၊ ဝတ္ထုတွေသိပ်ဖတ်





တာ့ သမီးမျက်လုံးကြောအားတွေ ပိုနည်းသွားလိမ့်မယ်၊ မီးဖေဖေသာသိရင်တော့ ဆူပြီမှတ်'

'ပျင်းလို့ပါ မေမေရယ်၊ ပြီးတော့ သိပ်လဲအိပ်ချင်စိတ်မရှိသေးတာနဲ့'

'ပြောလိုက်ရင် ဆင်ခြေကလေးနဲ့၊ နောက်တစ်ခါ ဝတ္ထုတ်ကြည့်၊ အားလုံးလွှင့်ပစ်မယ်၊ ဘယ်မလဲ ညကဖတ်တဲ့ဝတ္ထု'

မေမေက ပြောရင်းဆိုရင်းဖြင့် သူမရဲ့ အိပ်ရာထဲမှာရှောကြည့်စာပွဲပေါ်မှာလိုက်ရှာသည်။

'ဟော တွေ့ပြီ'

မေမေက သူမခေါင်းအုံးအောက်မှာတွေ့သော ဝတ္ထုစာအုပ်ကို ဖျတ်ခနဲလှမ်းယူပြီး အော်ပြော၏။

'မေမေ မလုပ်ပါနဲ့၊ သမီးပြီးအောင်မဖတ်ရသေးဘူး'

'တော်ပြီ....တော်ပြီ မဖတ်ရဘူး၊ ယူသွားမယ်၊မျက်နှာသစ်ပြီး အောက်ဆင်းလာခဲ့၊ မုန့်စားမယ်'

'မေမေ ထားခဲ့ပါဆို၊ ကြည့် မေမေ စိတ်ပုပ်ပြီ'

သူမ အော်ပြောနေသော်လည်း မေမေက ဝတ္ထုစာအုပ်ယူပြီး အခန်းထဲမှထွက်သွားသည်။

သူမ ဘာမှမတတ်နိုင်တော့။

မေမေကတော့ သူမမျက်လုံးအားနည်း၍ ဝ တ္တု ဖတ်ခွင့်ရှိအောင်စေတနာဖြင့် သိမ်းသွားခြင်းဖြစ်၏။

သူမသည် အိပ်ရာထဲမှ စိတ်ပျက်လက်ပျက်ထပြီး မျက်နှာသစ် သွားတိုက်လုပ်ပြီး ညဝတ်အင်္ကျီနှင့်ပင် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

'ကြာလိုက်တာ သမီးရယ်၊ ဖေဖေကဖြင့် သမီးမလာသေးလို့ ဘာမှမစားဘဲ စောင့်နေတာ'

ဖေဖေက သူမအပေါ်ထပ်မှဆင်းလာတာတွေ့တော့ ထမင်းစားခန်းထဲမှ လှမ်းအော်ပြော၏။

'မေမေ ဖေဖေတို့ ပိုဘတ်ရန်ကော'ဆိုသည့် အကြည့်မျိုးဖြင့် လှမ်းကြည့်သည်။

'ထိုင် သမီး'

သူမက ဖေဖေနှင့် မေမေရှေ့ကခုံမှာ ဝင်ထိုင်သည်၊

'ဒေါ်ကြီးပွင့်ရော ဖေဖေ'

'ဈေးသွားတယ် သမီး၊ သမီးရော ဒီနေ့ ဘယ်သွားစရာ ရှိသေးလဲ'

'ဟင့်အင်း မဖေဖေ'

သူမက ငြင်းဆန်ရင်း ဖေဖေမျက်နှာကို မရဲတရဲ လှမ်းကြည့်မိသည်။





သူမ [illegible]ဖေသည် စကားတစ်ခွန်းပြောလျှင် အင်မတန်လေးနက်သော စကားမျိုးကိုသာ ပြောတတ်၏၊

မနေ့က သူမ သူနဲ့သွားခဲ့တာများ ဖေဖေသိသွားသလား၊

သူမ အပြစ်ရှိသူပီပီ ဖေဖေထပြောလိုက်မှာစိုး၍ ဖေဖေသောက်ဖို့ ကော်ဖီငှဲ့ပေးလိုက်၊ မုန့်ပန်ကန်တွေ လှမ်းပေးလိုက်၊ လက်သုတ်ပဝါ လှမ်းပေးလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသည်၊

'ဒီလိုလုပ် သမီး၊ ဒီနေ့ ဖေဖေအသိတစ်ယောက် ဟိုတယ်ဖွင့်ပွဲတစ်ခုရှိတယ်၊ အဲဒါ ဖေဖေ မဖြစ်မနေသွားမှဖြစ်မယ်၊ သမီးမေမေကလဲ သူ့စိန်တွေကြည့်ဖို့ ညှိသည်တွေနဲ့ ချိန်းထားတယ်ဆိုတော့ သမီးက သမီးမေမေကိုယ်စား ဖေဖေနဲ့လိုက်ခဲ့ရမယ်'

ဖေဖေ့စကားကြောင့် သူမရုတ်တရက်ထိတ်လန့်သွားသည်။

ဖေဖေသည် ဘယ်တုန်းကမှ သူ့မိတ်ဆွေအပေါင်းအသင်းတွေထံသို့ သူမကို ခေါ်သွားလေ့မရှိပါ။

'ဖေဖေ ဘယ်အချိန်သွားမှာလဲ ဟင်'

သူမ မလိုက်ဘူးဟု မငြင်းရဲသောကြောင့် အရဲစွန့်၍ မေးလိုက်၏။

'ဖွင့်ပွဲက ကိုးနာရီစမယ် သမီး၊ ရှစ်နာရီခွဲလောက် သွားတာပေါ့၊ အင်း အခုပဲရှစ်နာရီထိုးခါနီးနေပြီ၊ သမီးရေချိုးဖို့လုပ်ရင် ကောင်းမယ်၊ တော်ကြာ ဝတ်စားပြင်ဆင်မှာနဲ့

နောက်ကျနေဦးမယ်၊ သွားသမီး....၊ လှလှပပလေးဝတ်ခဲ့၊ ဖေဖေအခန်းထဲမှာစောင့်နေမယ်'

သူမ ဘာလုပ်ရမှန်း မသိတော့။

သူမက ကိုယ့်အကြံနှင့် ကိုယ်။

ဒီနေ့ အိမ်မှာ မိဘတွေမရှိတုန်း သူ့ လိပ်စာအတိုင်း သူတို့ အိမ်အခြေအနေကို သွားကြည့်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

အခုတော့ မရ၊ သွားပြီ....!

သူမ ငြင်းခွင့်မရှိသောကြောင့် ထမင်းစားပွဲမှ ထအရပ်...

'တီ တီ တီ'

အခန်းထဲက ဖုန်းစင်မှ ဖုန်းသံကို ကြားလိုက်ရသည်။

သူမက ဖုန်းကိုင်ဖို့ ခြေလှမ်း လှမ်းလိုက်သည်။

'နေ သမီး နေနေ၊ ဖေဖေကိုင်လိုက်မယ်၊ သွားစရာရှိတာ သွားတော့'

ဖေဖေ့စကားကြောင့် သူမ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည်။

ထိုအချိန်မှာ ဖေဖေနှင့် မေမေ့ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်သည်ကို သူမ လှမ်းတွေ့သွားသည်။

ဖေဖေနှင့် မေမေ၏ မျက်ဝန်းအကြည့်တွေကြောင့် သူ့ စိတ်ထဲ တစ်မျိုးဖြစ်သွား၏။

သူမသည် ဖေဖေ ဖုန်းပြောနေသောနေရာသို့ တစ်ချက်





လှမ်းအကြည့်မှာ ဖေဖေ့စကားသံတွေကို အတိုင်းသား ကြားလိုက်ရသည်။

'ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ'

'......................'

'နာမည်ပြောခဲ့ပါလား၊ အန်ကယ်က သူ့ ဖေဖေပါ၊ ဆက်ဆက်ပြောပေးပါ့မယ်'

'......................'

'ကောင်းပါပြီ ကောင်းပါပြီ'

'ခွပ်'

ဖုန်းမချခင်ကတည်းက သူမဆီလာသော ဖုန်းဆိုတာ သူမ တန်းသိသွားပါပြီ။

သူ့ဆီကများလား။

'ဘုရား....ဘုရား၊ သူ ဘာဖြစ်လို့ ဒီလောက်အထိ အဘင့် ရဲပြီး ဖုန်းဆက်နေရတာပါလိမ့်။

သူ့ကြောင့် ဖေဖေနဲ့ ငါတော့ ပြဿနာတက်တော့မှာပါဘဲ။

သူမ တွေးပြီး ကြောက်ရွံ့တုန်လှုပ်စိတ်ကြောင့် ထိုအနားမှ မသွားနိုင်ရှာဘဲ ရပ်နေမိသည်။

'သမီး သွားလေ ရေချိုးတော့၊ နောက်ကျနေလိမ့်မယ်'

ဖေဖေက ဖုန်းဘယ်သူဆက်သလဲဆိုတာ လုံးဝမပြောဘဲ သူမကို ပညာရှိပီသစွာ စကားချိုချိုပြောရင်း ပထုတ်သည်။
သူမကလဲ သူ့ဆီကဖုန်း ဟုတ်မဟုတ်ကို အလွန်သိချင် နေပြီ။

ဖေဖေမပြောလဲ သူမ အရဲစွန့်ပြီး မေးရမှာပါတဲ့။

'ဖေဖေ ခုနဖုန်းက....'

သူမရဲ့မေးခွန်းကြောင့် ဖေဖေရော မေမေပါ သူမကို တအံ့တဩ လှမ်းကြည့်ကြသည်။

'ဘယ်သူမှ မဟုတ်ပါဘူး သမီးရယ်၊ နာမည်လဲမပြော ဘာလဲမပြောနဲ့ ဖုန်းချသွားတယ်'

တော်ပါသေးရဲ့။

သူမစိတ်ထဲတီးတိုးပြောပြီး ဖေဖေ့ရှေ့မှ အသာလှည့်ထွက် ခဲ့သည်။

ထိုနေ့က သူမ ရေချိုး၊ အဝတ်အစား လှလှပပဝတ် ကျော့ကျော့မော့မော့ကလေး ပြင်ဆင်ပြီး ဖေဖေကိုယ်တိုင် မောင်းသောကားဖြင့် ဖေဖေ့မိတ်ဆွေတစ်ယောက်၏ဟိုတယ် ဖွင့်ပွဲသို့တက်ရောက်ခဲ့ရသည်။

ဟိုတယ်ဖွင့်ပွဲသည် အလွန်စည်ကား ခမ်းနားသော်လည်း သူမ မပျော်ရွှင်နိုင်ခဲ့ပါ။

သူမစိတ်တွေကျဉ်းကျပ်ပိတ်လှောင်ပြီး ခေါင်းတွေ အုံ့ ကာ မူးနောက်လာသည်အထိ ခံစားရသည်။





ဒါကြောင့် လူအုပ်တွေကြားထဲမှာ ဖေဖေကိုတီးတိုးပြော ပြီး ကားထဲသွားထိုင်နေဖို့ပြောခဲ့သည်။

ဖေဖေက ကျေကျေနပ်နပ်ကြီးခွင့်ပြုလိုက်သဖြင့် ဖေဖေ့ဆီမှ ကားသော့ယူပြီး ဟိုတယ်အပြင်မှာရပ်ထားသော ကားဆီသို့ လျှောက်လာခဲ့သည်။

သူမသည် အဖြူ ရာင်ဇာဝမ်းဆက်နှင့်ငွေရောင်ပိုက်ဆံအိတ် ငင်ဆယ်ဟီးအဖြူရောင်ခပ်မြင့်မြင့်ကို စီးထားသည်။

ဟိုတယ်ဖွင့်ပွဲသို့နောက်ကျမှလာကြသောလူတချို့က သူမ အလှကို လှည့်တကြည့်ကြည့်လုပ်ပြီး မထိတထိ စ သွားကြ သည်။

သူမ လှည့်မကြည့်နိုင်ခဲ့ပါ။

ညက အိပ်ရေးမဝခဲ့သောကြောင့် ခေါင်းတွေအုံ့ခဲ့ပြီး မူးနောက်နေတာပဲသိ၏။

ဒါကြောင့် ကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်သည်။

ကားစက်ခလုတ်ကိုဖွင့်ပြီး ကက်ဆက်ထဲသီချင်းခွေထည့်၍ သီချင်းနားထောင်သည်။

အင်္ဂလိပ်သီချင်းသံက ကားထဲမှာ ကိုးလျှစွာပေါ်လာ သည်။

သူမသည် ကားမှန်ကို အဆုံးထိတင်မထားပဲ ဘေးမှကြည့် လျှင် သူမမျက်နှာတပြင်လုံးမြင်လောက်အောင်အထိ ချထား ခဲ့သည်။

ဘာဖြစ်လို့လဲဆိုတော့ သူမခေါင်းထဲမှာမှုန်နောက်နောက်ဖြစ်နေ၍ ပြင်ပမှ ဝေ့ဝဲတိုက်ခတ်လာသောလေကို အားပါးတရရှူရှိုက်ချင်၍ဖြစ်၏။

သူမမှန်ချပြီး ကားထဲမှာထိုင်နေခြင်းသည် သူမအတွက် ကံကောင်းခဲ့သလား ကံဆိုးခဲ့သလားဆိုတာ သူမ မတွေးတော့ခဲ့ပါ။

သူမ မျက်လုံးအစုံကိုမှိတ်၍ ကားထဲမှာ ဖွင့်ထားသော သီချင်းကိုငြိမ်ညောင်းစွာ နားထောင်နေစဉ်၊ သူမနားထဲသို့ သူမ ယဉ်ပါးနေကျစကားသံတစ်ခု ဖြတ်ဝင်လာခဲ့သည်။

'ယဉ်'

'.............'

ခေါ်သံသဲ့သဲ့ကြောင့် သူမ ပြန့်မထူးဘဲ မျက်လုံးအသာဖွင့်ကြည့်တော့....

'ဟင်း....မင်း'

ဆိုဖာနောက်မှီမှာ အသာလျောထိုင်နေသော သူမခန္ဓာကိုယ်လေးက ဆတ်ခနဲမတ်သွား၏။

သူမသည် ရုတ်တရက် သူ့ကို ထိုနေရာမှာတွေ့လိုက်ရသောကြောင့် ပိုပြီး အံ့ဩတုန်လှုပ်သွားသည်။

ဖေဖေသာ ဟိုတယ်ထဲမှထွက်လာခဲ့ရင် တန်းတိုးတော့မယ်။

'မင်း....ဒီ....ဒီကိုရောက်နေတယ် ဟုတ်လား'

သူမက ကားကက်ဆက်ခလုတ်ကို ထောက်ခနဲပိတ်ပြီး သူ့ကို တအံ့တဩ လှည့်ပြောသည်။

သိန်းမင်းစာပေ



'ယဉ် [illegible]သွားတယ်နဲ့တူပါတယ်၊ ဒါလေးများ ဘာအံ့ဩစရာရှိလဲ ယဉ်ရယ်၊ ကျွန်တော်ဟာ ယဉ်ရဲ့အနီးအနားမှာ ယဉ်သွားလေရာမလှမ်းမကမ်းမှာ ယဉ့်အရိပ်လိုပါနေတဲ့သူဆိုတာ သိအောင်ပြလိုက်တာပါ။ ယဉ်ဒီနေရာကို ဘယ်အချိန်ကတည်းကရောက်နေတယ်ဆိုတာရယ်၊ ဘယ်သူနဲ့ လာတယ်ဆိုတာရယ်ကိုရော ပြောပြရဦးမလား'

သူမ အံ့ဩရလွန်း၍ တွေဝေ မှင်သက်မိသွားသည်။

'ကျွန်တော့်ကို သတိမရဘူးလား ယဉ်ရယ် ဟင်'

'မင်း....ဒီနားမှာအကြာကြီး မနေပါနဲ့ နော်'

'ဘာလဲ၊ ယဉ့်အဖေ မြင်သွားမှာစိုးလို့လား'

'ဟုတ်တယ်၊ အထဲမှာနေရတာ ကျွန်မ ခေါင်းကိုက်လို့ အပြင်ထွက်လာတာ'

'ကော်ဖီ ညက အိပ်ရေးပျက်တယ်ထင်တယ်'

'ရှင်'

သူမမျက်လုံးတွေပိုပြီး တောက်ပသွားသည်။

'ကျွန်တော် မနက်က ဖုန်းဆက်သေးတယ်ယဉ်'

'ဟင်....ဖုန်းဆက်တာ ရှင်'

'ယဉ့်ဖေဖေနဲ့တိုးသွားတယ်ကွာ၊ လူက ကြောင်သွားတယ်၊ ဘာပြောရမှန်းမသိတာနဲ့ ဝေ့လည်ကြောင်ပတ်လုပ်ချလိုက်ရတယ်'

သိန်းမင်းစာပေ

'ဘာဖြစ်လို့ဆက်တာလဲ'

'လွမ်းလို့၊ ယဉ်ကို တအားလွမ်းလို့'

သူ့စကားက သူမနှလုံးသားအဘွင်းဆုံးအထိ နက်ရှိုင်းတိုးဝင်သွားသည်။

'ကျွန်တော်တို့ ဘယ်နေ့တွေ့ကြမလဲ ယဉ်'

'ဟင့် အင်း'

'မတွေ့ချင်ဘူးပေါ့'

'အိမ်ကထွက်ဖို့ မလွယ်ဘူး'

'ဒါဖြင့် အိမ်ကိုလာတွေ့မယ်'

'အို....မလုပ်ပါနဲ့'

'ကြည့်စမ်း၊ ကောင်မလေးတစ်ယောက်လန့်ဖျတ်နေတဲ့ပုံစံလေးက ချစ်စရာကောင်းလိုက်တာ၊ ဟောဒီရင်ထဲမှာ စွဲနင့်နေတာ အဲဒီအမူအရာတွေ၊ ချစ်စရာကောင်းတယ်ကွာ၊ ဘယ်လိုကြည့်ကြည့်ကို ချစ်နေမိတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ ယဉ်ရယ်'

သူက ကားတံခါးကိုလက်နှစ်ဘက်ဖြင့်ဆုပ်ကိုင်ပြီး ကားမှန်ထဲမှခေါင်းပြူပြီးပြောသည်။

'အို....ရှင်ကလဲ၊ တစ်ယောက်ယောက် မြင်သွားပါဦးမယ်'





'ယဉ် တ[illegible]မကြိုက်ဘူးလား'

'ဘာကိုလဲ'

'အခုလိုနေတာကို'

'အင်းပေါ့၊ ဖေဖေထွက်လာလို့တွေ့ရင် ပြဿနာ ဘယ်လောက်အထိဘက်မယ်ဆိုတာ ရှင်သိလို့လား'

'ယဉ့်ပါးစပ်ကသာ တစ်ခွန်းတည်းပြော၊ ကျွန်တော်ထွက်သွားဖို့ အဆင်သင့်ဘဲ'

'ဖေဖေ့ကိုကြောက်လို့ပါ'

'ဒါဖြင့်လဲ ထွက်သွားပေးပါ့မယ်၊ ဒါပေမယ့် ညကိုးနာရီတိတိမှာ ကျွန်တော်ဖုန်းဆက်မယ်၊ ယဉ် ဖုန်းလာမကိုင်မချင်း ကျွန်တော်ခေါ်နေမှာနော်၊ ဖုန်းနားမှာစောင့်နေပါယဉ်....

'အိုကေ'

သူပြောပြီးထွက်သွားမှ သူမ သည် အသက်ပြင်းပြင်း ရှူရဲတော့သည်။

မြောက်ကြွ ခြေလှမ်းဖြင့်ထွက်သွားသော သူ့ပုံစံကို သူမကြည့်မိအောင်ကြည့်သေး၏။

သူ့ပုံစံက တကယ့်မိုက်တိမိုက်ကန်းနှင့် ကြွပ်ဆတ်ဆတ်ပုံစံမျိုး။

သွေးရဲပြီး ရဲရင့်ဖျတ်လတ်မည့်ဟန်မျိုးလဲရှိသည်။

သူ့ကိုသူမရှောင်ဖို့ဆိုတာ ဖြစ်နိုင်ပါတော့မလား။

သူဟာ သူ့ဘက်ကို မပါပါအောင် အထူးစည်းရုံးသိမ်းသွင်းနိုင်သူဖြစ်သလို ပြားယောင်းသွေးဆောင်မှုအတတ်ပညာကိုလဲ အလွန်တတ်မြောက်သွားပုံရသည်။

သူ့ကို စွဲမက်ဖွယ်ကောင်းအောင် သူ့ကို အချိန်ပြည့် သတိရ လွမ်းဆွတ်နေအောင် သူမစိတ်ကို ဆွဲယူ ညှို့ချတော့မယ် ထင်ပါသည်။

ကျွန်မဘာလုပ်ရမလဲ မောင်မင်းရယ်။

ကျွန်မဟာ နှလုံးသားထဲမှာ သူ့အလိုလိုပေါက်ဖွားရှင်သန်လာတဲ့အချစ်ကိုမှ တန်ဖိုးထား မြတ်နိုးတဲ့သူပါ။

အဲဒါကို ရှင့်ကို ကျွန်မ စိတ်ဝင်စားနေမိတာဟာ ချစ်လို့လား။

ဟင့်အင်း....၊ ကျွန်မ မသိ။

စဉ်းစားဦးမယ် ရှင်....။

* * *



အခန်း (၈)

'ဟော့ကောင် လစ်မယ်၊ ရှစ်နာရီခွဲပြီးနေပြီ'

'ဘာလဲ၊ ဟိုကောင်မလေးဆီ ဖုန်းဆက်မလို့လား'

'အေးလေ၊ ငါဆက်မယ်လို့ပြောခဲ့တာကွ၊ ဒီနေရာမှာကတိပျက်လို့ လုံးဝမဖြစ်ဘူး'

'နီးနီးနားနား လမ်းထိပ်ကစတိုးဆိုင်မှာ ဆက်လိုက် ပြီးတာပဲ၊ လျှာတွေလဲ ရှည်မနေနဲ့၊ ဖုန်းဖိုးနဲ့တင် မြောက်နေဦးမယ်'

'စိတ်ချ၊ ငါကနပ်ပြီးသား၊ ငါ့အကြောင်းသိတယ်မို့လား၊ ငါသုံးခွန်းပြောရင် ငါပြောလိုက်တဲ့ စကားသုံးခွန်းက အပီဖြစ်စေရမယ်၊ ငါ့စကား ပြောပြီးတာနဲ့ တစ်ညလုံး အိပ်လို့မရအောင် ငါဆွဲဆောင်ခဲ့မယ်'

'ခွေးသား၊ ဒါမျိုးတော့ တတ်ပါ့'

သူက အိမ်နေ့စွပ်ကျယ်ခေါင်းစွပ် လယ်ပြတ်နှင့် ခပ်နွမ်းနွမ်း ဂျင်းဘောင်းဘီဖြင့် ထွက်လာခဲ့သည်။

သူ့အိမ်နှင့် ဖုန်းရှိသောနေရာသို့ သိပ် မလျှောက်လိုက်ရ။

သူနေသော တိုက်ခန်းက ပုဇွန်တောင်မှာ မကောင်းဆုံး တိုက်ခန်း အစုတ်ဆုံးတိုက်ခန်း။

ထို တိုက်ခန်းကလဲ သူတို့ သူငယ်ချင်းနှစ်ယောက် စပေါ် ပေးပြီးလခနှင့် နေရသောအခန်း ဖြစ်၏။

အိမ်ရှင်က ဖိုးလနှင့် အဘော်ရင်းနှီး၍ လခကို လျှော့လျှော့ ပေါ့ပေါ့ ထားပေးသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် အတူ နေခဲ့သည်မှာ ကြာပါပြီ။

ဖိုးလနှင့်သူက လုပ်ငန်းအတူတူလုပ်ပြီး အတူတူစုဆောင်း၍ စားကြသည်။

အခုတော့ ကားပွဲစား လုပ်လိုက်၊ အိမ်ပွဲစား လုပ်လိုက်၊ မြေပွဲစားလုပ်လိုက်ဖြင့် အတော်ကလေး အဆင်ပြေသလောက် ရှိနေပါပြီ။

သို့သော် သူ့မျှော်လင့်ချက်ကတော့ ခုချိန်ထိ အောင်မြင်မှု မရှိသေး။

သိန်းမင်းစာပေ



သူ့ရည်ရွယ်ချက်၊ ရည်မှန်းချက်ကို မလွဲမသွေ အောင်မြင်အောင်ကြိုးစားရမည်။

သူကလဲ သူ့မိသားစုဆွေမျိုးအသိုင်းအဝိုင်းကို ခြေစုံကန်ပြီး ထွက်လာခဲ့သူ ဖြစ်သည်။

သူ 'သူဌေးမဖြစ်မချင်း ဘယ်တော့မှ အိမ်မပြန်လာတော့ဘူး' ဟူသော စကားအရ သူ သူဌေးဖြစ်မှဖြစ်မည်။

သူဌေးဖြစ်ဖို့အတွက်ဆိုလျှင် ဘယ်နည်းနဲ့ဘဲ ဖြစ်ရ ဖြစ်ရ သူ ဖြစ်ရမည်ဟု ဆုံးဖြတ်ထားသည်။

စတိုးဆိုင်ရှိ တယ်လီဖုန်းစင်နား ရောက်မှ သူ့အတွေးစက ပြတ်တောက်သွားသည်။

လက်ထဲမှာလည်း နာရီက ပါမလာတော့ စတိုးဆိုင်က နာရီကိုလှမ်းကြည့်ပြီး ဖုန်းဆက်ဖို့လုပ်ရသည်။

ဖုန်းက သူ့ထက်ဦးသူတွေ နှစ်ယောက်ရှိနေသဖြင့် ခေတ္တခဏ ရပ်စောင့်ရသည်။

နှစ်ယောက် ပြောနေတော့ ကိုးနာရီက အလိုလိုကျော်သွားပြီ။

တောက် ဒုက္ခပါပဲ....။

သူစိတ်မရှည်ချင်တော့။

ဒီနေရာမှာ မဆက်ရလဲ နောက်တစ်နေရာပေါ့။

သိန်းမင်းစာပေ

ဖုန်းရှိတဲ့နေရာသို့ သူလိုက်ရှာပြီး ဆက်ဖို့ကြိုးစားသည်။

ဒီညမှာ ဘယ်လိုလုပ် ကံဆိုးနေလဲမသိ။ ဖုန်းဆက်ဖို့နေရာ တွေ့ပြန်တော့လဲ 'ဖုန်းပျက်နေသည်' ဟု ရေးထားသည်။

နောက်တစ်နေရာ တွေ့ပြန်တော့လဲ ဖုန်းပြောဖို့တန်းစီပြီး စောင့်နေကြသူတွေက မနည်း။

ဒီလူတွေသာ ကုန်အောင် စောင့်ပြောရရင် ညဆယ်နာရီခွဲ သွားနိုင်၏။

သူ ဘယ်လိုမှ စိတ်မရှည်နိုင်။

ထင်ချင်သလိုထင်တော့။ မနက်ကျမှ ခပ်စောစောဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြရုံဘဲရှိတယ်။

ဒါကြောင့် သူ အိမ်ဘက်သို့ လှည့်ပြန်လာခဲ့သည်။

ဗိုက်ကလဲ ဆာနေပြီမို့ အိမ်ဘက်သို့ နောက်ကြောင်းပြန်လှည့်ပြီး ကပျာကယာ လျှောက်လာခဲ့၏။

လမ်းမလယ်ရောက်တော့ အနောက်မှ ခေါ်သံသဲ့သဲ့ကြောင့် သူ လှည့်ကြည့်လိုက်၏။

'မောင်မင်း မောင်မင်း'

'ဟင်'

ထိုသူက သူ့အစ်မ ဖြူပြာမင်းရဲ့ ယောကျ်ားဘက်က အမျိုးတစ်ယောက် ဖြစ်သည်။





'မင်း.... မောင်မင်း.... ဟုတ်ပါတယ်နော်'

'အင်း'

သူက အသံပြတ်နှင့်ပြန်ဖြေရင်း ခပ်တည်တည်နေလိုက်၏။

'ငါကွာ ဟုတ်မှ ဟုတ်ရဲ့လားလို့ မနည်းကြည့်ယူရတယ်၊ မင်း အတော်ပိန်သွားတာပဲကိုး၊ မင်းအိမ်ကိုမပြန်တော့ဘူးလား'

'ပြန်စရာအကြောင်းမှ မရှိဘဲ'

သူ့ရဲ့ ခပ်မာမာစကားကြောင့် ထိုသူက သူ့ကို စကားဆက်ပြောဖို့ အတော်စိတ်ကုန်သွားပုံရသည်။

'အေးလေ၊ ဒါက မင်းကိစ္စပဲ၊ ဒါပေမယ့် ငါ ကြုံတုန်း တစ်ခုတော့ပြောလိုက်ပါဦးမယ်၊ မင်းအစ်မ ဖြူပြာ နောက်ထပ် ယောကျ်ားလေးတစ်ယောက် ထပ်မွေးတယ်၊ ပြီးခဲ့တဲ့အပတ်က၊ ချစ်စရာလေးကွာ ဝတုတ်နေတာဘဲ၊ ငါတောင် ဆေးရုံသွားကြည့်ရသေးတယ်....

'အခုတော့ ဆေးရုံကဆင်းတော့ မင်းတို့အိမ်ရောက်နေတယ်၊ မနေ့ညကတောင် မင်းတူလေးကို ငါချစ်လွန်းလို့ ကလေးအတွက် လိုတာလေးတွေ ဝယ်ခြမ်းပေးခဲ့သေးတယ်....

'မင်းအမေကတော့ သိပ်မမာဘူး၊ ချောင်းတွေလဲ တအားဆိုးတာပဲ၊ ကိုယ့်မိဘကိုတော့ ဘယ်နည်းနဲ့မှ ပစ်မထားသင့်ဘူး၊ စိတ်ဆိုးတုန်းခဏ ဒီလိုပေါ့ကွာ....

'မင်းလဲ အိမ်ကထွက်လာတာ ကြာပြီဘဲ၊ စိတ်ပြေလောက်

ပါပြီ၊ မင်းအမေ နေမကောင်းတဲ့အချိန်မှာ မင်းသွားသင့်တယ်။ သွားပါလို့လဲ ငါတိုက်တွန်းပါရစေ’

‘ကျေးဇူးတင်ပါတယ်၊ အခြေအနေပေးတော့လဲ သွားတာပေါ့၊ ကဲ ကိုထွန်းမောင်.... ကျွန်တော် ပုံစံသာကြည့်၊ ကိစ္စရှိလို့ထွက်လာတာ၊ ဖုန်းဆက်စရာရှိသေးတယ်၊ သွားဦးမယ်’

သူပြောပြီး ထိုလူရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဒီလိုမှ စကားမဖြတ်လျှင် အိမ်ကသတင်းတွေမှန်သမျှ နားမခံနိုင်အောင် ကြားရတော့မည်။

အမေ နေမကောင်းဘူးတဲ့။

အစ်မဖြူပြာက သားလေးမွေးတယ်တဲ့။

အဖေတစ်ယောက် ဘယ်လိုနေသလဲတောင် သူ မမေးဖြစ်လိုက်။

နေပါစေတော့၊ ပြတ်လက်စနဲ့ ပြတ်တာဘဲ ကောင်းပါတယ်။

သူ့အတွေးစကို ထိုနေရာမှာတင် ဖြတ်ပစ်လိုက်ပြီး သူ အိမ်ဘက်သို့ အမြန်ဆုံးလှည့်ပြန်လာခဲ့သည်။

*   *   *



## အခန်း (၉)

သူ ဖုန်းဆက်မည်ဟု ပြောထားသဖြင့် သူမက ကိုးနာရီ မထိုးခင်ကတည်းက ဖုန်းနားမှာ တယောင်လည်လည်ဖြင့် ဖုန်းစောင့်နေခဲ့သည်။

ဒီနေ့မှ ဖေဖေက အလုပ်ကနေ အစောကြီး အိမ်ပြန်ရောက်လာသဖြင့် သူမ အခြေအနေကို အကဲခတ်ကြည့်ရှုပြီး တစ်ခုပြီး တစ်ခု ခိုင်းသည်။

တော်ကြာ အအေးဖျော်ခိုင်းလိုက်၊ ဧာရှက်ဖိုင်တွဲတွေ ယူခိုင်းလိုက်၊ ဇက်ကြောတက်လို့ နှိပ်ပေးပါဦးဆိုပြီး နှိပ်ခိုင်းလိုက်နှင့် တစ်မျိုးပြီး တစ်မျိုး ခိုင်းနေသည်၊

ဖုန်းကလဲ မညီသူ့ဆီကမှ မလာ။

တစ်ခန်းလုံး အပ်ကျသံ ကြားရသလောက်ကို တိတ်ဆိတ် ငြိမ်သက်နေသည်။

သူမသည် ဖေဖေခိုင်းလို့သာ လုပ်ပေးနေရသည်။

နာရီတကြည့်ကြည့်ဖြင့် မျက်လုံးက လုံးဝမငြိမ်။

ဖေဖေကလဲ သူမအကြံကို ရိပ်မိနေသသားမသိ၊

သူမကိုသာ အချိန်ပြည့် အကဲခတ်ကြည့်ရှုနေသည်။

ဒီလိုနဲ့ပဲ သူ ဖုန်းဆက်မည်ဟု ပြောထားတဲ့အချိန်ထက် နာရီဝက်ကျော်သွားခဲ့သည်။

ဟင်.... ကိုးနာရီခွဲပြီ....

သူ မဆက်တော့ဘူးနဲ့တူပါတယ်။

သူမ စိတ်မောလက်မောဖြစ်နေ၍ သက်ပြင်းကို အကြိမ်ကြိမ် ချနေမိသည်။

သူမ သက်ပြင်းချနေသည်ကို ဖေဖေ လှမ်းတွေ့သွားပြီး....

'သမီး....'

ဟု ခပ်တိုးတိုး ခေါ်သည်။

'သမီး'

'ဟင်.... ရှင် ဖေဖေ'





'သမီး မေမေရော ဘာလုပ်နေလဲ၊ ဖေဖေက ပြောစရာရှိလို့ ခဏလာခဲ့လို့ သွားပြော သမီး'

'ဟုတ်ကဲ့ ဖေဖေ'

သူမ ပြောပြီး ထထွက်လာတော့ ရင်အစုန်က ပို၍ပြင်းထန်နေခဲ့သည်။

မေမေသည် ဘုရားခန်းထဲမှာ ဘုရားရှိခိုးနေရင်းမှ ထထွက်.... သူမက မေမေကိုလိုက်အရှာနှင့် တန်းတိုးသည်၊

'မေမေ ဖေဖေက ခဏတဲ့၊ ပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တယ်'

'လာပြီ သမီး လာပြီ'

မေမေက ဖေဖေ့ကို အင်မတန်ရိုသေလေးစားသူ ဖြစ်၏။

ချစ်လဲ အလွန်ချစ်သည်၊ ကြောက်လဲ အလွန့်ကြောက်သည်။

ဒီအိမ်မှာ ဖေဖေက အိမ်ဦးနတ်ဆိုသည့်အတိုင်း ဖေဖေ စ်ခွန်းပြောရုံနှင့် အားလုံးကလိုက်နာရသည်။ မေမေသည် ုံးပေါ်မှ တဘက်ကိုပင် နေရာတကျ ပြန်မထားနိုင်ပဲ သူမ ာက်သို့ ကပျာကယာ လိုက်ခဲ့သည်။

'ကဲ.... ထိုင်ကြ ထိုင်ကြ'

ဖေဖေ့ရှေ့က နှစ်ယောက်ထိုင် ဆက်တီပေါ်မှာ သူမတို့ းအမိ ဝင်ထိုင်လိုက်၏။

'ကို.... ပြောစရာရှိလို့ဆို'

မေမေက စကားအရင်စသည်။

သူမက ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ ခေါင်းငုံ့၍ သက်စွာ ထိုင်နေသည်။

'ဟုတ်ဘယ်ခဲမာ၊ ဒီနေ့ ကို ပြောမယ့်စကားက ခါတ ပြောနေကျ စကားတွေနဲ့ မတူဘူး၊ သိပ် အရေးကြီးတ အစိကအရေးကြီးဆုံးက ကို့သမီး ယဉ်ပဲ'

'ဟင်....'

သူမရဲ့ အံ့ဩတကြီး အာမေဋိတ်သံက လွတ်ခနဲ ထွက်သ သည်။

ဖေဖေသည် သူမကို သေသေချာချာ စိုက်ကြည့်နေ သူမသိသည်။

ဖေဖေမပြောမည့် စကားဝိုင်းက အင်မတန် ခြောက်ကပ် နိုင်လှသည်။ အေးတိအေးစက် အတော်လေးကြာအောင် တ ဆိတ်နေသည်။

ဖေဖေက သူပြောချင်သည့်စကားကို တော်ရုံနှင့် မ သေးဘဲ သူမမျက်လုံးတွေထဲက အဖြေကို အပြင်းအထန် ရှာ နေပုံ ပေါက်သည်။

ခဏကြာတော့မှ ဖေဖေက သက်ပြင်းတစ်ချက်ချပြီး စ စလာသည်။





'ဒီလိုပါသမီး ဖေဖေ ပွင့်ပွင့်လင်းလင်းဘဲ ပြောချင်တယ်၊ မီးအရွယ်က ...းကို ပေ လည်ကြောင်ပတ် ပြောမှ နား ည်တဲ့ အရွယ်မျိုး မဟုတ်ပါဘူး၊ သမီးမှာ ပညာလဲစုံပြီ၊ မီးလိုချင်တဲ့ဘွဲ့လဲရခဲ့ပြီးပြီ၊ သမီးတက်ချင်တဲ့ သင်တန်းတွေလဲ နေအောင် တက်ခဲ့ပြီးပြီ....

'ဖေဖေ သမီးက အင်မတန်ဂုဏ်ရှိန်အိကျွာရှိတဲ့ မိန်းကလေး တစ်ယောက်ပါ၊ ရုပ်ရည်အားဖြင့်ပဲ ကြည့်ကြည့်၊ ပညာအရည် အချင်းကိုပဲကြည့်ကြည့်၊ မိတဆွေမျိုး အသိုင်းအဝိုင်း အားလုံး ကိုပဲ ကြည့်ကြည့်၊ သမီးလို မိန်းကလေးမျိုးကို ဘယ်လို ယောကျ်ားမျိုးကမှ ငြင်းပယ်မှာ မဟုတ်ဘူး'

ဖေဖေ စကားကို သူမ နားထောင်ခြင်းအားဖြင့် ဖေဖေ ဘာကိုဆိုလိုပြီး ပြောသည်ဆိုတာ သူမ နားလည်သွားပါပြီ။

'ဒီလိုသမီးရဲ့၊ သမီးကို ငြင်းနိုင်တဲ့ ယောကျ်ားတွေ ကြား ထဲမှာ သမီးအတွက် အသင့်တော်ဆုံးသူကို ဖေဖေကိုယ်တိုင် ရွေးချယ် ဆုံးဖြတ်ပြီးသွားပြီ'

ဘုရားရေ....၊

ကျွန်မအတွက်ဖေဖေက ရွေးချယ်ပေးပြီးပြီဆိုပါလား၊

'ခဲမာ၊ ကို ပြောတာကြားတယ်နော်'

'ဟုတ်ကဲ့....ကြားပါတယ်ကို၊ ကို့ သမီးအတွက် သားမက် ရွေးပြီးပြီ ဆိုပါတော့....

'ခေမာတို့ သိခွင့်ရှိပါတယ်၊ ဘယ်သူလဲကို၊ ကို့ မိတ်ဆွေ တွေထဲကပဲလား'

မေမေက စိတ်ဝင်စားစွာ လှိုက်လှိုက်လှဲလှဲ မေးသည်၊

'ဟုတ်တယ် ခမာ၊ ကိုယ့်မိတ်ဆွေ အရင်းအချာထဲက ကိုနဲ့ လုပ်ငန်းအတူ တွဲလုပ်နေတဲ့ သူ့ရဲ့ သားဆိုပါတော့'

မဖြစ်နိုင်ဘူး....မဖြစ်နိုင်ဘူး။

သူမ စိတ်ထဲမှာ အတင်းအကျပ် ပြင်းဆန် ဖစ်လိုက်သည်။

သို့သော်....ဖေဖေ သိအောင်တော့ သူမ မပြောရဲ၊

'သူ့နာမည်က အောင်ကြီးချိန်တဲ့၊ အလုပ်အကိုင်က သူ့ အဖေ လုပ်ငန်းတွေမှန်သမျှ သူ့အဖေကိုယ်တိုင် လက်လွှဲထား ရတဲ့အဆင့်မှာရှိနေလို့ သူ့အဖေ အလုပ်တွေ အားလုံးကိုလိုက် လုပ်တယ်၊ ကိုနဲ့ သုံးလေးခါ ဆုံခဲ့ပြီးပြီ၊ ရှင်းရှင်း ပြောရရင် အောင်ကြီးချိန်ကို တစ်ခါတွေ့ဖူးရုံနဲ့ သိပ်သဘောကျခဲ့တယ်၊ သူ့ပညာအရည်အချင်းကဲ (B.E) ဘွဲ့ရပြီးသား....

'ရုပ်ရည်အားဖြင့်လဲ သန့်ပြန့်တယ်၊ နေပုံထိုင်ပုံကအစ သိပ်လူကြီးဆန်တယ်၊ အနေတည်တယ်၊ ယောကျ်ားပီသတယ်၊ ကိစ္စတစ်ခုကို သွေးအေးအေးနဲ့ ဆုံးဖြတ် စဉ်းစားတတ်တယ်၊ သူ့ကို သားမက်ဖမ်းဖို့ ချောင်းနေကြတဲ့ သမီးရှင်တွေ အများ ကြီးပဲခေမာ၊ ကိုလဲ ကို့သမီးအတွက် သားမက်ဖမ်းတဲ့အထဲ မှာ ပါသွားတာပေါ့'

သိန်းမင်းစာပေ



ဖေဖေက မပြောရင်း သဘောကျစွာရယ်တော့ မေမေကပါ လိုက်ရယ်သည်၊

'လုပ်ပြီ....ကိုက'

'ကို သူ့ကိုသမီးနဲ့ ဆုံပေးလို့ရအောင် မနက်ဖြန် မနက် အိမ်မှာ ထမင်းစား ဖိတ်ခဲ့တယ်'

'ဟင်....ဖေဖေ'

သူမ လန့်ပြီး ထအော်သလိုဖြစ်သွားတော့ ဖေဖေက....

'ဘာဖြစ်လို့လဲ သမီး၊ ဖေဖေ့ကို နေခွန်းပြန်ထုတ်ဖို့ မကြိုးစားရဘူးနော်....

'ဖေဖေ့စကားကို ဖေဖေချစ်တဲ့ သမီးအလိမ္မာရော၊ ဖေဖေ ချစ်တဲ့ဇနီးရော နားထောင် လက်ခံမယ်လို့ ဖေဖေ ယုံကြည် ပြီးသား၊ အဲဒီတော့အောင်ကြီးချိန် ရောက်လာတဲ့အခါ သမီး သူ့ကို လေ့လာပါ၊ ချဉ်းကပ်ပါ၊ သမီးတို့ဟာ တစ်နေ့မှာ မလွဲမသွေ လက်ထပ်ရမယ့်သူဆိုတာ ဖေဖေ အခုကတည်းက တစ်ခါတည်း ပြောထားလိုက်မယ်'

'သမီး....သူ့ကို လက်ထပ်ရမယ်'

သူမက အံ့သြဘနန်းဖြစ်ပြီး မေးသည်။

'ဟုတ်တယ်သမီး၊ အောင်ကြီးချိန်ဟာ သမီးဘဝအနာဂတ် အတွက် အိမ်ထောင်ဘက် လက်တွဲဖော်ဖြစ်သွားပြီ'

သိန်းမင်းစာပေ

'ဖေဖေရယ်၊ သမီးကဖြင့် တစ်ခါမှ မမြင်ဖူးသေးတဲ့ဟာ၊ ဖေဖေ အဲဒီလို အတင်းအကျင် လုပ်တာတော့ မကောင်းပါဘူး။ နော် မေမေရယ်၊ ဖေဖေ့ကို ကြည့်ပြောပေးပါဦး'

သူမအသံ ငိုသံပေါက်လာပြီး မေမေ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်၍ပြောသည်။

'သမီးက သူ့ကို မမြင်ဖူးပေမယ့် သူက သမီးကို မြင်ဖူးပြီးသားပါ သမီးရဲ့'

'ဟင်....၊ ဘယ် ကယ်မှာမြင်ဖူးတာလဲ'

ဖေဖေက ရယ်သည်၊ ရယ်ရင်းပြောသည်။

'ဟိုတစ်ပတ်က သမီးကိုခေါ်သွားတဲ့ ဟိုတယ်ဖွင့်ပွဲတစ်ခုမှာလေ၊ အဲဒီဟိုတယ်က သူ့ဘိုဟိုတယ် သမီးရဲ့၊ သမီးကသာ သူ့ကိုမသိတာ၊ သူက ဖေဖေပြောပြထားလို့ သမီးအကြောင်းကို အားလုံးသိပြီးနေပြီ'

'ရှက်စရာကြီး ဖေဖေရယ်၊ တကယ်ပါပဲ'

သူမ ရှက်လွန်းလွန်း၍ ခေါင်းကိုငုံ့ချပြီး လက်သည်းခွံအချင်းချင်း ပွတ်တိုက်နေမိ၏။

'ကဲ....တဲ.... သွားတော့ သမီး၊ အိပ်ချေတော့၊ ဘာလိုလိုနဲ့ ဆယ်နာရီတောင်ခွဲတော့မယ်၊ မနက်ကျရင် သမီး အိပ်ရာ အစောကြီးထရမယ်နော်၊ သမီး ဒေါ်ကြီးပွင့်နဲ့ ညှိသည်စားဖို့ ဟင်းတွေဝိုင်းချက် ဟုတ်လား၊ ဖေဖေက ဖေဖေ့သမီးလေး





လက်ရာ ဘယ်လောက်ကောင်းကြောင်း ကြွားခဲ့သေးတယ်ကွ၊ တယ်လိုလဲ၊ ဖေဖေ့သမီးလေးက လက်စွမ်းပြမယ်မို့လား'

'သမီး အိပ်ချင်ပြီ ဖေဖေ'

သူမသည် ထိုစကားတစ်ခွန်းသာပြောပြီး နေရာမှ လှစ်ခနဲ ပြေးထွက်ခဲ့သည်။

သူမ အခန်းထဲအထိရောက်အောင် အပေါ်ထပ်သို့ ဝရန်သန်းကား ပြေးတက်ခဲ့၏။

ပြီးတော့ အိပ်ရာပေါ်သို့ ဝုန်းခနဲတက်ပြီး လှဲအိပ်ချလိုက်သည်။

သူမ လှဲအိပ်ရင်းဖြင့် သူမနားထဲမှာ ဖေဖေပြောခဲ့သော စကားသံတွေကိုသာ အထပ်ထပ် အပြန်ပြန် ကြားယောင်လာခဲ့သည်။

ထိုအကြောင်းအရာသည် သူမကို တစ်ညလုံး အိပ်စက်၍မရအောင် နှိပ်စက်တော့မယ်ဖြစ်ကြောင်း သူမ သိလိုက်သည်။

ပြီးတော့.... မောင်မင်းဆိုတဲ့ ကြွပ်ဆတ်ဆတ်ကောင်လေးတိက ဖုန်းမလာတဲ့ကိစ္စ။

သေချာပြီ။ ထိုအကြောင်းနှစ်ခုနဲ့တင် သူမ တစ်ညလုံး အိပ်လို့ရမှာမဟုတ်တော့။

* * *

## အခန်း (၁၀)

သူမဘဝမှာ ဖေဖေ့ကို အလွန်အမင်း ကြောက်ရတာနှင့်ပဲ
သူမရဲ့လွတ်လပ်ခွင့်တွေအားလုံး ဆုံးရှုံးလုနီးပါး ဖြစ်ရတော့
မည်။

ညကလည်း သူမ တစ်ညလုံး အိပ်လို့မရ။

မနက်မိုးလင်းတော့လဲ ဖေဖေ့ဆန္ဒကို မဆန့်ကျင်ရဲတာနှင့်
ပင် ဒေါ်ကြီးပွင့်နှင့်အတူ ညှော်သည် ထမင်းကျွေးဖို့ နောက်ဖေး
မီးဖိုချောင် ဝင်ရသည်။

မေမေက ညှော်သည်ကို ဟင်းတွေ ဖွယ်ဖွယ်ရာရာချက်မေးဖို့
အရသာရှိရှိ စားစေဖို့အတွက် ဈေးကို ကိုယ်တိုင်သွားပြီး ဝယ်
ခြမ်းခဲ့သည်။





မေမေ ဈေးကပြန်ရောက်သည်နှင့် သူမချက်ရမည့်ဟင်းတွေ
ကို တန်းစီပြောသည်။

နည်းနည်းနောနောမဟုတ်။

လူတစ်ယောက်တည်း ကျွေးမွေးဖို့ကိစ္စ ဒီလောက်အထိ
ဟင်းပန်းခံ ချက်ပြုတ်ပေးဖို့မလိုပါ။

သူမကလဲ ထိုအလုပ်မျိုးကို အလွန်စိတ်မရှည်ချင်။

ဖေဖေ့ကို မလွန်ဆန်ရဲသူဆိုတော့လဲ ဖေဖေ့အလိုကို
လိုက်လျောရတော့သည်ပေါ့။

သူမ နောက်ဖေးမီးဖိုချောင်မှာ ဟင်းတွေ တစ်မျိုးပြီး
တစ်မျိုး ချက်ပြုတ်နေသည်ကို ဖေဖေက အထူးသဘောကျပြီး
ကျေနပ်နှစ်ခြိုက်နေသည်။

'ဖေဖေ့ရဲ့ အလိမ္မာသမီးလေးကို ဒီနေ့တော့ အထူးဂုဏ်ပြုရ
မယ်၊ ကဲ....သမီး၊ သမီးလေး ဘာလိုချင်လဲ၊ ဖေဖေ့ကိုပြော'

ဖေဖေက သူမဟင်းချက်နေသည့်အနားသို့ ရောက်လာပြီး
သူမပခုံးကိုဖက်၍ မေးသည်။

'ပြောလိုက်လေ သမီးရဲ့'

ဒေါ်ကြီးပွင့်က ငါးပေါင်းဟင်းအိုးကို မွှေရင်း လှမ်းပြော
သည်။

'သမီး ဘာမှမလိုပါဘူး'

သူမက အသံကို ခပ်အုပ်အုပ်ပြောပြီး မျက်နှာကို တစ်ဘက်သို့ လှည့်ပစ်လိုက်၏။

ဖေဖေ့ကို သူမ မုန်းကျမနပ်ဖြစ်နေမှန်း မဖေဖေသိမှာပါ။

'အခုတော့ ဖေဖေ့ကို စိတ်ဆိုးချင် ဆိုးထားဦးပေါ့ သမီးရယ်၊ အောင်ကြီးချိန်ကို တွေ့ပြီးတဲ့အချိန်ကျရင်တော့ ဖေဖေ့သမီးက ဖေဖေ့ကို ဘယ်တော့မှစိတ်ဆိုးမှာ မဟုတ်တော့ဘူး၊ ဖေဖေသိပါတယ်'

'ဒေါ်ကြီးပွင့်၊ ကြက်သားကဘယ်လိုလုပ်မှာလဲ၊ ပြောဦး'

သူမက ဖေဖေပြောသောစကားကို မကြားသလိုလုပ်ပြီး ဒေါ်ကြီးပွင့်ကို လှမ်းပြောလိုက်သည်။

'ကုန်းဘောင်ကြီးကြော်မယ် သမီး၊ ပဲပြာရည်ထည့်နော်၊ အရောင်များသွားဦးမယ်နော်'

ဒေါ်ကြီးပြောသလို သူမလုပ်လိုက်သည်။

ဟင်းတွေကတော့ တစ်နာရီအတွင်းမှာ သုံးလေးမျိုး ပြီးနေပြီ။

'သမီး စပယ်ရှယ်နော်၊ဖေဖေက ဖေဖေ့သမီးလက်ရာသိပ်ကောင်းကြောင်း ကြွားထားရတာနဲ့ညီမျှအောင် လက်စွမ်းပြလိုက်သမီး....

'ကဲ....ဖေဖေ ရေချိုးမယ်၊ အဝတ်အစားလဲပြီး အောင်ကြီးချိန်အလာကိုထွက်စောင့်လိုက်ဦးမယ်၊ သမီးလဲ ဟင်းတွေ





အားလုံးချက်ပြီးရင် ရေချိုး၊ လှလှကလေးဝတ်၊ ဖေဖေ့ညှော်သည်ကိုညှော်ခံ၊ ဟုတ်လား'

'ဟုတ်ကဲ့'

သူမ မပြောမချင်း ဖေဖေမီးဖိုထဲကထွက်မှာမဟုတ်၍ သူမပြောလိုက်ရခြင်း ဖြစ်သည်။

သူမသည် ဖေဖေထွက်သွားသည်နှင့် ပင်းအိုးကို မီးဖိုပေါ်မှာပြန်တင်ခဲ့ပြီး ဒေါ်ကြီးပွင့်အနားတိုးကပ်လာခဲ့သည်။

'စိတ်ညစ်လိုက်တာ ဒေါ်ကြီးရယ်၊ သမီးတော့ ဟိုလူမလာခင် ဒီနောက်ဖေးပေါက်ကနေ ထွက်တောင် ပြေးချင်လာပြီ'

'အမလေး....မလုပ်လိုက်ပါနဲ့နော်၊ ကျုပ်ခေါင်းနဲ့ဆင်းနေရပါဦးမယ်။ မိဘက သင့်တော်တယ်လို့စီစဉ်တာဘဲ သမီးရယ်၊ ကိုယ့်မလဲ လူလဲမြင်ရသေးတာမဟုတ်၊ လူချင်းတွေ့မှဆုံးဖြတ်ပေါ့၊ စိတ်အလိုကို နေရာတကာဦးစားမပေးရဘူး၊ အမှားတွေ့တတ်တယ်'

'ဒေါ်ကြီးပွင့်ကပါ ဖေဖေ့ဘက်ပါနေပြီမို့လား'

'မိဘက ကိုယ့်သားသမီးကို မဟုတ်တာ မသင့်တော်တာစီစဉ်ပါမလား သမီးရယ်၊ သမီးဖေဖေက ဘယ်တုန်းကများအပုလို စီစဉ်ဖူးလို့လဲ၊ ဟိုတစ်ခါတုန်းက စီစဉ်တယ်ဆိုတာဝ

သမီးမေမေကြောင့်ပဲ၊ သမီးဖေဖေက ဆန္ဒတစ်ခွန်းပါလို့ လား'

'ဒီတစ်ခါလဲ ဆရာမကြီးကိုပဲ အားကိုးရမယ် ထင်ပါရဲ့'

'ဟဲ့....ဟဲ့....တိုးတိုး၊ မမကြီးလာနေပြီ'

နောက်ဖေးမီးဖိုချောင်ထဲသို့ မေမေဝင်လာ၍ စကားစ တွေပြတ်သွားကြသည်။

'သမီးရေ အခုပဲ ဖုန်းလာတယ်၊ လမ်းတစ်ဝက်ရောက် နေပြီတဲ့၊ သမီး ရေချိုးစရာရှိတာချိုးတော့၊ ပွင့် ညည်းပဲ ဆက်လုပ်လိုက်တော့၊ နန်းမ လုပ်စရာရှိ မြန်မြန်လုပ်ကြ၊ ဧည့်သည်ကဖြင့်ရောက်တော့မယ်၊ မပြီးသေးရင် ရှက်စရာကြီး'

'ပြီးပါပြီ မမရယ်၊ ငါးဖယ်သုပ်တစ်မျိုးပဲ ကျန်တော့တယ်၊ ငါးဖယ်ကြော်ပြီးရင် ပြီးပြီ'

'အေး....အေး မြန်မြန်လုပ်၊ သမီး သွားရေချိုးဖို့လုပ် တော့'

သူမ သက်ပြင်းတစ်ချက်ချရင်း မေမေ့အနီးမှ ထထွက်လာ ခဲ့သည်။

ဖေဖေဖိတ်ထားတဲ့ဧည့်သည်ဧည့်ခံဖို့အတွက် ရေမိုးချိုးအလှ ပြင်ရဦးမည်၊

ဒီအလုပ်က တော်တော် စိတ်ပျက် ရွံရှာစရာကောင်းတဲ့ အလုပ်။





ဖေဖေ့ကြောင့်သာ ထိုလူကိုဧည့်ခံရမှာ။ သူမစိတ်ထဲ နည်းနည်းလေးမှမပါ။

မတတ်နိုင်ဘူး။

အခြေအနေကို မီးစင်ကြည့်ကရတော့မယ်။

သူမ ရေချိုးရန်အတွက် အိမ်နေ အဝတ်အစားလဲပြီး ရေချိုးခန်းထဲလှမ်းဝင်လာခဲ့သည်။

* * *

အခန်း (၁၁)

'သမီး....ဒါ ဖေဖေပြောတဲ့ အောင်ကြီးချိန်၊ အောင်ကြီး
သူက အန်ကယ့်သမီး ရှုတိုင်းယဉ်'

'ဟုတ်ကဲ့....တွေ့ရတာ အထူးဝမ်းသာဂုဏ်ယူပါတယ်'

ကြည့်စမ်း....သူပြောလိုက်တဲ့စကားကို။

ရိုးရိုးတန်းတန်း ဝမ်းသာရုံတင်မဟုတ်၊ ဂုဏ်ယူပါတယ ဆိုသောစကားကို လူကြီးရှေ့မှာ သုံးဖြစ်လို့ ထည့်ပြော တာလဲ။

သူ့စကားကြောင့် မေဖေနှင့်မေမေက အထူးဝမ်းသာနေ ဟန်ရှိသော်လည်း သူမကတော့ တစ်ခွန်းမှပြန်မပြောခဲ့။





သူသည် သူမအိမ်သို့လာရာတွင် တကယ့်ကိုနိုက်ကလပ်တွေ၊ ပါတီတွေသွားသော အနောက်တိုင်းဆန်သည့် အဝတ်အစားမျိုး ပုံကျသပ်ရပ်စွာဝတ်စားထားသည်။

သူမက ထိုသူကို မမှိတ်မသုန်စိုက်ကြည့်သလို ထိုသူကလဲ သူမကြည့်သလို စူးစူးရှရှပြန်ကြည့်သည်။

သူ ဝတ်ထားပုံက မီးခိုးရင့်ရောင် ကုတ်အင်္ကျီနှင့် ထိုအရောင်အတိုင်း သက္ကလပ်အပါးစားဘောင်းဘီကို တွဲဖက်ဝတ်ဆင်ထားသည်။

သူ့အရပ်က အလွန်မြင့်မားဖွံ့ထွားသည်။ ငါးပေဆယ်လက်မကျော်ခန့်ရှိနိုင်သည်။

သူ့အသားအရေက ဖြူစင်လွန်း၏။

ခန္ဓာကိုယ် အချိုးအစားအနည်းငယ် ဝသယောင် ထင်ရသော်လည်း တကယ်တမ်းတော့ သူ မဝပါ။

သူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံ အနေအထားက အင်မတန်ကျစ်လစ်ဖွံ့ထွားသည်။

သူ့ဆံပင်ပုံစံက လူကြီးလူကောင်းတစ်ယောက်၏ ဆံပင်မျိုး သေသပ်စွာညှပ်ထားသည်။

သူ့ဆံပင်သားတွေက ပြောင်ချောပြီး နက်နေသည်။

ဆီကို အနည်းငယ်သာ လူးထားပုံရသည်၊

သူ့မျက်နှာပေါက်နှင့် မေးရိုး၊ မျက်လုံး၊ မျက်ခုံးတွေက အတော်ကလေး လူကြီးလူကောင်းပုံစံပေါက်သဖြင့် သူ့ကိုတွေ့သည့်သူတိုင်း ဂုဏ်သိက္ခာ သမာဓိနှင့် ပြည့်စုံသောသူဟု မှတ်ချက်ချမှာ မလွဲပါ။

သူ့ကို ဖေဖေ့ရဲ့ သားမက်အဖြစ် ရွေးလိုက်ပုံကတော့ အံ့မခန်းစရာပါဘဲ။

သူနဲ့သာ တွဲသွားခွင့်ရလျှင် တွေ့သမျှလူတိုင်းက အံ့သြတနန်း ချီးကျူးကြမှာ ကေန်မုချ ်စ်သည်။

ပြီးတော့ သူ့အသက်ကို သူမစိတ်ထဲမှာ ကျိတ်ပြီးတွက်နေမိသည်။

အင်း....၊ ငါ့ထက်တော့ တစ်နှစ်လောက်ပဲ ကြီးမယ်ထင်တယ်၊

သူက သူ့မျက်နှာပေါက်နဲ့ မလိုက်အောင် နှုံဖတ်နေတဲ့သူပဲ။

'သမီး၊ စကားလေးဘာလေး ပြောဦးမှပေါ့'

ဖေဖေ့လှမ်းပြောသော်လည်း သူမ တစ်ခွန်းမှမပြောချင်။

'အဲဒါပဲကြည့်တော့ အောင်ကြီး၊ အန်ကယ်သမီးက တစ်ယောက်တည်းဆိုတော့ ခပ်ဆိုးဆိုးရယ်၊ အန်ကယ်ကတော့ ဒီနေ့ကစပြီး အန်ကယ့်သမီးကို မင်းလက်ထဲ အပ်လိုက်ပြီနော်'





'ဟာ.... ဖေ

ဖေဖေ့ စကားကြောင့် သူမ လန့်ပြီးအော်ချလိုက်တော့ ဖေက သူမကို မျက်နှာထားဖြင့် လှမ်းကြည့်သည်။

သူမ ငြိမ်သွားရသည်။

'ကဲပါကိုရယ်၊ ကလေးတွေ လွတ်လွတ်လပ်လပ်စကားပြောပါစေ၊ မောင်အောင်ကြီး အန်ဘီတို့ကို ခွင့်ပြုပါဦး၊ လုပ်စရာ းတွေရှိလို့ လုပ်ပါရစေကွယ်၊ လာကို.... လာ'

မေမေက ဖေဖေ့ကို လက်ဆွဲပြီး ထိုနေရာမှ အလိုက်သင့် က်သွားသည်။

သူမကို ထိုသူနှင့် ရင်းနှီးကျွမ်းဝင်အောင် တမင်ထားခဲ့မှန်း မသိပဲနေပါ့မလား။

'အန်ကယ်ပြောထားလို့ ရှုဘိုင်းယဉ် အကြောင်း ကို းလုံး သိနေခဲ့ပါတယ်၊ ပြီးတော့ ဟိုတစ်နေ့က ကိုယ်တို့ တယ်ဖွင့်ပွဲမှာ အန်ကယ်နဲ့ ရှုဘိုင်းယဉ်ပါလာတာ ကိုယ်တွေ့ က်ရတယ်....

'ရှုတိုင်းယဉ်က နာမည်နဲ့လိုက်အောင်ကို အလွန်ကျက်သရေ မိန်းကလေးတစ်ယောက်ပါ....

'တကယ်ဆို အဲဒီနေ့ကတည်းက ကိုယ့်မိဘနှစ်ပါးစလုံး

ဒီအိမ်ကို လိုက်လာကြဖို့ပါဘဲ၊ အန်ကယ်က ကိုယ့်တစ်ယော
တည်း ဖိတ်တာနဲ့...'

သူမ တစ်ခွန်းမှ ပြန်မပြောပါ။

ဘာစကားမှလဲ ပြောချင်စိတ်မရှိ။

သူမပြောလိုက်လို့ စကားတစ်ခွန်းတလေ အမှားပါ
ရင် ဖေဖေနဲ့ ပြဿနာတက်ဦးမယ်။

'ကိုယ့်ဟိုတယ်မှာ ရွှတိုင်းယဉ်ကို စတွေ့ကတည်းက ကို
ကိုယ့်မိဘနှစ်ပါးကို ပြောခဲ့ပြီးသား'

သူမ မတုန်လှုပ်ပါ။

သူက သူမမျက်နှာကို သေချာစွာ ကြည့်ရှုအကဲခတ်
ပြောနေသည်။

'ဘာလဲဆိုတာ ရွှတိုင်းယဉ် မသိချင်ဘူးလား ဟင်'

'ကျွန်မ နားထောင်နေပါတယ်'

'ကိုယ် လက်ထပ်ဖို့ ရွေးချယ်လိုက်တဲ့ မိန်းကလေး
ရွှတိုင်းယဉ် ဖြစ်သွားပြီဆိုဘာလေ'

'ဟင်'

ထိုစကားအတွက်တော့ သူမ အလွန် အံ့ဩတုန်လှုပ်
သည်။

သိန်းမင်းစာပေ



ဘုရား.... ဘုရား။

သူက ဖေဖေနဲ့အတူ ငါ့ကို ရွေးချယ်လိုက်ပြီဆိုပါတော့။

'အန်ကယ်ပြောပြထားလို့ ရွှတိုင်းယဉ်လဲ သိပြီးလောက်
ပေါ့၊ကိုယ်တို့ ဒီနေ့တွေ့ကြခြင်းက ဒီကိစ္စတစ်ခုကိုပဲ ဦးတည်
ရှယ်ပြီး ပြောကြဘာပေါ့.... နော်'

'ကျွန်မ မပြောချင်ဘူး'

သူမက ခပ်မာမာပြောလိုက်ပြီးမှ အားနာသလို ဖြစ်သွား
ည်။

'ဘာဖြစ်လို့လဲဗျာ'

သူ့အသံက ဒေါသသံ လုံးဝမပါ။

'ရှင်နဲ့ ကျွန်မ.... ဟာ.... ဟို.... ဟို.... ကို.... ကိုအောင်
းနဲ့ ကျွန်မ.... ဒီနေ့မှ တွေ့ရဘာပါ'

'ကိုယ်က ရွှတိုင်းယဉ်ထက် တစ်ပတ်စောပြီး တွေ့ခဲ့ရတဲ့
လေ'

'အဲဒါ ဘာဖြစ်လဲ'

'ကိုယ်က အဲဒီနေ့ကတည်းက ရွှတိုင်းယဉ်ကို....'

'တော်တော့.... တော်တော့၊ ကိုအောင်ကြီးကို ကျွန်မတို့
မ်က ထမင်းစားဖိတ်ထားတာ....

သိန်းမင်းစာပေ

'ထမင်းစားဖို့ အချိန်တန်နေပြီ၊ ကျွန်မ လုပ်စရာရှိ
သွားလုပ်လိုက်ပါဦးမယ်၊ ခဏခွင့်ပြုပါ'

သူမ ပြောပြီး သူ့ရှေ့မှ လှည့်ထွက်ခဲ့သည်။

ဖေဖေနဲ့ မေမေကို အိမ်ထဲမှာ လှည့်ပတ်ရှာသော်လ
မတွေ့။

အိမ်ခန်းထဲ ခန်းဆီးမှတစ်ဆင့် ခြံထဲလှည့်ပတ်ကြည့်တော့
မတွေ့။ သူမကြည့်နေစဉ် သူမအနားသို့ ဒေါ်ကြီး ရောက်လ
လည်။

'သမီး.... လာ.... လာ....၊ ညည်းဖေဖေနဲ့ မေမေကို ရှာမ
နဲ့၊ တွေ့မှာမဟုတ်ဘူး....

'အခုလေးတင်ပဲ ဒေါ်ကြီးကိုပြောပြီး ကားနဲ့ထွက်သွ
ကြပြီ'

'ဟင်.... ဘယ်သွားကြတာလဲ'

'အဲဒီ အောင်ကြီးချိန်ရဲ့အဖေက အစ်ကိုကြီးကို ဖုန်းဆ
ခေါ်တယ်တဲ့လေ၊ ဘာတွေများ အရေးအကြီး တိုင်ပင်စရ
သလဲမှမသိတာ၊ ဖုန်းပြောပြီးချက်ချင်း တန်းထွက်သွားတ
ဘဲ၊ သမီးမေးရင် ပြောလိုက်တဲ့....

'အောင်ကြီးချိန်ကိုလဲ သမီးက ဧည့်ဝတ်ကျေအောင်၊ လို





သေးမရှိအောင် အထူး ဂရုစိုက်ကျွေးပါတဲ့၊ ဒေါ်ကြီးကို
မှာသွားတယ်တော်'

'စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ ဒါ ဖေဖေနဲ့ မမေ သက်
သက်ထားပစ်ခဲ့တာ....

'ဒါပဲနော်၊ သူနဲ့တော့ ထမင်းအတူတူမစားနိုင်ဘူး၊ စား
ချင်ရင် အဒေါ်ကြီးဘာသာဝင်စား'

'ဟဲ့....သမီး၊ တိုး တိုးပြောစမ်းပါ၊ ဧည့်သည်ကြားသွားလို့
အားနာစရာတွေဖြစ်နေပါ့မယ်၊ ညည်းအေ.... ညည်းအဖေက
ဒီလိုလူမျိုးရှာပေးထားတာဘဲ၊ ညည်းအဖေကို ကျေးဇူးတင်ရ
ဦးမယ်၊ ဒေါ်ကြီးက ညည်းတို့နှစ်ယောက်ကို အခန်းထဲက
ချောင်းကြည့်နေတာ၊ ညည်းတို့နှစ်ယောက် တော်တော်လိုက်
တာ သိလား၊ နေနဲ့လ ရွှေနဲ့မြဆိုတာ အဲဒါကိုခေါ်တာ
သမီးရဲ့'

'တော်ပါတော့ ဒေါ်ကြီးရယ်၊ လာ....သမီးနဲ့ဟင်းတွေဝိုင်း
ခူးပေးဦး၊ မြန်မြန်ကျွေးပြီး မြန်မြန်ပြန်ခိုင်းမယ်၊ အေးရော'

'ညည်းနော်၊ စကားမတွေရိုင်းရိုင်းစိုင်းစိုင်း မပြောရဘူး၊
နေရာတကာ မာနတံခွန်လွှင့်ပြီး စိတ်လိုက်မာန်မာလုပ်မနေ
စမ်းနဲ့၊ ဒီလိုလူမျိုးများ ညည်းကဘာငြင်းစရာရှိလို့လဲ၊ တစ်ခါ
တော့ ဒေါ်ကြီးကိုယ်တိုင် လိုလိုလားလား သဘောတူလိုက်
ပြီ၊ ဒါပဲ၊ ဘာမှ ထပ်မပြောနဲ့တော့'

သူမက ဒေါ်ကြီးချက်နှာကို မကျေမနပ်တစ်ချက်လှည့်ကြည့်ပြီး အနားမှ ကပျာကယာထွက်လာသည်။

ထမင်းစားခန်းထဲရောက်တော့ သူစားဖို့ ထမင်းဟင်းပန်းကန်တွေပြင်သည်။

ဒေါ်ကြီးနှင့်နန်းမူက ဝိုင်းကူလုပ်ပေး၏။

ထည့်စရာရှိတာတွေအည့်ပြီး အားလုံး အဆင်သင့်ဖြစ်သွားမှ သူ့ကိုသွားခေါ်သည်။

'ထမင်းစားဖို့ အဆင်သင့်ဖြစ်ပါပြီ၊ ကြွပါ'

သူမခေါ်၍ သူကထိုင်ရာမှထပြီး သူမနံဘေးမှကပ်၍ ထမင်းစားခန်းထဲအထိ လိုက်လာခဲ့သည်။

သူသည် ထမင်းစားပွဲတွင် ထိုင်လိုက်သည်နှင့် သူမကိုပါ လှမ်းခေါ်သည်။

'လာလေ၊ ရှုတိုင်းယည်ပါ ကိုယ်နဲ့အတူစားပါ'

'ဒီအချိန် ကျွန်မ မစားတတ်ဘူး'

'ဒါဖြင့် ဘယ်အချိန်စားလဲ'

သူမ ဖြေဖို့ ခက်သွားသည်။





ဘူမစားသည့်အချိန် တိတိကျကျပြောလိုက်လျှင် သူက သူမ
းမည့်အချိန်တိုင်စောင့်နေရင် ဒုက္ခ။

'အင်း....သမီးလုပ်နေတာနဲ့ဘဲ ဟင်းတွေ အေးကုန်တော့
၊ အလကား မောင်အောင်ကြီး၊ ဒီကောင်မလေး ကပ်စရာ
ကြံဖန်ကပ်နေတာ၊ ဒီအချိန်က သူ ထမင်းစားဘဲ့အချိန်၊
တိုင်းစားချိန်ထက်စောင်နောက်ကျသေးကယ်၊ သမီး စာမှ
ပြောနဲ့တော့၊ တစ်ခါတည်းဝင်စားလိုက်'

ဒေါ်ကြီးစကားကြောင့် သူမ စိတ်ပျက်လက်ပျက် ဖြစ်
းပြီး ငြင်း၍မကောင်းသဖြင့် သူနှင့်အတူ ထမင်းဝင်စား
က်ရသည်။

ညသည်ရှေ့မှာလူကြီးတစ်ယောက်ကို ခွန်းတုံ့ပြန်နေလျှင်
သိက္ခာကျဆင်းမည်။

မိဘဂုဏ်သိက္ခာကိုလဲမငဲ့ရာရောက်မည်။

ဒီလူနဲ့တော့ ခက်မြီထင်ပါရဲ့။

သူမက သူ့ရှေ့ကခုံမှာဝင်ထိုင်ပြီး သူနှင့်အတူ ထမင်း
းသည်။

သူ့ကို ဘာဟင်းမှ ခူးခပ်ထည့်မပေးဖြစ်။

'သမီး....ဟင်းတွေ ထည့်ပေးဦးလေ၊ မောင်အောင်ကြီး
းမနာနဲ့နော်၊ ဝအောင်စား၊ဟင်းတွေအားလုံးသမီးကိုယ်

တိုင်ချက်ထားတဲ့လက်ရာတွေချည်းပါပဲ၊ ဒေါ်ကြီးသမီးက သိ
မိန်းမကောင်းပီသတာ၊ မောင်အောင်ကြီးတစ်ခါစားရုံနဲ့တ
သက်စွဲသွားမယ့် လက်ရာမျိုးကွယ့်'

သူမအကြောင်း ဒေါ်ကြီးက အပြတ်မွှန်းနေသည်။

သူမက ထမင်းကိုသာ ငုံ့စားနေသည်။

သူက သူမထမင်းချက်ထားသည့်လက်ရာတွေဟု ပြောလို
သည်နှင့် ဟင်းတွေစုံအောင်အနည်းငယ် မြည်းစမ်းကြည့်
ကောက်ချက်ချသည်။

'ဟုတ်ပါရဲ့ ဒေါ်ကြီးရယ်၊ ရှုတိုင်းယဉ်လက်ရာက သိ
ကောင်းလွန်းလို့ ချီးကျူးစရာစကားတောင်မရှိတော့ပါဘူ
နောင်ဆို ကျွန်တော်က နေ့တိုင်းချီးမွမ်းနေရမှာဘဲ'

'ဟုတ်တယ်....ဟုတ်တယ်၊ ဒါမှ ဟင်းကောင်း စားရမှ
ဒေါ်ကြီးကတော့ ဒေါ်ကြီးသမီးကို မခွဲနိုင်လို့ သမီးသွားလေ
ရာ လိုက်ရမှာပါဘဲ'

'စိတ်ချပါ ဒေါ်ကြီး၊ ဒေါ်ကြီးကိုလဲကျွန်တော် တွေ့တွေ
ချင်း ခင်သွားပြီ၊ ဒေါ်ကြီးသာပြောတဲ့စကားအတိုင်း က
တည်ပါစေနော်၊ ဒေါ်ကြီး တကယ်လိုက်ခဲ့ပါ၊ကျွန်တော့်ခေါ်
ပါတယ်'

'အေး....အေး၊ အခုလို စကားမျိုးကြားရတာ ဘယ်
ငမ်းသာမှန်းတောင် မသိပါဘူး'





ဒေါ်ကြီးနှင့်သူ့ရဲ့အတိုင်အဖောက် ညီနေကြသောစကားတွေကြောင့် သူမမျက်နှာတစ်ပြင်လုံးပူထူပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သူ့ကိုလဲ အလွန်ဒေါသဖြစ်သွားမိပြီး....

သူမ ထမင်း ဘယ်လိုမှစားလို့မရတော့။

သူပြောလိုက်သောစကားတွေက တကယ် အပိုင်အနိုင်စကားမျိုးတွေ....

သူမကိုအပိုင်ပြီဟုပြောလိုက်သောကြောင့်သူမကကြောက်လဲကြောက်၊ မုန်းလဲမုန်းနှင့် ဘယ်လိုကြီး ဖြစ်နေမှန်းမသိ။

သူ ကံကောင်းသွားတာက သူမတို့တစ်အိမ်သားလုံး သူ့ဘက်မှာ အမှတ်အပြည့်ပါသွားခြင်းပင်ဖြစ်သည်။

သူမ ထမင်း ဘယ်လိုမှစား၍မရတော့သောကြောင့် လက်ထဲမှဇွန်းနှင့်ခက်ရင်းကိုအသာချပြီးထိုင်ရာမှ ထလိုက်သည်။

'ဟင်....သမီး၊ တော်ပြီလား'

'တော်ပြီ၊ မစားချင်တော့ဘူး'

သူမ ဆူဆူအောင့်အောင့်ပြောပြီး လှည့်ထွက်လိုက်တော့ သူကမူ အေးဆေးစွာ ဆက်ထိုင်နေသည်။

သူမ သူ့ကိုရန်လိုစိတ်ဖြင့် ပြောပြသော်လည်း သူက မမှုပါ၊ ခွန်းတုံ့မပြန်ပါ။

သူ့ရဲ့ လူကြီးလူကောင်းဆန်သော ဗီဇတွေကို အိမ်က လူကြီးတွေ အသင်ကြီးအောင် ပြုနေသလားမှမသိပဲ။

'စားလို့ သိပ်ကောင်းပါတယ် ဒေါ်ကြီး၊ နောက်ရက်တွေမှာလဲ အခုလိုစားခွင့်ကြုံပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်'

သူ့စကားသံက သူမနားထဲသို့ တန်းခနဲ ပြေးဝင်လာသည်။

'အို....ဘယ့်နှယ့် နောက်ရက်တွေမှာလဲကွယ်၊နေ့ဘိုင်းစားလို့ရပါတယ်၊ မင်းသာစားမယ်ဆိုအချိန်မရွေးပါဘဲ၊ သမီးကို ဒေါ်ကြီးတို့အိမ်က သမီးလက်ရာစားဖူးတဲ့သူတိုင်း အဲဒီလို ချီးကျူးကြတာပါပဲ။ ဒါပေမယ့် အားလုံးထဲမှာ မင်း က ကောင်းဆုံးမဲ....

'ဘာဖြစ်လို့ လဲဆိုတော့ သူ့ အဖေက သူ့ သမီးလက်ရာကို သူ့ သားမက်အဖြစ် ရွေးချယ်ပြီးတဲ့ လူကိုမှ စားခွင့်ရှိတယ်လေ'

'ဒီတစ်ခါ အန့်ကယ်နဲ့တွေ့ရင် ပြောရဦးမှာပေါ့၊ အန်ကယ့်ကို သိပ်ကျေးဇူးတင်တဲ့အကြောင်း'

'အေး....အေး၊ ပြောသာပြော ပြောသာပြော၊ အဟင်းဟင်း....ဟင်း'





သူမ နားမထောင်ခွင့်တော့ဘဲ အခန်းထဲမှ ထွက်လာခဲ့သည်။

ထိုနေ့ကသူမနှင့်သူ စကား သိပ်မပြောဖြစ်ခဲ့ပါ။

သူက သူ့ကို သူမစကားမပြောချင်မှန်း သိနေပုံရသဖြင့် သူ့အိမ်မှာ ပေကပ်ထိုင်မနေဘဲ စကားလေးတစ်ခွန်း နှစ်ခွန်း ပြောပြီး နှုတ်ဆက်၍ပြန်သွားသည်။

သူ ပြန်သွားချိန်အထိ ဖေဖေနှင့်မေမေအိမ်သို့ပြန်မရောက်ခဲ့ပါ။

သူမနဲ့ပတ်သက်ပြီး သူတို့လူကြီးတွေ ဘယ်လိုတွေကျိတ်ပြီး စီစဉ်နေကြသည်မသိ။

သူမကို ဘာတစ်ခွန်းမှ ဖွင့်မပြောဘဲ ကျိတ်စီစဉ်လျှင်တော့ သူမဘဝပျက်ပြီ။

သူ့ကိုသူမ ချစ်၍ရသလား၊ မရသလား၊ သူမကိုယ်တိုင်ပင် ဆုံးဖြတ်လို့မရသေး။

သူနဲ့တွေ့ရသည့်အချိန်က အလွန် တိုတောင်းလွန်းပါသေးသည်။

သို့သော် အချိန်တိုတိုကလေးမှာပင် သူမနှလုံးသားထဲမှာ

ဘယ်လိုမှ မေ့လို့မရအောင် သတိရတမ်းတနေသူက တစ်ယောက်တည်းလေကွယ်၊

သူ....မောင်မင်း....မောင်မင်းတဲ့....

သူ အခုဘယ်မှာလဲဟင်၊

*　　*　　*



## အခန်း (၁၂)

နံနက်စောစော သူမအိပ်ရာကနိုးနေသည်နှင့်အောက်ထပ်မိသားစုတွေဝိုင်းဖွဲ့ပြီး ကော်ဖီဝိုင်း ထိုင်ခဲ့သည်၊

ဖေဖေနှင့်မေမေက အောင်ကြီးချိန်အကြောင်းကို တစ်ယောက်နှင့်တစ်ယောက် အလုအယက်ဖြင့် ရေပက်မဝင်ပြောကြသည်။

သူမ တစ်ခွန်းမှဝင်မပြောဘဲ ခေါင်းငုံ့၍ကော်ဖီငုံ့သောက်စဉ် ထမင်းစားခန်းတွင် ဖုန်းက အသံမြည်လာ၏။

'တူ....တူ....တူ'

ဖုန်းသံကြောင့် သူမက လက်ထဲမှ ကော်ဖီခွက်ကိုချ
ထိုင်ရာမှအထ....

'သမီး....ဒေနလေ၊ ဖေဒဖ သွားကိုင်လိုက်မယ်'

'ရပါတယ် ဖေဖေ၊ သမီး သွားကိုင်လိုက်ပါ့မယ်'

သူမပြောရင်း ဖုန်းစင်နားသို့ လျှောက်လာခဲ့၏၊

မြည်နေသောဖုန်းခွက်ကို အသာကောက်ကိုင်ပြီး အသံ
လိုက်သည်။

'ဟဲလို....အမိန့်ရှိပါရှင်'

'ယဉ်လေးလား ဟင်'

'ရှင်'

ရုတ်တရက်ကြားလိုက်ရသော သူ့အသံကြောင့် သူမ ဘ
ပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

သူမခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွား၏။

'ယဉ်ရယ်၊ ဒါပါနဲ့ဆို ကျွန်တော် ဖုန်းဆက်တာ လေးခ
ပါပြီ၊ ညက ကျွန်တော်ယဉ့်ဆီ ဖုန်းဆက်ပါတယ်၊ ကျွန်တေ
နေတဲ့အိမ်မှာဖုန်းမရှိဘူး ယဉ်၊ အပြင်က ခေါ်ရတာပါ၊ ယဉ်
ကျွန်တော် တွေ့ပါရစေ၊ ကျွန်တော်တို့ ဘယ်မှာ ဆုံကြမ
ဟင်'





သူမဖြေလိုက်လျှင် ဖေဖေရော မေမေပါ ကြားသွားလိမ့်
မည်။

မဖြစ်....၊ ဘယ်လိုမှ မဖြစ်။

ဒါကြောင့် သူမက ဖုန်းခွက်ကို လက်ဖြင့် အသာအုပ်ပြီး
ခပ်တိုးတိုး ဖြေလိုက်သည်။

'အနားမှာ မေမေတို့ ရှိနေကြတယ်'

'ဘာဖြစ်လဲ ယဉ်ရယ်၊ အချစ်ဆိုတာ စွန့်စားခြင်းတဲ့၊ ကျွန်
တော့်အတွက် ယဉ် သတ္တိ မရှိနိုင်တော့ဘူးလား၊ ကျွန်တော်
ကတော့ ယဉ်ကို စတွေ့တဲ့နေ့ကတည်းက အရာရာကိုမေ့လျော့
ပြီး ယဉ်ရဲ့စက်ကွင်းထဲမှာ နစ်မြုပ် နေတာကိုဘဲ အစွမ်းကုန်
ကျေနပ်နေတဲ့သူပါ'

သူမစိတ်တွေ လှုပ်ရှားသွားသည်။

သူတကယ် ပြောနေတာများလား....

ကျွန်မရင်တွေ ခုန်လိုက်တာကွယ်....

'ဒီလိုလုပ်ပါလားယဉ်၊ ကျွန်တော် ယဉ့်တို့အိမ် လာလည်
မယ်လေ၊ ဖြစ်မလား၊ အခု လာခဲ့မယ်'

'အို....ဘယ့်နှယ်....ဟင့်အင်း၊ မဖြစ်ဘူး'

'တွေ့လား၊ ယဉ် ကြောက်ပြန်ပြီ'

'ကျွန်....လူကြီးတွေကို ကြောက်ရတဲ့သူပါ'

'ဒါဖြင့် ကျွန်တော်တို့ တွေ့ဖို့ မလွယ်တော့ဘူးပေါ့နော်၊ ဒုက္ခပါပဲ၊ ကျွန်တော် ရှုံးနေအောင် ယဉ့် လုပ်ရက်ပြီပေါ့.... ဟုတ်လား'

သူမ တစ်ခုခုပြန်ပြောဖို့ ပါးစပ် ပြင်လိုက်သည့် အချိန်မှာပင် ဖေဖော သူမအနား ရောက်လာသဖြင့်....

'ဒါပဲနော်....ဒါပဲ'

ဟုပြောပြီး ကြောက်ကြောက်လန့်လန့်ဖြင့် ဖုန်းကို ကမန်းကတန်း ပစ်ချလိုက်ရသည်။

'ဘယ်သူ့တုန်း သမီး'

ဖေဖေက မျက်စိမျက်နှာ ပျက်နေသော သူမကို စေ့စေ့ ကြည့်ပြီးမေးသည်။

'သူငယ်ချင်း တစ်ယောက်ပါ'

သူမ ခပ်တိုးတိုးပြောပြီး မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်၏။

ဖေဖေဘာစ်ချက် ပြုံးသည်ကို သူမ လှမ်းတွေ့လိုက်ရ၏။

'ဘယ်သူ့သူငယ်ချင်းလဲသမီး၊ ဖေဖေ့ကို နာမည် ပြောပြပါလား'





'ဖေဖေကလဲ'

သူမ ပြောလို့မဖြစ်၍ ဖေဖေ့အနားမှ လှည့်ထွက်ဖို့ ပြင်ိုက် ည်။

'နေဦးသမီး၊ သွားဖို့မကြိုးစားနဲ့ဦး၊ ဖေဖေ ပြောဦးမယ်၊ နေ့က သမီးနာမည်နဲ့ လူတစ်ယောက် ဖုန်းဆက်တာ သုံးခါ ပြီ၊ သူဆက်တိုင်း ဖေဖေနဲ့ပဲ တိုးတယ်....

'ဖေဖေက ဘယ်သူလဲလို့ နာမည်မေးတော့ မဖြေဘူး၊ ဘာ ကိစ္စရှိသလဲဆိုတော့လဲ မေးလို့မရဘူး၊ဒါဟာ လုံးဝမရိုးသားတဲ့ ကိစ္စပဲလို့ ဖေဖေ ယူဆတယ်....

'အခု ဖုန်းဆက်တာလဲ ဒီလူပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မို့ ား၊ ဖေဖေ့ကို ညာဖို့မကြိုးစားနဲ့နော်၊ မှန်မှန်ဖြေ'

သူမအကြီးအကျယ် အကျပ်တွေ့ပြီ။

ဖေဖေ့ကို ဘယ်လိုတုံ့ပြန်ရမှန်းမသိ။

သူ့အကြောင်းကို သူမ ကိုယ်တိုင်ပင် အစအဆုံး သိတာ ဟုတ်တော့ ဘယ်လိုလုပ် အဖြေပေးရမလဲ။

သူမ ဖေဖေ့ရှေ့မှာ ငြိမ်သက်စွာရပ်နေမိသည်။

'ကောင်းပြီ၊ သမီးမဖြေချင်နေပါ၊ ဖေဖေမမေးတော့ဘူး' ါပေမယ့် ဒီလူဘယ်သူဆိုတာ သမီးမပြောရင် ဖေဖေ့ ပါး ပ်ကပြောနိုင်အောင် ကြိုးစားမယ်....

'သမီးတစ်ခုသိထားဖို့က သမီးမှာ တစ်နေ့ လက်ထပ်ရမ ယောကျ်ားတစ်ယောက် ရှိနေပြီဆိုတာဘယ်တော့မှ မေ့ မ ပါနဲ့၊ သမီး လက်ထပ်ရမယ့်သူက အောင်ကြီးချိန်က လွဲ ဘယ်သူမှမဖြစ်စေရဘူး၊ ဒါဖေဖေရဲ့ အမိန့်ပဲ'

ဖေဖေက ပြောပြီးသည်နှင့် သူမအနားက ချာခနဲ လှ ထွက် သွားသည်။

မေမေကတော့ အေးဆေး တည်ငြိမ်သူပီပီ သူမတို့ သ အဖကြားမှာ စကားရပ်တစ်ရပ်လို နေလိုက်သည်။

သူမကို လှမ်းကြည့်ရုံ ကြည့်ပြီး တစ်ခွန်းမှ ဝင်မပြော။

ဖေဖေ့စကားကြောင့် သူမစိတ်တွေ အဆမတန် လှုပ်ရှ လာပြီး မျက်ရည်များပင် လည်လာခဲ့သည်။

* * *



# အခန်း (၁၃)

ဒီနေ့ သူတို့ သူငယ်ချင်းနှစ်ယောက် ပြောင်ကားတစ်စီး အရောင်းအဝယ် ထွက်သွားသဖြင့် ပိုက်ဆံကလေး မြိုးမြိုး မြက် မြက်ရလာ၍ ဝမ်းသာနေကြသည်။

ညနေ တရုတ်တန်းက ခေါက်ဆွဲကြော်ဆိုင် ခေါက်ဆွဲ ားပြီး ဆိုင်ထဲမှ ပြန်အထွက်၊ တိုက်တိုက်ဆိုင်ဆိုင် ဆိုင်ရှေ့မှာ ပ်ထားသော သူမကားကို တွေ့လိုက်ရသည်၊

'ဟာ....ဖိုလ၊ လာ....မြန်မြန်လာ၊ ဟိုမှာ ယဉ်တို့ကား'

'ဘာလဲကွာ၊ ပြူးလဲပြာလဲနဲ့၊ဣန္ဒြေရရ နေစမ်းပါ'

'မရနိုင်ဘူး ဖိုးလရေ မရနိုင်ဘူး၊ မင်း နေချင်နေခဲ့ ငါ သွားမယ်၊ ဘုရားသိကြားမလို့ ယဉ်နဲ့တိုးပါစေ'

သူက ဖိုးလကိုထားခဲ့ပြီး ဖိုးလအနားမှ ခြေလှမ်းအမြန်ဖြင့် ထွက်လာခဲ့သည်။

သူ ကားနားရောက်သွားတော့ ကားမှန်တွေအပြည့်တင် ထားသဖြင့် ကားထဲတွင် မည်သူ့ကိုမှ မတွေ့ရပါ။

သူက ဟိုဟိုဒီဒီ မျက်လုံးကစားပြီး ရှာကြည့်သည်။

မတွေ့....။ ယဉ်နဲ့တူသော မိန်းကလေးမျိုးပင် တစ်ယောက်မှ မတွေ့။

ဒါ ယဉ့်ကားပဲ။ ယဉ် ဘယ်ကိုများ လာတာပါလိမ့်။

'ဟေ့ကောင်၊ မတွေ့ရင် သွားမယ်၊ လာတော့'

ဖိုးလက သူ့ပခုံးပုတ်ပြီး ပြောသည်။

'နေစမ်းပါဦး၊ ဒါ ယဉ့်ကားကွ၊ သေချာတယ်၊ ငါ့အထင် တော့ ဒီနားက ဆိုင်တစ်ဆိုင်မှာ လာစားတာဖြစ်ရမယ်၊ ခဏ တော့ နေပါဦး၊ စောင့်ကြည့်ရအောင်'

'ရောဂါကလဲ မသေးဘူး'

'တွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ မင်းဘာသိလို့လဲ'





'အေးပါ ငါ နားလည်ပါတယ်၊ မင်းစောင့်မယ်ဆိုလဲ စောင့်၊ ဒါပေမယ့် ကားနားမှာတော့ ပေါ်တင်ကြီး မရပ်နဲ့၊ မင်းထင်သလို ယဉ်နဲ့မတိုးပဲ သူ့အဖေနဲ့တွေ့နေမှ ကွဲနေမယ်'

'မင်းထက် ငါ နားလည်တယ် ဖိုးလ၊ လာ ဟိုးခရေ့နား ကနေ ရပ်ကြည့်ရအောင်'

သူတို့နှစ်ယောက် သူမကားနှင့် မလှမ်းမကမ်းမှာ သွား ရပ်ပြီး ကြည့်နေလိုက်သည်။

ဆယ်မိနစ်ခန့် ကြာသောအခါ သူမနှင့် ချွတ်စွပ်တူသော အသက်ငါးဆယ်ဝန်းကျင် အသားဖြူဖြူ အရပ်ရှည်ရှည် ခန္ဓာ ကိုယ် ခပ်ဝဝနှင့် လူတစ်ယောက်က ကားနားသို့ လျှောက် လာသည်။

'တွေ့လား၊ ငါပြောတာ ဘယ်လောက်မှန်သလဲ၊ ဟိုမယ်.... မင်းယောက္ခမ'

'အေးကွာ၊ ငါ့ယောက္ခမက သမီးနဲ့ တစ်ရုပ်တည်းပဲ၊ ရေရေလည်လည်သားနားတဲ့ အဘိုးကြီး၊ ပုံစံက ခပ်မိုက်မိုက်ပဲ၊ သူဝတ်တားတဲ့ပုံက လူငယ်ဆန်မနေဘူးလား'

'မဆန်ဘူး၊ ပါတိတ် လက်တိုအင်္ကျီ ဝတ်ထားတာများ လူငယ်ဆန်ရမလား'

'မှုက်မှန်ကလဲ အတော်ဈေးကြီးကြီးပေးရမယ့် မျက်မှန်မျိုး

ဟော့ကောင် တွေ့သား သေသေချာချာကြည့်၊ နာရီကလဲ အပျံစားကွ.... သိန်းချီဘန်မယ့် နာရီမျိုး....

'ဒီလိုလူမျိုးသာ ယောက္ခမဘော်လိုက်ရရင် အပီပဲ၊ လုံးဝအပီပဲ'

'ဟော့ကောင် တိုးတိုး၊ မင်းအသံပြဲကြီးနဲ့ လူတွေကြားကုန်မယ်'

'အေး.... ဂါခေမ့်သွားလို့၊ ဆောရီး'

'ကဲ.... လစ်မယ်၊ ယောက္ခမကြည့်ပြီး သွားရည်ဘမြန်းမြန်းလုပ်မနေနဲ့၊ ဟိုက ကားထွက်သွားပြီ'

ဖိုလ ပြောချိန်တွင် သူ့မအဖေက ကားကို ကိုယ်ဘိုင်မောင်းပြီး ထွက်သွားပြီဖြစ်သည်။

'နေဦး ဖိုးလ၊ မင်း ဒီမှာ ခဏနေချင်နေခဲ့၊ ငါ ဖုန်းသွားဆက်လိုက်ဦးမယ်'

'ဘာလဲ၊ ဟုိတစ်ယောက်ဆီလား'

'ဟုဘ်တယ်၊ သူ့အဖေမရှိဘုန်း ဆက်လိုက်ရင် ယဉ်နဲ့တန်းတိုးမှာကွ၊ တိုးလို့ကတော့ ပီအောင်ပြောရဦးမယ်'

'မင်းကွာ'





ဖိုးလက သူ့ကို မကျေမနပ် လှမ်းကြည့်ပြီး ပြောသည်။

သူက ဖိုးလစကားကို နားမထောင်ပဲ အနားရှိ တယ်လီ
နိုးရှိသော ဆိုင်တစ်ဆိုင်သို့ ဝင်၍ ဖု းခေါ်လိုက်သည်။

'ဟဲလို....'

သွားပြီ။ ဒီအသံက ယဉ်အသံ လုံးဝမဟုတ်။

ကံဆိုးချင်တော့ ယဉ့်အမေနှင့် တန်းတိုးသည်။

'ဟဲလို....ဘယ်သူလဲ'

သူက လုံးဝအသံမပေးတော့ပဲ ဖုန်းကို ဆတ်ခနဲနှိပ်ပြီး
စ်ချလိုက်သည်။

ဖုန်းပိုင်ရှင်ကိုလဲ 'ခေါ်လို့မရဘူး'ဟု ဆိုပြီး လှည့်ထွက်ခဲ့
သည်။

'ကံဆိုးတယ် ဖိုးလ၊ အဘွားကြီးနဲ့ တန်းတိုးတယ်၊ အဲဒါနဲ့
ါလဲ မေးမနေ းတော့ဘူး၊ အလကားသက်သက် ရစ်နေရင်
န်းဖိုးပေးရတာပဲ အဖတ်တင်မယ်၊ သူ့သမီးလဲ ခေါ်ပေးမှာ
ဟုတ်ဘူး၊ ဘာလုပ်မလဲ၊ အမောခံပြီး ပြောမနေတော့ဘူး၊
ပစ်လိုက်တယ်'

'အေးပါ၊ ဒါကတော့ မင်းသဘောပေါ့၊ ဖုန်းဖိုးတစ်ဆယ်
န်တာများ အရေးလုပ်ပြီး ပြောနေသေးတယ်'

'ဟာ.... ငါ့အတွက် အကျိုးမရှိဘဲနဲ့ တစ်ဆယ်မပြော
တစ်ကျပ်တောင် ငါ အကုန်မခံနိုင်ဘူး၊ သီတာယ်မို့လာ
မောင်မင်းအကြောင်း၊ ငါကသာ သူများဆီကသာ ဘာယူ
ကောင်းမလဲ အချိန်ပြည့်ကြည့်နေတဲ့သူ၊ ငါ့ဆီကပေ ဖိုဆိုတ
ေးပဲ၊ ကမ္ဘာ ကမ္ဘာအဝေး'

ဖိုးလ ဘာမှဆက်မပြောတော့။

သူ့အကြောင်းကို ဖိုးလက အသိဆုံးမို့ ရေငုံပိတ်
လိုက်ခြင်း ဖြစ်သည်။

သူ့ခေါင်းထဲမှာတော့ ရှုတ်ိုင်းယဉ်ဆိုသည့် မိန်းမချောလေ
တစ်ယောက်ကို ဉာဏ်လိုနည်းမျိုးဖြင့် ချဉ်းကပ်ဝင်ရောက်ရမ
ဆိုတာကိုပဲ တွေးတောစဉ်းစားနေမိ၏။

* * *



အခန်း (၁၃)

'ဘယ်လဲ.... သမီး.... ဘယ်သွားမလို့လဲ'

သူမ အပြင်ထွက်ခါနီး အိမ်ပေါက်ဝသို့ ရောက်နေစဉ်
မေမေ လှမ်းပြောသံကြောင့် သူမ ခြေလှမ်းတွေ တုန့်ခနဲ ရပ်
သွားသည်။

'စုစုတို့အိမ်ပါမေမေ၊ သူ ညတ ဖုန်းဆက်တယ်လေ၊ ဘန်
ကောက်က ပြန်ရောက်နေပြီတဲ့၊ အဲဒါ သူငယ်ချင်းတွေ စုပြီး
စကားပြောကြမလို့'

'သမီးဖေဖေကို ပြောပြီးလို့လား'

မေခမက ဘယ်လိုကိစ္စမျိုးပဲလုပ်လုပ် အခုချိန်ထိ ဖေဖေ့ကို တလေးတစား မေးမြန်းပြောဆိုဘုန်းပစ်ဖြစ်သည်၊

သူမ အပြင် သွားလျှင်လည်း ဖေဖေ့ထံမှ ခွင့်ပြုချက်ကို မရလျှင် သွားခွင့်မရှိပါ။

သို့သော်....ဒီနေ့တော့ သူမက ဖေဖေ့ကိုမပြောဘဲ ဖေဖေ မသိအောင် အိမ်မှ ထွက်ဖို့ ကြိုးစားခြင်းဖြစ်သည်၊

ဘာကိစ္စလဲ ဆိုတာ စုစုနှင့်သူမက ဖုန်းထဲမှာ တိုင်ပင်ပြီး ကြပြီဖြစ်သည်။

'ပြောလေသမီးရဲ့၊ သမီးဖေဖေကိုပြောပြီးပြီလား'

'ဖေဖေမှမရှိဘဲ မေမေရယ်....'

သူမကစကားကို ဝေ့လည်ကြောင်ပတ် [illegible] ပိုက်သည်၊

'မရှိရင် ရှိအောင် စောင့်ပြောပြီးမှ သွားပေါ့၊ တော်ကြာ သူအလုပ်ကပြန်လာလို့ သူ့သမီး မတွေ့ရင် ပြူးလူးပြာတာနဲ့ မေမေပဲ အဆူခံရမယ်၊ စုစုတို့အိမ်များ ဘယ်အချိန် သွားသွား ရတာပဲ....

'ဒါမှမဟုတ်.... ဒီလိုလုပ် သမီး၊ သမီး သူငယ်ချင်းတွေ အားလုံး အိမ်ခေါ်လိုက်၊ အိမ်မှာပဲ ပြောစရာရှိတာ ပြောကြ စားချင်တာပြော၊ မေမေကိုယ်တိုင် စီစဉ်ပေးမယ်'

သိန်းမင်းစာပေ



'ဟာ....မေမေတို့ဟာကလဲ ဟိုနေရာသွားလဲ ပိတ်ပင်၊ ဒီနေရာသွားလဲပိတ်ပင်နဲ့ စိတ်ရှုပ်လိုက်တာ၊ စုစုတို့အိမ်က ဒီနားလေးတင်ဘဲ၊ အဝေးကြီး သွားရတာလဲ မဟုတ်ဘူး၊ သမီးကို ဒီလောက်အထိ မချုပ်ချယ်ကြပါနဲ့'

'ညည်းအဖေမသိဘဲ၊ ညည်းမသွားရဘူးနော်'

မေမေ ခွင့်မပြုသဖြင့် သူမ ဘယ်လိုမှ သွားလို့ ရမှာ မဟုတ်တော့။

ဒါကြောင့်လဲ မေမေ ပြောသလို ဖုန်းဆက်ရန် အတွက် ပခုံးမှ ပိုက်ဆံအိတ်ကို စားပွဲပေါ်သို့ ပစ်ချပြီး ဖုန်းနား သို့ မကျေမနပ် လျှောက်လာခဲ့သည်။

'တူ... [illegible]ဘူ'

ထိုစဉ်မှာပင် ဖုန်းသံက ရုတ်တရက်မြည်လာသဖြင့် သူမက ဆတ်ခနဲ ကောက်ကိုင် လိုက်သည်။

'ဟဲလို....'

သူမ ထူးလိုက်သောအသံက စိတ်ဆိုးနေသော အသံမျိုး ပေါက်သွားသည်။

'ကိုယ်ပါ ရှုတိုင်းယဉ်'

'ဟင်....'

သိန်းမင်းစာပေ

သူမခဏခွာကိုယ်ဆတ်ခနဲ တုန်သွားသည်။

သူ....အောင်ကြီးချိန်ဆိုတဲ့ လူ၊ ဘာကိစ္စ ဖုန်းဆက်ရပြန်တာလဲ။

'ဟုတ်ကဲ့....ဒပြောပါ'

သူမက သူမ အနားတွင် မေမေရှိနေသဖြင့် ယဉ်ကျေးစွာ ပြန်ပြောလိုက်သည်။

'ကိုယ် အခုဘယ်က ဆက်နေတယ်လို့ ထင်သလဲဟင်'

'မသိဘူး'

စိတ်တိုတိုဖြင့် ပြောချလိုက်တော့ သူ့ရယ်သံ ခပ်သဲ့သဲ့ကို ကြားရသည်။

'နောက်ထပ် နှစ်မိနစ်ဆိုရင် ရှုတိုင်းယဉ်ထို့ အိမ်ကို ကိုယ်ရောက်တော့မယ်'

'ဟင်....ဘယ်လို....ဘယ်လို'

သူမ အသန့်တကြားဖြစ်ပြီး တုန်လှုပ်သွားသည်။

'ကိုယ်ပြောတာ မယုံရင် ခြံထိပ်ကို ထွက်ကြည့်လိုက်ပါလား၊ ကိုယ်လာလို့ ရှုတိုင်းယဉ်တို့ ခြံတံခါးတောင် ဖွင့်ပေးနေပြီ၊ အို့က....ကိုယ် အခုလာပြီနော်'

သူမ အံ့အားသင့်ရလွန်းသဖြင့် ဘာမှ ပြောလို့မရတော့။





သူက သူမတို့ခြံထိပ်ရောက်မှ သူမထံသို့ ဆယ်လူလာဖုန်းဖြင့် ...မ်းဆက်ပြီး ပြောသည်။

ဘုရား....ဘုရား။

သူမထံကို သူဆက်သွယ် ချဉ်းကပ်ပုံကလဲ အင်မတန် ပိရိ...သပ်လှပါလား။

ဘာကြောင့်များ မောင်မင်းဆိုတဲ့ သူနဲ့ အလိုလိုခဝးနေရ...ပါလိမ့်။

'ဘယ်သူလဲသမီး၊ ဘယ်ကဆက်တဲ့ ဖုန်းလဲ'

'ဟိုလူမေမေရေ....ဟိုလူ'

သူမက စိတ်တိုတိုဖြင့် ဖိပြောချလိုက်တော့....

'ဟော....အိမ်ရှေ့မှာ ကားသံ ကြားတယ်၊ မောင်အောင် ...းလှာတယ်ထင်တယ်၊ ဟုတ်လားသမီး'

သူမ မဖြေခင်ကတည်းက မေမေ့မျက်နှာကြီးက ဝင်းလက် ...တက်ပသွားသည်။

'မေမေရယ်၊ ဂုဏ်ခြေသိက္ခာလေးလဲ ထိန်းပါဦး၊ သမီးဖြင့် ...မေတို့ လုပ်နေကြတာနဲ့ဘဲ ကြဲ့ရင်ရှုးတော့မယ်'

'အံမယ်လေး၊ သူကပဲအမေကိုပြောရတယ်ရှိသေး၊ စကား ...မနေနဲ့၊ အခု ထွက်လာခဲ့တော့၊ အောင်ကြီးချိန်ဟာ

ညည်းနဲ့ မကြာခင် လက်ထပ်ယူရတော့မယ့် သူဆိုတာ လုံး
မမေ့ ပစ်နဲ့၊ ဒါပဲပြောမယ်'

မေမေက သူမကို မကျေမနပ်ပြောပြီး အိမ်ရှေ့ ထွက်
သွားသည်။

သူမကတော့အိမ်ရှေ့မထွက်ခင် အခန်းထဲမှာတင် သက်ပြင်
အကြိမ်ကြိမ်ချပြီး ကျန်ရစ်ခဲ့သည်။

* * *



အခန်း (၁၅)

မေမေက သူ့ အိမ်ထဲရောက်လာသည်နှင့်....

'ကဲ....အေးအေးဆေးဆေး မင်းတို့ နှစ်ယောက် စကား
ပြောကြ'

ဆိုပြီး အိမ်ထဲဝင်သွားသည်။

မေမေ ပြောလိုက်လို့ သူ့ မျက်နှာကြီး ဝင်းလက် သွားတဲ့
ပုံက တကယ့်မြင်မကောင်း ရှုမကောင်း။

သူမကတော့ ပုံမှန်ပါပဲ။

ကိုယ့်အိမ်ကိုလာလည်တဲ့ ဧည့်သည်တစ်ယောက်ကို အိမ်ရှင်
တစ်ယောက်ကဧည့်ခံရုံထက်မပိုပါ။

'ဘာမျှား သုံးဆောင်ချင်ပါသလဲ'

သူ့က သူ့မျက်နှာကို မကြည့်ပဲ ခပ်တိုးတိုး မေးသည်။

'မဖြစ်ဘူး၊ ရှတိုင်းယဉ်ကိုတော့ တစ်ခုခုခေါ်ဖို့ ပြောထားရဦးမယ်၊ ရှဘိုင်းယဉ်ကိုလဲ ဒီနေ့ကစပြီး ယဉ်လေးလို့ ကိုယ်ခေါ်မယ်၊ အင်း....ကိုယ့်ကိုကျတော့....'

သူက အခွင့်အရေးရတုန်း အဲပြတ်လူသည်ကျနေပြီ။

သူမနှုတ်ခမ်းတွေက အလိုလို တင်းလာသည်။

သူမကိုမျှား ပိုင်စိုးပိုင်နင်း 'ယဉ်လေး'တဲ့....

သူခေါ်စရာလား။

သူနဲ့ သူမက ဘာတွေမို့လို့လဲ၊ ဘာဆိုင်လို့လဲ၊

'ကိုကိုလို့ခေါ်ပါ ယဉ်လေး....နော်'

'အို....မခေါ်နိုင်ပါဘူး'

သူမက ဆတ်ဆတ်ထိ မခံနိုင်သည့် ပုံစံမျိုးဖြင့် ပြောလိုက်သည်။

'ဘာဖြစ်လို့လဲ ယဉ်လေးရယ်၊ ကိုယ်တို့က မကြာခင်မှာ လက်ထပ်ကြရတော့မယ့် သူတွေပဲ'

'သိတယ်....သိတယ်'

နှင်းသိမင်းစာပေ



'ဒါနဲ့မျှား ယဉ်လေးက ကပ်စရာမရှိ ကပ်နေပြန်ပါပြီ၊
် ယဉ်စလေးကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ပြော
ရာမလိုတော့လောက်အောင် ယဉ်လေး သိနေမှာပါ၊ ကိုယ်
လေးကို စတွေ့အတည်းက စိတ်ဝင်စား မြတ်နိုးခဲ့ရတယ်၊
မ်းတမ်းတခဲ့ရတယ်၊ သိပ်ချစ်ခဲ့ရဘယ်ပေါ့ ယဉ်လေးရယ်'

'ကျွန်မဆန္ဒကိုလဲ မေးဦးမှပေါ့'

'အင်း....ခေါ်းမှာပါ ယဉ်လေး၊ အခုမေးပါရစေ'

သူမက ခေါင်းကို အနည်းငယ် ခါယမ်းပြလိုက်တော့
က အံ့ဩဘနန်းမဖြစ်ဘဲ တစ်ချက် ပြုံးသည်။

'ကိုယ်သိပါဘယ်ကွယ်၊ ကိုယ်တို့ တွေ့ရတဲ့အချိန်က သိပ်
တောင်းနေတောကိုယ့်ကို လက်ခံဖို့ဆိုတာ ယဉ်လေးဟက်က
်စောနေလို့ဖြစ်မှာပေါ့၊ ဟုတ်တယ်မို့လား'

'ကျွန်မ သံယောဇဉ်မရှိတဲ့ လူကို လက်ထပ်ဖို့ဆိုဘာ ဘယ်
ာမှ ဖြစ်လာမှာ မဟုတ်ဘူး'

'ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ ယဉ်လေးပြောတာ သိပ်
ပါတယ်၊ ကိုယ် သံယောဇဉ်မရှိတဲ့ လူလို ဘယ်သူကမှ လက်
ဖော်အဖြစ် လက်မခံရဲကြပါဘူး၊ အဲဒီတော့ ကိုယ်က ကိုယ့်
ါမှာ ယဉ်လေး သံယောဇဉ် ဖြစ်တဲ့အထိ စောင့်ပေးရ
် ဆိုပါတော့'

သိန်းမင်းစာပေ

'ဟုတ်ပါတယ်'

'ကောင်းပြီလေ၊ ဒါဖြင့် ကိုယ် ယဉ်လေး စကားကို ထောင်လိုက်ပါမယ်၊ ဒါပေမယ့် ကိုယ်စောင့်ရမယ့် အချိန် တော့ကိုယ့်ဘက်ကပဲ ကန့်သတ်ပါရစေ'

'ဟင့်အင်း ကျွန်မပြောမယ်'

'အချိန်အကြာကြီးတော့ မလုပ်ပါနဲ့ ယဉ်လေးရယ်'

'ဒါကတော့ ဘယ်သူ အတတ်ပြောနိုင်မှာလဲ၊ နေရာတ ရှင်လောဘကြီးရင်တော့ ကျွန်မနဲ့ ဖြစ်မှာမဟုတ်ဘူး'

သူကရယ်သည်။

'ယဉ်လေးအတွက် ရှိလာတဲ့လောဘပဲ၊ မထားရတော့ တဲ့လား'

'ဒါကရှင့်အပိုင်းပါ'

'ကိုယ့်ကို ရှင်လို့ပဲ ခေါ်တော့မှာလား ယဉ်လေး ဟ ပြောပါဦး'

'ရှင်နဲ့ကျွန်မ ဘာမှ မဟုတ်သေးဘူးလေ၊ ဒီအတိုင် ကောင်းပါတယ်'

'ကောင်းပါပြီ ယဉ်လေး၊ ယဉ်လေးသဘောပါ၊ ဘက်ကို ယဉ်လေး ပါလာအောင် ဘယ်လို စကားမျိ

သိန်းမင်းစာပေ



ဆောင်ချင်ပါဘူး၊ ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်း၊ ်အနေအထား ဘယ်လိုဆိုတာ ယဉ်လေး သိနေတာဘဲ၊ ်ဘာမှ ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး....

'ကိုယ့်ကို ယဉ်လေး လေ့လာမယ်ဆိုရင် လေ့လာပါ၊ ဲခတ်ပါ၊ ဆုံးဖြတ်ပါ၊ ဒီကြားထဲမှာ ယဉ်လေးနဲ့ ကိုယ်နဲ့ ာခဏ တွေ့ကြတာပေါ့၊ ကိုယ့်မိဘတွေကတော့ ဖြစ်နိုင်ရင် လကုန်လောက်မှာ မင်္ဂလာ လက်ထပ်....'

'ရှင်....ရှင်၊ ဘယ်လို....၊ရှေ့လ....ဟုတ်လား'

သူမက စကားမဆုံးခင် အလန့်တကြား ထအော်လိုက်သည်။

'ဟုတ်တယ်ယဉ်လေး၊ ကိုယ်လဲ မိဘတွေနဲ့ထပ်တူ ဖြစ်စေ ပါတယ်'

'အို မဖြစ်နိုင်ပါဘူး'

'ကိုယ်သိပါတယ်၊ ယဉ်လေး ငြင်းမယ်ဆိုတာ'

'ကျွန်မ ပြောပြီးပြီနော်၊ ကျွန်မဆုံးဖြတ်နိုင်တဲ့ အချိန်အထိ တော့ ရှင်စောင့်ရမယ်'

'ကိုယ် စိတ်ရှည်တတ်ပါတယ်ယဉ်လေး'

'ကျေးဇူးတင်ပါတယ်၊ ကဲ....ရှင်ခဏထိုင်ဦး၊ ရှင့်အတွက် ျွန်မတစ်ခုခု သွားလုပ်လိုက်ဦးမယ်'

သိန်းမင်းစာပေ

'နေတော့ယဉ်လေး၊ မလုပ်ပါနဲ့တော့၊ ကိုယ်အလုပ် ရှိသေးလို့ ပြန်တော့မယ်'

ဝမ်းသာလိုက်တာဟု သူမ စိတ်ထဲမှာ တီးတိုး ရေရွ မိသည်၊

သူမကိုနှုတ်ဆက်ပြီး သူပြန်သွားချိန်တွင် သူ့အကြောင်း သူမတစ်မှိုစ်မှိုင် ထိုင်တွေးမိသည်။

သူ့ရဲ့ တည်ကြည်ခံ့ညားသော ရုပ်ရည် ရူပကာ၊ သူ ချမ်းသာကြွယ်ဝမှု စည်းစိမ်ဥစ္စာ အရှိန်အဝါတွေရယ်ကြော သူ့ကိုငြင်းဖို့ အင်မတန် ခဲယဉ်းနေသည်။

သို့သော် ဒီကြားထဲမှာလဲ မောင်မင်း ဆိုသောသူကို ပြ ပြစွာတွေ့ချင်နေ၏။ သူ့မျက်နှာလေးကို တစ်နေ့မှမမေ့၊

အခုချိန်မှာသူမ စိတ်ကို သူမဝေခွဲလို့ မရသေး။

ကျွန်မက လွတ်လပ်တဲ့ အပျိုစင် တစ်ယောက်ပဲနော်။

ဘယ်လို ယောကျ်ားလေးမျိုးကိုပဲဖြစ်ဖြစ် လွတ်လွတ် လ လပ်ကြိုက်ပိုင်ခွင့် ရှိတာပေါ့။

ကျွန်မ ဘယ်သူ့ကို ချစ်သူအဖြစ် ရွေးချယ်ရမလဲ၊

အင်း....ဒီနှစ်ယောက်ထဲမှာတော့ တစ်ယောက်ယောက် အမြန်ဆုံးရွေးချယ်ရမှာဘဲ၊

* * *



## အခန်း (၁၆)

'ပြောစမ်းပါစုရယ်၊ ဘယ်လိုလဲ....အခြေအနေ ကောင်းရဲ့ လား၊ ငါ ရင်တွေ တုန်လှုန်းလို့ပါ'

သူမက သူမ သူငယ်ချင်း စုစုရဲ့ လက်ကိုဆုပ်ကိုင်ပြီး အမော တကြီးမေးသည်။

'အင်း....မဆိုးနုံအဆင့်မှာပဲ ရှိတယ်ယဉ်၊ နင်ပြောသလို သူတို့အိမ် ငါသွားကြည့်တော့မနိုပ်ဘူးဟ၊ အပြင်ပန်းကြည့်ရုံနဲ့ တင် အတော်လေး ဆင်းရဲနွမ်းပါးမှန်း သိပါတယ်၊ မိဘ အခြေအနေတွေကလဲ မဟန်ဘူး၊ သူတို့ ရပ်ကွက်ထဲမှာတော့

သူတို့အဆင့်နဲ့ သူတို့ပေါ့လေ၊ ဒါပေမယ့် နှင့်အခြေအနေနဲ့ ယှဉ်ရင်တော့လုံးဝပဲ၊ ဘယ်လိုမှ ယှဉ်လို့မရဘူး....

'သူ့အကြောင်း ငါစုံစမ်းတော့လဲ ဘာမှ ဂဃနဏ မသိဘူး၊ မောင်မင်းဆိုတဲ့လူက သူ့မိသားစုနဲ့ စကားများပြီး အိမ်ပေါ်က ဆင်းသွားတာကြာပြီတဲ့၊ ဘယ်ရောက်လို့ ဘယ်ရောက်မှန်းတောင်မသိဘူးတဲ့....

'သူတို့ရပ်ကွက်ထဲက လူတွေကလဲတော်တော်ကို ဆိုးရွားပြီး စုတ်ပြတ်လွန်းပါတယ်၊ ငါ့ကားတစ်စီးလုံးလဲ ရွှံ့တွေ ပေလာတာ ရစရာတောင်မရှိဘူး၊ နှင်သွားဆိုလို့ သာ သွားပေးရတယ်၊ နောက်များတော့ ငါ့ကို မသွားခိုင်းပါနဲ့တော့၊ သွားချင်ရင် နှင့်ဟာနင်ပဲ သွားတော့'

'ငါသွားလို့ မရလို့ပါ စုရယ်၊ ငါသွားလို့ ဖေဖေသာ သိရင် မိုးမီးလောင်တာထက် ဆိုးမယ်'

'အေး မသွားတာဘဲခပ်ကောင်းကောင်း၊ နှင်သာ သူတို့အခြေအနေ တွေ့သွားရင် မျက်နှာချင်းဆိုင်ပြီး စကားတောင်ပြောချင်စိတ် ကုန်သွားမယ်....

'ငါက သူတို့ အိမ်နဲ့မလှမ်းမကမ်းမှာ ကားရပ်ပြီး သူ့ဘို့ကို စောင့်ကြည့်နေခဲ့တာ၊ ငါကြည့်နေတုန်း အဲဒီအိမ်ထဲက ပုစုခရု ကလေးနှစ်ယောက် ပြေးထွက်လာတယ်၊ ကွမ်းယာဆိုင်က လူကြီးကို မေးကြည့်တော့ မောင်မင်းရဲ့ တူတွေတဲ့လေ....





'ကလေးတွေကလဲ တစ်ကိုယ်လုံး ညစ်ပတ်လိုက်တာ မပြောနဲ့တော့၊ နှပ်ချေးတွဲလောင်း ချေးတွဲလောင်းနဲ့ ရွှံ့ဗွက်တွေမှာ ဆော့ကစားနေလိုက်ကြတာ၊ အမယ်လေး.... ငါဖြင့် ကြည့်လိုက်တာ အော့နှလုံးတောင်နာပါရဲ့'

အဆင့်အတန်း ခွဲခြားတတ်သော သူမအဖို့ ထိုစကား ကြားလိုက်ရခြင်းသည် ရှေ့ဆက်၍ မေးစရာစကား မရှိတော့လောက်အောင် ဖြစ်သွားသည်။

သူမ မမေးလဲ စုက ဆက်ပြော၏။

'နေစမ်းပါဦး၊ နှင်က ဒီမောင်မင်းဆိုတဲ့လူရဲ့ မိသားစုအကြောင်း ငါ့ကို စုံစမ်းခိုင်းပြီး ဘာလုပ်မလို့တုံး'

'ဘာမှမလုပ်ပါဘူးဟာ'

သူမက ဟန်ဆောင်ရင်း မျက်နှာကွယ်၍ ပြောလိုက်သည်။

'ဘာမှမလုပ်ပါဘူးဆိုတာတော့ ငါမယုံနိုင်ဘူး၊ နှင်လား လူတစ်ယောက်အကြောင်းကို အကြောင်းမဲ့ စုံစမ်းခိုင်းမှာ ဝေးသေးတယ်....

'မိယဉ်နေ၊ ဒီလို မိသားစုအသိုင်းအဝိုင်းကို ဝင်ဖို့များ ဒီတစ်ဘဝမပြောနဲ့၊ နောက်တစ်သက်တောင် မစဉ်းစားနဲ့၊ ငါးပါးမက သံဃာစင်ပါ မှောက်သွားမယ် ဘာမှတ်လဲ

ဒီကိစ္စတွေသာ နင့်အိမ်ကသိရင် ခေါင်းနဲ့ဆင်းသွားရမယ်၊ နားလည်လား'

'အေးပါဟာ၊ နားလည်ပါတယ်'

'နားလည်ရင် ဒီစကားတွေကို ဒီမှာပဲရပ်တော့မယ်၊ ငါ့ ဘာမှမမေးနဲ့တော့....

'ပြောချင်စိတ်လဲ မရှိတော့ဘူး မောတယ်၊ ငါ့ကားကြီး ငါ့ပုံစံနဲ့ အဲဒီကိုသွားတော့ ငါ့ကို ဘာပြောတယ်မှတ်လဲ ရုပ်ရှင်မင်းသမီးနဲ့တူတယ်ဆိုပြီး ပြူးလူးပြဲလဲကြည့်နေကြတယ် နင့်သာသွားရင်တော့ ထွန်းအိန္ဒြာဗိုဆိုပြီး ထအော်မှာ သေချာ တယ်'

'အရေးထဲ'

'ဟုတ်တယ်၊ ငါပြောတာမယုံရင် သွားကြည့်၊ မဟုတ်ရင် ငါ့ကို ကြိုက်သလိုပြော....

'တစ်လမ်းလုံးလဲ နံလိုက်တာ ဘာနံ့တွေမှန်းမသိဘူး ဒါသာ အမြန်ပြန်လာလို့၊ မလာမျှား မလာရင် ထိုးအန် မလား မသိပါဘူး'

'နင်ကလဲဟာ၊ လူတွေနေတဲ့ရပ်ကွက်ပဲ၊ အဲဒီလောက်အထိ တော့ မပြောပါနဲ့'

'ငါပြောတာ နင့်အတွက်ဟဲ့၊ နင် သောက်ရူးထနေမှာ





စိုးလို့ ပြော[illegible]ပါတော့ အဲဒီလူအကြောင်းများ လာမပြောနဲ့၊ မကြားချင်ဘူး၊ သူ့ မိဘအခြေအနေ သိရတာနဲ့ဘဲ လက်လန်သွားပြီ၊ ဒီကြားထဲ ရန်ဖြစ်နေလိုက်တာ၊ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား၊ ကြောက်စရာ လန့်စရာကြီး'

'တော်ပါတော့ဟာ၊ နင်ပဲ မပြောဘူးဆို၊ တော်ပါတော့'

'နင့်မျက်လုံးတွေကို ငါသိနေလို့ တားနေတာ ယဉ်၊ နို့မို့ဆို အလကား လေကုန်ခံပြီး ပြောမနေဘူး၊ဒီလူ့ကို ဒီလောက် အထိ နင်က အရေးထားနေရအောင် ဘာကောင်မို့လို့လဲ၊ ဘာချီးတစ်ပြားမှလဲ ရှိတာမဟုတ်ဘူး'

'နင်ကလဲဟာ တော်ပါတော့လို့ ဆိုနေ'

မတော်ဘူး၊ ငါ့ကို ကတိပေး'

'ဘာကတိလဲ'

'အဲ့ ဒီလူ့ကို ဒီတစ်သက် မစဉ်းစားပါဘူးဆိုတဲ့ ကတိ'

သူမ တစ်ချက်ငိုင်သွားသည်ကို စု တွေ့သွားပုံရသည်၊

'တွေ....ား.... ဖြစ်နေတဲ့ပုံစံကို၊ ဟွန်း.... မပြောလိုက်ချင် ဘူး၊နင်နဲ့ ငါနဲ့ တော့ မကြာခင် သေခန်းပြတ်ရမယ်ထင်တယ်၊ နင် အဲဒီအကောင်ကို အဆက်ဖြတ်မလား၊ မဖြတ်ဘူးလား ဒါပဲပြော'

'ဟဲ့ ငါနဲ့ သူက ဘာအဆက်အသွယ်မှရှိတာ မဟုတ်ဘူး'

'ဟိုကသက်ရင် နင်က ခွေးလေးအရောင် ပါးလျက် နားလျက် လုပ်နေတယ်မို့လား'

'ဒါကဘာ့ဟာ'

'ဘာ ဒါကတော့လဲ၊ ယဉ်နေ၁်၊ ငါပြောတာ နင် နား မထောင်ရင် နင့်မိဘတွေကို ငါကိုယ်တိုင် သွားတိုင်ပြောမယ်'

'ဟယ်.... စုကလဲ၊ အဲဒီလိုတော့ မလုပ်ပါနဲ့'

'မလုပ်ရင် နင်ဖြတ်၊ သူ့ဆီကဖုန်းလာလဲ စကားပြန်မပြော နဲ့၊ ဒီလို အိမ်ပေါ်ကဆင်းလာတဲ့ ယောကျ်ားဆိုရင် ငါက လုံးဝဝေးသေးဘဲ၊ သူ့ဟာသူ ဘာကြီးပဲဖြစ်ဖြစ် ဂျောင်းပဲ၊ လုပ်မနေနဲ့'

သူမမှာ ပြောစရာစကား မရှိတော့။

သူမ ကြားလိုက်ရသောစကားတွေကြောင့် သူမရင်ထဲမှာ အဓိပ္ပာယ်တစ်ခုခု ပျော်ဝင်သွားသလို ခံစားရသည်။

ဘယ်သို့ခံစားချက်မှန်း သူမ နားမလည်။

စုပြောသလို သူ့ကို မေ့ပျောက်ဖြစ်ဖို့ဆိုတာ လွယ်ပါ့ မလား။

ကံကြမ္မာကလဲ ဘာကြောင့်များ သူနဲ့ သူမကို လာရောက် တွေ့ဆုံခွင့် ပေးထားရတာလဲ၊





သူ့မှာ ရင်ကလေးတစ်ခု ရှိရုံကလွဲပြီး ဘာတစ်ခုမှ မရှိ။

သူမ တစ်သက်လုံး လက်တွဲသွားရမည့် လက်တွဲဖော်ဟာ သူ ဘယ်လိုမှမဖြစ်သင့်ကြောင်း သူမ ခပ်ရဲရဲဆုံးဖြတ်လိုက်ရ၏။

သို့သော်....၊ ဖြစ်ချင်တော့ ထိုညမှာပဲ သူနှင့် သူမ မမျှော် လင့်ဘဲ ဆုံခဲ့ရသည်။

သူသည် သူမရဲ့ခြံထိပ်မှာ သူ့သူငယ်ချင်း အဖော် တစ် ယောက်ကို ခေါ်ပြီး ဂစ်တာတီး၍ သီချင်းလာဆိုသည်။

ပထမတော့ သူမှန်း သူမ မသိ။

သူမ အိပ်ရာ့စဝင်ကတည်းက တစ်ရေးမှအိပ်လို့မရသဖြင့် အိပ်ရာထဲမှ အသာထပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

သူမသည် အိပ်၍မပျော်သော ညတွေတိုင်း ယခုလို လမ်း ထလျှောက်တက်သည့် အကျင့်တစ်ခု ရှိသည်။

ထိုအချိန်မှာပင် သူမအခန်းထဲသို့ ပျံ့လွင့်လာသော လေ နှင့်အတူ သီချင်းသံခပ်သဲ့သဲ့ကို ဝိုးတဝါး ကြားလိုက်ရသည်။

ထိုအသံရှင်ကို မည်သူမှန်း သူမ မသိ။

အခန်းထဲရှိ ဇာခန်းဆီးကို အသာလှပ်ပြီး ခြံဝကိုလှမ်းကြည့် လိုက်တော့ ခြံထိပ်ကအုတ်ခုံမှာ လူနှစ်ယောက် ဂီတာတီး၍ သီချင်းဆိုနေကြသည်ကိုလှမ်းတွေ့ရသည်။

သူမအခန်းနှင့် ခြံထိပ်က သိပ်မဝေးလှသောကြောင့် ခြံထိပ်နှင့် မီးသီးရောင်ကျင်ကျင်ကလေးကြောင့် သီချင်းလာဆိုသော သူနှစ်ယောက်ကို ထင်းခနဲတွေ့လိုက်ရသည်။

ဟင်.... သူ.... မောင်မင်း....။

သူမ အလွန်အမင်း အံ့ဩသွားသည်။

သူမအိမ်ရှေ့မှာ အခုလို ညကြီးအချိန်မတော် သီချင်းလာဆိုလိမ့်မည်ဟု လုံးဝမထင်ခဲ့။

သူတို့ဆိုနေသည့် သီချင်းကလဲ လေးဖြူရဲ့ 'အသည်းကွဲသီချင်း'။

ထိုသီချင်းကို သူမ အလွန်နှစ်ခြိုက်လွန်း၍ တစ်ခွေလုံးကို တစ်ပုဒ်တည်းသာ သွင်းထားခဲ့သည်။

သူ့အသံသည် လေးဖြူအသံလိုလို၊ ဇော်ဝင်းထွဋ်အသံလိုလိုနှင့် အက်ကွဲရှသော အသံမျိုးပေါက်နေသည်။

သီချင်းသံကတော့ ခပ်ရေးရေးမျှသာ ကြားသည်။

သူသည် သူမအခန်းကိုမော့ကြည့်လိုက်၊ ဂီတာတီးလိုက်၊ သီချင်းဆိုလိုက်ဖြင့် ခံစားချက်အပြည့်ဖြင့် သီဆိုနေသည်။

သူမကလဲ သူ့ကို ခန်းဆီးကွယ်ပြီး အကြည့်၊ သူကလဲ အပေါ်ထပ်ကို မော့အကြည့်နှင့် တန်းတိုးသွား၏။





'ဟင်'

ဒါကြောင့် သူမလက်ထဲမှ ခန်းဆီးကို ပြန်ချပြီး ပြတင်း ပါက်မှ ခွာလိုက်သည်။

အခန်းထဲမှ မီးရောင်ခပ်လဲ့လဲ့ထွန်းထားသည်ကို ဖျတ်ခနဲ မ်းပစ်လိုက်သည်။

သူ ထင်ချင်သလိုသာ ထင်ပါတော့ကွယ်။

စုံထံမှ သိခဲ့ရသော သူ့မိဘအခြေအနေတွေကြောင့် သူ့ကို မနှလုံးသားထဲမှ ထုတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ။

သူကတော့ ဖီလင်အပြည့်ပါသော သီချင်းတွေကို တစ်ပုဒ် း တစ်ပုဒ် ဆိုနေသည်။

သူမ အိပ်ရာထဲမှာ အသာလှဲအိပ်နေပေမယ့် သူမ မအိပ် န်း သူ သိနေသလိုပါဘဲ။

ကျွန်မ ဘာလုပ်ရမလဲ မောင်မင်းရယ်။

ရှင့်ကို ကျွန်မနှလုံးသားထဲကနေ အတင်းဇွတ်ဆွဲထုတ်ပစ်ခန တာ ရှင်သိရင် ရှင် ဘယ်လိုခံစားရမလဲ.... ဟင်...။

ရှင့်ကိုမေ့နိုင်အောင် ကြိုးစားလေ.... ကျွန်မစိတ်က ရှင့်ဆီ ကိုပဲ ရောက်လေဆိုတာ ရှင်မသိပါစေနဲ့။ ရှင်မရိပ်မိပါစေနဲ့....

ကျွန်မ ရှင့်ကိုချစ်ဖို့နဲ့ ကျွန်မဘဝအတွက် လက်တွဲဖို့အဖေ
အဖြစ် ဘယ်တော့မှရွေးချယ်မှာ မဟုတ်ပါဘူး၊

ကျွန်မကိုခွင့်လွှတ်ပါ မောင်မင်းရယ်၊

သွားတော့ မောင်မင်း.... သွားပါတော့....

သူမ သူ့ကို အတင်းမောင်းထုတ်ပစ်ပြီး အိပ်ပျော်အော
ကြိုးစားအိပ်လိုက်သည်။

သို့သော်.... သူ့သီချင်းသံတွေက သူမအခန်းထဲသို့ ပျံ့လွ
လာဆဲ ဖြစ်၏။

* * *



## အခန်း (၁၇)

'ဟော့ကောင် ဖိုးလ.... ဟော့ကောင်....၊ ဟာ.... ဒီကောင် အိပ်ပုပ်ကလဲကြီးလိုက်တာ၊ နှိုးလို့တောင်မရပါလား'

သူက ဖိုးလကိုယ်ကို လက်နှစ်ဘက်ဖြင့် အတင်းပုတ်နှိုးလိုက်တော့မှ ဖိုးလက 'အင်း.... အင်း အဲ့....အဲ့'ဖြင့် အိပ်ချင်မူးတူး ထလာသည်။

'ဘာလဲကွာ၊ မင်းကလဲ စောစောစီးစီး'

'ဘာ စောစောစီးစီးလဲ၊ အချိန်လဲပြန်ကြည့်ဦး၊ ရှစ်နာရီ တောင် ထိုးနေပြီ....

'ဒီမယ် ဖိုးလ၊ မင်းကို ငါသတင်းထူးပြောစရာရှိလို့ နှိုးပြောတာကွ၊ ငါပြောတာနားထောင်၊ တယ်လဲအိပ်မနေနဲ့ဘော့.... ထဝေါ့'

'အေးပါ၊ ပြော....ဘာလဲ'

'ငါ အခု ဘယ်ကပြန်လာတယ်ထင်လဲ'

'ဘယ်သိမလဲကွာ၊ ငါအိပ်နေတဲ့ဥစ္စာ'

'ယဉ်ဆီကကွ၊ ယဉ်ဆီကပြန်လာတာ'

'ဟေ.... ဘယ်လို၊ စောစောစီးစီး သူ့ဆီသွားတယ် ဟုတ်လား'

'ငါပြောလိုက်ရင် မင်းမျက်လုံးတွေ ပြူးပြီးပြူးကျယ်သွားမယ်၊ ငါသွားတာ ယဉ်ဆီကိုတော့ဟုတ်တယ်၊ ဒါပေမယ့် သူတို့အိမ်အကြောင်း သိတယ်မို့လား၊ ငါ့အခြေအနေနဲ့ ဒီပုံစံနဲ့ လုံးဝ ဝင်ဖို့လွယ်မှာမဟုတ်ဘူး၊ ဒါကြောင့် ယဉ်တို့အိမ်မှာရှိတဲ့ ယဉ်အဒေါ်ဆိုတဲ့ မိန်းမကြီးကို အပိုင်သွားပေါင်းတာ'

'ဟေ.... ဘယ်လိုပိုင်တာလဲ'

'ငါတို့က ဒါမျိုးဆို ပိုင်တယ်လေကွာ၊ သိတယ်မို့လား၊ အဲဒီ မိန်းမကြီးက မနက်ခြောက်နာရီခွဲလောက်ဆို နေ့တိုင်း ဈေးသွားနေကျ၊ ငါ လေးငါးရက်လောက်ကတည်းက အခြေ





နေကို လေ့လာပြီးသွား၊ ဒီမိန်းမကြီးကို အပိုင်ပေါင်းရင် ဉ်ဆီဝင်ဖို့ လွယ်မှာပဲဆိုတာ ငါသိလိုက်တယ်....

'သူ့နာမည် ဒေါ်ပွင့် ဆိုလားပဲ၊ သူ မနက်ဈေးသွားတိုင်း ဲ့ မျက်နှာချင်းဆိုင်တိုးမိအောင် လုပ်ရတယ်၊ လေးငါးရက် က်မှန်းတန်းမိတော့မှ ငါလဲ မပြုံးချင်ပြုံးချင်နဲ့ ပြုံးပြလိုက်ရ ယ်....

'စကားရောဖော်ရောလုပ်ပြီး.... 'အဒေါ် ဘယ်သွားမလို့ ဘာတွေဝယ်မှာလဲ၊ ကျွန်တော်ကူဆွဲပေးရမလား'ဘာလား ါ၊ ဒေါ်ပွင့်ဆိုတဲ့အမျိုးသမီးကြီးက ပေါင်းရတာ အတော် ယ်တယ်ကွ....

'အဲဒါနဲ့ငါလဲ သူဈေးဝယ်သလို လိုက်ဝယ်တယ်၊ ဟိုဟာ လးဝယ် ဒီဟာလေးဝယ်ပေါ့၊ ဒေါ်ပွင့် ကျေနပ် သွားတော့ ါ့ငါ့ကိုမေးတယ်၊မင်းဘယ်သူလဲ၊ ဘယ်ကလဲ၊ ငါကလဲ ပြန် ဖြေလိုက်ပါတယ်၊ အဒေါ့်တူမ ရှုတိုင်းယဉ်ရဲ့ သူငယ်ချင်း ါလို့'

'ဟာ....မင်းကတော့ အပီကို ရိုက်ချလိုက်တာဘဲ'

'အေး....ဒီနေ့တော့ ဘာပြောကောင်းမလဲ၊ ဒေါ်ပွင့် ဈေးသွားကတည်းက ဒေါ်ဖွင့် ကျလောက်မယ့် စကားချိုး တွေနဲ့ တစ်လမ်းလုံး စည်းရုံး သိမ်းသွင်းခဲ့တယ်၊ သူ့ ဈေးခြင်း

တောင်းကိုလဲ ငါ့ကိုင်ပေးခဲ့တယ်၊ ဈေးထိပ်က လက်ဖက်ရည်
ဆိုင်မှာ လက်ဖက်ရည်နဲ့ မုန့်တောင် ကျွေးလိုက်သေးတယ်....

'ဟ....ငါက သူ့တူမသူငယ်ချင်းလို့ပြောထားတာဘဲ၊ စာ
တာပေါ့၊ လက်ဖက်ရည်တော့မသောက်ပါဘူး၊ ငါ့ကို အားနာ
လို့တဲ့၊မုန့်ဟင်းခါးပဲစားတယ်၊ ငါတော့ ဒီမိန်းမကို ရဖို့အရေ
စိုက်ငွေက မနည်းဘူးဖိုးလ၊ ငါ့အတွက် ပြန်ရရင်ရ မရရ
တော့မလွယ်ဘူးဘဲ'

'အေး....မင်းစကား ဆက်ပြောဦး၊ အဲဒါနဲ့'

'ဘာရမလဲ.... ငါပဲ၊ သိတယ်မို့ လား၊ မောင်မင်
အကြောင်း၊ ငါ့ ဒဿနတွေကို အပြတ် ရှီးဖြန်းလိုက်တော
တဟင်းဟင်းနဲ့ သဘောတွေကိုကျလို့၊တူမလေးကို မင်းနဲ့ တွေ့
တဲ့အကြောင်း ပြန်ပြောလိုက်ပါမယ်၊ အိမ်လာလည်လို့
ပါတယ်၊ အချိန်မရွေး ဝင်ထွက် သွားလာပေါ့တဲ့၊ ကဲ....ဖိုးလ
ဘယ်လောက် ဟန်ကျလိုက်ပြီလဲ သိပြီလား'

'မင်း အစွမ်းအစကို ငါယုံပါတယ် မောင်မင်းရာ၊ ဒါနဲ့ဘ
မင်းကသူ့အိမ်အထိ ဝင်တော့မယ် ဆိုပါတော့'

'အေး ဒီနေ့တော့ချက်ချင်း မသွားသေးဘူး၊ မနက်ဖြန်
လောက်ဖြစ်ဖြစ် အခြေအနေကြည့်ပြီး လစ်မယ်၊ ငါလာမယ်
ဆိုတာ လုံးဝမသိစေရဘူး၊ သူ့ဆီ ငါဝင်တဲ့အချိန်မှာ လုံးဝ
အံ့ဩတနန်း ဖြစ်သွားစေရမယ်....





သူ့နှလုံးသားထဲက အချစ်ရည်တွေ အားလုံး ငါ့ထံမှာ
ပျော်ဝင်စေရမယ်၊ ငါကလွဲပြီး ဘယ်လို လူစားမျိုးကိုမှ သူ
စ်လို့မရအောင် ငါ့အစွမ်းအစကို ပြရမယ်၊ ငါ့ လုပ်ရပ်ကို
င်း စောင့်ကြည့်ပေတော့ ဖိုးလ၊ ကြည့်နေပေတော့'

ဖိုးလက သူ့အပြောကို ခေါင်းတညိတ်ညိတ်ဖြင့် သဘော
ကျစွာချယ်သည်။

သူကတော့ သူ့ခွင်ချထားသည့် စည်းစိုင်းဘောင်ထဲသို့ နှ
င်းယဉ်ဆိုသော မိန်းမချောလေးကို မဝင်ဝင်အောင် အပိုင်
က်သွင်း ယူရတော့မည်။

ကျွန်တော်တို့ နှစ်ယောက်ပွဲက သိပ်လှ သွားလိမ့်မယ် ရှု
င်းယဉ်။

* * *

## အခန်း (၁၈)

'ရှင်....ဒေါ်ကြီး၊ ဒေါ်ကြီး ခုနက ဘာပြောလိုက်တ
လဲဟင်၊ သမီးကြားလိုက်**တဲ့**စကား ဟုတ်မှဟုတ်ရဲ့ လားလို

ဒေါ်ကြီးက ဈေးမှ ပြန်ရောက် ရောက်ချင်း လမ်းမှ
သူမရဲ့ သူငယ်ချင်း မောင်မင်းဆိုသူနဲ့ တွေ့ခဲ့ရကြောင်း၊ မော
မင်းနှင့် ခင်ခဲ့ကြောင်းတွေကို ပြောပြသဖြင့် သူမ မယုံနို
လောက်အောင် ဖြစ်နေသည်။

'ဩ....သမီးကလဲ ဒေါ်ကြီးပြောရတာ မောတယ်ကွယ
ဈေးသွားလို့ မောရတဲ့အထဲ၊ ပြောတော့ဖြင့် သေသေချာချ
နားမထောင်ဘူး'





'ဒေါ်ကြီးမောရင် သမီးရေခပ်ပေးပါ့မယ်၊ ရေသောက်ပြီး ပြန်ပြောပြနော်'

'အေး....အေး'

သူမက ရေအိုးစင်မှ ရေတစ်ခွက်ကို ကပျာကယာ ခြေးခပ်ပေးသည်။

ဒေါ်ကြီးက သူမလှမ်းပေးသော ရေခွက်ကို တရှိန်ထိုး မော့သောက်၏။

ရေသောက်ပြီးတော့မှ တစ်လုံးချင်း အေးဆေးစွာ ပြော၏။

'သမီး သူငယ်ချင်းထဲမှာ မောင်မင်း ဆိုတဲ့သူ မရှိလို့လား'

သူမ ရုတ်တရက်မို့ အဖြေရခက်သွားသည်။

သူမထံကို သူ ချဉ်းကပ်ဖို့အတွက် သူမ အိမ်ကလူကြီးတွေကို နည်းတစ်မျိုးဖြင့် ဝင်စည်းရုံးနေမှန်း သူမ သိသွားပြီ။

ဒီနေရာမှာ သူ့အား သူမ သူငယ်ချင်း မဟုတ်ပါဘူးဟု ငြင်းလိုက်လျှင် ဒေါ်ကြီးပွင့်က အိမ်ကို ပြန်ပြောတော့မည်။

သူမ မိဘတွေနှင့်အကြီးအကဲ့ယ် ထိပ်တိုက် တွေ့ကြမည်။

မဖြစ်....လုံးဝမဖြစ်။

'ရှိ....ရှိပါတယ် ဒေါ်ကြီးရဲ့၊ ဟို....သူ့ပုံစံက ဒွေးတို့လို ပုံစံမျိုးလေ၊ အသားလဲ သိပ်မဖြူဘူး၊ အရပ်တော့ ရှည်ပါတယ်၊ ဒါပေမယ့် ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်၊ မျက်နှာပေါက်....'

'အမယ်လေး....တော်ပါတော့ရှင်၊ ကျုပ်နဲ့ တွေ့ခဲ့ပြီးလို့ မြင်ခဲ့ပြီးပါပြီ၊ သမီးနဲ့သူငယ်ချင်းဆိုတယ် ဒီအိမ်လဲ တစ်ခါမှ လာဖူး မတွေ့ဖူးပါဘူး၊ ဘယ်တုန်းက ခင်တဲ့ သူငယ်ချင်းလဲ၊ ကျောင်းကလား'

'အင်း....အဲ....မ....မဟုတ်ပါဘူး.... ဒေါ်ကြီး၊ ကျူရှင်.... ဟုတ်တယ်....ကျူရှင်တက်တုန်းက ခင်ခဲ့တဲ့သူ'

သူမ ခပ်တည်တည်ဖြင့် လိမ်ပြောလိုက်ရသည်။

'ဟုတ်မှာပါ၊ ညည်းအကြောင်း ဘူ ပြောလိုက်တာမှရှုန်းရှုန်းဝေနေတော့တာဘဲ၊ ကောင်လေးက မဆိုးပါဘူး၊ ပုံစံကတော့ လေလွင့်လူငယ် စတိုင်ပဲ၊ သဘောလဲ ကောင်းမယ့် ပုံစံလေးပါ....

'ကျုပ်ကိုများ သူ့ဆွေမျိုး တစ်ယောက်လိုပဲ ခင်နေလိုက်တာ၊ ဈေးခြင်းတောင်း ကိုင်ပေးရတာနဲ့ မုန့်ဝယ်ကျွေး ရ တာနဲ့၊ ကျုပ်ကဘာမှ မစားပါဘူးလို့ အတင်းငြင်းလဲ မစား





ချင်း ခေါ်နေ[illegible]တယ်၊ အဲဒါနဲ့ ကျုပ်လဲ အားနာနာနဲ့ းလိုက်ရတယ်'

'ဟင်....သူက ခေါ်ကြီးကို မုန့်လိုက်ကျွေးတယ်'

'အေးတော့၊ ကြိုက်တာစားပါတဲ့၊ လူကြီးမို့လို့ ကုသိုလ် လုပ်ချင်လို့တဲ့၊ ပြီးတော့ ဒီနေ့ကလဲ သူ့မွေးရက် စနေနေ့ မို့လို့ အလှူ လုပ်တာပါတဲ့လေ၊ သူက ဒီလောက် ခေါ်နေမှ ကျုပ်ကငြင်းတော့ ဘယ်ကောင်းမလဲအေ၊ အားနာစရာကြီး၊ ပြီးတော့ ကျုပ်ဘူမ သူငယ်ချင်းမို့လို့ ကျုပ်ကရဲရဲတင်းတင်း းရဲဘာပေါ့'

'ပြီးတော့....ပြီးတော့ သူ ဘာတွေပြောသေးလဲ ဟင်'

သူမက အသံတုန်တုန်ဖြင့် မရဲတရဲ မေးလိုက်သည်။

'မပြောရှာပါဘူး၊ ကျုပ်ကသာ တစ်လုတ်စားဖူး သူ့ ကျေးဇူးဆိုတဲ့ စကားအတိုင်း အားနာလို့ အိမ်လေးဘာလေး လာလည်ပါဦးလို့ ခေါ်လိုက်တယ်'

'ဟင်....လာမယ်တဲ့လား'

သူမရင်တွေ ဘာကြောင့်မှန်းမသိဘဲ လှိုက်ခနဲ ခုန်သွား သည်။

သူ ဘာကယ်လာရင်တော့ ဖေဖေနဲ့အရင်ဦးဆုံးတွေ့တော့ မှာဘဲ။

'မပြောပါဘူးသမီး၊ လာမယ် မလာဘူး ဘာမှမပြော သွားရှာပါဘူး၊ အခုဘလော သူ အလုပ်တွေများနေလို့ဘ မှမသွားနိုင်သေပါဘူးတဲ့....

'အခုတောင် ဈေးနားကမိတ်ဆွေတစ်ယောက်ဆီလာရ ဒေါ်ကြီးနဲ့တွေ့လို့ လာနှုတ်ဆက်တာတဲ့....

'ဒေါ်ကြီးဖြင့်သူ့ကိုဒီနေ့အထိ တစ်ခါမှမတွေ့ဖူးပါဘူ သူက ဒေါ်ကြီးကိုသိနေတာဘဲ အံ့သြလို့မဆုံးဘူး၊ ကဲ.... သမီး၊ ဒေါ်ကြီးနဲ့ဆိုင်းလုပ်ပေးတော့၊ ဟင်းချက်နောက် နေဦးမယ်'

'ဟုတ်ကဲ့....ဒေါ်ကြီး'

သူမ ဒေါ်ကြီးဝယ်လာသော ဈေးဆွဲခြင်းထဲမှဟင်းလျ တွေကို ဆန်ခါထဲသို့ တစ်ခုပြီးတစ်ခုထည့်ရင်းသူ့အကြောင် တွေးမိသည်။

သူဘာဖြစ်လို့ ဒေါ်ကြီးဆီကို ချဉ်းကပ်ရတာလဲ။

ပြီးတော့ သူနဲ့ငါဟာ သူငယ်ချင်းတွေမဟုတ်ဘဲနဲ့ ဘ ကြောင့် သူငယ်ချင်းလို့ပြောရတာလဲ။

သူ့လုပ်ရပ်ကို ငါစဉ်းစားလို့မရတော့ဘူး။

အင်း....ဒါပေမယ့် သတိတော့ထားရမယ်။





ဒီပုံစံဆို ငါ့ဆီကို မဖြစ်မနေ သူလာတော့မှာဘဲ။

သူလာခဲ့ရင်ရော ဘယ်လိုပုံစံနဲ့ငါ့ဆီကို လာမှာလဲ။

မောင်မင်း....

ရှင် ကျွန်မနှလုံးသားကို ချူစားဖို့ သက်သက်ရောက်လာ တဲ့ သူမဖြစ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့....

* * *

# အပိုင်း (နှစ်)

## အခန်း (၁)

ဒ်နေ့ အောင်ကြီးချိန်ဆိုသောသူကို တိကျသော အဖြေ
ခုပေးမည်ဟု ကတိပေးထားသောနေ့ ဖြစ်သည်။

သူသည် ညက သူမထံသို့ ဖုန်းဆက်သည်၊

မနက်မိုးလင်း အိပ်ရာနိုးသည်နှင့် သူမထံသို့အစောကြီး
က်လာမည်ဟုပြောသဖြင့် သူ့အလာကို သူမ ထိုင်စောင့်
ခဲ့သည်။

သူကလည်း သူမတစ်ညလုံးအိပ်လို့မရခဲ့၊

သူမိဘတွေက သူနှင့်သူမတို့ ဒီသဆဲမှာ အမြန်ဆုံးလက်ထပ်

ပေးဖို့အတွက် နှစ်ဖက်မိဘတွေ စကား ကမ်းလှမ်းခဲ့ပြီးပြီဟု ပြောလာသည်။

'သူ့ကိုသူမ လုံးဝမငြင်းရ'

ဟု ဖေဖေ့ထံမှတစ်ခွန်းတည်းသောအမိန့်အာဏာဆန်သည့် စကားကို ကြားခဲ့ရသည်။

သူမမိခင်ကတော့ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ဖခင်တစ်ဦ တည်း၏ဆန္ဒကိုသာ ရှေ့တန်းတင်ဦးစားပေးတတ်သည်။

သူမမှာ သူ့ကိုပေးဖို့ အဖြေက အဆင်သင့်ရှိပြီးသား ဖြ နေပါပြီ။

မိဘနှစ်ပါး၏စကားကို တစ်ခွန်းမှ ငြင်းပယ်ခွင့်မရှိသေ သမီးအလိမ္မာတစ်ယောက်အနေဖြင့် သူ့ကိုသာ သူမ ရွေးချယ ရလိမ့်မည်။

ပြီးတော့ သူ့စိတ်ကို တစ်လ နှစ်လအတွင်းမှာ သူမ လေ လာချဉ်းကပ်ခဲ့ပြီးပါပြီ။

သူသည် အင်မတန် တည်ကြည် လေးစားစရာကောင် သောလူကြီးလူကောင်းတစ်ယောက်ဖြစ်၏။

စကားပြော တိကျသည်။ သမ္မာသမတ်ကျသည်။ စည်းစနစ် ရှိသည်။

သူ့အတ္တကိုရှေ့တန်းတင်သူမဟုတ်၊လောဘမွေ့ကာလဲအလွန် နည်းသည်၊





ဒေါသဖြစ်လွယ်သူမဟုတ်သလို သူမနှင့်ပတ်သက်လာလျှင် အလွန်စိတ်ရှည်သည်းခံသူဖြစ်သည်။

အစစအရာရာ နားလည်ခွင့်လွှတ်နိုင်ပြီး သဘောထားကြီး တတ်သူလဲဖြစ်၏။

သူ့စီးပွားရေးကိစ္စတွင်လဲ သူ့မိဘက မျက်နှာလွှဲထားရ လောက်အောင် ကျွမ်းကျင်လိမ္မာပါးနပ်သူဖြစ်သည်။

သူ့လက်အောက်ငယ်သားတွေကအစ သူ့ကို ရိုသေလေး စားကြသည်။

တန်ဖိုးထားခင်တွယ်ကြသည်။

သူမ လေ့လာချဉ်းကပ်ခဲ့ရသူမှာ သူမသည်းမခံနိုင်လောက် သောစရိုက်မျိုးတစ်ခုမှ မတွေ့ခဲ့ရပါ။

နောင်တွင်တော့ သူမ မသိ။

ယခုအချိန်မှာတော့ သူဟာ သူမအတွက် အကောင်းဆုံး သက်တွဲဖော်အဖြစ် လက်တွဲထိုက်သော ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်ဖြစ်သည်။

သို့သော်....ခက်တာကသူ့ကို သူမ စွဲစွဲလမ်းလမ်းနှင့်နှစ်နှစ် ကာကာချစ်မြတ်နိုးခြင်းမရှိတာဘဲဖြစ်၏။

သူမဘဝမှာ ဆင်းရဲခြင်းဆိုတာ ဘယ်လိုအရာမှန်း သူမ မသိခဲ့၊ နားမလည်ခဲ့။

သူမ လူစဖြစ်ကတည်းက ဘဝရဲ့အမြင့်မားဆုံး အထွတ်အထိပ်ဆိုတာတွေမှာဘဲ နေခဲ့ စားခဲ့ ဝတ်ခဲ့ရသည်။

ချမ်းသာကြွယ်ဝမှုကိုမှခုံမင်တွယ်တာတတ်သော သူမအဖို့သူ့လိုလူမျိုးကိုသာ လင်ယောကျ်ားအဖြစ် ရွေးချယ်ရမည် ဖြစ်သည်။

သူသည် သူမဘဝရဲ့လိုအပ်ချက်ဆန္ဒမှန်သမျှအားလုံး ဖြည့်ဆည်းပေးနိုင်သောသူ ဖြစ်၏။

သူ့အဆင့်အတန်းနှင့် ကိုယ့်အဆင့်အတန်း ထပ်တူထပ်မျှဖြစ်နေသရွေ့ အရာအားလုံးဟာ အဆင်ပြေချောမွေ့မှု ဖြစ်မည်ဟု သူမ နားလည်လက်ခံထားသည်။

ဒါကြောင့် သူ့ကို သူမလက်ထပ်ဖို့ မျက်လုံးအစုံမှိတ်ပြီး ရွေးချယ်လိုက်ခြင်းဖြင့်၏။

ဒါဖြင့်....မောင်မင်းဆိုတဲ့ သူကိုရော....

ဟင့်အင်း....သူနဲ့ကျွန်မ လုံးဝမဖြစ်နိုင်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝနဲ့သူ့ဘဝက ထပ်တူထပ်မျှမှမကျဘဲ။

သူဟာ ကျွန်မနှလုံးသားကို အရည်ပျော်ကျအောင် နည်းလမ်းအမျိုးမျိုးဖြင့် ပုံသွင်းဆွဲဆောင်နေတဲ့ ယောကျ်ားတစ်ယောက်။

သိန်းမင်းစာပေ



သူ့ကို ကျွန်မချစ်ချစ်အောင် သူ့စကားလုံးတွေနဲ့ စည်းရုံးသိမ်းသွင်းပြီး သူ့ခွင်ထဲဝင်အောင် အပိုင်ရိုက်သွင်းနေတဲ့ ယောကျ်ားတစ်ယောက်....။

ဒီလိုလူမျိုးကို ကျွန်မချစ်ခဲ့လျှင် ကျွန်မဘဝက သူ့ခွင်ထဲကို ပုံကျကျခင်ရောက်သွားတော့မှာပေါ့။

ဘဝတစ်လျှောက်လုံး စည်းစိမ်ဥစ္စာအပြည့်စုံနဲ့ ချမ်းသာကြွယ်ဝခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ထပ်ပြီး ချမ်းသာဖို့ပဲ အလိုရှိကြပါတယ်။

ဆင်းရဲခြင်း၊ မပြည့်စုံခြင်းဆိုတဲ့ ဘဝထဲကို ဘယ်လိုမိန်းမသားမျိုးကမှ အရောက်ခံကြမှာ မဟုတ်ပါဘူး။

သူ့ကို ကျွန်မစိတ်ဝင်စားခဲ့တာ မှန်တယ်၊ ချစ်ခဲ့မိတယ်ဆိုရင် မှန်သင့်သလောက် မှန်သွားလိမ့်မယ်။

ဒါပေမယ့်.... သူ့ကို သူသိရှင်ကြား လက်ထပ်ယူဖို့ တော့ ကျွန်မ လုံးဝသတ္တိမရှိဘူး။

ရဲရင့်တက်ကြွတဲ့စိတ်မျိုး ကျွန်မမှာမရှိဘူး။

ကျွန်မနဲ့ဝေးရာကို ပြေးထွက်သွားဖို့သာ ရှင် ကြိုးစားပါတော့ မောင်မင်းရယ်။

ကျွန်မကို ခွင့်လွှတ်ပါ....

သိန်းမင်းစာပေ

ကျွန်မဘဝတစ်ခုလုံးရဲ့ လိုအပ်တဲ့ဆန္ဒမှန်သမျှ ဖြည့်စွမ်းပေးနိုင်တဲ့သူဟာ ရှင် ဘယ်တော့မှဖြစ်လာမှာ မဟုတ်တော့ပါဘူး။

'ယဉ်လေး....'

'ဟင်'

သူမတွေးနေစဉ် သူမအနားသို့ ရုတ်တရက်ရောက်လာသော သူ့ကြောင့် သူမအတွေးစတွေ ဖျတ်ခနဲလွင့်ပြေးသွားသည်။

'စောင့်နေတာကြာပြီလား ယဉ်လေးရယ်၊ ဖေဖေတို့ရော မရှိကြဘူးလား'

သူက ဖေဖေ့ကို အန်ကယ်ဟုခေါ်နေရာမှ ဖေဖေဟု ပြောင်းခေါ်ခဲ့တာ ကြာပါပြီ။

'ဖေဖေ ဂေါ့(ဖ်) သွားရိုက်တယ်၊ မေမေက ပျင်းလို့တဲ့လေ၊ ဖေဖေနဲ့ အဖော်လိုက်သွားတယ်'

'ယဉ်လေးက ကိုကို့ကို စောင့်နေတယ်ပေါ့နော်'

'ဟုတ်ကဲ့၊ ပြောစရာရှိလို့ပါ'

'ကိုကို့မှာလဲ ပြောစရာတွေ အများကြီးပဲ ယဉ်လေး၊ ခေါ်ကြီးရေ အိမ်ထဲမှာလား'

'ဟုတ်တယ်၊ သူစားဖို့ ထမင်းဟင်း ချက်နေတယ်'

သိန်းမင်းစာပေ



'ခေါ်ပြန်ပြီ ...ဒီသူ'

'အဖြေပေးပြီးရင် ကိုကိုလို့ခေါ်မယ် ပြောထားတာပဲ'

'ဒီခနေ့ အဖြေပေးရမယ့်နေ့နော်'

'သိပါတယ်ရှင်'

'အခုပြောတော့လေ၊ ကိုကိုကြားချင်လှပြီ ယဉ်လေးရယ်၊ ...က ကိုကို အိပ်မရတာနဲ့ မေမေက ကိုကို့ကို စပြီးပြောသေး...ယ်၊ မေမေ့သားလေး စိတ်ချမ်းသာရမှာပါတဲ့၊ ဟုတ်လား...င်'

'ကလေးကျနေတာပဲ၊ သူ့ကိုကြည့်ပြီး ရယ် ချင် လာ ပြီ...လား'

'တကယ်ပါ ယဉ်လေးရဲ့၊ မယုံရင် ကိုကို့ရင်တွေ စမ်းကြည့်...မ်း'

သူက ပြောပြောဆိုဆို သူမလက်ကလေးကို ဖျတ်ခနဲ လှမ်း...ပြီး သူ့ရင်ဘတ်ပေါ်သို့တင်ရင်း စမ်းစေလိုက်သည်။

အိုး.... ဟုတ်ပါရဲ့၊ သူ့ရင်တွေ တအားခုန်နေတာပါလား။

သူရင်ခုန်သလို သူမကလဲ ရင်အခုန်မြန်နေသလိုလို ဘာလို...လို့နဲ့၊ အို.... ဘယ်လိုကြီးဖြစ်နေမှန်း မသိပါဘူး။

သိန်းမင်းစာပေ

သူ့ကိုအဖြေပေးခါနီးမှ မောင်မင်းဆိုတဲ့ လူရဲ့မျက်နှာကိုလဲ ထပ်တလဲလဲ မြင်ယောင်နေမိပြန်သည်။

ဘယ်သို့ဖြစ်တာပါလိမ့်နော်။

သူမသည် သူမစိတ်ကူးထဲရောက်လာသော မောင်မင်းကို စိတ်ကူးထဲကနေ အတင်းမောင်းထုတ်ပစ်လိုက်ရသည်။

အို.... ရင်တွေလဲခုန်၊ ကြောက်လဲကြောက်နဲ့၊ လူတစ်ကိုယ်လုံး မြေမျိုခြင်းခံနေရသလို ရုပ်ပျက်ဆင်းပျက် ခံစားနေရပါလား။

'ယဉ်လေး'

'ဟင်.... ရှင်'

'ဘာတွေတွေးနေတာလဲ ယဉ်လေးရယ်၊ ယဉ်လေးကို ကိုကို ကြည့်နေတာ ကြာလှပြီ၊ ယဉ်လေးမျက်လုံးတွေက တစ်ခုခုကို လွမ်းဆွတ်နေသလိုဘဲ၊ ရီဝေဝေဖြစ်နေတယ်၊ ကိုကိုပြောတာ မှားသွားရင် ခွင့်လွှတ်နော်'

'ဟင့်အင်း၊ ကျွန်မ ဘာမှမဖြစ်ပါဘူး'

သူမ အတင်းဟန်ဆောင် ကာကွယ်ရင်းပြောလိုက်သည်။

'မဖြစ်ရင်လဲ ပြီးတာပါပဲလေ၊ ကဲ.... ဒါဆို ကိုကိုနဲ့ ယဉ်လေး တစ်နေရာရာမှာ မုန့်စားရင်း စကားသွားပြောကြ ရအောင်၊ ယဉ်လေး လိုက်မယ်မို့လား'

သိန်းမင်းစာပေ



'ဟုတ်ကဲ့၊ လိုက်ခဲ့ပါ့မယ်၊ ခဏနော်၊ ကျွန်မ အဝတ်အစား လဲလိုက်ဦးမယ်'

သူပြောတာကို သူမ အလျှင်စလို လက်ခံလိုက်ခြင်းကလဲ သူမစိတ်တွေက အလွန်တွေဝေနေသည်။

တစ်နေရာကို အာရုံပြောင်း၍သွားခြင်းအားဖြင့် တွေဝေနေသော စိတ်တွေက အလိုလိုထိန်းချုပ်မိလျက်သား ဖြစ်နိုင်သည်။

သူမက ဒေါ်ကြီးပွင့်ကို 'တစ်နေရာမုန့်သွားစားမည်' ဟု ပြောပြီးအလွယ်တကူ ဝတ်၍ရသော အဝတ်အစားတစ်စုံကို လဲလိုက်၏။

သူမနှင့်လိုက်သော အင်္ကျီ၊ သူဝတ်ထားသောအဝတ်အစားနှင့် လိုက်ဖက်မည့် အဝတ်အစားကို ရွေးဝတ်လိုက်ခြင်း ဖြစ်သည်။

သူသည် ဒီနေ့တော့ တည်ကြည်ခံ့ညားသော လူကြီးတစ်ယောက်ပုံစံမျိုး ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ထားသည်။

ကော်လံကတုံး လက်ရှည်အဖြူနှင့် ဆိပ်ခွံပုဆိုး နက်ပြာရောင် အကွက်စိပ်ကလေးတွေပါသော လုံချည်ကို တွဲဝတ်ထားသည်။

ဒါကြောင့်လဲ သူမက မြန်မာဆန်သော နုသည့် ပါတိတ်ဝမ်းဆက် မြန်မာအင်္ကျီလှက်စကကို ရွေးဝတ်လိုက်သည်။

သိန်းမင်းစာပေ

သူမမျက်နှာ ပေါင်ဒါမှုန့်ကလေးတစ်ချက်နှစ်ချက် ရိုက်လိုက်တာကလွဲ၍ ဘာမှမလုပ်ဖြစ်။

နှုတ်ခမ်းနီကိုလဲ ချယ်ရီရောင်ပါတိတ်နှင့် လိုက်ဖက်အောင် ခပ်ဖျော့ဖျော့ဆိုးထားသည်။

သူမ အဝတ်အစားလဲပြီးဆင်းလာတော့ အောက်ထပ်မှတက်လာသောဒေါ်ကြီးနှင့် လှေခါးရင်းမှာဆုံဖြစ်ကြ၏။

'သမီး....ဖုန်းလာနေတယ်၊ သွားကိုင်လိုက်ဦး'

'ဟင်....ဘယ်ကဖုန်းလဲ ဒေါ်ကြီး'

'ဟို ကောင်လေးဆီက'

'ဟင်'

သူမ လှေကားပေါ်မှ ပြုတ်မကျသွားရုံတမယ် အံ့သြသွားသည်။

'သမီးရှိဘယ်လို့ပြောလိုက်သား ဒေါ်ကြီး'

'ဩော်....ပြောတာပေါ့၊ ညည်း သူငယ်ချင်းပဲ၊ မပြောလို့ကောင်းပါ့မလား'

ဒုက္ခပါပဲ....

သူမ ဘာလုပ်ရမှန်းမသိတော့။





'သွားပြောလိုက်ပါအေ · မကောင်းပါဘူး၊ တော်ကြာ ညည်းလာမကိုင်လို့ ကျုပ်ဈေးအထိလိုက်လာပြီး ပြောနေပါမယ်၊ သွား....သွား၊ သွားပြောချေ'

ဒေါ်ကြီးကသူ့အကြောင်း မအိသေးသောကြောင့်အတင်းတင်းပြောခိုင်းနေသည်။

သူမ ဖုန်းမကိုင်လို့မဖြစ်တော့၊

သူမသည် ဖုန်းနားသို့သာရောက်အောင် လျှောက်သွားရသည်။

ရင်အခုန်ကပို၍ အဆမတန်မြန်ဆန်နေခဲ့၏၊

ဖုန်းခွက်ကိုကောက်ကိုင်ပြီး အသံပြုထူးလိုက်သည်၊

'ဟဲလို'

'ယဉ်....ကျွန်တော်ပါ၊ ယဉ် ဘာလုပ်နေလိုလဲဟင်၊ အိပ်နေလို့လား'

'ကျွန်မ နိုးနေပါပြီ'

သူမ ခပ်တိုးတိုး ပြန်ဖြေသည်၊

'ဒါဖြင့် ယဉ် အခု ဘာလုပ်မနေလဲဟင်'

အပြင်သွားမလို့ဟူသောကိစ္စကို သူသိလို့မဖြစ်၊

'ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ ဟိုလုပ် သည်လုပ်နဲ့'

'ယဉ် ပျင်းနေမှာပေါ့'

'ရပါတယ်'

'ကျွန်တော် အခု ဘယ်ကဆက်တယ်ထင်သလဲ ဟင်'

'မသိဘူးလေ'

'ယဉ်တို့လမ်းထိပ်ကဆက်တာ'

'ရှင်'

သူမ အံ့ဩသွားသည်။

'ယဉ် ဘယ်များသွားမလဲလို့ အသာလေး လာချောင်းနေတာ'

အမလေး....ဘုရားရေ၊ ဒါဆို ငါသွားမယ့် အစီအစဉ်ပျက်မှပါပဲ။

သူနဲ့တိုးရင် ဒုက္ခဘော့ဖြစ်တော့မယ်။

'ယဉ်....ဟိတ်၊ ဘာလို့ အသံတိတ်နေရတာလဲ၊ တစ်ခုခုတော့ ပြန်ပြောဦး'

'ပြောစရာရှိတာပြောပေါ့ ကျွန်မ လုပ်စရာလေးတွေရှိလို့





'ဒီနေ့ ဒေါ်ကြီးပွင့် ဈေးလာတာ မတွေ့ဘူး၊ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ ခုနက စဒေါ်ကြီးပွင့် ဖုန်းလာကိုင်တော့ မေးဦးမလို့ပါဘဲ၊ ယဉ်နဲ့ စကားပြောချင်နေတာနဲ့ အချိန်မပြန်းတော့ဘူး'

'နေကောင်းပါတယ်၊ ဈေးသွားမသွားတော့ ကျွန်မ မသိဘူး'

'တစ်ခါတလေ ယဉ်လာပါလားဗျာ။ ကျွန်တော် လမ်းထိပ်မှာ စောင့်နေမယ်လေ'

'ကျွန်မဈေးမသွားပါဘူး'

'ယဉ် ကျွန်တော့်ကို စကားပြောတာ သိပ်စိမ်းကားလွန်းတယ်ဗျာ၊ အရင်ကဒီလိုမဟုတ်ပါဘူး၊ အခုတစ်မျိုးဖြစ်နေတယ်၊ ဘာဖြစ်လို့လဲ ယဉ်'

'မဖြစ်ပါဘူး'

'ကောင်းပြီလေ၊ မဖြစ်ဘူးဆိုရင် ကျွန်တော်အခုပဲ အိမ်လာခဲ့မယ်'

'ဟင်....'

သူမ တွေဝေနေသည့်အချိန်မှာဘဲသူက ဖုန်းချသွားသည်။

ဖုန်းခွက်ကိုင်ပြီးငိုင်တွေ မှင်သက်မိသွားဂှသူက သူမဖြစ်၏။

ဒုက္ခပဲ....၊ ငါ့ဆီ သူလာတော့မယ်၊ ငါ ဘာလုပ်ရမလဲ။

သူတို့နှစ်ယောက် ထိပ်တိုက် တွေ့ကြတော့မယ်။

အိမ်မှာနေလျှင်လည်း တိုးမယ်၊ အပြင်ထွက်ရင်လဲ သူက လမ်းထိပ်မှာဆိုတော့ ပက်ပင်း တိုးဖို့မှာဘဲ။

ဒုက္ခ....ငါ ဘာလုပ်သင့်သလဲ။

အိမ်မှာ တိုးလျှင်တော့ ဒေါ်ကြီးပွင့် အားလုံး ရိပ်မိကုန်မယ်။

သူကလည်း ကမ္ဘးရှူးတိုး မလုပ်တူးလို့မပြောနိုင်၊ သူ့စိတ်ဆိုတာ တယ်အရာမှ အစိုးမရှိ။

အပြင်ကို အမြန်ထွက်တာပဲ ကောင်းပါတယ်လေ။

ဘုရားသိကြားမလို့ သူနဲ့ လမ်းမှာ မတိုးပါစေနဲ့။

'ကြာလိုက်တာ ယဉ်လေးရယ်၊ ကိုကိုဖြင့် တစ်ရေးတောင် ရတော့မယ်'

'လာ....လာ....ကျွန်မတို့ သွားစို့'

'ဟင်....ယဉ်လေး'

သူမ၏ ပျာယီးပျာယာအမူအရာကြောင့် သူလန့်ပြီးသွေးရူးသွေးတန်း ထလာသည်။

သိန်းမင်းစာပေ



'ဒေါ်ကြီးရေ၊ တံခါးတွေ သေသေချာချာ ပိတ်ထားဦးနော်၊ ဘယ်သူလာလာ ဖွင့်မပေးနဲ့တော့၊ သမီးကို မေးရင်လဲ ...ရေးကြီးလို့ အပြင်ထွက်သွားတယ်ဘဲ ပြောလိုက်ပါ'

'အေးပါအေ....စိတ်ချ....စိတ်ချ....၊ အပြန်ကျရင် ဒေါ်ကြီး ...တွက် မုန့်တစ်ခုခု ဝယ်ခဲ့ဦးနော်'

ဒေါ်ကြီးစကားကို ပြန်မပြောနိုင်ဘဲ ကားပေါ်ကို အမြန် ...က်ထိုင် လိုက်ရသည်။

သူမက သူ့နံဘေးမှာ ဝင်ထိုင်လိုက်သည်။

သူနှင့်ကားတစ်စီးတည်း နှစ်ယောက် စီးဖူးတာဆိုရင် ဒီနေ့ ...စ်နေ့တည်း စီးခဲ့ဖူးခြင်း ဖြစ်သည်။

'ယဉ်လေး၊ ဘယ်သွားချင်လဲ၊ ယဉ်လေး ကြိုက်တဲ့နေရာ ...မှာ'

'ရပါတယ် ဘယ်ဖြစ်ဖြစ်၊ ကြိုက်တဲ့နေရာသာ သွားပါ၊ ...မြန်....မြန်မြန်လေး မောင်းပေးပါနော်'

သူက သူမရဲ့ မျက်ကလဲဆန်ပျာ အမူအရာကို တအံ့တသြ ...မ်းကြည့်ပြီး တစ်ခွန်းမှ ပြန်မပြောဘဲ ကားစက် နှိုးလိုက် ...ည်။

သူ့ကားပေါ်တွင် သူမ စထိုင်လိုက်ကတည်းက လမ်းမှာ ...နဲ့ မတိုးပါစေနဲ့ဟူသော ဆုကိုသာ ထပ်တလဲလဲတောင်းလာ ...သည်။

သိန်းမင်းစာပေ

သူမရင်တွေ အဆမတန် တုန်ယင် လှုပ်ရှားလာခဲ့သည်၊

*　　*　　*

'ဟင်....'

ကံဆိုးစွာပင် သူမတို့နှစ်ယောက် ပါလာသော ကားကို
တွေ့လိုက်ရသူက မောင်မင်းဖြစ်၏။

ဩော်....သင်းက ဒီလိုတောင် ဖြစ်နေပါရော့လား။

သူ့စိတ်က ရုတ်တရက်မို့ ထောင်းခနဲ ဒေါသ ဖြစ်သွား
သည်၊

သူက စိတ်တို မြန်သူမို့ ကမူးရှူးတိုး ဖြစ်သွား၏။

သို့သော်.... သူ့စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်း လိုက်
သည်။

ဒီနေရာ၊ ဒီအချိန်မှာ သူ မိုက်ရူးရဲဆန်လို့ မဖြစ်၊ သေ့းကြ
ဆူပူလို့မဖြစ်။

သေ့းအေးအေးနှင့် ခေါင်းအေးအေး ထားပြီး ဆုံးဖြတ်
ရမည်၊

သိန်းမင်းစာပေ



သူလိုချင်တာက ယဉ့်ရဲ့ စည်းစိမ်ဥစ္စာတွေ....၊

ယဉ့်ရဲ့ပိုင်ဆိုင်မှုတွေ...၊

ယဉ့်ရဲ့ ချမ်းသာ ကြွယ်ဝမှုတွေ....၊

ယဉ့်နှလုံးသား မဟုတ်ဘူး၊ ယဉ့်ခန္ဓာကိုယ် မဟုတ်ဘူး။

ဒီတော့ ယဉ့်ဟာ ယဉ် ယောကျ်ား ဘယ်နှစ်ယောက်နဲ့
တွဲ၊ တွဲချင်သလောက် တွဲစမ်း။

ကြိုက်သလောက် တွဲစမ်း၊ ယဉ် စိတ်တိုင်းကျ တွဲနိုင်တယ်၊
ဒါပေမယ့် တကယ့်လက်ထပ် ယူရမည့်သူက ငါပဲ၊ငါပဲဖြစ်
မယ်။

ဒါကလွဲပြီး ဘယ်သူမှမဖြစ်စေရဘူး။

ဒီလိုဆိုရင်....ယဉ့်ကို သေ့းအေးအေးနဲ့ အပိုင် စည်းရုံးရ
မယ့် အချိန် ရောက်နေပြီ။

ယဉ့်နံဘေးမှာ ပါသွားတဲ့လူက ဘယ်သူလဲ၊

ယဉ့်လူလား....၊

ယဉ်နဲ့ချစ်နေကြပြီလား၊ ယဉ်နဲ့ လက်ထပ်ယူမယ့် လူလား၊

ငါသိရတော့မယ်....၊

ငါအမြန်ဆုံးသိအောင် စုံစမ်း လေ့လာရတော့မယ်။

သိန်းမင်းစာပေ

'ဟာ....ကြာတယ်၊ အခုပဲ လိုက်သွားမယ်။

ကိစ္စတစ်ခုကို အချိန်ဆွဲနေတာထက် အမြန် ဆုံးဖြတ်ပြ
လုပ်ချလိုက်တာ အကောင်းဆုံးပဲ။

သူ နေလို့မရတော့၊ သူမကို လက်လွတ်ဆုံးရှုံးရမှာသေ
တတ်ကြောက်ရွံ့သွားသည်။

လူတစ်ကိုယ်လုံး ကတုန်ကယင်ဖြင့် မိုက်ရူးရဲဆန်ဆန်တဇွတ်
ထိုးလုပ်ချင်စိတ်တွေ ပေါက်လာသည်။

ဒါကြောင့် သူတို့နှစ်ယောက်ပါသွားသောကားနောက်
ကားတစ်စီးအမြန်ငှားပြီး အပြေးအလွှားလိုက်ခဲ့၏။

သူတို့ကား မရပ်မချင်းတော့ သူ လိုက်နေရဦးမည်။

သူတို့ ဘယ်အထိသွားကြမှာလဲ။

သင်းတို့နှစ်ယောက် သမီးရည်းစားအဆင့်ထိ ရောက်နေကြ
ပြီလား။

ဖြစ်နိုင်ပါတယ်လေ၊ အိမ်အထိလာပြီး ခေါ်ထုတ်သွားမှ
တော့သေချာနေပြီပေါ့။

သူ ခေါင်းထဲမှာဝင်လာသောအတွေးတွေကိုအမြန်ထုတ်ပစ်
လိုက်ရသည်။





သူတို့ ဦးတည်သွားသောနေရာက က တော်မင်ပန်းခြံရှိ
ရှမ်းကန် စားသောက်ဆိုင်ဖြစ်သည်။

သူကလည်း တစ်ချက်မှအလွတ်မပေးဘဲ နောက်ကနေ
နောက်ယောင်ခံပြီးလိုက်သည်။

'ဟော....သူတို့ကားရပ်ပြီ....

ကားပေါ်မှသူတို့နှစ်ယောက် ဆင်းကြပြီ။

'ဦးလေး....ရပ်....ရပ်....ရပြီ၊ ကားခ ဘယ်လောက်ကျလဲ
း်လေး'

'တစ်ရာပဲပေးပါ'

'ဟာ....ဦးလေးတလဲ များလှချည်းလား၊ လျှော့ပါဦး'

'မရဘူး သူငယ်၊ ဒါတောင်စောစီးစီးမို့ လျှော့ထားတာ၊
မဟုတ်ရင် တစ်ရာ့ငါးဆယ်တောင် ယူပါတယ်'

'ကိုးဆယ်တော့ယူပါ ဦးလေးရယ်၊ ရော့....ရော့၊ လျှော့
လိုက်ပါဗျာ၊ ကျွန်တော် အရေးကြီးနေလို့ပါ'

'ဟာ....သူငယ်'

ကားသမားအော်နေတာလဲ သူဂရုမစိုက်နိုင်တော့ဘဲ သူတို့
နှစ်ယောက်ဝင်သွားသည့်အထဲသို့ အလောတကြီး ဝင်လာခဲ့
သည်။

သူ အထဲမရောက်ခင် အပေါက်ဝမှာ အစောင့်မိန်းကလေးနှစ်ယောက်ကသူ့ကိုဟိုဘက်ဒီဘက်ညွှပ်ပြီး 'good morning' ဟု နှုတ်ဆက်ကြတာတောင် သူ လှည့်မကြည့်နိုင်။

သူတို့နှစ်ယောက် ဘယ်နေရာမှာထိုင်သလဲဟုမျက်လုံးကစားပြီးရှာလိုက်ရသည်။

ေတွ့ပါပြီ....။

သင်းတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်မျက်နှာချင်းဆိုင်ထိုင်လို့။

ဘယ်ရမလဲ....မောင်မင်းတဲ့။

မောင်မင်းအကြောင်းရှုတိုင်းယဉ်ဆိုတဲ့မိန်းမ ကောင်းကောင်းသိစေရမယ်။

'ယဉ်'

'ဟင်'

သူ့ခေါ်သံကြောင့် သူမက အသံလာရာဘက်သို့ လှည့်ကြည့်ရင်း မျက်လုံးအဝိုင်းသားဖြစ်သွားသည်။

ကျွန်တော့်ကိုထိုင်ခွင့်ပြုပါနော်၊ ကျွန်တော် ထိုင်ပါစေနော်ဗျာ၊ ဒီကအစ်ကိုကိုပါ ခွင့်တောင်းပါတယ်'





သူ ပြောရင်း ထိုလူ နံဘေးကခုံမှာ ဆတ်ခနဲထိုင်လိုက်တော့ သူမနှင့်မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

သူ့အပြုအမူကြောင့် သူမ မျက်စိမျက်နှာ ပျက်မတတ်ဖြစ်နေသော်လည်း သူက နည်းနည်းလေးမှ ဂရုမစိုက်ပါ။

အားလုံးကို သွေးအေးအေးနဲ့ရင်ဆိုင်ဖို့စိတ်ကူးပြီးမှ လာခဲ့တာဘဲ။

'ကျွန်တော်ဘယ်သူလဲဆိုတာ မိတ်ဆက်မပေးဦးလေ ယဉ်ရဲ့၊ ယဉ်မပြောရင် ကျွန်တော့်ကိုယ်ကျွန်တော်ပဲ မိတ်ဆက်ပေးလိုက်မယ်နော်'

သူ လုပ်ရှားမှုကိုသာ သူမရော အောင်ကြီးချိန်ကပါမမှိတ်မသုန်ကြည့်နေကြသည်။

'ကျွန်တော် မောင်မင်းပါ အစ်ကို၊ ဒီကအစ်ကိုက'

'အောင်ကြီးချိန်ပါ'

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

'ညီလေး ဘာသုံးဆောင်မလဲ၊ ကြိုက်ရာမှာပါ၊ ယဉ်လေးရော ဘာစားမလဲ'

ထိုလူက သူ့ကို ညီလေးဟု ယဉ်ကျေးစွာခေါ်ပြီး ယဉ့်ကိုကျတော့ ယဉ်လေးတဲ့။

အဆင့်က သူထင်ထားသလို ဖြစ်နေပြီပေါ့။

ဒီအချိန်ကစပြီး သူတို့နှစ်ယောက်ရဲ့ မျက်ဝန်းအကြည့်ေ ကို သူ အကဲခတ်ကြည့်ရှုရတော့မည်။

သူသည် သူ့ဘောင်းဘီအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီ မီးခြစ်နှင့်မီးညှိပြီး တစ်လိပ်သောက်သည်၊

စီးကရက်ကို သူ့နှုတ်ခမ်းမှာခဲထားပြီး.....

'အစ်ကိုကြည့်ရတာ စီးကရက်သောက်တတ်ပုံ မပေါ်ဘူး ဒါကြောင့် မတိုက်တာနေ့ာ်၊ စိတ်မရှိပါနဲ့'

'ဟုတ်တယ်၊ ငါ့ညီပြောသလိုပါဘဲ၊ အစ်ကိုက စီးကရက် မဟုတ်ပါဘူး၊ အရက်လဲမသောက်ပါဘူး၊ ရှင်းရှင်း ာရရင် ဘုရားကြိုက်တဲ့အလုပ်တွေ ဘာတစ်ခုမှ အစ်ကိုမလုပ်ပါဘူး'

သေစမ်း ခမောင်မင်း။

ဒီစကားက မင်းကို ယဉ်ယဉ်လေးနဲ့ အပြတ်နှာလိုက်တဲ့ စကားကွ၊ နားလည်လား။

သူမ ပခုံးတွန့်ရင်း တစ်ချက်ပြုံးလိုက်သည်။

သူတို့နားသို့ လှက်တွန်းလှည်းကလေးနှင့်ရောက်လာသော စားသောက်ဖွယ်ရာများထဲမှ ထိုသူကကြိုက်ရာကို လှမ်းယူ သည်။





'စားပါ ညီလေး၊ အဝစားနော်၊ အားမနာပါနဲ့၊အစ်ကို ကျွေးမှာပါ'

သူ စားဖို့စိတ်ကူးတစ်စက်လေးမှ မရှိ။

စားချင်စိတ်လည်း မရှိ။

သူ့ကို ရှေ့တည့်တည့်မှာထားပြီး တစ်ခါမှမသိသလို မခင် လို လုပ်နေသည့် ယဉ့်ပုံစံကိုကြည့်ပြီး ဒေါသတွေ အလိပ်လိပ် တက်လာမိသည်။

ဘာလဲကွ၊ မင်း အခုမှ ဘာအချိုးချိုးနေတာလဲ....

အရပ်စာုန်းကတော့ ငါ့ကို သံယောဇဉ်ထားနိုင်သလိုလို ာလိုလိုနဲ့ အီစကလီရိုက်ခဲ့တဲ့ မိန်းမ....

အခုကျမှ ဘာဖြစ်တာလဲ၊ ငါ့ကို ဉာဏ်များမယ်တော့ မကြံ နော်....

ငါ့အကြောင်း မင်း သိစေရမယ်။

မကြာခင်မှာ မင်း သိစေရမယ်။

'ယဉ်လေး.... စားလေ၊ ဘာလဲ၊ ယဉ်လေး မကြိုက်လို့လား။ ကြိုက်ရင် ကြိုက်တာစားနော်၊ ဒါမှမဟုတ် ဆိုင်ပြောင်းပြီး ားချင်သလား၊ ကိုကို့ ကိုပြောနော်'

ကိုကိုတဲ့....၊ ကြည့်စမ်း.... ကြည့်စမ်း....

သင်းတို့က ဒီလောက်အထိ ဖြစ်နေကြတာကိုး။

ငါမသိတာ နာတာပဲ၊ ညံ့တာပဲ၊ ဒါ ငါ့ရဲ့ညံ့ဖျင်းမှုတွေပဲ

ကိုကိုဆိုသည့်လူကတော့ ကိုကိုနာမည်နှင့် အလွန်လိုက်ဖက်သည် သူ။

တကယ့်လူကြီးလူကောင်းပုံစံ၊ ပိုက်ဆံလဲ အတော်ချမ်းသာ မည်၊ရုပ် ရည်ကလဲ မွန်ရည်ခံ့ညားသည်။ ပြီးတော့ တည်တည် ငြိမ်ငြိမ်လဲ ရှိသည်။

အရာရာကို စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် တွေးပြီးမှ ဆုံးဖြတ်မည့်သူဖြစ်ကြောင်း သူ့မျက်နှာမှာ ပေါ်လွင်ထင်ဟပ် နေသည်။

ယဉ်က အတော်ကံကောင်းတဲ့ မိန်းကလေးပါပဲ။

သူကသာ ယဉ်လိုမိန်းကလေးကို အရမယူနိုင်လျှင် ကံဆိုး တာ။

ကံဆိုးမိုးမှောင်ကျမှာ ဘယ်အညံ့ခံလို့ ဖြစ်မတုံးကွာ။

'ညီလေးရေ စားလေ၊ မစားတော့ဘူးလား'

ထိုသူက ကော်ပြန့်ကြော်ကို အချဉ်ဖြင့်တို့စားပြီး သူ့ကို လှမ်းပြောသည်။





'မစားတော့ပါဘူး အစ်ကို၊ ကျေးဇူးပါပဲ၊ကျွန်တော်စားခဲ့ ပြီးလို့ပါ၊ အစ်ကိုတို့ပဲ စားကြပါ၊ ပြီးမှစကားပြောကြတာ ပေါ့'

သူ့စကားအဆုံးမှာ သူမက သူ့မျက်နှာကို စူးရှစွာ လှမ်း ကြည့်သည်။

မင်း ဘာဖြစ်လို့ ငါ့ကို အဲဒီအကြည့်မျိုးနဲ့ ကြည့်ရတာလဲ

မကြည့်နဲ့၊ ငါ့ကို အဲဒီအကြည့်မျိုး လုံးဝမကြည့်ပါနဲ့။

မင်းချစ်သူတစ်ယောက်လုံး မင်းအနားမှာရှိနေလို့ မင်း ဘာစကားမှ မပြောရဲမဆိုရဲ ဖြစ်နေတာမို့လား။

ဝန်ခံလိုက်စမ်းပါ ရှုတိုင်းယဉ်.... ဝန်ခံလိုက်စမ်းပါ။

'ကဲ ညီလေး၊ ညီလေးကိုကြည့်ရတာ အစ်ကို့ကို စကားတွေ အများကြီးပြောချင်နေတဲ့ပုံပါပဲ၊ ညီလေး ဘာပြောချင်လို့လဲ.... ပြောပါ၊ အစ်ကိုနားထောင်ပါမယ်'

ရုတ်တရက်မို့ သူ ဘာပြောရမှန်းမသိ ဖြစ်သွားသည်၊

သူသည် စီးကရက်ကို တစ်ချက်ရှိုက်ပြီး သူမမျက်နှာကို လှမ်းကြည့်သည်။

သူမက သူ့အကြည့်ကို မခံနိုင်သည့်ပုံစံမျိုးဖြင့် ချက်ချင်း မျက်လွှာကို ဖျတ်ခနဲချပြီး ခေါင်းငုံ့ပစ်လိုက်သည်။

ကောင်းပြီ ရှုတိုင်းယဉ်၊ မင်း အဲဒီအတိုင်းနေ၊ မင်းလူကို ငါဘာပြောမယ်ဆိုတာ စောင့်နားထောင်နေပေတော့....။

'ကျွန်တော်သိချင်တာ တစ်ခုပဲရှိတယ် အစ်ကို'

'ဟုတ်ပြီ.... မေးပါညီလေး၊ ဘာများပါလိမ့်'

ထိုသူ၏ တည်ငြိမ်အေးဆေးမှုကတော့ အလွန်မှ ပီရိသေသပ်လှန်းပါသည်။

သူ့စိတ်ထဲ ဘာတွေရှိနေသလဲဆိုတာ မည်သူမှ မရိပ်မိအောင် နေပြနေ၏။

ရှုတိုင်းယဉ်ရယ်.... မင်းရှေ့က မင်း၏လူကို ငါ အပြတ် ချီးမွမ်းလိုက်ပါရစေ။

'ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲမေးပါရစေ၊ ကျွန်တော်မေးတာကို အစ်ကို့ဘက်ကလဲ ဖြေနိုင်မယ်လို့ ထင်ပါတယ်'

'ဟုတ်ပါပြီ မေးပါ၊ ဖြေနိုင်မှာပေါ့၊ ဘယ်နှယ် မဖြေနိုင် ရှိမလဲကွ'

သူမခေါင်းက ရှုတ်တရက်မော့လာပြီး ထိုသူ့ကို ဖျတ်ခနဲ လှမ်းကြည့်၏၊

ထိုလူကလဲ သူမကို အဓိပ္ပာယ်ပါသော မျက်ဝန်းတွေဖြင့် လှမ်းကြည့်သည်။

'အစ်ကိုနဲ့ ယဉ်နဲ့က....'





သူ့စကားကို ဖျတ်ခနဲရပ်ပစ်လိုက်ပြီး သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်သည်။

'ငါ့ညီက ဘယ်လိုထင်လို့လဲ၊ ပြောပါဦး'

ထိုလူက ပြုံးပြီးမေးသည်၊

'အစ်ကိုပြောတာကို ကျွန်တော်ယုံပါမယ်'

သူ့အသံကို အနည်းငယ်နှိမ့်ချပြီး ပြောလိုက်သည်။

'ငါ့ညီနာမည်ကို အစ်ကိုသိချင်ပါတယ်'

'ခုနကပြောပြီးပြီလေ အစ်ကို၊ မောင်မင်း၊ ကျွန်တော့်နာမည် မောင်မင်း'

'အင်း.... ယဉ်လေးကတော့ မင်းအကြောင်းနဲ့ ပတ်သက်ပြီး တစ်ခါမှမပြောဖူးဘူး၊ အင်းလေ၊ စကားမစပ်ကြလို့ ဖြစ်မှာပေါ့၊ အစ်ကိုမှတ်ထားပါမယ်၊ ဒါနဲ့ ညီလေးနဲ့ အစ်ကို့ယဉ်လေးနဲ့က ဘယ်လိုများ....'

'ကိုကို၊ သူနဲ့ ကျွန်မ ဘာမှမဆိုင်ဘူး၊ ကျေးဇူးပြုပြီး ကိုကို ဘာမှမမေးပါနဲ့တော့'

ကြည့်စမ်း....

သူ့ကို ယဉ်ခေါ်လိုက်ပုံက ဘယ်လောက်ထရိုက်ချင်စရာ ကောင်းသလဲဆိုတာ....

သင်းကို ကိုကို....ကိုကိုတဲ့။

ဩော်.... သူတို့က ဒီလိုတွေတောင်ဖြစ်နေပြီကိုး၊

ငါနားလည်သွားပြီ ရှုတိုင်းယဉ်၊ ဒီထက် ကြေကွဲစ
ကောင်းတဲ့ စကားမျိုး ငါ နောက်ထပ်မကြားပါရစေနဲ့တော့

'ညီလေး ကြားပါတယ်နော်'

'တာက်'ဟူသော အသံကို သူ့စိတ်ထဲမှာ ကျိတ်ပြ
ခေါက်လိုက်ခြင်းဖြစ်သည်။

'ဒါဆို အစ်ကိုတို့က မကြာခင် လက်ထပ် ကြတော့ မှာပေ
ဟုတ်လား'

'အင်း ဆိုပါတော့၊ ယဉ်လေး ပြောလိုက် ပါကွ
တော်ကြာ ကိုကိုပြောရင်မယုံပဲ ရှိဦးမယ်၊ ယဉ်လေးပြောလိုက်
တော့....'

'ဟုတ်တယ်၊ ကိုကိုနဲ့ကျွန်မ မကြာခင် လက်ထပ် ကြတော
မယ်'

'ဩော်....ဩော်....'

သူ့အကြည့်စူးစူးက သူမ မျက်လုံးတည့်တည့်သို့ တန်းခ
ဝင်ရောက်လာသည်။

သိန်းမင်းစာပေ



သူ့ကို သူမ ဆက်မကြည့်ရဲတော့။

သူ့အကြည့်တွေက ဘာဖြစ်လို့ ကြမ်းကြမ်းရှရှ နိုင်နေရ
တာလဲ။

ပြင်းပြ စူးရှနေရတာလဲ၊

ဘုရား....ဘုရား။

ဒီလူဟာ မိုက်ရူးရဲ ဆန်သလောက် သိပ် ကြောက်စရာ
ကောင်းတဲ့ သူပါလား။

ငါတို့နှစ်ယောက်ကြားကို ဘယ်လိုပုံစံမျိုးနဲ့ ရောက်လာတဲ့
သူလဲ၊

ငါမသိတော့ဘူး....ငါမတွေးတတ်တော့ဘူး။

'ကျွန်တော့်ကို ခွင့်ပြုကြပါဦး'

သူပြောပြီး ထိုင်ရာမှ ဆတ်ခနဲ ထရပ်သည်၊

သူသည် ဘယ်လောက်အထိ စိတ်တို ရူးသွပ်သွားသလဲ
ဆိုလျှင် သူ့ ပါးစပ်ထဲက စီးကရက်တိုက မီးတွေရှိလျက်နှင့်
လက်ဖြင့် ငြိမ်းသတ်လိုက်သည်၊

ပြီးတော့ သူမ ခြေဖမိုးပေါ်သို့ ဆတ်ခနဲပစ်ချလိုက်၏။

သူမ ရှောင်လိုက်၍ ဘေးသို့ ကျသွားချိန်မှာ သူက ပခုံး
တစ်ချက်တွန့်၍ ရယ်သွားသည်။

သိန်းမင်းစာပေ

သူရယ်ခဲမောသွားသည့်ပုံစံကို သူမတစ်သက်မမေ့၊

ဘယ်တော့မှ မေ့မှာမဟုတ်၊

ထိုညမှာပင် သူမသည် မျက်အလုံးအစုံ မှိတ်ပြီး ကိုကို့ကို အမြန်ဆုံးလက်ထပ်ဖို့ ဗွတ်မှိတ်ဆုံးဖြတ်လိုက်တော့သည်၊

* * *



အခန်း ([illegible])

သူမနှင့် ကိုကို ချစ်သူ ဖြစ်သွားပုံကလဲ အင်မတန်မြန်ဆန်လှသည်၊

သူမပင် သူမ ဘယ်လိုဖြစ်ပြီး ရည်စား ရသွားမှန်း မသိလိုက်၊

သူမ အိမ်က မိဘတွေကတော့ သူမရဲ့ ဆုံးဖြတ်ချက်အတွက် များစွာဝမ်းသာပြီးဂုဏ်သူမဆုံး ဖြစ်ခနကြသည်၊

သူမတို့နှစ်ဦး အမြန်ဆုံး လက်ထပ်ရေးအတွက် အစီအစဉ်တွေဆွဲနေကြပါပြီ၊

ထိုအချိန်မှာ သူမက မောင်မင်းဆိုသော သူကို လုံးဝ ဥပေက္ခာပြုလိုက်တော့သည်။

သူမသည် သူ့ လုပ်ရပ် အပြုအမူတွေကို တဖြည်းဖြည်း ကြောက်ရွံ့လာသည်။

ချဉ်တူးခါးသက်လာသည်။

ဒါကြောင့်လဲ သူနှင့်ပတ်သက်သမျှကို ဥပေက္ခာပြုဖို့ ဆုံးဖြတ် ချက် ချလိုက်တော့သည်။

ဘာကြောင့်လဲဆိုတော့ ခုထိ သိရသော သူ့သတင်းတွေက တစ်ခုမှ အကောင်းမရှိ။

မိသားစု အဆင့်အတန်းကိုပဲ ကြည့်ကြည့်၊ သူ့ရဲ့ စရိုက် လက္ခဏာတွေကိုပဲ ကြည့်ကြည့်၊ သူမဘက်မှ ဘယ်လိုမှလက်ခံလို့ မရအောင် ဖြစ်လာ၍ သူမ ခေါင်းရှောင် လိုက်ခြင်းပင် ဖြစ် သည်။

သူမနှင့် ကိုကို နှစ်ယောက်တည်း သွားသည်ကို သူတွေ့သွား သည့်နေ့ကစပြီး သူ့ လှုပ်ရှားမှု အပြုအမူတွေက ပို၍ထကြွ သောင်းကျန်း လာခဲ့သည်။

သူသည် ဒေါ်ကြီးပွင့်ကို ကနဦးကတည်းက အပိုင်ပေါင်း ထားပြီး ဒေါ်ကြီးပွင့်နှင့် ရင်းနှီးနေသူပီပီဒေါ်ကြီးပွင့်ကို ပြော ပြီး အိမ်ကို ခဏခဏလာလည်သည်။





အကြောင်းမရှိ အကြောင်းရှာပြီး လာသည်၊

တစ်နေ့လုံး ဖုန်းတွေ တဂွမ်ဂွမ်မြည်လာလျှင်လဲ သူ့ဆီက ...န်းပဲဖြစ်၏။

သူမသည် နောက်ပိုင်းတွေမှာ အိမ်လာသည်ပဲ ဖြစ်ဖြစ်၊ ...န်းဆက်သည်ပဲ ဖြစ်ဖြစ် ရက်ရက်စက်စက်ကို ဥပေက္ခာပြုပစ် ...က်ပြီ။

အိမ်ထဲမှာ သူမ ရှိနေသော်လည်း ထွက်မတွေ့ဘဲနေသည်၊

ဖုန်းဆက်လျှင်လည်း ဖုန်းမကိုင်ဘဲ နေသည်။

သူဘာကြောင့် အခုမှ သူမကိုအသည်းအသန် လိုက်နေမှန်း ...မ မတွေးတတ်အောင် ရှိသွားပြီ။

အိမ်က မိဘတွေရိပ်မိမှာစိုး၍ ဒေါ်ကြီးပွင့်နှင့် တိုင်ပင်ပြီး ...ဆင်ပြေအောင် ကြည့်နေရသည်။

'ဘယ်လိုလုပ်ကြမလဲ ဒေါ်ကြီးရယ်၊ သမီးတော့ဒီလူ တစ် ...ယောက်ကြောင့် စိတ်ညစ်ဘာပါဘဲ၊ ဒေါ်ကြီးကိုက သဘော ...နော ကောင်းပြနေတာ လွန်အားကြီးတယ်၊ မရှိပါဘူးလို့ ...ပြောလိုက် ရတဲ့ဟာကို၊ ဒေါ်ကြီးက သူ့အကြောင်း ဘယ် ...လောက်သိလို့လဲ၊ သူ့ လုပ်ရပ်တွေ တဖြည်းဖြည်းနဲ့ လွန်လာ ...တာ ဒေါ်ကြီး သိလား'

'သို့လို ကျုပ်ကညည်းကို ပြေပြေလည်လည် ပြောရအော
ခေါ်ပေးနေတာပေါ့၊ ကိုယ့်ဆီလာတဲ့သူပဲ၊ ဘာဖြစ်လို့ ရှော
နေမလဲ၊ ထွက်တွေ့ပေါ့၊ သူဘာပြောချင်သလဲ နားထော
ဖြေရှင်း၊ ပြီးတာပါပဲ၊ အေး....ညည်း အဲဒီလိုတွေ ကျပ်ကျ
ရှောင်၊ နောင်....ပိုဆိုးလိမ့်မယ်၊ အားလုံး ဇာတ်တွေ ရှုပ်ကု
မယ်၊ ညည်း ဘာနားလည်လဲ'

'နားလည်လို့ ရှောင်နေ့တာပေါ့ ဒေါ်ကြီးရယ်၊ ဒေါ်ကြီ
ကိုကမှားတာ၊ သမီး သူငယ်ချင်း ပြောတိုင်း အိပ်လည် ခေါ
သလား၊ သမီး ဆန္ဒကိုလဲ နည်းနည်းပါးပါး မေးမြန်းဦးမ
ပေါ့၊ အခုကြည့် ဖေဖေတို့ မရှိတဲ့အချိန်ဆို လာပြီ၊ ဘယ်နှ
ခါရှိပြီလဲ လာနေတာ၊ ဖုန်းဆက်လို့ မကိုင်လေ ချောင်
ပေါက်အောင် လာလေဘဲ၊ သူလာလို့ မေမေတို့နဲ့သာ တိုးခ
တော့သမီးလဲသေမှာပဲ'

'မသေပါဘူးအေ၊ ကျုပ်တစ်ယောက်လုံး ညည်းဘက်မှာ
ရှိပါတယ်၊ ငိုင်းကူပြောပေးမှာပေါ့'

'အဲဒါ ဒေါ်ကြီးလုပ်တာ၊ ဒေါ်ကြီးလုပ်လို့ သူ အိမ်ကို
ခဏခဏလာနေတာ၊ ဒီကိစ္စကို ကိုကိုသိအောင်တော့ ပြောပြမှ
ဖြစ်တော့မယ်'

'နေစမ်းပါအေ၊ အလကားသက်သက် ဒုက္ခသွားမပေးပါနဲ့
သူ့မှာ အလုပ်တွေကမျှားရတဲ့အထဲ သနားပါတယ်၊ တော ကြာ
ဘာတွေညာတွေဖြစ်နေမှ ဒုက္ခ'





'မဖြစ်ပါဘူး ဒေါ်ကြီးရယ်၊ ကိုကိုက လူကောင်းတစ်ယောက် ပီပီ ဘယ်တော့မှ မိုက်ရူးရဲဆန်တဲ့အလုပ်မျိုးတွေ မလုပ်ပါဘူး၊ သူ သမီးကို အတင်းလိုက်နေတာ ကိုကိုသိနေတာဘဲ၊ အဲဒီလို သိတာတောင် ကိုကိုက ဘာမှပြောတာမဟုတ်ဘူး၊ ခပ်အေး အေးပဲ နေတာ'

'ဒါဖြင့် ညည်းက ပြောမယ်ပေါ့'

'ပြောလိုက်တော့မယ် ဒေါ်ကြီးရယ်၊ သမီး သူ့လုပ်ရပ်တွေကို တဖြည်းဖြည်းကြောက်လာပြီ၊ သူ့မှာ ဘယ်လိုဉာဏ်တွေ ရှိနေလဲမှ သမီးမသိတာ'

'အေး ငါလဲ သူ့ကိုယုံပြီး အိမ်လည်ခေါ်မိတာ မှားသွားတယ်၊ ညည်းကလည်း စောစောစီးစီးက ငါ့ကို အမှန်အတိုင်း ပြောဖို့ကောင်းတယ်၊ အခုမှလာပြောတော့ အချိန်ကလွန်နေပြီ၊ ညည်း နေရာတိုင်းမှာ သတိဝီရိယ ရှိပစေနော်၊ ငါမပါတဲ့နဲ့ ဘယ်မှမသွားရဘူး ကြားလား'

'သမီးသိပါတယ် ဒေါ်ကြီးရယ်'

သူမ ခေါင်းတွေရှုပ်နေ၍ ဘာပြောရမှန်းမသိတော့။

သူ့ကိုတော့ အထူးဂရုစိုက်ဖို့ လိုအပ်သွားပြီဆိုတာ သူမ တစ်ထစ်ချ ယုံကြည်ထားလိုက်တော့သည်။

ပြီးတော့ သူ့အကြောင်းတွေကို ကိုကိုသိအောင် ပြော ပြဖို့အတွက် ဘယ်လိုစကားလုံးမျိုးတွေနဲ့ ပြောရမည်ဆိုတာ တစ်ညလုံး ကြိုတင်ပြင်ဆင်ထားခဲ့သည်။

*　　*　　*



အခန်း (၄)

နောက်တစ်နေ့ မနက်စောစောမှာ ကိုကိုနှင့် သူမတို့ နှစ် ယောက် တစ်နေရာမှာ မုန့်သွားစားရင်း စကားစမြည် ပြော သည်။

'ယဉ်လေး ပြောစရာရှိတယ်ဆို၊ ပြောလေ၊ ဘာပြောချင် လဲ'

'ဘယ်ကစပြောရမှန်းတောင် မသိပါဘူး ကိုကိုရယ်'

သူမရဲ့ စိတ်ပျက်လက်ပျက် အမူအရာကိုကြည့်ပြီး ကိုကိုက နေသည်။

'ကိုကိုသိပါတယ်' ဟိုလူ့ကိစ္စကို ယဉ်လေး ပြောချင်နေ
မို့လား'

'ဟင်....ကိုကိုသိနေတယ်'

'သိတာပေါ့ဗျာ'

ကိုကိုက ဘာမှမဖြစ်သလို အေးဆေးစွာ ပြန်ပြေ
သည်။

'ကိုကိုတို့မျှား သိလျှက်နဲ့ အေးဆေးနေလိုက်တာ၊ ကျ
မှာ အရူးလိုပဲ သိလား၊ သူနှောင့်ယှက်တာတွေ များလွန်း
ခေါင်းတစ်ခုလုံး ပွထူနေတော့တာဘဲ၊ ကျွန်မ စိတ်တွေသိပ်ဒု
နေပြီ ကိုကို၊ အဲဒါ ကိုကိုသိဖို့လိုနေပြီ'

'ကိုကို့ရဲ့ ယဉ်လေးကို သူကြိုက်နေလို့ဖြစ်မှာပေါ့'

ကြည့်စမ်း— ပြောပုံက.... အေးအေးဆေးဆေးကလေး

ကိုကို့မှာ သူမနဲ့ ပတ်သက်လာရင် သဝန်တိုတာ
တာ ရန်လိုတတ်တာတွေ လုံးဝမရှိ။

သူမနဲ့ ပတ်သက်လာသမျှ အမြဲတမ်း ခေါင်းအေးအေ
သွေးအေးအေးနဲ့ စဉ်းစားဆုံးဖြတ်တတ်တဲ့သူ။

ကိုကို့မှာ လောဘ၊ ဒေါသ၊ မောဟတွေလဲ ရှိပုံမပေါ်

အတ္တလဲမကြီး၊ ရမ္မက်ဆန္ဒလဲ မပြင်းသန်၊





အမြဲတမ်း လူကြီးပီစံနေပြီး အတွေးအခေါ် ရင့်ကျက်
က်ဖြင့် ဖြစ်လာသမျှကို နားလည်ခွင့်လွှတ်ပေးနေတဲ့သူ။

သဘောထားကြီးကြီးဖြင့် အလိုက်တသိဦးဆောင်ညွှန်ကြား
နေတဲ့သူ၊

'ဒီလောက် သိနေတာတောင် ကိုကိုက သွေးအေးအေးနဲ့
နိုင်တယ် ဟုတ်လား၊ အံ့ဩလိုက်တာ ကိုကိုရယ်၊ တကယ်
'

'ဟောကြည့်၊ ကိုကို့ကို စောစောစီးစီး ယဉ်လေး ဒေါသ
က်နေပြီ'

'ထွက်တာပေါ့၊ ကိုကိုက ကျွန်မနဲ့ ပတ်သက်လာရင် အမြဲ
း သွေးအေးနေတာဘဲ၊ ကျွန်မကို ဒီလောက်နှောင့်ယှက်
န်း သိလျက်နဲ့လဲ ကိုကို ဘာမှမဖြစ်ဘူး၊ ကိုကိုနေနိုင်တာကို
မ ဒေါသထွက်နေတာ'

မထွက်ပ နဲ့ ကွယ် မထွက်ပါနဲ့၊ ကိစ္စတစ်ခုဆိုတာ ဘာတွေမဲ
လာဖြစ်လာ ဘယ်လိုပဲ ရင်ဆိုင်ရ ခင်ဆိုင်ရ ခေါင်းအေး
းနဲ့ သွေးအေးအေးထားပြီး ဆုံးဖြတ်တတ်ရတယ်၊ အဲဒါမှ
းဆိုတာကို မတွေ့တော့မှာပေါ့၊ ကဲ.... အခု ကိုကိုပြော
မယ်....

ယဉ်လေးနဲ့ ကိုကိုသွားတဲ့နေ့က ကိုကိုတို့နှစ်ယောက်ကြား

ကို သူရောက်လာတယ်၊ သူ့အကြောင်း ကိုကိုသိဖို့မပြောနဲ့ သ
နာမည်တောင် ကိုကို တစ်ခါမှမကြားခဲ့ဖူးဘူး၊ ယဉ်လေး
ရော ကိုကို့ကို ပြောခဲ့ဖူးသလား၊ ထားတော့....

သူရောက်လာတဲ့ပုံစံကိုကြည့်၊ ဘယ်လောက် မိုက်ရူးရဲဆ
လိုက်သလဲ၊ ဒါမျိုးကို တော်ရုံယောကျ်ားလေးတွေ မလုပ်ရဲဘူ
သူလုပ်ခဲ့တယ်၊ နှစ်ယောက်တည်းထိုင်နေမှန်းသိလျက်နဲ့ ကို
နဲ့ ယဉ်လေးက ဘာလဲလို့ သူမေးလာတယ်....

'သူ မေးဖို့မလိုဘူး၊ မလိုအပ်ဘူး၊ ဒါပေမယ့် သူမေးခဲ့တ
ဒီနေရာမှာ ကိုကိုမဟုတ်ဘဲ တခြားလူတစ်ယောက်သာဆို
တုတ်ပွဲဓားပွဲပဲ၊ချကြတော့မယ်၊ကိုကိုပြောတာမဟုတ်ဘူးလာ

'ဟုတ်ပါတယ် ကိုကို'

ကိုကိုရဲ့ သဘောထားကြီးမှုတွေကြောင့် သူမရင်ထဲမှာ ပို
လေးစားအားကိုးသွားမိ၏။

ကိုကို့ကို ကျွန်မရွေးချယ်ခဲ့တာ သိပ်မှန်သွားပြီ ကိုကို၊

'သူ့ပုံစံကို တွေ့လိုက်ကတည်းက သူဟာ ဘယ်လိုလူစားမ
ဆိုတာ ကိုကို ခန့်မှန်းလို့ရသွားပြီ ယဉ်လေး၊ ဒီလို ဇွတ်တရွ
နိုင်ပြီး ပြောချင်ရာ ပြောတတ်တဲ့သူမျိုးကို သိပ်သတိထား
လိုတယ်၊ ကိုယ့်ဘက်က သတိတစ်ချက်မလစ်ဖို့အတွက် အမြဲတ
စိတ်ကိုထိန်းနိုင်ရမယ်....

သိန်းမင်းစာပေ



'သူဟာ ကိုယ့်ဆီကို ဘယ်လိုပုံစံမျိုးနဲ့ နောက်ထပ် အကြိမ်ပေါင်းများစွာ ရောက်လာမယ်ဆိုတာ မသိနိုင်ဘူး၊ စွန့်စားပြီးလုပ်ရတဲ့အရသာကို လုပ်တဲ့သူထက် ဘယ်သူကမှ ပိုမသိဘူး၊ အဲဒီတော့..... ကိုကိုပြောချင်တာက....

'ကိုကို့စကားကို ယဉ်လေးနားထောင်ပါ၊ ကိုကိုပြောသလို ယဉ်လေးလုပ်ပါ၊ သူ အခု ယဉ်လေးကို ဘယ်လိုနှောင့်ယှက်သလဲ၊ ကိုကို့ကိုပြောတော့'

ကိုကို့စကားကြောင့် သူမရင်ထဲမှာ အဆမတန် အားအင်တွေတိုးလာသလို ခံစားရသည်။

'သူ.... ကျွန်မဆီ ဖုန်းခဏခဏဆက်တယ် ကိုကို'

'ဟုတ်ပြီ၊ ပြီးတော့....'

'ဖေဖေတို့မရှိတဲ့ အချိန်တွေမှာ အိမ်ကိုလာလည်တယ်'

'ဩော်....ဩော်....သူက အိမ်ထဲအထိတောင် ဝင်ရဲတဲ့သတ္တိရှိနေပြီကိုး၊ အင်းပေါ့လေ၊ ရဲစွမ်းသတ္တိရှိတဲ့ အသည်းနှလုံးမှာ မဖြစ်နိုင်တဲ့အရာဆိုတာ မရှိဘူးလို့ သူခံယူထားတာပဲဖြစ်ရမယ် ဟုတ်ပြီလေ၊ အဲဒီတော့ သူ့ရန်ကို ယဉ်လေးဘက်က ရှောင်တတ် တိမ်းတတ်ဖို့ သိပ်လိုအပ်သွားပြီဘဲ'

'ဟုတ်ပါတယ် ကိုကို'

သိန်းမင်းစာပေ

'ကိုကိုပြောတာ ယဉ်လေး တကယ်နားခထောင်မှာ သေချာလို့လား'

'ကိုကိုရယ်.... ကျွန်မ သိပ်စိတ်ညစ်နေရတဲ့အထဲ၊ သေချာပါတယ်'

ဒီလောက်လဲ စိတ်ညစ်စရာ မလိုပါဘူး၊ ယဉ်လေးရယ်၊ ယဉ်လေးအနားမှာ ကိုကို အမြဲတမ်းမရှိနေတော့ ယဉ်လေးက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့စွမ်းအားတော့ အပြည့်ရှိရမယ်....

'ဒီနေ့ကစပြီး ဖုန်းမကိုင်နဲ့တော့၊ ကိစ္စရှိရင် ဒေါ်ကြီးပွင့်ကို ဆက်ခိုင်း သွားခိုင်း၊ အိမ်မှာ ယဉ်လေးတို့မိဘတွေ မရှိတဲ့အချိန် လာရင်လဲ တံခါးဖွင့်မပေးနဲ့၊ ယဉ်လေး ထွက်မတွေ့နဲ့၊ ဒေါ်ကြီးပွင့်ကိုပြောခိုင်း၊ အဲဒါဆို သူလှည့်ပြေးမှာပဲ၊ ဘာတတ်နိုင်မှာလဲ'

'မထင်ပါနဲ့ ကိုကိုရယ်၊ သူက သိပ်ဉာဏ်များတာနော်၊ သူ့ကို ပေါ့ပေါ့သေးသေး တွက်လို့မရဘူး သူက ခပ်ညံ့ညံ့ လူစားတွေထဲမှာ မပါဘူး ကိုကို'

'နေစမ်းပါဦး၊ ဘယ်ဆဲမှာပါပါ ကိုကိုမကြောက်ဘူး' ယဉ်လေးသာ သတ္တိရှိစမ်းပါ၊ လူလူချင်း ဘာကြောက်စရာရှိသလဲကွာ၊ ကိုယ့်အိမ်ထဲ ကိုယ်နေတဲ့သူကို ဘယ်သူက ဘာလုပ်လို့ ရမှာလဲ၊ ကဲ.... ကိုကို့ကိုပြော....'

သိန်းမင်းစာပေ



'သူက ခပ်ရိုင်းရိုင်းလူ.... ကိုကို့ရဲ့'

'ရိုင်းစမ်းပါစေ ယဉ်လေးရယ် ရိုင်းစမ်းပါစေ၊ ကိုကိုက ကို့ အလုပ်တွေနဲ့ ကိုကို မအားလှန်းလို့ ယဉ်လေး နားမှာ အမြဲတမ်းမရှိနေတာကိုဘဲ တွေးတွေးပြီး စိတ် ကောင်းဘူး၊ ယဉ်လေးသာ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဘယ်တော့ ယဉ်လေးတစ်ယောက်တည်း မသွားနဲ့၊ ဒီကြားထဲမှာ အခန ထိုင် အသွားအလာ အားလုံးဆင်ခြင်ပါ၊ သတိဝီရိယနဲ့ ပါ၊ သူ့ဆီက တစ်ခုခုထူးခြားလာတာနဲ့ ကိုကို့ဆယ်လူ ကို ဆက်၊ ဟုတ်ပြီနော်'

'စိတ်ချပါ ကိုကိုရယ်'

ထိုစဉ်အချိန်မှာ စားပွဲပေါ်တင်ထားသော ကိုကို့ ဆယ်လူ ဖုန်းက အသံမြည်လာသည်။

'တူ....တူ....တူ....'

ကိုကိုချက်ချင်း ကောက်ကိုင်ပြီး ထူးလိုက်သည်။

'ဟဲလို....'

'.... .... ....'

'ဟာ....ဦးထူး၊ good morning၊ ပြောပါခင်ဗျာ.... ပြောပါ'

သိန်းမင်းစာပေ

'.... .... ....'

'စိတ်ချပါ ကျွန်တော်မမေ့ပါဘူး၊ ဒီညမှာ ဆုံမယ်လေ ဗျာ၊ ဟုတ်ကဲ့....အဲဒီကျတော့ ပြောတာပေါ့'

'.... .... ....'

'ရပါတယ်ဦးထူးရယ်၊ ပြောရမယ့် လူတွေမှ မဟုတ်တာ အလိုရှိတာသာ ပြောပါ၊ ကျွန်တော် ကူညီဖို့ အဆင်သင့် ပါပဲ'

'.... .... ....'

'ဪ....သစ်တွေလား၊ ပို့လိုက်ပြီ၊ မနေ့ကတဲ ပို့လိုက် တယ်၊ ဒါပေမယ့် ဒီတစ်ခေါက် ပစ္စည်းတွေက ညံ့သွား စိတ်မကောင်းလိုက်တာ မပြောပါနဲ့တော့၊ တော်သေးတ ပေါ့ဗျာ၊ ဟိုပုဂ္ဂိုလ်တွေက မပြောရှာပါဘူး၊ နှစ်ဖက် ပြေလည် အောင် ညှိလုပ်ပေးရှာပါတယ်'

'.... .... ....'

'အိုကေ....ကောင်းပြီဦးထူး၊ ညကျတော့ ဆုံမယ်ဗျာ'

'.... .... ....'

'ဟုတ်ပြီ....ဟုတ်ပြီ....၊ အိုကေ'

ကိုကို ဖုန်းပိတ်လိုက်တော့မှ သူမ သက်ပြင်း အသာချ ဆက်ပြောသည်။

သိန်းမင်းစာပေ



'ကျွန်မကတော့ သူနဲ့ဖေဖေနဲ့တို့မှာကိုပဲ စိုးရိမ်နေရတယ်'

'ဟုတ်တယ်ယဉ်လေး၊ သတိထားပါ၊ ဖေဖေနဲ့တိုးရင်တော့ ဒီလူ သက်သာမှာမဟုတ်ဘူး၊ အားလုံး ဇာတ်တွေ ရှုပ်ကုန် လိမ့်မယ်'

'စိတ်ညစ်တယ် ကိုကိုရယ်၊ သူ့ကို ရှောင်လို့ လွတ်ပါ့မလား မသိပါဘူး'

'ယဉ်လေးရယ်၊ အဆိပ်ပင်နားမှာ အဆိပ်ပင်ဆေးဆိုတာ အမြဲရှိပါတယ်၊ မီးတုတ် ကိုင်သွားပြီးမှတော့ မီးထွန်းရမှာကို မကြောက်ပါနဲ့တော့၊ ကိုကိုပြောတာကို ယဉ်လေး နားလည် တယ်မို့လား'

ကိုကိုကတော့ ပညာဘတ်တစ်ယောက် ပီသစွာ စကားကို ပြေလည်အောင် ပြောတတ်သည်။

သူမသာ ခေါင်းမအေးရ၊ သူ့အကြောင်းတွေးမိလိုက်သည် နှင့် ခေါင်းတွေက ပိုမို၍ရှုပ်ထွေး နောက်ကျိလာခဲ့သည်။

မခြေဖျားလက်ဖျားတွေ အေးစက် လာခဲ့သည်။

သူမ၏ မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သလို ဖြူရော် ဖျော့တော့ လာသည်။

သိန်းမင်းစာပေ

နှုတ်ခပ်းတွေ တဆတ်ဆတ်ဘုန်လာပြီး တစ္ဆေ ခြောက်ခံရသော သူတစ်ယောက်လို အလိုလို ထိတ်သန့် ကြောက်လန့်လာခဲ့သည်။

ကျွန်မ ရှင့်ကို ဘာဖြစ်လို့ ဒီလောက်အထိ ကြောက်နေမှန်း မသိတော့ပါဘူး။

ရှင်....ကျွန်မစိတ်ကို နောက်ထပ် ဒုက္ခ ပေးဦးမယ် ဆိုရင်တော့....

ကျွန်မ တစ်ခုခု ဖြစ်သွားမှာ သေချာသွားပြီ။

* * *



အခန်း (၆)

ဒေါ်ကြီးပွင့်က ကိုကို့ဆီက ဖုန်းလာသည်ဟု ပြောသဖြင့် သူမ ဖုန်းသွားကိုင်လိုက်သည်။

'ယဉ်လေးလား....ကိုကိုပါ....'

'ကိုကို အခု ရုံးခန်းကနေ ဖုန်းဆက်လိုက်တာ၊ ယဉ်လေး အလုပ်တွေအားရင် ကိုကို့ဆီ ခဏရလာက် လာခဲ့ပါလား၊ ကိုကို ပြောစရာရှိလို့၊ ရုံးခန်းက ကားလွှတ်ပေးလိုက်မယ်လေ'

'အခုလား ကိုကို၊ ပြောစရာက အရေးကြီးလို့လား'

'ယဉ်လေး လာခဲ့မယ်မို့လား၊ လာတော့ ပြောတာပေါ့၊

ကိုကို ကားအခုပဲ လွှတ်ပေးလိုက်မယ်နော်၊ ယဉ်လေး စောင့်နေ ဟုတ်လား၊ ဆက်ဆက်လာခဲ့နော်'

'ကိုကို....'

သူမ တစ်ခုခုပြန်ပြောဖို့ပြင်နေတုန်းမှာပင် ကိုကို ဆီက ဖုန်း ချသွားပြီဖြစ်၏။

ကိုကို့ ထံမှ အရေးတကြီး ပြောစရာရှိလို့ လှမ်းခေါ်တယ် ဆိုတော့ ဘာတွေများ ဖြစ်လို့ပါလိမ့်၊

ဟိုလူနဲ့များ ပတ်သက်နေသလား။

သူမတွေးရင်း တစ်ချက် ငိုင်သွားသည်၊

'ဘာတဲ့လဲ....သမီး၊ သူ ဘာဖြစ်လို့လဲ'

ဒေါ်ကြီးပွင့်က သူမ အနားလာရပ်ရင်းမေး၏။

'မသိပါဘူး ဒေါ်ကြီးရယ်၊ အရေးတကြီး ပြောစရာရှိလို့ အခုရုံးခန်းကို လာခဲ့ပါတဲ့၊ သူ ကားလွှတ်လိုက်မယ်တဲ့၊ ဃမီး တော့ ရင်တွေ တုန်လိုက်တာ၊ ဟိုလူနဲ့ သူနဲ့ ဘာများဖြစ်ကြ လို့လဲမသိပါဘူး၊ စိတ်ရှုပ်လိုက်တာနော်'

'ဘာရှုပ်စရာရှိလို့လဲအေ၊ ညည်းကလဲ အလကားနေရင်း စိတ်ရှုပ်နေတာဘဲ။ မောင်အောင်ကြီးက သိပ်သဘောမနော ကောင်းတဲ့သူ၊ တယ်လိုကိစ္စနဲ့ဖြစ်ဖြစ် လူကြီးဆန်ဆန် ဆောင်





က်မှာဘဲ၊ ပြောမှာဘဲ၊ ကမ္ဘူးရှုးထိုးများဘယ်တုန်းက လုပ် းလို့လဲ'

'ကဲပါ ဒေါ်ကြီးရယ်၊ ပြောနေကြာပါတယ်၊ အဝတ် စား သွားလဲလိုက်ဦးမယ်၊ တော်ကြာ ဟိုက လာခေါ်လို့ ပြီးဘဲဖြစ်ဦးမယ်'

သူမပြောပြီး ဒေါ်ကြီးအနားမှ လှည့်ထွက်ခဲ့သည်။

အပေါ်ထပ်က သူမအခန်းထဲရောက်တော့ အလွယ်တကူ တ်၍ရသော ဝမ်းဆက်တစ်စုံကို ထုတ်ဝတ်လိုက်သည်။

မျက်နှာကို အနည်းငယ်ပြင်ဆင်ခြယ်သလိုက်ပြီး ဆံပင်တွေ ကို ညှပ်ကလစ်ဖြင့်စုစည်း ချည်နှောင်လိုက်သည်၊

ဆယ့်ငါးမိနစ်အတွင်းမှာပင် အားလုံးပြီးစီးသွား၏၊

သူမ အဝတ်အစားလဲပြီး အောက်ထပ်ဆင်းတော့ ကိုကို့ ုံးခန်းမှ ဒရိုင်ဘာက သူမကိုကြိုဖို့ အသင့်ရောက်နေပြီ၊

'ဒေါ်ကြီးရေ....သွားပြီ၊ ဖေဖေတို့မေးရင် ကိုကိုလှမ်းခေါ် လို့သွားပြီလို့ပြောလိုက်နော်၊ အကြောင်းထူးရှိရင် ဖုန်းဆက် ပြောလိုက်မယ်'

'ကောင်းပြီ သမီး၊ စိတ်ချလက်ချသာသွား'

'ရပြီ ဦးမျိုး သွားကြစို့'

သူမနှင့် ကိုကို့ဒရိုင်ဘာက ခင်မင်နေသောကြောင့်တရင်းတနှီးခေါ်ရင်း ကိုကို့ကားဖြင့် ကိုကို့ရုံးခန်းသို့ ထွက်ခဲ့ကြသည်။

သူမတို့လမ်းထိပ်နားရောက်တော့ မမျှော်လင့်သောအဖြစ်အပျက်တစ်ခုကို ရင်ဆိုင်ကြုံလိုက်ရသည်။

'ဟင်....သူ'

'သမီး....ရှေ့ကလူကိုသိလို့လား၊ ကားရှေ့မှာပိတ်ရပ်နေပြီ၊ ဘယ်လိုလုပ်မလဲ၊ ရပ်မပေးရင် တိုက်မိတော့မယ်'

ကားဒရိုင်ဘာဦးမျိုးက အလန့်တကြားပြောရင်း ကားဘရိတ်ကိုဖိနင်းလိုက်သည်။

သူ ကားရပ်သွားသည်နှင့် စက်ဖုံးပေါ်သို့အခန့်သားလှမ်းခနဲတက်ထိုင်လိုက်၏။

'ဟင်'

'ဟာ....ဘယ်လိုလူလဲ'

'နေ....နေ....ဦးမျိုး၊ သမီးနဲ့သိတယ်၊ ဦးမျိုး ကားထဲမှာနေခဲ့ပါ၊ ဒီကိစ္စ သမီးရှင်းမယ်'

သူမဒေါသ ထောင်းခနဲထွက်လာ၍ ကားတံခါးဖွင့်ဆင်းဖို့ လုပ်လိုက်သည်။





'သမီး စကားတွေမလွန်စေနဲ့နော်၊ ကောင်လေးကြည့်ရတာ မိုက်ကမ်းကမ်းနဲ့၊ အမှားတွေမယ် သတိထား'

ဦးမျိုးစကားကို သူမ မကြားနိုင်တော့ဘဲ သူ့ရှေ့ရောက်အောင် သူမ သွားလိုက်သည်။

'ကျေးဇူးတင်ပါတယ် သူဌေးကတော်ရယ်၊ကျွန်တော်ကဖြင့် အနုလိုမှ ဆင်းလာပါမလားလို့'

သူက မိုက်ကန်းကန်းပုံစံဖြင့် ခပ်ရွဲ့ရွဲ့ပြောလိုက်သည်။

'ရှင် ဘာလုပ်တာလဲ၊ အခု ကားပေါ်ကဆင်း၊သိပ်ရိုင်းတဲ့လူ၊ ဒါမျိုး ရှင် လုပ်စရာဘာလိုသလဲ၊ ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ'

'ယဉ်နဲ့ကျွန်တော်က ဘာမှမဆိုင်ဘူး၊ ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော်က ယဉ့်အနားမှာ အမြဲ မျက်ခြည်မပြတ်အောင် စောင့်နေတဲ့သူလေ၊ ယဉ့်အိမ်ကနေ တစ်သက်မလေးရွှေ့သွားတာနဲ့ သိရမှ ကျေနပ်နိုင်မယ်၊ အခုရော ယဉ် ဘယ်သွားမှာလဲ၊ ဒီကားက ယဉ်ခင်ပွန်းလောင်းရဲ့ ကားနော်၊ ကျွန်တော် သိနေတယ်'

'ဟင်....ရှင်....ရှင်၊ ဘာဖြစ်လို့ ကျွန်မကို ဒီလောက်အထိ ဒုက္ခပေးနေရတာလဲ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ'

သူ့ရဲ့ ရင့်ချင့်သီးသီးစကားကြောင့် သူ့မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းသွား၏။

'ခင်ဗျား ဘာပြောပြော၊ ပြောချင်ရာပြော၊ ဂရုမစိုက်ဘူး၊ ကျွန်တော့်ကို ဂရုမစိုက်တဲ့ပုံစံမျိုး လာလုပ်ရင်တော့ ကျွန်တော် သည်းမခံဘတ်ဘူး၊ နားလည်လား'

သူမှစိတ်ထဲ နင့်ခနဲဖြစ်သွားသည်။

ရုတ်တရက်မို့ သွေးလန့်သွားတာ ဖြစ်မှာပါ။ သို့သော်ကိစ္စမရှိ။

ဒီနေရာမှာ သူမ အပြတ်ပြောနိုင်မှ တော်ရုံကျမည်။

အားလျော့ပေးလို့ ဘယ်လိုမှမဖြစ်။

'ရင့်လုပ်ရပ်တွေကို ရပ်တန်းကရပ်နော်၊ မရပ်ရင် ကျွန်မရဲ့ကိုဖုန်းဆက်တိုင်ပြောရလိမ့်မယ်'

'ဩော်.... ခင်ဗျားက အခုတော့ အားကိုးရှိတာနဲ့ပဲ ရဲတွေ ဘာတွေသုံးပြီး ပြောရဲပြီပေါ့'

'ရှပ် ဆက်ရိုင်းရင်တော့ လုပ်စရာရှိ လုပ်ရမှာပဲ'

'မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ခင်ဗျားကို သိပ်ချစ်ရတဲ့သူဆိုတော့ ခင်ဗျားပေးမယ့် ဒဏ်ရာနက်နက်တွေကို မခံစားနိုင်ဘူးဗျ၊ အခုချိန်မှာ ကျွန်တော့်ရင်ထဲကို ခင်ဗျား ခဏလေး ဝင်ကြည့်စေချင်တယ်....





'ကျွန်တော့် အသည်းတွေ ကျွမ်းနေပြီ၊ ပြာဖြစ်ဖို့ပဲလိုတော့
ယ်၊ ပြာဘဝမရောက်ခင် ကျွန်တော့်ကို ခင်ဗျား ကယ်မှ
ယ် ယဉ်၊ ယဉ် ကျွန်တော်ပြောတာနားလည်ပါဘယ်နော်....

'ကျွန်တော်အသည်းကို ထပ်ပြီးမဆွပါနဲ့ဗျာ၊ ကျွန်တော်
စားနိုင်ဘူး၊ ကျွန်တော် ခင်ဗျားကို သိပ်ချစ်ရတဲ့စိတ်နဲ့
နေပြီ ယဉ်ရဲ့ ရူးနေပါပြီ'

'သွားသေလိုက်၊ အဲဒီကားရှေ့မှာတိုးပြီး လဲသေလိုက်'

'ဟာ.... ကြည့်စမ်း၊ ခင်ဗျားက ကျွန်တော့်ကို သေစေ
တဲ့ ဆန္ဒတောင် ရှိနေပြီပေါ့လေ ဟုတ်လား'

'ရှင် စကားရှည်မနေနဲ့၊ အခုဆင်း၊ ကျွန်မ သွားစရာ
တယ်'

'ဘာလဲ ယဉ့်ရဲ့ခင်ပွန်းလောင်းဆီ သွားမှာမို့လား'

'ကိုယ့်ဘာသာကိုယ် ဘယ်သွားသွား ရှင့်အပူမပါဘူး'

'ပါတာပေါ့ဗျာ ပါရတာပေါ့၊ ခင်ဗျား ကျွန်တော့်ကို
က်ရက်စက်စက်ကြီးဥပေက္ခာပြုလိုက်တာဟာ.... ကျွန်တော့်
သည်းကို ဓားနဲ့နုတ်နုတ်စင်းသလိုခံစားရတယ်....

'အဲဒါ ခင်ဗျားသိသလား၊ ကျွန်တော်က ခင်ဗျားကို သိပ်
စ်တဲ့သူ၊ ကျွန်တော့်ရှေ့မှာ ခင်ဗျားတို့နှစ်ယောက် သွားကြ
ကြ စားကြ သောက်ကြနဲ့၊ ကျွန်တော် ဘယ်လိုလုပ်နေရ

မလဲ၊ ကျွန်တော့်ကိုသနားပါဦး ယဉ့်ရယ်၊ ယဉ့်ကိုမှကျွန်တော်
မရရင် အခုချက်ချင်း သေသွားနိုင်ပါတယ်ဗျာ’

‘တော်တော့....တော်တော့၊ ရှင်ဘာမှမပြောနဲ့တော့၊ ကျွ
လမ်း ကျွန်မ အေးအေးဆေးဆေး သွားပါရစေ၊ ရှင် အ
ဆင်းပါ၊ ကျွန်မ ဂုဏ်သိက္ခာကျဆင်းအောင် မလုပ်နဲ့နေ
လမ်းမပေါ်မှာ လူမြင်မကောင်းဘူး’

‘ဒီလမ်းက လူရှင်းပါတယ်၊ ဘယ်သူမှမမြင်ပါဘူး၊ စိ
အေးအေးနေပါယဉ်၊ ကျွန်တော်ပြောစရာရှိတာ ပြောပြီး
သွားနိုင်မှာပါ’

‘ခက်တာပဲရှင်၊ ရှင်တော်တော်ပြောရဆိုရကျပ်တဲ့လူ၊ ကျွန်
မကြာခင်မှာလက်ထပ်တော့မယ့်သူ ရှိပြီးသား၊ ရှင်လဲသိ
တာပဲ၊ ဘာဖြစ်လို့ လူတစ်ဖက်သားကို ဒုက္ခဖြစ်အောင်
နှိပ်စက်နေမလဲ၊ အခုတောင် ရှင့်ကိုအချိန်ပေးရတာ ဘ
လောက်ကြာနေပြီလဲ’

‘တွေ့တုန်းလေး စကားပြောရတာ စိတ်ရှည်စမ်းပါ ယ
ရယ်’

‘ကျွန်မ အချိန်မပေးနိုင်တော့ဘူး၊ သွားတော့မယ်။ လမ်
မပေါ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရှင်လုပ်နေတာ ကျွန်
သိက္ခာကျတယ်’





‘ခင်ဗျား...ကျွန်တော့်ရှေ့ကထွက်သွားဖို့ တကယ်သတ္တိ
လား ပြော’

သူ့အသံထဲမှာ ဒေါသသံတွေ ပါလာပြီ။

သူ့မျက်ဝန်းနက်နက်တွေက မြွေတစ်ကောင်လို သူမကို
...ယူလိုက်ပြီဖြစ်၏။

သူမ လန့်ပြီး ခြေတစ်လှမ်းပင် မတိုးရဲတော့....

‘ကျွန်မကိုသနားပါရှင်၊ ကျွန်မက မကြာခင်လက်ထပ်ရ
...တော့မယ့် သူတစ်ယောက်ပါ၊ ဒီအချိန်မှာ ကျွန်မဘက်က
...စ်ခုခုမှားယွင်းသွားလို့ မဖြစ်ဘူးလေ၊ ကားမောင်းတဲ့သူ
...လဲ သူ့ဒရိုင်ဘာပါ၊ ပြန်ပြောရင် ရှင်နဲ့ သူနဲ့ ဘယ်လောက်
...ပြဿနာတက်ကြမလဲ၊ ရှင်သိလား’

‘ခင်ဗျားနဲ့ပတ်သက်လာရင် ဘာဖြစ်ဖြစ် ကျွန်တော်ရင်ဆိုင်ဖို့
...ယ်ဒီပဲ’

သူက ခါးကိုကော့၍ ရင်ကိုမော့ပြီး ပြောသည်။

‘တိုက်ခတ်တတ်တဲ့သူက တိုက်ပွဲကိုတွေ့မှ တက်ကြွနေတဲ့သူ
ဆိုတာ လုံးဝမေ့မပစ်လိုက်နဲ့၊ မှားသွားမယ်’

‘ရှင်ဘာလေ ယောကျ်ားကြီးတန်မယ့် အဖော်ကို ခြိမ်း
ခြောက်တာ ဝါသနာပါသွန်းတယ်၊ ကျွန်မက ပါဠိမြင်တိုင်း
ဘုရားရှိခိုးစာထင်တတ်တဲ့ မိန်းမမဟုတ်ဘူး’

'အိုကေ ကြိုက်တယ်၊ မောင်မင်းက ဒါမျိုးမှအလိုရှိတာ ကဲ.... ဆက်ပြော၊ ကျွန်တော့်ကိုကိစ္စကို ခင်ဗျားဘယ်လိုဖြေရှင်း မလဲ'

'ဘာရှင်းစရာလိုသလဲ၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး ဘယ်တုန်းကမှလဲ မဆိုင်ခဲ့ဘူး၊ကျွန်မမှာ လက်ထပ်ရမယ့် သူ'

'ဟို.... ဟိုး....တော်ပါတော့ ယဉ်ရယ် တော်ပါတော့၊ ဒီစကားတွေပဲ ထပ်တလဲလဲကြားနေရတာ နားထဲမှာခါးသက်လှပါပြီ၊ ဒီမယ်.... ကျွန်တော်တစ်ခါထည်း ပြောလိုက်မယ်....

'ခင်ဗျားမှာ ရည်းစားဘယ်နှစ်ယောက်ရှိရှိ ကျွန်တော် ဂရုမစိုက်ဘူး၊ ရည်းစားပဲဗျာ ရှိပေါ့၊ ဘာဆန်းသလဲ၊ကျွန်တော်လို ကောင်မျိုးက လောကကြီးမှာ ကိုယ်လုပ်ချင်တာလုပ်ဖို့ အတွက် လူဖြစ်လာတဲ့လူ၊ ဘယ်သူတွေဘာကြီးဖြစ်ဖြစ် သိပ် ဂရုမစိုက်တတ်ဘူး၊ ကျွန်တော်ခေါင်းမာတာ ခင်ဗျားသိတယ် မို့လား'

'ရှင့်ဟာရှင် မာချင်သလောက်မာ၊ ကျွန်မနဲ့မဆိုင်ဘူး၊ ရှင်သာ ကျွန်မကိုမနှောင့်ယှက်ပါနဲ့၊ ကျွန်မအိမ်လဲ ဖုန်းဆက်စရာ မလိုဘူး၊ အိမ်လဲလိုက်လာစရာမလိုဘူး၊ ဒါပဲကျွန်မပြောမယ်'

'ဒါက ကျွန်တော့်ကတ္တပါ၊ ကျွန်တော့်စိတ်နဲ့ကျွန်တော့် ကိုယ်ပဲ၊ ဖုန်း ဆက်ချင်ဆက်မှာဘဲ၊ လာချင်လဲလာမှာဘဲ၊ ဘာ





ကိစ္စ ခင်ဗျားတားမြစ်လို့ ရမလဲ၊ ခင်ဗျားသာ ကျွန်တော့်ကို ကြည့်ရှောင်၊ ကျွန်တော်က လှမ်းပြီးသားခြေထောက်ကို ဘယ်တော့မှ ပြန်နောက်ဆုတ်ရိုး ထုံးစံမရှိဘူး မှတ်ထား'

'ဟင်....ရှင်....ရှင်၊ ပြောခလ မိုက်ရိုင်းလေပါပဲ။ ကဲ....'

'ဖြန်း....'

'အ....'

'ဟာ....၊ ခင်ဗျား ကျုပ်ပါးကို ရိုက်လိုက်တာပေါ့လေ'

သူက သူမရဲ့ လက်ပြန် ရိုက်လိုက်မှုကြောင့် ပါးပေါ်မှ ဒေါသတကြီးလွှားခနဲ ခုန်ဆင်းချလာသည်။

ထိုအချိန်မှာ ယုမက ကြောက်လန့်တကြားဖြင့် ကားပေါ် အမြန်တက်ပြီး....

'ဦးမျိုး ...မောင်း....မောင်းတော့' ဟု

အသံပြုလိုက်သည့် နောက်မှာ ကားက သူ့နံဘေးမှ လျှာ ခနဲမောင်းထွက်သွားသည်။

သူ ရှောင်ရင်း ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်ခဲ့ပုံရသည်၊

ထိုနေရာမှာ သူဘယ်လိုပုံစံမျိုးဖြင့် ကျန်ရစ်ခဲ့သည်ကိုတော့ သူမ မသိတော့။

သူမ နောက်ပြန် လှည့်မကြည့်ရဲတော့။

သူ့ကို ရိုက်လိုက်မိသော သူမလက်ကိုသာ ငုံ့ကြည့်ရင်း နေရာတင်ချုံးပွဲချ၍ ငိုချင်စိတ် ပေါက်သွားသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခါသွားသည်။

သူမ တစ်သက်မှာ ယခုကဲ့သို့သော အပြုအမူမျိုးကို ဘယ်လို ယောကျ်ားလေးမျိုးကိုမှ သူမ မလုပ်ခဲ့ဖူးပါ။

သူတစ်ပါးကို နာကျင်အောင် ရိုက်လိုက်မိခြင်း အတွက်, ငါ့ကို သူ ခွင့်လွှတ်ပါတော့မလား။

ငါ လက်လွန်သွားပြီနဲ့ တူပါတယ်။

ဘုရား....ဘုရား။

ဒီအဖြစ်နဲ့ပတ်သက်ပြီး သူ ငါ့ကို ဘာမှ မတုံ့ပြန်ပါစေနဲ့။

ဘာတစ်ခုမှ ပြန်မလုပ်မိပါစေနဲ့။

ဒီကိစ္စတွေကို ကိုကို သိအောင်တော့ ငါပြောပြရမယ်။

ကယ်ပါဦးကိုကိုရယ်....ကျွန်မကို ကယ်ပါဦးရှင်....။

* * *



## အခန်း (၇)

ကိုကို့ဆီ ရောက်ရောက်ချင်း သူမ ဘာစကားမှ မပြောနိုင်။

တစ်ကိုယ်လုံး တုန်ယင်ပြီး အလိုလိုမောဟိုက် နွမ်းနယ်နေသည်။

ကိုကို့ဆီမှ ရေ အေးအေး တစ်ခွက် လှမ်းတောင်းပြီး သောက်လိုက်ရသည်အထိ သူမစိတ်တွေ အဆမတန် လှုပ်ရှားနေခဲ့သည်။

သူမအပေါ်မှာ အင်မတန် သဘောထား ကြီးနိုင်သော ခွင့်လွှတ် နားလည်နိုင်သော ကိုကို့မျက်နှာကိုပင် သူမ ဘယ်လို ကြည့်ရမှန်းမသိတော့။

သူမက လူတစ်ယောက်ရဲ့ ပါးကို ရက်ရက်စက်စက် ရိုက်ပင် ခဲ့တယ်လို့ ပြောရင်ရော....၊ ကိုကိုက ခွင့်လွှတ် ကြည်ဖြူနိုင်ပါ့ မလား။

သွားပြီ၊ ထိုအဖြစ်က သူမ ဘဝတစ်ခုလုံး တစ္ဆေအခြောက် ခံရတဲ့သူ တစ်ယောက်လို ခြောက်လှန့် နေမှာတော့ သေချာ သွားပြီ။

'ကိုကို ဘာလုပ်ပေးရမလဲကွယ်၊ ယဉ်လေး ကြည့်ရတာ လမ်းမှာ တစ်ခုခု ဖြစ်လာသလိုဘဲ ထိုင်ညှိုးလေ ယဉ်လေး၊ ခဏ....'

ကိုကိုက သူမကို သူ့ရုံးခန်းထဲမှာ ခဏ ထားခဲ့ပြီး အပြင် ထွက်သွားသည်။

ကိုကို ဘယ်သွားသလဲ သူမ မသိပါ။

သူမကတော့ 'အဲယားကွန်း' အခန်းထဲမှာ ထိုင်နေသော် လည်း စိတ်လှုပ်ရှားမှုကြောင့် ချွေးသီးတွေ အသီးလိုက် အပေါက်လိုက် ကျနေမိ၏။

သူမ လုပ်ခဲ့သည့် လုပ်ရပ်တွေအတွက် သူမကိုယ် သူမပင် ခွင့်လွှတ်၍ မရအောင် ဖြစ်နေမိ၏။

ဘာကြောင့် သူ့ ပါးကို နာကျင်အောင်ငါရိုက်ခဲ့တာလဲ။

'ငါရိုက်ခဲ့တဲ့သူက ခပ်ညံ့ညံ့မှ မဟုတ်တာဲ။





ငါပေးခဲ့တဲ့ဒဏ်ရာနဲ့ညီမျှအောင် သူ ငါ့ကို တစ်ခုခု လုပ် တော့မယ်....။

'ယဉ်လေး'

'ဟင်....'

သူမတွေးနေစဉ် သူမ အနားကို ကိုကို ရုတ်တရက် ရောက် လာသည်။

ကိုကိုက သူမပခုံးလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး....

'ကိုကိုဖြင့် ရင်တွေထိတ်လိုက်တာ ယဉ်လေးရယ်၊ လမ်းမှာ ဘာဖြစ်လာသလဲလို့ ဦးမျိုးကို သွားမေး ညှိမှဘဲ အားလုံး သိရတော့တယ်'

'ရှင်....'

သူမ ပိုလန့်သွားသည်။

ခုနက ကိုကိုထွက်သွားတာ ကိုကို့ဒရိုင်ဘာကို သွားမေး တာကိုး။

သူမသည် ကိုကို့မျက်နှာကို အထိတ်တလန့် မော့ကြည့်ရင်း ပြန်ပြောဖို့မည့်စကားတစ်ခုခု ရှာလိုက်သည်။

ကိုကို့မျက်နှာက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပါဘဲ။

သူမကို ခွင့်လွှတ် နားလည်သော အပြုံးဖြင့် တည်ငြိမ်စွာ ကြည့်၏။

'ဒီကိစ္စအတွက် ကိုကို ဘာမှမဖြစ်ဘူးဆိုတာ ယဉ်လေး သိတယ်နော်၊ ယဉ်လေးရယ်....စိတ်အေးအေး ထားမှပေါ့၊ ဘာဖြစ်လို့ စိတ်ကိုအတင်းလွှတ်ပေးပြီး စိတ်အလိုကို လိုက်ရတာလဲ၊ သူနှောင့်ယှက်လို့ သူ့ပါးကို ရိုက်ခဲ့တယ်ဆို'

'ကိုကိုရယ်၊ အဲဒီအတွက် ကျွန်မမှားသွားသလား ဟင်၊ မှားသွားသလား'

သူမက အသနားခံသလို မျက်နှာလေးဖြင့် အားငယ်ထိခိုက်စွာ မေး၏။

'ပြီးသွားပြီလေ ယဉ်လေးရဲ့၊ ကိုယ်လုပ်ခဲ့ပြီးမှတော့ မှားချင်မှား မှန်ချင်မှန် မစေ့နဲ့တော့၊ နောက်ဘစ်ခါ အခုလို ထပ်မဖြစ်အောင် ယဉ်လေးဆင်ခြင်ရမယ်....

'ထိန်းသိမ်းရမယ်၊ ဘာဖြစ်လို့လဲဆိုရင် သူလိုလူစားမျိုးကို ကိုယ်ထိလက်ရောက်စော်ကားခဲ့ခြင်းဟာ နောက်တစ်ကြိမ် ထပ်မဖြစ်သင့်လို့ပဲ'

'ကျွန်မ နားလည်လိုက်ပါတယ် ကိုကိုရယ်၊ ကိုကိုပြောသလို နောက်တစ်ခါထပ်မဖြစ်အောင်လဲ ဆင်ဆင်ခြင်ခြင် နေပါမယ်'

'ယဉ်လေးကသာ ပြောနေတာပါလေ၊ ဒီလူ ယဉ်လေးကို





ထပ်နှောင့်ယှက်လာလဲ ယဉ်လေးက အခုလိုပဲ ပြန်တုံ့ပြန်နေဦးမှာပါ'

'ဟင့်အင်း ကိုကို၊ မဖြစ်စေရပါဘူး၊ ကျွန်မ တကယ်ကတိပေးပါတယ်၊အခုကိစ္စကလဲ သူ့ဘက်က မတရားနိုင်တက်စီးနင်းတွေ ပြောလာလွန်းလို့ပါ'

'ထားတော့လေ ထားတော့၊ သူဟာ ကိုကို့ကိုပါ ဒုက္ခပေးရုံ ကတူး၊ယဉ်လေးကိုပါ ဒုက္ခပေးလာပြီဆိုတော့ အင်း.... ကိုကိုတို့နှစ်ယောက်မှာ စဉ်းစားတွေးတောစရာတွေ ဖြစ်လာပြီ'

'ဟင်၊ သူက.... သူက.... ကိုကို့ကို ဒုက္ခပေးတယ် ဟုတ်လား၊ သူ ဘာတွေလုပ်လို့လဲ ကိုကို၊ ကျွန်မကို ပြောပါဦး'

သူမ ထိတ်လန့်စွာဖြင့် တအံ့တသြမေးသည်။

ကိုကို့မျက်နှာက လှုပ်ရှားမှုကင်းမဲ့နေပြီး တည်ငြိမ်စွာ ပြန်ပြောသည်။

'နေပါစေ ယဉ်လေး၊ ကိုကိုပြောရင် ယဉ်လေး စိတ်မကောင်း ဖြစ်နေရဲ့ကလွဲပြီး ဘာမှတတ်နိုင်မှာမှမဟုတ်ဘဲ၊ မပြောတော့ပါဘူး'

'အို.... မဟုတ်တာကိုကိုရယ်၊ ပြောမှ၊ ကျွန်မအပေါ်မှာ ကိုကို သိပ်သဘောကောင်းလွန်းလို့လဲ ကျွန်မက ကိုကို့ကို အားကိုးနေရတဲ့သူပါ၊ ကိုကိုပြောပြပါနော်၊ သူ ကိုကို့ကို ဘာတွေနှောင့်ယှက်သလဲ ဟင်'

''ကိုကိုမပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ် ယဉ်လေး၊ ယဉ်လေး မသိချင်ပါနဲ့တော့၊ ဘာလုပ်မလဲ၊ သိလဲစိတ်ထိခိုက်ရုံထက် ဘာမှလုပ်ပေးလို့ရမှာမှမဟုတ်ဘဲ၊ နေပါစေ၊ ယဉ်လေးအတွက် ကိုကို စိတ်ရှည်ရမှာပေါ့၊ သည်းခံနိုင်ရမှာပေါ့'

'မဟုတ်ဘာ ကိုကိုရယ်၊ ကိုကို အဲဒီလိုလုပ်နေလေ သူကပိုပြီး မိုက်ကမ်းပြနေတော့မှာပေါ့၊ သူလုပ်သမျှ ကိုကို ခေါင်းငုံ့ခံနေရမယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး၊ ပြောပါ.... ကိုကို၊ သူ ကိုကို့ကို ဘာတွေလုပ်သွားသလဲ၊ ဘာတွေပြောသွားသလဲ၊

'ကိုကို ယောကျ်ားပါ ယဉ်လေး၊ ကိုကို မပြောဘူးလို့ ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကို ယဉ်လေး ထပ်မမေးပါနဲ့တော့၊ ဒီနေ့ ကိုကို ယဉ်လေးကို ခေါ်တဲ့ကိစ္စပဲ ကိုကိုပြောပါ့မယ်၊ ယဉ်လေး နားထောင်ပါ'

သူမသည် ကိုကိုပြောမည့်စကားကို နားစွင့်လိုက်သည်။

'ကိုကိုတို့ အမြန်ဆုံးလက်ထပ်ကြမှ ဖြစ်တော့မယ်'

'ဟင်.... ရှင် ကိုကို'

သူမ အံ့ဩလွန်း ဖြင့် အသံကျယ်ကြီးထွက်သွား၏။

'ဟုတ်တယ် ယဉ်လေး၊ ကိုကိုပြောလို့ ယဉ်လေးအံ့ဩချင်လဲ အံ့ဩသွားမယ်၊ ဘာကြောင့်လဲလို့ ကိုကို့ကို ယဉ်လေး ထပ်မမေးပါနဲ့တော့၊ ယဉ်လေးသိအောင် ကိုကိုပြောပြဖို့ မလိုဘူး ထင်ပါတယ်....





'ကိုကိုတို့ လက်ထပ်ဖို့ရွေးထားတဲ့အချိန်ထက် နှစ်လတိတိ စောပြီး လက်ထပ်မှဖြစ်တော့မယ်၊ ယဉ်လေးဟာ မကြာခင် ာ ကိုကို့ဇနီးတစ်ယောက်အဖြစ် ကိုလို့ အနားမှာ ရပ်တည်မှ စ်တော့မယ်....

'ဒီလောက်ပဲ ကိုကိုပြောပါရစေ၊ အဲဒီကိစ္စကို ယဉ်လေး ဘောတူ မတူ အခုတစ်ခါတည်းဆုံးဖြတ်ပါ၊ မိဘတွေကိစ္စ ကိုကို့တာဝန်ထား၊ ကိုကိုပြောရင် အားလုံးပြီးပါတယ်၊ ကိုလိုချင်တာ ယဉ်လေးရဲ့ကတိစကား၊ ယဉ်လေးရဲ့ဆုံးဖြတ် က်'

သူမ ဘာပြန်ပြောရမလဲ။

သူ ဘာကြောင့် သူမကို အမြန်အဆန်ကြီးလိုချင်တယ်ဆိုတာ သူမ သဘောပေါက်နားလည်သွားပြီ။

ဟိုလူ....၊ မောင်မင်းဆိုတဲ့ ယေလေကြမ်းပိုးကောင်....

ကိုကို့ကို ဘာတွေနှောင့်ယှက်သွားသလဲမသိ။

ဒီလို အရိုင်းအစိုင်းကောင်မျိုးနဲ့ ခင်ခဲ့ရင်းနှီးခဲ့မိတာ ငါ မှားပါ။

သူ့ကိုမရှောင်ရင် ဒုက္ခလှလှကြီးတွေ့မှာ သေချာတယ်။

'ပြောပါ ယဉ်လေးရယ်၊ ယဉ်လေးနှုတ်ကထွက်လာမယ့် ဖြေကို ကိုကို စောင့်နေပါတယ်'

'ကျွန်မ ကိုကို့ကို လက်ထပ်ပါ့မယ် ကိုကို'

သူမအသံ ခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

ကိုကို့ မျက်နှာလေးက ကလေးတစ်ယောက်လို ချက်ခြင်း ဝင်းလက်စိုပြည်သွားပြီ။

'ကျေးဇူးတင်ပါတယ် ယဉ်လေးရယ်၊ ကိုကို အားလုံး အမြန်ဆုံး စီစဉ်လိုက်တော့မယ်နော်'

ဟု သူမကိုပြောပြီး သူမနဖူးပြင်လေးကို အသာငုံ့နမ်း လိုက်၏။

သူမနှလုံးသားလေးထဲမှာ နွေးခနဲ စိမ့်တက်သွားသည်။

အခုချိန်ကစပြီး ကျွန်မ တကယ်ချစ်တဲ့သူဟာ ကိုကိုဆိုတာ နားလည်ခဲ့ရပါပြီ။

ကျွန်မတို့နှစ်ယောက် ဘယ်တော့မှ မခွဲကြတော့ဘူးနော် ကိုကို၊

သူမရင်ထဲမှာ အသံမဲ့ တီးတိုးပြောလိုက်သည်။

*　　*　　*



အခန်း (၈)

'အစတုန်းကတော့ ဖေဖေ့ သမီးလေးက သုံးလ နေပါဦး မယ် လေးလနေပါဦးမယ်နဲ့၊ အခုတော့ ဘယ်လို ဖြစ်တာလဲ၊ ချက်ချင်းကြီး ယူကြတော့မယ်ဆို၊ ဖေဖေအံ့သြလိုက်တာ သမီး ရယ်....'

'ညနေက ဖေဖေ့ကို မောင်အောင်ကြီး လိုက်လာပြီးပြော တော့ ဖေဖေ နားတောင် ဖေဖေမယုံဘူး၊ ကိုယ့် သားမက် လောင်း မျက်နှာတောင် ကိုယ်ပြန်ကြည့်ဖို့ စိတ်မရဲတော့ဘူး—

'မောင်အောင်ကြီးစကားတော့ ဖေဖေယုံတယ်ကွ၊ ဒီလူက တယ်ပီရိတာ၊ ယောကျ်ားပီသတဲ့ လူစားမျိုးထဲမှာ ရှေ့ဆုံးက

ပါတဲ့လူ၊ ဖေဖေ့ သမီးအတွက် ဖေဖေ ရှာပေးထားတဲ့ လူက ဘယ်လောက်တော်သလဲ၊ နောက်တော့ သမီးသိလာမှာပါ'

'မေမေ့သမီးလေး အိမ်ထောင်သည် ဖြစ်သွားမှာကိုတော့ မေမေက အလွန်နှမြောတာကွယ်၊ မောင်အောင်ကြီး ပြောပြီး ဒီအိမ်မှာပဲ နေခိုင်းရင် ကောင်းမလားလို့ စဉ်းစားနေရတယ်'

'ဟာ ခေမာကလဲ မဟုတ်ဘာ၊ သူ့အိုး သူ့အိမ်နဲ့ နေစမ်းပါစေ၊ ကိုယ့်သမီးပဲ၊ ဘယ်အချိန်တွေ့တွေ့ သွားတွေ့လိုက်လို့ရတာဘဲ၊ အိမ်ထောင်သည် ဖြစ်သွားရင် မိဘအိမ်မှာ ခေါ်ထားလို့သင့်တော်တာ မဟုတ်ပါဘူး၊ ကလေးတွေ လွတ်လွတ်လပ်လပ်နေပစေ'

မေမေပြောတော့ ဖေဖေကဝင်ဟန့်ပြောသည်။

'သမီး ဒေါ်ကြီးပွင့်ကတော့ သမီးနောက် လိုက်နေမှာနော်၊ ခေါ်မယ်မို့လား'

'ဟုတ်တယ်ဖေဖေ၊ ဒေါ်ကြီးပွင့်ကိုတော့ သမီး ခေါ်သွားမှ ဖြစ်မယ်၊ သမီးမရှိရင် ဒေါ်ကြီးပွင့် တစ်ယောက်တည်း ပျင်းကျန်ရစ်မှာ'

'ညည်းက မခေါ်လဲ ကျုပ်က အတင်းခိုကပ်ပြီး လိုက်ရမှာပါပဲ'

အားလုံးက ဝိုင်းရယ်ကြသည်။





'ကဲ....သမီး ဖေဖေ့ ဆီက လိုချင်တာတောင်း၊ သမီးမေမေ ဆီကဘဲ လိုချင်တာတောင်း၊ ဟို အပျိုကြီးကတော့ အမွေတွေ အများကြီးရှိတယ်၊ အကုန်သာ ပစ်တောင်းတော့'

ဖေဖေနှင့်မေမေက သူမ အိမ်ထောင်ပြုတော့မည် ဆိုသဖြင့် အလွန် ဝမ်းသာနေကြသည်။

သူမသာ ကိုယ့်ဒုက္ခနှင့် ကိုယ်မို့ မပျော်နိုင်ဘဲ ဖြစ်နေရသည်။

ကိုကို့ကို သူမအမြန်ဆုံး လက်ထပ်လိုက်ခြင်းက သူ့ရန်ကို ရှောင်ဖို့ အလွယ်ဆုံးနည်းတစ်နည်း ဖြစ်သွားသည်။

ကိုကိုကလည်း သူမကို သူ့ဇနီးအဖြစ် ကိုကို့အနားမှာ ဘာဝရ ရပ်တည် နေစေချင်ပါပြီ။

ကိုကို့လို ယောကျ်ား ပီသစွာဖြင့် သူမအပေါ် အစစ အရာရာ သဘောထားကြီးပြီး ခွင့်လွှတ်နိုင်သော ယောကျ်ား ျိုးကို ဒီကမ္ဘာမှာ နောက်ထပ် ရှာလို့ တွေ့နိုင်မည် မထင် တော့။

ဒါကြောင့်လည်း ကိုကို့ ကိုသူမဘဝရဲ့တစ်သက်တာ အဖော် ွန်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်၏။

'သမီး....ငြိမ်လှချည်းလာကွ၊ ပြောလေ၊ သမီးဖေဖေ့ ဆီက ာလိုချင်လဲ၊ သမီးမေမေဆီကရော ဘာတွေ တောင်းဖို့ စဉ်း ားထားလဲ'

'ဟင့်အင်းဖေဖေ၊ သမီးဘာမှ မတောင်းပါဘူး၊ သမီ အတွက် အားလုံးပြည့်စုံနေပြီဘဲ၊ ဘာမှ မလိုအပ်တော့ပါဘူး

'သမီးပြောတာလဲ ဟုတ်နေတာဘဲ၊ မောင်အောင်ကြီ ကတော့ သူ့အစီအစဉ်နဲ့သူ ရှိပြီးသား၊ ဟိုတလောက သမီး လက်ထပ်ပြီးရင် နေဖို့ဆိုပြီး ဝယ်ထားတဲ့ခြံက နည်းတ မဟုတ်ဘူး....

'ဖေဖေ့ ခေါ်လို့တောင် လိုက်သွားရသေးတယ်၊ အခု အဲဒီခြံကို ပြန်ရောင်းရင် အနည်းဆုံး နှစ်ရာ လောက်တော မြတ်မှာသေချာတယ်၊ ဒီလောက် ကျယ်တဲ့ ခြံဝင်းကြီးထဲမှ သမီးတစ်ယောက်တည်း နေရမှာစိုးတာနဲ့ ဖေဖေလဲ ပြန်ရောင် ဖို့ ပြောသေးတယ်....

'မရောင်းဘူးတဲ့လေ၊ သမီးကို အဲဒီလို ခြံကျယ်ကျယ်မျိုးမှ သူ့စိတ်တိုင်းကျ ကိုယ်တိုင်ဆောက်ပြီးအပျံစား တားချင်တာတ သူ့စိတ်ကူးကို ကြည့်ပါဦး၊ ဖေဖေ့သမီးတော့ တကယ် က ကောင်းတာပါ၊ သူများတွေ ကံကောင်းတယ် ဆိုရင်တော ဖေဖေ့သမီးကို မီမယ်မထင်ဘူး....

'ပြီးတော့တိုက်ဆောက်မယ့်ပုံစံကလဲ တကယ့်ကို ယိုးဒယာ က အိမ်ပုံစံတွေအတိုင်း ဆောက်မှာတဲ့လေ၊ ဖေဖေ့ကို သူဆွဲ ထားတဲ့ပုံစံထုတ်ပြတယ်'

'ဖေဖေ့ ကျေးဇူးတွေပါ ဖေဖေရယ်'

သိန်းမင်းစာပေ



'အင်း၊ မောင်အောင်ကြီးလို သူတော်ကောင်းတစ်ယောက် ကို ကိုယ်က စိတ်ဆိုးမိရင်လဲ ဘယ်တော့မှ စိတ်လိုက်မာန်ပါ ပြောမိပါစေနဲ့၊ သမီးက လိမ္မာရေးခြား ရှိတဲ့ မိန်းကလေးပဲ၊ ပြောသမျှ ဆိုသမျှကို နားလည်လက်ခံရမယ်၊ နားထောင် မယ်....

'သူ့အဖေပါမှာ ဆိုးတာ နွဲ့တာတွေ မလုပ်နဲ့နော်၊ လင် ယားချင်း တစ်ခုခုဖြစ်ရင် ဖေဖေ သမီးကိုပဲ ဆူမယ်၊ အခု ကတည်းက ဖေဖေပြောထားမယ်၊ ကြားလား သမီး'

သူမ ပြုံးရင်း ခေါင်းငုံ့ တိုင်နေမိသည်။

ဖေဖေတို့သားမက်ကို ချစ်ထားပုံကတော့ လွန်ပါပေတယ်။

ဖေဖေ့စကားကို သဘောကျပြီး မေမေတို့ ညီအစ်မ နှစ် ယောက်ကလဲ ရယ်နေကြ၏။

ထိုညကတော့ ကိုကို့အကြောင်းနှင့် ပတ်သက်ပြီး ဖေဖေ တစ်ယောက် ရေပက်မဝင်အောင် ပြောနေသည်မှာ အတော် ကလေး ကြာမြင့်ခဲ့သည်။

သူမလဲ မိုးစုပ်စုပ်ချုပ်မှ အိပ်ရာဝင်ဖြစ်ခဲ့၏။

* * *

သိန်းမင်းစာပေ

## အခန်း : (၉)

'လာ.... စု၊ နင်လာမယ်ဆိုလို့ ငါစောင့်နေတာ၊ ကြည့်စမ်း မိန်းမက၊ မတွေ့တာကြာလို့ ပိုဝလာသလိုဘဲ'

သူမက သူငယ်ချင်းစု၏ လက်ကိုဆွဲပြီး ဖက်လဲတကင် ပြောသည်။

'ဟုတ်တယ်ယဉ်၊ ငါလဲ လုပ်ရင်းကိုင်ရင်းနဲ့ ဝနေတော့တာပဲ၊ နင်ကတော့ ပိန်သွားတယ်၊ ဘယ်လိုဖြစ်တာလဲ။ မျက်နှာတွေလဲ ချောင်လို့'

'ဒီလိုပေါ့ဟာ၊ စိတ်ညစ်စရာလေးတွေ ရှိနေတာနဲ့ ညည အိပ်လို့မပျော်ဘူး ဖြစ်နေတယ်'





'အံမာ၊ နင့်လိုလူမျိုးက စိတ်ညစ်စရာရှိသေးတယ်၊ ပြောစမ်းပါဦး၊ နင် ဘာတွေဖြစ်နေတာလဲ၊ ငါတို့သူငယ်ချင်း နှစ်ယောက် မတွေ့ကြတာ အတော်ကြာပြီနော်'

'ဟုတ်တယ် စုရယ်၊ ပြောစရာတွေ ရင်နဲ့အပြည့်ပဲ၊ လာ ငါ့အခန်းထဲမှာ စားရင်းသောက်ရင်း စကားပြောကြတာပေါ့'

'နင့်မိဘတွေရော၊ ဒေါ်ကြီးပွင့်ရော'

'ဖေဖေနှင့် မေမေက အလှူဘစ်ခုသွားတယ်၊ ကြာမှာဟ၊ တော်တော်နဲ့ပြန်လာမှာမဟုတ်ဘူး၊ ဒေါ်ကြီးပွင့်က နင်နဲ့ ငါနဲ့ စားဖို့အတွက် ဟင်းချက်နေတယ်'

သူမနှင့် စုက အခန်းပေါ်သို့ တက်ခဲ့ကြသည်။ အခန်းထဲ ရောက်တော့ သူငယ်ချင်းနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ပြောဖြစ်ကြသည်။

'နင်.... ငါ့ကိုပြောစရာရှိလို့ဆို၊ ပြောလေ၊ ဘာတွေပြောမှာလဲ ရွှေစု'

'အင်း၊ ငါပြောရင်တော့ နင် အရမ်းအံ့ဩသွားမှာသေချာတယ်၊ ငါကလဲ အဲဒီလိုသတင်းထူးမျိုး ပေးရမယ်ဆိုရင် ရှေ့ဆုံးကပဲ၊ သိတယ်မို့လား၊ ကျောင်းတုန်းကစရိုက်တွေက ခုချိန်ထိ မပျောက်သေးဘူး၊ အကျင့်ပါနေပြီ'

စုစကားကြောင့် သူမ တအံ့တဩဖြစ်နေပြီ။

'ဘာလဲ ရွှေစုရယ်၊ ပြောစမ်းပါဦး'

'သမီး.... ရော့ ရော့၊ ဒီမှာလာယူ၊ ဒေါ်ကြီးက ဟင်းအိုး တန်းလန်းကြီးနဲ့ ထက်လာရတာ၊ နေ့က် ဘာစားချင်သေးလဲ'

ဒေါ်ကြီးက အခန်းပေါက်ဝမှ လှမ်းအော်၍ပြောသဖြင့် သူမက ထိုင်ရာမှထပြီး ဒေါ်ကြီးလက်ထဲမှ ငါးမုန့်ကြော် ပန်းကန်ကို လှမ်းယူလိုက်၏။

'ရပြီ ဒေါ်ကြီး၊ မစားတော့ဘူး၊ တော်ကြာ ထမင်းမစား နိုင်မှာစိုးလို့'

'အေး.... အေး၊ လိုဘာ ပြော၊ ဒေါ်ကြီး အောက်မှာရှိနေ မယ်၊ ထမင်းစားတော့မယ်ဆို ပြောလိုက်'

'ဟုတ်ကဲ့ ဒေါ်ကြီး'

ဒေါ်ကြီး အောက်ဆင်းသွားတော့ သူမက မုန့်ပန်းကန် ကိုင်ပြီး အထဲပြန်ဝင်လာသည်။

'ရွှေစု.... စား၊ ပြောရင်းနဲ့စား၊ ပြော စား၊ နင့်အကြိုက် ဒီလို ငါ ကြော်ခိုင်းထားတာ'

'အေးပါ.... နေဦး၊ စကားကအရေးကြီးတယ်၊ ငါ နင့်ကို သတင်းထူးပေးချင်လွန်းလို့ မအားတဲ့ကြားထဲက လာရတာဟ'

'ပြောစမ်းပါ ငါသိချင်လှပြီ'





'နင် ငါ့ကိုတစ်ခါပြောဖူးတဲ့ မောင်မင်းဆိုတဲ့လူအကြောင်း လေ'

'ဟင် သူ.... သူဘာဖြစ်လို့လဲ'

သူမက လန့်ပြီး အလန့်တကြား ထမေးလိုက်သည်။

'သူ့အကြောင်းမမေးခင် သူ့ပုံစံ ငါ့ကိုခဏပြောပြစမ်းပါဦး၊ ပြောပြစမ်း၊ ငါသိပ်အရေးကြီးလို့ နင့်ကိုမေးနေတာ'

'သူ့ပုံစံလား၊ အင်း အသားတော့သိပ်မဖြူဘူး၊ ဆံပင်ပုံစံ ကတော့ အတော်မိုက်တယ်၊ သူ့ဆံပင်ပုံစံက မင်းဦးညွှပ်ထားတဲ့ ဆံပင်ပုံစံမျိုး၊ သူ့အရပ်အမောင်းက အလွန်ဆုံးရှိမှ ငါး ခြောက် ငါးနှစ်....

'မျက်ခုံးထူတယ်၊ နှုတ်ခမ်းပါးတယ်၊ နှာခေါင်းသိပ်မချွန် ဘူး၊ မျက်နှာပေါက်က ခပ်သွယ်သွယ်၊ ခန္ဓာကိုယ်အချိုးအစား က သေးသွယ်တယ်၊ သူဝတ်စားပုံက စပို့ရှပ်နဲ့ ဂျင်းပန် ဘောင်းဘီ အဝတ်များတယ်'

'ဟာ.... ဟုတ်ပြီ.... ဟုတ်ပြီ၊ နင် ငါ့ကိုပြောခဲ့ဖူးတဲ့ မောင် မင်းနဲ့ ငါတွေ့ခဲ့တဲ့ မောင်မင်းက တစ်ပုံစံတည်း၊ သိပ်သေချာ သွားပြီ ယဉ်၊ ငါထင်တဲ့အတိုင်း ဖြစ်နေတာပါဘဲ'

'ဘာဖြစ်လို့လဲ ရွှေစုရယ်၊ ငါ့ရင်တွေထိတ်လိုက်တာ'

'ထိတ်မနေနဲ့၊ ငါပြောမယ် နားထောင်၊ ငါ နင့်ကို ဟိုတလောက ဖုန်းဆက်ပြောပါတယ်၊ငါ့အိမ်က **G.L Saloon** လေးရောင်းမယ်ဆိုတာလေ'

'အင်း....'

'ဪ အေး၊ အခုရောင်းပြီးလို့ ကားသစ်ဝယ်ဖို့လုပ်တော့ နင့် မောင်မင်းဆိုတဲ့လူနဲ့ ကားပွဲစားတန်းမှာ သွားတိုးတယ်၊ ငါက သူ့ကိုမမြင်ဖူးပဲ၊ ဘယ်သိမလဲ၊ နာမည်တော့ နင် ပြောဖူးလို့ ငါကြားဖူးတာ...

'သူက အထော်စကားပြောကောင်းတဲ့သူ၊ ငါ့ကိုများ တစ် ချက်တည်းပစ်ကျအောင် ပြောနိုင်တယ်၊ ငါကလဲ ကား အကြောင်း သိပ်နားမလည်တဲ့သူဆိုတော့ နောက်ဆုံး သူ အချဉ်ဖမ်းတာ ခံလိုက်ရတယ်ဆိုပါတော့၊ အပြင်မှာ ခြောက်ခဲ့ ဈေးပေါက်နေတဲ့ကားကို သူက ခြောက်နဲ့ ပေးပါမယ်ဆိုတော့ သက်သာပြီဆိုပြီး ဆွဲလိုက်တာ သေရော'

'ဟင်.... ဘာဖြစ်သွားလို့လဲ'

'အဲဒီကားက တိုက်ထားတဲ့ကားတဲ့၊ တိုက်ထားတာ မကြာ သေးဘူးတဲ့လေ၊ ရှေ့တစ်ခြမ်းလုံး ပြန်ပြင်ထားတာတဲ့၊ ငါ့ဖြင့် ပက်လက်ကိုလန်ရော၊ ငါ့လက်ထဲရောက်မှ ဘာလုပ်လို့ရတော့ မှာလဲ၊ ငါ့အရှုံးပေါ့....

'နောက်တစ်နေ့ ငါသွားတွေ့ယော့ သင်းကိုမတွေ့ရတော့





ဘူး၊ ပွဲစားတန်းမှာမေးကြည့်တော့ အကုန်လုံးကနှာခေါင်း ရှုံ့မျက်နှာရှုံ့ပြီး ပြောကြတယ်....

'သူ့လိုလူကို ဘယ်သူမှ အပေါင်းအသင်းမလုပ်ဘူးတဲ့၊ သူက ခပ်တုံးတုံးမိန်းမတွေကို လှီးဖို့ဖြတ်ဖို့ ချောင်းနေတဲ့ လူတဲ့၊ သိပ်လူလည်ကျတာ၊ အလကားလူလိမ် လူညာ လူ ကောက်တဲ့။ ခင်ဗျားသူ့ကိုတွေ့ချင်ရင် ပုဇွန်တောင်ကိုလိုက် သွားတဲ့ဆိုပြီး လိပ်စာပေးလိုက်တယ်'

'အမလေး... ဘုရား....ဘုရား'

သူမ ခေါင်းနားပန်းကြီးပြီး တစ်ကိုယ်လုံးအသွေးအသား တွေ တဆတ်ဆတ် တုန်ခါသွားတော့သည်။

'အဲဒါ ငါ အဲဒီလူအိမ်ကိုလိုက်သွားမလို့၊ နင့်ကိုအဖော် လာခေါ်တာ၊ နင်ပါတစ်ခါတည်းလိုက်ခဲ့၊ သွားရှင်းမယ်'

'ဟင်....ရွှေစုံ မဖြစ်ဘူး၊ ငါလိုက်လို့မဖြစ်ဘူး၊ မလုပ်ပါ နဲ့၊ မလုပ်နဲ့'

'ဟဲ့ ....အဲဒါက ဘာဖြစ်တာလဲ'

'ငါပြောပြမယ် နားဆောင် နားထောင်'

သူမက သူ့အကြောင်းအပါအဝင် သူမနှင့် ကိုကို့တို့နှစ် ယောက်ဇာတ်လမ်းကို အစအဆုံးပြောပြလိုက်သည်။

'စုက တအံ့တသြနားထောင်ရင်း အံ့အားတွေသင့်နေလျက် ရှိ၏။

သူမစကားဆုံးသည်နှင့်....

'ဟင်၊ ဒါ....ဒါဆို နင် သူ့ကိုသိပ်သတိရသွားဖို့ လိုသွားပြီ ပေါ့၊ နင့် ပြဿနာက မသေးပါလား ယဉ်ရယ်၊ ငါ့ထက် တောင် ဆိုးနေပါလား'

'ဟုယ်ဘယ်ရွှေစု၊အခု ဇာတ်ရှုပ်လည်မှနင်နားလည်သွားပြီ မို့လား၊ ငါနင့်နောက်ကိုလိုက်မပေးတာ ခွင့်လွှတ်ပါ ရွှေစု ရယ် သူ့ကိုငါဘယ်လိုနည်းနဲ့မှအတွေ့ခံလို့မဖြစ်လို့ပါ၊ နင် အခုလာပြောလို့ သူ့အကြောင်း ငါသိရပြီဘဲ၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ်ဟာ'

'ဟာ....နင်ကလဲ သူငယ်ချင်းအချင်းချင်း၊ ပြောစရာကျနေ တာဘဲ၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီလူအကြောင်း နမ်သိရပြီမို့လား၊ ဒီခုဘော့ပိုပြီးရှောင်လို့ကောင်းသွားတာပေါ့'

'အေးလေပာယ်၊ ကြောက်စရာကောင်းလိုက်တဲ့လူ၊ကိုယ့်ရုပ် ကိုယ့်ရည်တောင် အားမနာဘူး၊ရွှ စရာကောင်းလိုက်တာ၊ ပြော ရင်းနဲ့တောင် အောနှလုံးနာလာပြီ'

'နာမနေနဲ့ယဉ်၊ နင့်ကိုကိုနဲ့နင်နဲ့သာ အမြန်ယူဖို့ လုပ်ပေ တော့၊ မဟုတ်ရင် ဒီလူဘာ ဘာတွေညာဏ်ထုတ်ထားမှန်းမှ မသိ ဘဲ၊ ပြဿနာမတက်ဘူးလို့ ဘယ်သူအာမခံရဲမလဲ'





'ဟုတ်တယ် ရွှေစု၊ ငါလဲ သူ့ရန်ကြောက်တာနဲ့ ကိုကိုနဲ့ အမြန်ဆုံးလက်ထပ်ဖို့ ခေါင်းညိတ်လိုက်ရတယ်'

'သမီးရေ....သမီး လာတော့၊ ထမင်းစားကြစို့၊ စုစုလဲ စကားတွေပြောရလွန်းလို့ ဆာရောပေါ့'

ထိုစဉ် ဒေါ်ကြီးက အခန်းပေါက်ဝတွင်ရပ်ရင်း အော် ပြောသည်။

'လာ....ရွှေစု၊ ထမင်း သွားစားရအောင်'

'အေး....အေး'

သူမနှင့်စုသည် အောက်ထပ်ရှိ ထမင်းစားခန်းသို့ ဆင်းခဲ့ ကြသည်။

* * *

## အခန်း (၁၀)

'ဘယ့်နှယ့်လဲယဉ်လေး၊ ကိုကိုတို့ လက်ဆပ်ပြီးရင်နေမယ့် တိုက်နဲ့ခြံကို ကြိုက်ရဲ့လား ဟင်'

'ကိုကိုက သူဝယ်ထားသော တိုက်နှင့်ခြံကို သူမစိတ်တိုင်းကျလိုက်ပြပြီးအပြန်ကျတော့ ကားပေါ်မှာမေးသည်။

'ဟုတ်ကဲ့....ကြိုက်ပါတယ် ကိုကို'

ကိုကိုက ကားလီဗာကို အနည်းငယ်လျှော့လိုက်၏။

'ယဉ်လေး ဘယ်သွားချင်သေးလဲ'

'ဟင့်အင်း....ကိုကို၊ မသွားတော့ဘူး'





'အိမ်ပြန်ချင်ပြီလား'

'ရပါတယ်၊ ကိုကို ဘယ်သွားချင်လို့'

'ယဉ်လေးကို ကိုကိုသိပ်ကြိုက်တဲ့ အိုက်(စ်)ကရင်တစ်ခု တိုက်ကျွေးချင်လို့'

'ဘယ်မှာလဲ....ကိုကို'

'စမ်းချောင်း ကျွန်းတောလမ်းမကြီးပေါ်မှာ၊ သိပ်အရသာရှိတယ်၊ သူတို့အခေါ်တော့ လူ့ခြစ်အိုက်(စ်)ကရင်လို့ခေါ်တယ်၊ဘန်ကောက်အခေါ်တော့ 'လူ့ခစ်'ပေါ့၊ အဲဒီအသီးက သိပ်စားလို့ကောင်းတာ၊ ယဉ်လေး မစားဖူးသေးဘူးမို့လား'

'ကိုကိုကျွေးရင် စားမှာပေါ့'

သူမပြောတော့ ကိုကိုက သဘောကျပြီးရယ်နေသည်။

ခဏနေတော့ ကိုကိုကားကစမ်းချောင်းရှိကျွန်းတောလမ်းမကြီးပေါ်သို့ ရောက်လာသည်။

ကိုကိုက သူကြိုက်နှစ်သက်သော 'လူ့ခြစ်'အိုက်(စ်)ကရင်ကို သူမအားကျွေးသည်။

'စားကြည့် ယဉ်လေး၊ လူ့ခြစ်ဆိုတာ အဲဒီ အပေါ်က အသီး အဖြူရောင်လေးကို ပြောတာ၊ ယဉ်လေး မကြိုက်ရင် ဖာလူဒါသောက်မလား'

'ကြိုက်ပါတယ်ကိုကို၊ ကောင်းပါတယ်၊ စားရတာတစ်မျိုးလေးပဲနော်၊ စားလို့ကောင်းတယ်'

'ယဥ်လေးကြိုက်ရင် ပြီးတာပါပဲကွယ်'

ကိုကိုက ထိုစကားသာပြောပြီး သူမနှင့်အတူ လူ့ခြစ်အိုက်(စ်)ကရင်ကို ငုံ့စားသည်။

ကိုကိုဒီနေ့တစ်မျိုးဖြစ်နေမှန်း သူမသတိထားမိသည်။

'ကိုကို....'

'ဟင်'

ကိုကို့ ကြည့်ရတာ တစ်မျိုးပဲ၊ ကိုကို နေကောင်းရဲ့လားဟင်....'

'ကောင်းပါတယ်ယဥ်လေးရဲ့၊ ကိုကိုဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး'

'ကျွန်မစိတ်ထဲ တစ်မျိုး ဖြစ်နေသလားလို့ပါ'

'မဖြစ်ပါဘူးယဥ်လေး၊ စိတ်ချ....ကိုကိုဘာမှ မဖြစ်ပါဘူး၊ ကိုကိုက ယဥ်လေးအတွက်ပဲ စိုးရိမ် စိတ်ပူ နေရတဲ့သူပါ၊ ဘာလိုလို နဲ့ ကိုကိုတို့ လက်ထပ်ရက်တောင် နီးလာပြီမို့လား....

'ဒီကြားထဲမှာ ကိုကိုမပါဘဲနဲ့ ယဥ်လေး ဘယ်မှမသွားပါနဲ့နော်၊ ယဥ်လေးအိမ်မှာပဲနေပါ၊ ဖုန်းတွေလာရင်လဲယဥ်လေး





မကိုင်ပါနဲ့၊ ကိုကိုကလွဲပြီး ဘယ်သူ့စကားမှ ယဥ်လေး မယုံရဘူးနော်....

'ကိုကိုက ဖုန်းဆက်ခိုင်းလို့ပါ ဘာညာဆိုပြီး ဖုန်းတွေလာရင်လဲ မယုံနဲ့ ဟုတ်လား၊ ယဥ်လေးကို ကိုကို ကိုယ်တိုင်ပြောမှ ယဥ်လေး ယုံရမယ်၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ကိုကို၊ ကျွန်မ နားလည်ပါတယ်'

ထိုစကားတွေကို ကိုကိုဘာကြောင့် ပြောတယ်ဆိုတာ သူမနားလည်သွားသည်။

ကိုကို ဆီမှာ သူနှင့်ပတ်သက်ပြီး စကားလုံးပေါင်း မြောက်မြားစွာ ရှိနေမှာပါ။

ကိုကို ဘာကြောင့် မပြောရတာလဲ၊ ဖွင့်မပြောပြ ရတာလဲ။

ကိုကိုသည် သူမ မျက်နှာကို တစ်ခါမှ မကြည့်ဖူးသည့်အကြည့်မျိုးဖြင့် တွေဝေ ငေးမောစွာ စူးစူးစိုက် ကြည့်နေမိသည်။

ထိုအချိန်က တစ်လောကလုံးမှာ နှစ်ယောက်တည်း ရှိနေသည်ဟုသာ ထင်မိပါသည်။

ကြည့်ကြည့်နေရင်းမှ သူမနံဘေးမှာ ရှိနေသောကိုကိုသည်

တစ်ယောက်တည်းမဟုတ်တော့ဘဲ ကိုကို့ကိုယ်မျိုးတွေ များစွာ ဖြစ်လာခဲ့သည်။

'ယဉ်လေး'

'ရှင်'

ကိုကို့ခေါ်သံကြောင့် သူမအကြည့်တွေ ဖျတ်ခနဲ ရုပ်သိမ်းသွားရသည်။

'ယဉ့်လေးကို စိတ်ချပါရစေကွယ် နော်၊ ကိုကို ပြောတာ ယဉ်လေး နားလည်ဘယ်မို့လား'

'ကိုကိုရယ်၊ ကိုကို ကျွန်မကို မယုံကြည်သလိုအော့ မခပြောပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မနဲ့ ပတ်သက်ပြီး ကိုကို့စိတ်ထဲမှာ မရှင်းလင်းတဲ့ သံသယတွေများ ရှိနေသလားဟင်၊ ရှိနေရင်လဲပြောပါကိုကို၊ ကျွန်မကို အားမနာပါနဲ့ နော်၊ ကျွန်မတို့က ဇနီးမောင်နှံအဖြစ်ဖို့ သိပ်မလိုတော့တာ....'

ကိုကိုက ခေါင်းကို ဖြည်းညင်းစွာ ခါရင်း....

'ယဉ်လေးကို သိပ်ချစ်တဲ့စိတ်နဲ့ အရာအားလုံးကို ကိုကို ရင်ဆိုင်ရဲတဲ့သတ္တိ ရှိပါတယ်။ သတ္တိနည်းလို့ ရှောင်ပုန်းတယ်ဆိုတာ သူရဲကောင်းတွေရဲ့ လုပ်ရပ် မဟုတ်ဘူး ယဉ်လေး၊ ကိုကိုနဲ့ယှဉ်ပြိုင်ရမယ့်သူက ဘယ်သူလဲဆိုတာ ကိုကို တွေ့ခဲ့ပြီး





ဘဲ၊ ကိုကိုကြောက်တတ်တဲ့လူ မဟုတ်ဘူး၊ တွေဝေတတ်တဲ့သူ ဟုတ်ဘူး၊ အဲဒါတော့ ယဉ်လေး လုံးဝယုံထားလိုက်'

'ဟင်....၊ ဒါ....ဒါဆို....သူ....သူက ကိုကို့ကို ဘာတွေများ မ်းခြောက်..'

'နေ....နေ....ယဉ်လေး၊ မပြောနဲ့တော့၊ သူ့အကြောင်းနဲ့ တ်သက်ပြီး ယဉ်လေး ဘာမှ မသိချင်ပါနဲ့၊ဒါ ကိုကိုတို့ ယာကျားချင်း ကိစ္စပါ၊ ယဉ်လေးဘာသာ ယဉ်လေးနေ၊ ကို့အတွက် ဘာမှမပူနဲ့၊ စိတ်အေးအေးနေ။ ယဉ်လေး ာ ယဉ်လေးလုံးလုံးခြုံခြုံ ဆင်ဆင်ခြင်ခြင်နေပါ၊ ကိုကို ပြောတဲ့ ကားကို အစွမ်းကုန် နားထောင်ပေးပါ၊ ကိုကို အဲဒါပဲပြော င်တယ်'

'စိတ်ချပါကိုကိုရယ်၊ ကျွန်မနားထောင်ပါ့မယ်'

ကိုကို့မျက်နှာလေး ဝင်းလက်သွားသည်။ ပြုံးရှင် သွား ည်။

သူမတို့နှစ်ယောက် တစ်လုတ်ချင်း ငုံစားနေသော အိုက် )ကရင်လေးတွေ ကုန်လုနီးပါး ဖြစ်သွားပြီ။

'ယဉ်လေး သွားကြို့နော်'

'ဟုတ်ကဲ့ကိုကို'

ကိုကိုက ကျောင့်ငွေကို ကောင်တာမှာ ငွေရှင်းပေး
သူမနှင့်အတူ ကားနားသို့လျှောက်လာခဲ့သည်။

ကိုကိုနှင့် သူမတို့ နှစ်ယောက် ကားထဲမှာ ဝင်ထိုင်
သူမတို့ကားရှေ့မှာ ကန့်လန့်ဖြတ် ပိတ်ရပ်ထားသော ဆိုင်က
တစ်စီးကိုတွေ့လိုက်ရသည်။

'ဟင်....ဒီလူ'

ကိုကိုရောသူမပါ ဓမောင်မင်း ဆိုသောသူကို မမျှော်လင့်
တွေ့လိုက်ရသဖြင့် အံ့သြ ထိတ်လန့်သွားကြသည်။

'ကိုကို....ရန်မဖြစ်နဲ့နော်၊ ရန်ဖြစ်ဖို့လဲ မကြိုးစားနဲ့၊ က
ပေါ်ကလဲ မဆင်းနဲ့၊ ကားနောက်ဆုတ်ပြီး ထွက်လိုက်
ကားစက်နှိုး....နှိုးတော့....သွားတော့'

သူမက အလန့်တကြားဖြင့် တစ်ကိုယ်လုံး တုန်ယင်
ပြောလိုက်သည်။

'မရဘူး ယဉ်လေး၊ ဒီအတိုင်းထွက်ရင် ရှေ့ကလူကို တိုက်
မှာပေါ့၊ နောက်ကားကလဲ အတင်းကပ်နေတယ်၊ ရှေ့က
ထားတော့ ကိုကို ဘယ်လိုလုပ်ထွက်မလဲ'

'ဒုက္ခပါပဲ ကိုကိုရယ်၊ ဟိုလူ.... ဟိုလူ၊ ကိုကို့ကို ရန်
တော့မှာ သေချာတယ်၊ ဖုံစံကိုကြည့်၊ ကိုကို ကားပေါ်
မဆင်းနဲ့နော် မဆင်းနဲ့'





'အခြေအနေ...ရ ကြည့်လုပ်ရမှာပဲ ယဉ်လေး၊ မတတ်နိုင်
ဘူး'

'မဆင်းပါနဲ့ ကိုကိုရယ်၊ ကျွန်မကိုသနားပါ၊ ကျွန်မစကား
းထောင်ပါ၊လမ်းမပေါ်မှာ ရန်ဖြစ်နေကြမှာစိုးလို့ပါ၊ကိုကို
င်းနဲ့၊ ကျွန်မဆင်းမယ်'

'ဟင်.... ယဉ်လေး'

သူမက ပြောပြောဆိုဆို ကားတံခါးကို ဗုန်းခနဲဆွဲဖွင့်ပြီး
င်းတော့ ကိုကိုကပါ သူမကို စိုးရိမ်စိတ်ပူပြီးဆင်းချလာသည်။

သူမတို့နှစ်ယောက် သူ့ထံသို့ဆင်းလျှောက်လာသည်ကို သူက
င်ကယ်ပေါ်မှ ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်ပြီး ခပ်တည်
ည်ဖြင့် ခေါင်းငုံ့၍ စောင့်ကြည့်နေ၏။

သူ့ပုံစံက တကယ့် မိုက်ရူးရဲတစ်ယောက်လိုပုံစံ၊ ကြွပ်ဆတ်
တ်ဖြင့် ဘယ်သူ့ကိုမှ ထီမထင်မလေးစားသည့်ပုံစံ....။

သူ့မျက်လုံးတွေ၊ နှုတ်ခမ်းတွေ၊ သူ့မျက်နှာ အနေအထား
က ဖြစ်ချင်ရာဖြစ်၊ ရင်ဆိုင်ပစ်တော့မည်ဟူသော အနေ
ထားမျိုး။

ပြီးတော့ သူဝတ်ထားသည့် ဒီဇိုင်းက တကယ့်လမ်းသရဲ
င်သော ဒီဇိုင်းမျိုး....။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားသည်၊ စပို့ရှပ်အနက် ဘောင်းဘီအနက်၊ မျက်မှန်အနက်၊ ဖိနပ်အနက်နဲ့။

'ကိုကို.... သတိထားနော်.... သတိထား'

သူမက ကိုကို့လက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး အနား ကပ်၍ ခပ်တိုးတိုးပြောလိုက်သည်၊

သူက ကိုကို့မျက်နှာကိုတစ်လှည့်၊ သူမမျက်နှာကိုတစ်လှည့် ဖြင့် အလှည့်ကျကြည့်ပြီး ပခုံးတွန့်၍ ရယ်မောပစ်လိုက်သည်

'သိပ်လိုက်တဲ့အတွဲပဲ၊ ခင်ဗျားတို့မင်္ဂလာဆောင်ရင် လူ အတော်ချီးကျူးခံရမှာ သေချာပါတယ်'

ကြည့်စမ်း....၊ သူ ရိပစ်လိုက်တဲ့စကားကို၊

ဘယ်လောက် ဒေါသဖြစ်စရာကောင်းလိုက်သလဲ၊

'ဒီမယ်၊ ရှင်နဲ့ပြောစရာ ဘာစကားမှမရှိဘူး၊ ရှင့်ဆိုင်က ဖယ်ပေး'

'ဘာကိစ္စ'

'ဘာကိစ္စဖယ်ရမှာလဲ၊ရှင့်ဆိုင်ကယ်ပီက်ရပ်ထားတော့ က ထွက်လို့မရဘူး၊ ရှင့်မျက်လုံး မမြင်ဘူးလား'

'အားကိုးရှိတော့ စွာနေတာပေါ့လေ၊ ရှုတိုင်းယဉ်က အ နဲ့ တခြားစီပါလားကွ ဟင်'





'ရှင့်ပါး[illegible]ပို့တ်ထား၊ ဖယ်ပေးမလား၊ မဖယ်ပေးဘူးလား၊ ဒါပဲပြော'

'ဟော့အေး'

'ဘာ.... တောက်'

သူမရဲ့ တပ်ခေါက်သံအဆုံးမှာ သူမကိုယ်ကို နောက်သို့ ကိုကို က အသာတွန်းလိုက်သည်၊

သူမနေတော့၊ သူ့ပြောမည်ဆိုသောပုံစံ၊

'ကဲ....ညီလေး....၊ လမ်းမပေါ်မှာ ပြဿနာဖြစ်ကြမှာ အစ်ကိုမလိုလားပါဘူး၊ ပြော.... ညီလေးကိုယ်တို့ကို ဘာပြော ချင်သလဲ၊ ဘာဖြစ်ချင်လို့လဲ'

ကိုကို့ အသံက ဒေါသသံ၊ မောဟာသံ လုံးဝမရှိဘဲ ယဉ်ကျေး စွာဖြင့် အေးအေးဆေးဆေး မေးသည်။

သူက ကိုကို့မျက်နှာကို ကျားတစ်ကောင်လို မျက်လုံးမျိုး ဖြင့် သဲကြီးမဲကြီး ကြည့်ပစ်လိုက်၏။

သူမရင်ထဲ ထိတ်ခနဲဖြစ်ပြီး လန့်သွား၏။

သူ မိုက်ရိုင်းတော့မည်ဆိုတာ သူမ သိနေပြီ၊

'ကျုပ် ဘာပြောချင်သလဲ ဟုတ်လား၊ ကျုပ်ပြောမှာ ခင်ဗျားသိတယ်.... သိနေတယ်၊ ကျုပ်ပြောဖို့မလိုဘူး'

သူက မိုက်ရှူးရဲအသံဖြင့် မာထန်တင်းမာစွာ ပြောသည်။

'ဩော် ညီလေးကလဲ၊ ညီလေးပြောချင်တာ အစ်ကို ဘယ်လို လုပ် သိမှာတုံးကွာ၊ ညီလေးပြောမှ အစ်ကိုသိရမှာပေါ့၊ ကဲ ... ကဲ.... ပြော'

ကိုကိုပြောတဲ့လေသံကြောင့် သူမက ကိုကို့ကို မကျေမနပ် အကြည့်ဖြင့် လှည့်ကြည့်ပစ်လိုက်၏။

ကိုကိုက. သူမကို တစ်ချက်ကလေးပြုံ့မကြည့်။

'ခင်ဗျား ကျုပ်ဖေါ်သကို ဆွမပေးနဲ့၊ လေသံပျော့ပျော့နဲ့ ကျုပ်ကိုလာမပြောနဲ့၊ ကျုပ် ဒီအချိန်မှာ ဘယ်ကောင့်မျက်နှာမှ မြင်ဟောတာမဟုတ်ဘူး၊ ကျုပ် လူသတ်ရမှာလဲ မကြောက်တော့ ဘူး၊ နားလည်လား'

'ဟင်.... ရှင်.... ရှင်၊ ဘာစကားပြောတာလဲ၊ လူပ်းဝလို့၊ သတ်စမ်း.... သတ်စမ်း၊ သတ်ရဲရင်သတ်ကြည့်စမ်း'

သူမက ဆွေ့ဆွေ့ခုန်မတတ် ဝင်ပြောတော့....

'ယဉ်လေး.... နေစမ်း၊ ကိုကိုပြောမယ်'

ကိုကိုက သူမလက်ကိုလှမ်းဆွဲပြီး ဟန့်တားလိုက်သည်။

'ဒီမယ်၊ ခင်ဗျား ရှုတိုင်းယဉ်ကို လုံးဝယူဖို့မကြိုးစားပါနဲ့၊ ရှုတိုင်းယဉ်ကိုယူတဲ့နေ့ဟာ ခင်ဗျားသေတဲ့နေ့လို့မှတ်'





'ဩော်.... ဩော် ငါ့ညီပြောတဲ့စကားကို အစ်ကို ဟာသဝေ တိမ်း နားဆောင်ပေးရမယ် ဆိုပါတော့၊ ကောင်းပါပြီ၊ အစ်ကိုနားထောင်ပေးမယ် ဟုတ်လား၊ ဒါပေမယ့် အခုတော့ အစ်ကို့ရှေ့က ခဏဖယ်ပေးဦး'

ကိုကိုက သူမလက်ကိုဆုပ်ကိုင်ပြီး လေသံပျော့ပျော့က လေးဖြင့် အောက်ကျနောက်ကျပြောလိုက်သည်။

ကိုကိုဘာကြောင့် အခုလို လေပြေကလေးနှင့်ပြောနေမှန်း သူမ နားလည်ပါသည်။

ကိုကိုသည် လူကြီးလူကောင်းတစ်ယောက်ဖြစ်သောကြောင့် လမ်းမပေါ်မှာရန်ဖြစ်ကြခြင်းကိုမလိုလား၍ ရန်ဖြစ်မှာစိုး၍ အခုလို ပြေပြေလည်လည်ပြောနေခြင်း ဖြစ်သည်။

ကိုကိုစိတ်ဓာတ်ဘော့ သူမအံ့ဩဘနန်း ဖြစ်ရပါသည်။

'ခင်ဗျားဆီက ကတိမရမချင်း ကျုပ် မဖယ်နိုင်ဘူး'

'ဘာ....ကတိ ဟုတ်လား၊ ဘာကတိပေးရမှာလဲ၊ ရှင့်လို လူစားမျိုးကို ဘာကတိမှ ပေးစရာမလိုဘူး၊ အလကားလူ၊ အောက်တန်းစား ကလေကချေ၊ ရှင့်ကို ကျွန်မက ယူပါ့မယ်လို့ ဘယ်နှစ်ခါပြောခဲ့လို့ ရှင်က ပိုင်စိုးပိုင်နင်း ပြောနေတာလဲ'

'အောက်တန်းစားမို့လို့ အောက်တန်းစားပြောတာလေ၊ ဘာဖြစ်သလဲ၊ နာသွားလို့လား'

'ဟာ....ဟော့လူ၊ တော်တော့ တော်တော့၊ ခင်ဗျား သိပ်လွန်နေပြီ၊ လမ်းမပေါ်မှာ အော်ကြီးဟစ်ကျယ် မလုပ်ပါနဲ့၊ ခင်ဗျားနဲ့ယဉ်လေးက ဘာဆိုင်လို့ မင်းက ဝင်ပြောနေရတာလဲ'

'ကျုပ် လိုချင်လို့၊ ကျုပ်ပိုင်ဆိုင်ချင်လို့ ဝင်ပြောတာပေါ့၊ ရှင်းနေတာပဲ၊ ဘာလဲ၊ မကျေနပ်ဘူးလား၊ မကျေနပ် ကျေနပ် လာလေ'

'မင်း....မင်း....တော် တော်လူပါးဝတဲ့ လူစားမျိုး'

'ဝတော့ ဘာလုပ်ချင်သလဲ၊ ကျုပ်က ခင်ဗျားကိုသတ်ချင်နေတဲ့ကောင်၊ နားလည်လား၊ ဟာ....မထူးပါဘူး....ကဲ'

'ဖြောင်း'

'အ....၊

'ဟင်....အမလေး'

မထင်မှတ်သောမြင်ကွင်းကြောင့် သူမလန့်ပြီး မျက်လုံးမှိတ်၍ အော်လိုက်သည်။

ဘာတွေဖြစ်ကုန်ကြမှန်းမသိ၊





သူက ပိန်ညှယ်သောခန္ဓာကိုယ် ရှိနေပေမယ့် လက်သီးက အတော်ပြင်းထန်ပုံရ၏။

သူ့လက်သီးကြောင့် ကိုကို့မျက်နှာထစ်ပြင်လုံး စုတ်ပြတ်ထွက်သွားပြီလား ထင်ရသည်။

ကိုကို့ကိုလဲ သူမ မကြည့်ရဲတော့။

လူတစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ပြီး မျက်လုံးကိုဖိမှိတ်ထားလိုက်ရသည်။

သူတို့နှစ်ယောက် အပြန်ပြန်အလှန်လှန်ချသံတွေ၊ လမ်းပေါ်မှလူတွေ ဝိုင်းဆွဲသံတွေကို သူမကြားနေရသည်။

'ဟော့လူတွေ.... တော်တော့....တော်တော.... တော်ကြပါတော့'

'ဟာ....ဒီကောင်လေး၊ ဓါးပြရှင်းဆိုရင်းနဲ့ ပိုဆိုးနေပြီ၊ ဆွဲထား....ဆွဲထား၊ ဟိုလူ အရမ်းနာနေပြီ'

'ဟင်....ကိုကို'

လူတစ်ယောက်ရဲ့စကားသံကြောင့် သူမမျက်လုံးဖွင့်ကြည့်တော့ ကိုကို့နှုတ်ခမ်းထဲမှ သွေးတွေစီးကျလာသည်ကို တွေ့လိုက်ရသည်။

ပြီးတော့ ကိုကိုက မြေပြင်ပေါ်မှာလဲလျက်ကျနေ၏။

'ကိုကိုရယ်'

သူမရင်ထဲ နင့်ခနဲဖြစ်သွားပြီး ကိုကို့အနားသို့ ပြေးအသွား....သူက သူမလက်ကိုဆတ်ခနဲ ဆောင့်ဆွဲလိုက်သည်။

'လာစမ်း....လာ လိုက်ခဲ့'

'ဟင်....ရှင်....ရှင်၊ ဘာလုပ်တာလဲ၊ ဖယ်....ဖယ်....လွှတ်၊ ကိုကို....ကိုကို....လုပ်ပါဦး'

သူမရုန်းလေ သူကအဘွင်းဆွဲလေမို့ သူ့လက်ထဲမှာ သူမရုန်းထွက်လို့မရအောင် ဖြစ်သွားသည်။

'ကယ်ကြပါရှင်၊ ကျွန်မကို ကယ်ကြပါ။ သူနဲ့ကျွန်မဘာမှဆိုင်ပါဘူး။ သူ လူရမ်းကားတစ်ယောက်ပါ၊ မှို....လူကကျွန်မယောကျ်ားပါ'

'ဟာ....'

သူမစကားကြောင့် လူအုပ်ထဲမှ မခံမရပ်နိုင်သော လူနှစ်ယောက်က သူ့ထံသို့ အပြေးရောက်လာပြီး သူ့မျက်နှာကိုပြးထိုးကြသည်။ သူ့ကို ငိုင်းရိုက်ကြသည်။ သူ အတော်ကလေးအထိနာသွားပါပြီ။

သူမ လှည့်မကြည့်နိုင်တော့....

သိန်းမင်းစာပေ



မြေပြင်မှာလဲကျနေသော ကိုကို့ဆီသို့ အပြေးအလွှားသွားပြီး ကိုကို့ကို ပွေ့လိုက်၏။

'ဖြစ်ရလေ ကိုကိုရယ်၊ ကိုကို သိပ်နာသွားလားဟင်၊ လာ....လာ....ထ၊ ကျွန်မတွဲမယ်နော်'

သူမက ကိုကို့ကိုတွဲပြီး ထစေလိုက်သည်။

သူကတော့၊ လူအုပ်ထဲမှလူနှစ်ယောက်၏လက်ချက်ကြောင့် ခေါင်းပေါ် သွေးအလိမ်းလိမ်းကျပြီး မှောက်လျက်သားဖြစ်နေသည်။

သူ့ကို သူမ မသနားနိုင်တော့၊လှည့်လဲ မကြည့်ချင်တော့....

သူ့စေတနာ သူ့အကျိုးပေးတာ၊ ခံပေတော့။

ထိုလူအုပ်တွေထဲမှ လူတစ်ယောက်က သူ့ကို ဆက်မရိုက်ဖို့ ဝင်တားသံ သူမကြားလိုက်ရသည်။

သူမ ဘယ်သူ့ကိုမကြည့်နိုင်ဘဲ ကိုကို့ကို ကားထဲအရောက် လူတစ်ယောက်နှင့်ဝိုင်းတွဲလိုက်ရသည်။ သူ့ဆိုင်ကယ်ကိုလဲ ထိုသူ့အား ဖယ်ခိုင်းလိုက်ရ၏။

'ကိုကို.... ကျွန်မမောင်းမယ်နော်၊ ဆေးခန်းအရင်သွားမှဖြစ်မည်'

ကိုကို့ခမျာ သူမစကားသံကိုကြားနေသော်လည်း ပြန်မပြောနိုင်တော့၊

သိန်းမင်းစာပေ

ကားဆိုဖာနောက်မှီမှာအသာလှဲရင်း သူမခေါင်းရာဆီသို့ လိုက်လာခဲ့သည်။

သူမသည် နောက်ကြောင်းကို တစ်ချက်မှပြန်လှည့်မကြည့်နိုင်တော့ဘဲ နီးရာဆေးခန်းသို့သာ အမြန်ဆုံးမောင်းလာခဲ့၏။

* * *



အခန်း (၁၀)

'ဖြစ်မှဖြစ်ရလေ မောင်မင်းရယ်၊ မသေကောင်း မပျောက်ကောင်း ရှိလိုက်ဘာ၊ ဒါကြောင့် ငါပြောဘာ၊ မရနိုင်တာ မမှန်းပါနဲ့၊ မမျှော်လင့်ပါနဲ့၊ ကိုယ်ဒုက္ခရောက်ပါမယ် တာ.... မဟုတ်ဘူး၊ ငါ့စကားနားမထောင်ဘူး၊ အခုတော့.... ပြီမို့လား၊ ဖြစ်တော့ဘယ်သူခံရသလဲ၊ မင်းပဲခံရဘယ် လား၊ မင်းရတဲ့ဒဏ်ရာတွေကလဲ မနည်းဘူး၊ အံ့ရော - ရော'

ဖိုးလက သူ့မျက်နှာပေါ်မှ ဒဏ်ရာတွေကိုကြည့်ပြီး ကမူး းတိုး ကချထားဒေါသော ပြောသည်။

သူက တစ်ခွန်းမှ ပြန်မပြောနိုင်။

သူ့မျက်ဝန်းထဲမှာ ရှုတိုင်းယဉ် အော်ဟစ်လိုက်သံကြော သူ့ကို ဝိုင်းထိုးကြသော လူနှစ်ယောက်ရဲ့ လက်သီးပြင်းပြ တွေကိုသာ မြင်ယောင်နေမိ၏။

ဒီမိန်းမသာမအော်ရင် ငါ အခုလိုဖြစ်မှာမဟုတ်။

သင်းအော်လိုက်လို့ ငါခံလိုက်ရတာ၊ ငါနာသွားတာ၊ င ရှုံးသွားတာ။

ထိုနေ့က သူ အတော်ကလေးနာသွားသည်။ ခုချိန်ထ မသက်သာသေး။

ဆိုင်ကယ်ကိုပင် မောင်းလို့မရတော့။ နီးရာကားတစ်စီ အမြန်ငှားပြီး ဆေးခန်းသွား ဆေးထည့် ဆေးထိုးနှင့်၊ ပြီ တော့မှ အိမ်ပြန်ခဲ့သည်။

အိမ်ရောက်တော့ ဖိုးလက် ကတုန်ကယင်ဖြင့် ထိတ်လ တကြား ဖြစ်တော့သည်။

သူ့ဒဏ်ရာတွေက များသဖြင့် နေ့တိုင်းဆေးထိုး၊ ဆေ သောက် ဆေးထည့်နှင့် အတော်ကလေး အလုပ်ရှုပ်သွာ သည်။

ဘယ်မှလဲ သူမသွားနိုင်တော့။





အိမ်မှာသာ ခြေကုပ်မိနေတော့သည်။

ထိုရက်နေ့ကတော့ သူမကြောင့် သူအထိနာသွားရလေခြင်း ဆိုပြီး သူမအပေါ်မှာ ပို၍ မုန်းတီးစက်ဆုပ်မိသည်။

နာကြည်းခံပြင်းမိသည်။ သူမကို စိစိညက်ညက်ကြေအောင် ရိုက်သတ်ပစ်ချင်စိတ်တွေ ပေါက်မိသည်။

သူသည် သူ့အသားကိုနာကျင်အောင် ကိုယ်ထိလက်ရောက် ထိပါးလာသောသူ မှန်သမျှကို ဘယ်တုန်းကမှ လွယ်လွယ်နှင့် အလျှော့ပေးခဲ့သူ မဟုတ်ပါ။

သူက အဆင့်အတန်းရှိအောင် နေတတ်ထိုင်တတ်သောသူ မဟုတ်။

သူ့မှာ ဂုဏ်၊ ဒြပ်၊ အဆင့်ဆိုတာ လုံးဝမရှိသူ၊

သူ့ကို မောက်မာခက်ထန်လျှင် သူ အဆမတန်ရိုင်းစိုင်းပစ် ရမှ ကျေနပ်ရောင့်ရဲတတ်သည့်သူ....

အခု.... သူ့ပြိုင်ဘက်က အောင်ကြီးချိန်နဲ့ ရှုတိုင်းယဉ်....'

သူတို့နှစ်ယောက်ကို အပြိုင်မိုက်ကန်းပြဖို့ သူ့သွေးတွေက ရဲရဲနီနေပြီ....၊ သွေးဆူထကြွနေပြီ။

တွေ့ကြသေးတာပေါ့ ရှုတိုင်းယဉ်။

ငါဟာ.... ဒီနေ့အထိ မင်းကို နည်းနည်းလေးမှ စိတ်ဝင်စားခဲ့တဲ့ကောင် မဟုတ်ဘူး။

မင်းကိုချဉ်းကပ်ခဲ့တယ်ဆိုတာ မင်းပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို လိုချင်လို့....

သူဌေးသားမက်ဆိုတဲ့ ရာထူးကိုလိုချင်လို့....

ရွှေဘုံပေါ်မှာစံပြီး သူဌေးဘွဲ့ကို ခံယူချင်လို့....

နားလည်သလား....

မင်းကို အပြတ်ကြေလွန်းလို့ အောက်ကျနောက်ကျခံပြီး လိုက်နေတဲ့ကောင် မဟုတ်ဘူး....

မင်းက အနားမှာ အားကိုးရှိတော့ ငါ့ကို ကျားရဲ တစ်ကောင်လို မာန်ဖီရဲပြီပေါ့၊ သွေးဆူရဲပြီပေါ့....၊

ရပါတယ်.... လုပ်ထား....၊ အနိုင်ရတုန်းလုပ်ထား....

ငါ့အလှည့်ဆိုတာ မကြာခင်မှာ ရောက်လာစေရမယ်.... မင်းနဲ့ ငါနဲ့ တွေ့ကြမယ် ရှုံးနိုင်းယှဉ်.... တွေ့ကြမယ်....၊

* * *



အခန်း (၁၂)

သူမအတွက်တော့ ကိုကို့လိုယောကျ်ားမျိုးနှင့် တွေ့ဆုံခဲ့ရ င်းသည် အစစအရာရာမှာ အင်မတန် ဝိတ်ချမ်းသာစရာ ကာင်းခဲ့ပါသည်။

ကိုကိုသည် အတ္တ မကြီးသောယောကျ်ား၊ ကြောက်ရွံ့ တ်သော ယောကျ်ား၊ တွေဝေပျော့ညံ့တတ်သောယောကျ်ား၊ လ့ဘ ဒေါသ မကြီးဘဲ ရန်မလိုဘတ်သော ယောကျ်ားဟု မ် မစွပ်လိုပါ။

ဘာဖြစ်လို့လဲဆိုတော့ ကိုကိုသည် ကိစ္စတစ်ခုလုပ်လျှင် ါင်းအေးအေး သွေးအေးအေးထားပြီး စိတ်ဘိုင်းကျ ပြုပြင် ဆာင်ရွက်ဘတ်သည်၊

ကိုကို့မှာ အတ္တမရှိဘူးဟု တစ်ထစ်ချ စွပ်စွဲပြောဆို၍ မရ

ကိုကို့မှာ အတ္တရှိပါသည်။ ထိုအတ္တသည် သူမတစ်ယောက်
တည်းကိုမှ ရှုးရှူးမူးမူးဖြင့် ထာဝရပိုင်ဆိုင်လိုချင်သော အတ္တ
ဖြစ်၏။

ကိုကို့အတ္တတွေကို ရက်ပေါင်းများစွာကြာမှ သူမ ပို၍
သိခဲ့ရသည်။

ကိုကို ဒေါသ၊ မောဟ မကြီးခြင်းကလဲ ကိုကိုသည် လူ
တစ်ဖက်သားကို ရန်မလိုတတ်ခြင်း၊ ရန်မစောင့်တတ်ခြင်း၊ ရန်
မဖြစ်တတ်ခြင်းတွေကြောင့် စိတ်ကို ထိန်း ချုပ်ပြောဆိုခဲ့ခြင်း
ဖြစ်၏။

ကိုကို့စိတ်ခံတတ်က ဘယ်လောက် ဂုဏ်ယူလေးစားစရာ
ကောင်းခဲ့သည်ဆိုတာ မောင်မင်းဆိုသောလူနှင့် ဆုံခဲ့သည့်နေ့
မှာ အဖြေပေါ်ခဲ့သည်။

ကိုကိုက ပညာတတ်တစ်ယောက်ပီသစွာ စကားကို တော်
မပြောဘဲ ထိန်းထိန်းသိမ်းသိမ်း ပြောခဲ့သည်။

ကိုကိုသည် မည်သူ့အပေါ်မှာမဆို ယခုလိုဘဲပြောဆိုတတ်
ပါသည်။

မောင်မင်းဆိုသူကတော့ အမြဲတမ်း ရန်လိုပြောဆို စောင်
မြောင်းနေတဲ့သူ၊ အထူးသဖြင့် သူမတို့နှစ်ယောက်ကို ဒေါ





ကြောင်လဲ ပြဿနာက မထင်မှတ်ဘဲနှင့် အကြီးအကျယ်တက်ခဲ့
ကြသည်။

သူမခံအော်လိုက်၍ ဝိုင်းရိုက်ကြသော လူတွေရဲ့လက်ချက်
ကြောင့် သူ ဘာတွေဖြစ်၍ ကျန်ရစ်ခဲ့မှန်း မသိ။

ကိုကိုက ထိုကိစ္စတွေနှင့်ပတ်သက်ပြီး အိမ်ကလူကြီးတွေကို
တစ်ခွန်းမှပြန်မပြောရဟု ပြောသည်။

သူမကလဲ ဒီကနေ့အထိမပြောခဲ့ပါ။

နောက်တစ်နေ့မနက်မှာ သူမတို့နှစ်ယောက် လူကြီးစုံရာ
ရှေ့မှာ အကျဉ်းရုံးပြီး စေ့စပ်လိုက်ကြသည်၊

လက်ထပ်ပွဲကိုတော့ ကိုကိုတို့ခြံထဲမှာပဲလုပ်မည်ဟု နှစ်ဖက်
မိဘတွေတိုင်ပင်ခဲ့ပြီးပါပြီ။

အစီအစဉ်တွေလဲအားလုံးကို ကိုကို့စိတ်တိုင်းကျ ဖန်တီး
ပြင်ဆင်ခဲ့ပြီးပြီ။

လက်ထပ်ရက်နီးလာ၍ သူမစိတ်ထဲမှာ တစ်စုံတစ်ခုကို
တွေးမိပြီး ရှိန်တိန်းဖိန်းတိန်းအရသာကို ခံစားနေမိသည်။

အခုချိန်မှာ ကိုကို့ကို သူမရင်ထဲမှ နှစ်နှစ်ကာကာချစ်ခဲ့
မိကြောင်း ဝန်ခံခဲ့ရပါ၏။

ကိုကိုသည် သူမတို့နှစ်ယောက် လက်ထပ်သည့်နေ့တွင်ဝတ်

မည့်အဝတ်အစား၊ လက်ကိုင်အိတ်၊ ဖိနပ်၊ လက်ဝတ်လက်စားက အစ အားလုံးစိတ်ရှည်လက်ရှည် လိုက်ဝယ်ပေးသည်။

သူမဝတ်ရမည့် အဝတ်အစားအတွက် လက်ထပ်သည့်နေ့ ကျလျှင်ဝတ်စုံ၊ ညနေခံပွဲနေ့ကျလျှင်တစ်စုံနှင့် ကောင်းမေ့သွ ပေ့ဆိုသည့်အဝတ်အစားမျိုးတွေ ဝယ်ပေးသည်။

ကိုကိုသည် သူမလှဖို့အတွက်ဆိုလျှင် အင်မတန်မှစိတ်ရှည် သူတစ်ယောက်ဖြစ်ပြီး သူမအပေါ်မှာလဲ လိုလေသေးမရှိအ စိုက်တတ်သူဖြစ်သည်။

သူမနှင့်ကိုကိုတို့၏ လက်ထပ်ပွဲက သန်ဘက်ခါ ဖြစ်သော ကြောင့် ကိုကိုက သူမကို အိမ်မှာသာနေစေပြီး လုပ်စရာ သည့်ကိစ္စမှန်သမျှ ကိုကို့ကိုယ်တိုင်အားလုံးလိုက်လုပ်သည်။

သူမက ကိုကိုနှင့်အတူဝိုင်းလုပ်ပေးပါမည်ဆိုတာ ကိုကိုက လက်မခံ။

'နေပါစေ ယဉ်လေးရယ်၊ ယဉ်လေးဘာသာ အိမ်မှာပဲ အေးအေးဆေးဆေးအနားယူနေပါ၊ ကိုကိုအားလုံး အစ အဆုံးလိုက်လုပ်ပြီးပြီ၊ ဘာမှ မလိုတော့ဘူး၊ ယဉ်လေးဆီကို ဘယ်သူတွေဖုန်းဆက်သေးသလဲ၊ ဘာတွေ ပြောကြသေးလဲ'

'ဟင့်အင်း....ကိုကို၊ မဆက်ဘူး၊ ဘာမှလဲ မပြောကြပါ ဘူး'





'ဒ..င်း...အင်း၊ ကောင်းပြီ ယဉ်လေး၊ ဒါပေမယ့် မမေ့နဲ့ နော် ယဉ်လေး၊ သတိတော့ရှိပါစေ ဟုတ်လား၊ အိမ်ထဲမှာပဲ နေ၊ ဘယ်မှမထွက်နဲ့နော်၊ ကိုကို စိတ်ချလက်ချ သွားပါရစေ ယဉ်လေးရယ်၊ ကိုကို့သူငယ်ချင်းတွေအိမ် ဖိတ်စာပေးဖို့ကျန် သေးတယ်၊ တချို့အိမ်တွေဖိတ်ဖို့လဲကျန်နေလို့....'

'ဟုတ်ကဲ့...ကိုကို သွားလေ၊ ကျွန်မကို စိတ်ချပါနော် ကျွန်မ အိမ်မှာပဲနေမှာပါ၊ ကိုကိုလဲ သတိထားသွားဦးနော်'

'ကိုကို့အတွက် မပူစမ်းပါနဲ့ကွယ်၊ ကိုကိုကယောက်ျား၊ ဘာ မှမဖြစ်ဘူး၊ ကိုကိုစိုးရိမ်နေတာ ယဉ်လေးပါ၊ ကိုကိုတို့လက်မ ထပ်ခင် ဟိုလူနဲ့ ယဉ်လေးပြန်ဆုံမှာကိုပဲ ကိုကို တွေးပူနေမိ တယ်'

'ကျွန်မအိမ်ထဲမှာနေတဲ့သူပါကိုကိုရယ်၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး'

'ဩော်...ယဉ်လေးရယ်၊ ကိုကို့ရင်ထဲမှာ ယဉ်လေးအတွက် ဘယ်လောက်ပူပင်စိုးရိမ်နေရသလဲ၊ ယဉ်လေးသိသလား၊ ကိုကို ထက် ဘယ်သူမှ ပိုမသိနိုင်ပါဘူး၊ ကိုကို့ကိုချစ်ရင် ကိုကို စကားနားထောင်ပါနော်'

'ကျွန်မကိုယုံပါ ကိုကိုရယ်'

'ယဉ်လေးက သိပ်ချစ်ဖို့ကောင်းတာပဲကွယ်'

ကိုကိုက သူမ့နဖူးလေးကိုအသာငုံ့နမ်းလိုက်သည်။

သူမရင်ထဲမှာ သိမ့်ခနဲနွေးထွေးသွားသလို ခံစားလိုက်ရ၏။

ကိုကိုရယ်....

ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ် ကျွန်မတို့ နှစ်ယောက် ဘယ်တော့မှမခွဲတော့ဘူးနော်....

ရာသက်ပန်လက်တွဲသွားဖို့ ကျွန်မ ဆုံးဖြတ်ခဲ့ပြီးပါပြီ။

* * *



## အခန်း (၁၃)

မင်္ဂလာဆောင်ကိစ္စအတွက် အောင်ကြီးချိန်ကိုယ်တိုင် အစအဆုံးလိုက်ရသဖြင့် တစ်နေ့လုံးပင်ပန်းနွမ်းနယ်သွားသည်။

ရုံးအလုပ်တွေကတစ်ဖက်၊ မိသားစု ဗာဟီရကိစ္စတွေက တစ်ဖက်၊ မင်္ဂလာကိစ္စကတစ်ဖက်မို့ လူက တစ်ကိုယ်လုံးကိုင်ရိုက်ထားခြင်း ခံရသလို ခေါင်းတွေမူးနောက်အုံခဲနေမိသည်။

ဒီနေ့မှ ကားဒရိုင်ဘာဦးမျိုးကနေမကောင်းဖြစ်၍ ခွင့်ယူသွား၏။

ဒါကြောင့် တစ်နေ့လုံး သွားစရာရှိတာအားလုံးကိုယ်တိုင်လုပ်ခဲ့သည်။

ဒီနေ့တော့ သူလုပ်ရမည့်အလုပ်တာဝန်တွေအားလုံး ပြီး ဆုံးသွားခဲ့ပြီ။

သမိုင်းရှိ ငယ်သူငယ်ချင်းတစ်ယောက်ထံ ဖိတ်စာဝင်ပေ ပြီး သူအိမ်ပြန်ဖို့ပဲရှိတော့၏။

ညက အတော်ညဥ့်နက်နေပြီမို့ မှောင်မိုက်နေသည်။

ဒီအထဲမှာ လမ်းမီးရောင်တွေလဲပျက်၊ မီးပွိုင့်တွေကလဲပျက် နေသောကြောင့် လမ်းမပေါ်တွင် အလင်းရောင်ဟူ၍ ကာ တွေမှ မီးထိုးမောင်းသော အလင်းရောင်ကိုသာ တွေ့နေ ရသည်။

သူသွားရတာကလည်း လမ်းကြို လမ်းကြားထဲက ခပ်သေး သေးကျဉ်းကျဉ်း လမ်းတစ်ခုဖြစ်သည်။

ထိုလမ်းတစ်လမ်းလုံး မီးတွေပျက်နေသဖြင့် အိမ်အချို့မှ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်တို့၏ အလင်းရောင် တွေကို ဝိုးတဝါး တွေ့နေရသည်။

သူက သူ့သူငယ်ချင်း အောင်ထွဋ်ကို ဖိတ်စာ ပေး ပြ ကားထဲသို့ဝင်အထိုင်....

'မလှုပ်နဲ့'

'ဟင်....'





သူ ထိုးမထင်မှတ်လိုက်သော အသံတစ်ခုကြောင့် သူ့ တစ်ကိုယ်လုံး တုန်ခါသွား၏။

သူလှည့်ကြည့်လို့ မရအောင် ထိုသူက သူ့လည်ပင်းဘည့် တည့်ကို နောက်ဘက်မှ လက်ဖြင့် သိုင်းပြီး ဓားဖြင့်လှမ်း ထောက်ထားသည်။

'မင်း....မင်း ဘယ်သူလဲ၊ ဘယ်ကလဲ'

'မရှည်နဲ့၊ တစ်ခွန်းမှပြန်မမေးနဲ့၊ ကားစက်နှိုး၊ ငါပြောတဲ့ နေရာကို မောင်း၊ နှိုးမလေ....ဘာလုပ်နေတာလဲ ငါပြောသလို မလုပ်ရင် ငါ့ဓားက မင်းလည်ပင်း ကို လှီးဖြစ်သွားမယ်၊ ဘာ မှတ်နေလဲ'

ဘာမှ မတတ်နိုင်တော့။

ထိုသူက သူ့ကို လက်ဦးသွားပြီ....

သူ အောင်ထွဋ်အိမ်သွားထုန်းကကားတံခါးကို သော့မပိတ် လိုက်တာ သူ့အမှား ဖြစ်သွား၏။

ဒါကြောင့် ဒီလူက ကားထဲ ဝင်ထိုင်လို့ ရသွားခြင်းဖြစ် သည်။

ဒီလူဘယ်ကလဲ....ဘယ်ကလဲ၊ ငါ့ကို တစ်ခုခု ရန်မူလိုက်ရင် တော့ဒုက္ခပါပဲ။

'ဟ....ဟော့ကောင် နှိုးလေ၊ စက်နှိုးလို့ ငါပြောနေတာ မကြားဘူးလား၊ တောက် ခေါက်ထည့်ရသေတော့မယ်'

မတတ်နိုင်တဲ့အဆုံး သူ ကားစက်နှိုးလိုက်ရသည်၊

'မောင်း....မြန်မြန်၊ ငါပြောတဲ့နေရာ မောင်း၊ ကားကို တစ်ချက်ကလေးမှရပ်မသွားနဲ့'

'မင်း....ဘယ်သူလဲ၊ မင်း ငါ့ဆီက ဘာကို လိုချင်လို့လဲကွ၊ ပြောပါ၊ မင်းလိုချင်တာ ပေးပါ့မယ်'

သူက လေပြေကလေး ခပ်ပျော့ပျော့ ပြောသည်၊

'လျှာမရှည်နဲ့ မောင်းဆိုမောင်း၊ ငါပြောတဲ့ နေရာအထိ ရောက်အောင်မောင်း၊မင်းပြောချင်တာကို ဟိုကျပြော၊ ငါ့လာ မမေးနဲ့'

'ဟင်....ဘယ်အထိ မောင်းရမှာလဲ'

'မှော်ဘီ'

သူ ဆက်ပြောလို့ မရအောင်ပင် ဆွံ့အ ငြိမ်သက်သွားသည်၊ သူ့နှလုံးသွေး ဆတ်ခနဲ ရပ်သွားသလို ခံစားရသည်၊

မှော်ဘီ....မှော်ဘီအထိသွားရမယ် ဆိုပါလား၊

ဒါဆို ငါ့အိမ်နဲ့ အရမ်းဝေးသွားပြီပေါ့၊

ဒုက္ခပဲ....ငါ ဘယ်လိုလုပ်ရမလဲ၊

သိန်းမင်းစာပေ



သူ့ကို တစ်ခုခုရန်မူပြန်ရင်လဲ သူ့ဓားလက်ချက်နဲ့ ငါသေရမယ်၊

'မှာ....ဟော့လူ၊ မြန်မြန်မောင်း၊ အချိန်မရှိဘူး၊ ညက် မျှားမယ်တော့မကြံနဲ့နော်၊ ကျုပ်ဓားက လည်ပင်း မရွေးဘူး၊ သွေးဆာနေတဲ့ဓား'

သူ တစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်၊

ဒီလူ ဘယ်သူလဲ၊ ဘယ်သူ့ဆီက လာတဲ့လူလဲ၊

သူ့မှာ ဒီနေ့အထိ ရန်သူဆိုဘာ တစ်ဦး တစ်ယောက်မှ မရှိခဲ့၊

ဒါပေမယ့်....ယဉ်လေးနဲ့ ပတ်သက်ပြီး ရန်သူဆိုတာ ရှိလာခဲ့တယ်....။

သင်း....၊ သင်းက....မောင်မင်းဆိုတဲ့သူမဟုတ်လား။

ဟုတ်တယ်၊ သူ့ဘက်ကလူတွေ ဖြစ်နိုင်တယ်၊ ယဉ်လေးကို သူမရလို့ မစားရတဲ့အမဲ သဲနဲ့ပက်ပြီပေါ့။

ငါ့ကို ကောင်းကောင်းကြီး ဒုက္ခလှလှပေးတော့မယ်ပေါ့။

'ဟာ....မြန်မြန် မောင်းပါဆိုမှ နှေးနေသေးတယ်၊ ထုထည့်ရရင်သေတော့မယ်'

သိန်းမင်းစာပေ

သူ့နောက်က သူ့ကို အမျိုးမျိုး ခြိမ်းခြောက်ပြီး ပြောနေတော့သည်။

ဒီအချိန်မှာ သူ့ဘာကိုမှမကြောက်ရွံ့ဖို့၊ ဖြစ်လာသမျှအရာရာ ရင်ဆိုင်နိုင်တဲ့သတ္တိရှိဖို့၊ ရဲဆေးတင်ဖို့နှင့် သွေးအေးအေး နေတတ်ဖို့ပဲလိုတော့သည်။

ကောင်းပြီ မောင်မင်း၊ မင်းနဲ့ကိုယ် တွေ့ကြသေးတာပေါ့ကွာ။

သူ့ကား လီဗာကိုမြှင့်တင်ပစ်လိုက်သည်။

သူ့နောက်က သူ့လည်ပင်းကို ဓားထောက်ထားသည့် လူကလည်း တစ်ချက်ကလေးမှ အလျှော့မပေး၊ သူ့ကို နည်းမျိုးစုံဖြင့် ခြိမ်းခြောက်အနိုင်ကျင့်မည်ဟု သူလုံးဝ မထင်ခဲ့မိ။

'မောင်း....မောင်း....မြန်မြန်မောင်း'

နောက်က လူက သူ့ကို အတင်း တွန်းအားတွေ ပေးနေသည်။

'မောင်းပါတယ်ကွာ၊ မောင်းနေတာဘဲ၊ ဒီထက်အရှိန်တင်ရင် ကားမှောက်ဖို့ပဲရှိတော့တယ်၊ ဒါနဲ့....ခုနေပါဦးကွ၊ မင်းကို အခု လုပ်ခိုင်းတဲ့သူက မောင်မင်းမို့လား'

သူက သွေးမအေးအေးဖြင့် ပြောလိုက်သော်လည်း၊ သူ့နောက်မှလူက ရှူးရှူးရှဲရှဲ ဖြစ်သွားပုံရပြီး....





'မရှည်နဲ့၊ ဘယ်သူဖြစ်ဖြစ် ဟိုရောက်ရင် သိမယ်၊ကြည့်....'

'ဟုတ်ပြီ....ဟုတ်ပါပြီ'

သူက လုံးဝ မကြောက်ရွံ့ တုန်လှုပ်မှုမရှိသည့်ဟန်ဖြင့် ခပ်အေးအေးပြောပြီး ကားကို အရှိန်မြှင့်လိုက်သည်။

ထိုအချိန်မှာ သူ့နံဘေးကခုံပေါ်တွင် တင်ထားသော ဆယ်လူလာဖုန်းက အသံမြည်လာသဖြင့် သူက ကောက်ကိုင်ဖို့ အလုပ်....

'ပေးစမ်း.... ဖုန်း'

သူ ခပ်တည်တည်ပင်လှမ်းယူပြီး ပေးလိုက်သည်။

ထိုသူက ဘယ်သူဆက်တာမှန်း မမေးတော့ဘဲ ဖုန်းခလုတ်ကို တောက်ခနဲ ပိတ်ချလိုက်၏။

ဖုန်းပြတ်သွားအောင် ပိတ်လိုက်ခြင်းဖြစ်သည်။

ဒီဖုန်းက.... ယဉ်လေးဆီကပဲဖြစ်မှာပါ။

မတတ်နိုင်တဲ့အဆုံး သူ့စိတ်ကို လျှော့ပစ်လိုက်ရသည်။

ကားအရှိန်တိုးမြှင့်ထားသဖြင့် ကားလေးက ရန်ကုန် မှော်ဘီသွားသော လမ်းမကြီးပေါ်မှာ တရှိန်ထိုး ပြေးလွှားနေသည်။

အချိန်က အတော်ကလေးမှောင်နေပြီ ဖြစ်သည်။

လမ်းမပေါ်မှာလဲ ကားသွားကားလာတွေ အတော်ကျဲနေပါပြီ။

သူမောင်းလာသော ကားလေးသည် တဖြည်းဖြည်းနှင့် မော်ဘီမြို့ထဲသို့ ရောက်လာပြီးဖြစ်၏။

သူ ကားမောင်းရင်း နာရီကိုငုံ့ကြည့်တော့ ညဆယ်နာရီခွဲဖို့ သုံးမိနစ်သာလိုတော့သည်။

သူသည် မောင်မင်းဆိုသောလူနှင့် အမြန်ဆုံးတွေ့ဆုံဖို့ အာရုံတစ်ခုကလွဲလျှင် မည်သည့်အရာကိုမှ မတွေးနိုင်တော့ပါ။

* * *

'ဖေဖေ.... မေမေ.... လုပ်ပါဦး၊ ကိုကို့ဆီလဲ ဖုန်းခေါ်လို့မရဘူး၊ ကိုကို့အိမ်ဆက်ကြည့်တော့လဲ အခုထိ ကိုကိုပြန်မလာသေးလို့ စိတ်ပူနေကြတယ်တဲ့၊ ကိုကိုဘာများဖြစ်နေသလဲ မသိဘူး ဖေဖေရယ် လုပ်ပါဦး'

ကိုကို့ကို စိုးရိမ်စိတ်ပူစိတ်ကြောင့် သူမတစ်ယောက် ဘယ်လိုမှ နေလို့မရတော့ပေ။

ကိုကို့အတွက် သူမ အရမ်းစိတ်ပူသွားပြီ။

ည ဆယ့်တစ်နာရီအထိအိမ်ပြန်မရောက်သေးဘူးဆိုတော့....

သွေးရိုးသားရိုးကိစ္စမှ ဟုတ်ရဲ့လား။





ကိုကိုက ဘယ်လောက်အလုပ်များများ ည အစောကြီးအိမ်ပြန်နေကျ။

ဒီည.... ဆယ့်တစ်နာရီအထိ ပြန်မရောက်သေး။

ကိုကို့ ဆယ်လူလာဖုန်းခေါ်တော့လဲ ကိုကိုက ဖုန်းခလုတ်ကို ပိတ်ထားသည်။

ဘာဖြစ်လို့ ဖုန်းခလုတ်ကို ပိတ်ထားရတာလဲ။

သူမ တွေး၍မရ။

ကိုကိုက ဘယ်တုန်းကမှ သူ့ဖုန်းကို ပိတ်လေ့ရှိသူမဟုတ်။

သူ ဘယ်နေရာရောက်ရောက် သူမစိတ်မပူမှာစိုး၍ သူ့ဖုန်းဖြင့် ဆက်ပြောနေကျ ဖြစ်သည်။

'လာမှာပါ သမီးရယ်၊ မောင်အောင်ကြီးက ဘယ်တွေများသွားတတ်လို့လဲ၊ မိတ်ဆွေဖိတ်ဖို့ကျန်သေးလို့ ကိုယ်တိုင်ဖိတ်တယ်ဆိုးသမီးပဲပြောတာဘဲမို့လား၊ စိတ်မပူပါနဲ့ကွယ် ဖေဖေ့သမီးကတော့ ပိုနေပြန်ပါပြီ'

ဖေဖေက အေးအေးဆေးဆေး ပြန်ပြောသလို မေမေကလဲ....

'ဟုတ်ပါတယ် သမီးရယ်၊ ဘာများပူစရာရှိလို့လဲ၊ ဒီရန်ကုန်ထဲတစ်ပိုက်ကလွဲရင် ဘယ်မှသွားတာလဲမဟုတ်ဘူး၊ သူ့သူငယ်ချင်းတွေနဲ့ တွေ့လို့ စားနေသောက်နေသလား မှမသိတာ၊မယုံရင် သမီးထပ်ဆက်ကြည့်၊ မေမေပြောသလိုဘဲ ဖြစ်ရမယ်'

'ဟာ.... မေမေကလဲ၊ ကိုကိုက ဘယ်တော့မှအရက်သောက်

တဲ့လူ မဟုတ်ဘူး၊ ဒီအချိန်ထိလဲ တစ်ခါမှအပြင်ထွက်တဲ့သူ မဟုတ်ဘူး၊ ဖုန်းခေါ်လို့မရပါဘူးလို့ဆိုနေ၊ စိတ်ညစ်တယ်'

ဖေဖေနဲ့ မေမေက သူမအဖြစ်ကိုကြည့်ပြီး ပြုံးစိစိဖြင့် ရယ်နေကြသည်၊ သူတို့ရယ်နေနိုင်သလောက် သူမကမရယ်နိုင်၊

ဒေါ်ကြီးကလဲ မျက်နှာပျက်နေပြီ၊

သူမနဲ့ မောင်မင်းကိစ္စကို ဒေါ်ကြီးရယ်၊ သူမရယ်၊ ကိုကို ဝယ်ကလွဲရင် ဘယ်သူမှသိကြတာမဟုတ်၊

ဒီအဖြစ်ဟာ ဘယ်လိုမှ သေွးရိုးသားရိုး မဖြစ်နိုင်တော့၊

ဟိုလူ....၊ အယုတ်တမာ.... မိစ္ဆာကောင်၊ အဆင့်အတန်း မရှိတဲ့ တေလေဂျပိုးကောင်။

ကိုကို....၊ ငါ့ကိုကိုကို ဘာများလုပ်လိုက်ပြီလဲ၊

သူတို့နှစ်ယောက် တွေ့နေကြပြီသား....

ဘုရား ဘုရား....

သူ့ကြောင့် ကိုကို ဘာမှမဖြစ်ပါစေနဲ့၊

ကိုကို အန္တရာယ်တွေနဲ့ မတွေ့ဆုံပါစေနဲ့၊

'သမီးရယ်၊ စိတ်အေးအေးနေစမ်းပါ၊ မောင်အောင်ကြီး ကို ဒီလောက်စိတ်ပူနေရအောင် သူက ကလေးတစ်ယောက် မဟုတ်ပါဘူး၊ အချိန်တန်တော့ အိမ်ပြန်လာမှာပေါ့၊ ဘာမှ မပူစမ်းပါနဲ့၊ သမီးရယ်၊ ခေါင်းအေးအေးထား ဟုတ်သား၊ ဖေဖေအိပ်ချင်ပြီ၊အိပ်ရာဝင်တော့မယ်၊အမေကြီးရေလာကွာ.... အိပ်စို့၊ ညဉ့်နက်နေပြီ'





'ဟုတ်ကဲ့ အမေကြီး လာပြီ၊ သမီး.... သိပ်ညဉ့်မနက်စေနဲ့နော်၊ အိပ်တော့၊ မျက်နှာတွေချောင်နေဦးမယ်'

ဖေဖေနဲ့ မေမေကို သူမ တစ်ခွန်းမှပြန်မပြောနိုင်တော့၊ သူတို့နှစ်ယောက် အိပ်ရာဝင်သွားကြသည်နှင့် သူမက ဒေါ်ကြီးနားသို့ အပြေးအလွှားလာခဲ့ပြီး....

'ဒေါ်ကြီး၊ လုပ်ပါဦး.... ဒေါ်ကြီးရယ်၊ ကိုကို.... ကိုကို အထိအိမ်ပြန်မရောက်တာ ဘယ်နည်းနဲ့မှ မရိုးသားနိုင်တော့ဘူး၊ သမီးအထင်တော့ ဟိုအယုတ်တမာ မိစ္ဆာကောင် လူပါးဝပြီထင်တယ်၊ ယုတ်မာကောက်ကျစ်ပြီထင်တယ်'

'အင်း....ဟုတ်တယ်သမီး၊ ဒေါ်ကြီးလဲ အဲဒါပဲစဉ်းစားပြီး တွေးပူနေတာ၊ ဒီကိစ္စကို အစ်မတို့အစ်ကိုကြီး တို့မသိလို့ပေါ့ [illegible]ကြတာပေါ့၊ သူတို့သိရင်လဲ ဒီလောက်ဆိုခေါင်းမီးတောက်နေကြမှာ သေချာတယ်၊ ဒုက္ခ....ဒုက္ခ၊ မောင်အောင်ကြီးတစ်ယောက် ဘာတွေများဖြစ်နေပါ့လိမ့်နော်၊ ငါတော့ ရူးချင်တော့တာဘဲအေး'

'ဒေါ်ကြီးကရူးချင်နေ၊ ဒီမှာ သေတော့မယ်၊ ကိုကို့ဖုန်းကလဲ ခေါ်လို့မရဘူး၊ ဒီကိစ္စက ကိုကို့အိမ်ကိုလဲ အသိပေးလို့မဖြစ်ဘူး၊ အားလုံးပြဿနာတွေတက်ကုန်မယ်'

'သမီး ဘာဖြစ်ချင်လဲ ပြော၊ သမီးတွေးမိသလို တကယ်ဖြစ်နေပြီလို့ထင်သလား'

'ဟာ....ဒေါ်ကြီး၊ ထင်ရုံမကဘူး၊ ဒီပုံဆို လုံးဝသေချာပေါက်တွက်လို့ရသွားပြီ၊ ဖေဖေတို့အိပ်တုန်း သမီးတို့ဘာစ်ခုခု

စီစဉ်မှုထပ်တယ်၊ သမီးတို့ ဘာလုပ်ကြမလဲဒေါ်ကြီးရယ် ပြေ
ပါဦး၊ အကြံဉာဏ်ပေးပါဦး’

‘သမီးဖြစ်ချင်တာကိုပြောလေ’

‘သမီး....သမီးကတော့ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားချ
တယ်’

‘တိုင်ခြင်းတိုင် သူအုပ်ထိန်းသူမိဘတွေကသာ တိုင်ခွင့်ရှိမှ
ပေါ့ သမီးရယ်’

‘ရပါတယ်၊ ဒါက သိပ်အရေးမကြီးဘူး၊ ဘယ်သူတို
တိုင်ရတယ်၊ သူ့ မိဘတွေမရှိဘူး၊ ခရီးထွက်သွားတယ်ပေ
ကျန်မသူနဲ့ မနက်ဖြန်မှာလက်ထပ်ကြတော့မယ်ဆိုတဲ့ နီးလော
လို့ ပြောလိုက်မယ်’

‘အင်း....ကောင်းတယ် သမီး၊ သမီးအကြံဉာဏ်မဆိုးဘူ
အဲဒီတော့ ဒေါ်ကြီးတို့ဘာလုပ်မလဲ’

‘ရဲစခန်းသွားမယ်၊ ဖေဖေတို့အိပ်တုန်းအမြန်လစ်မှဖြစ်မယ
လာ....ဒေါ်ကြီး၊ ဒီအတိုင်း ထသွားစို့၊ တံခါးကိုအပြင်
သော့ခတ်ခဲ့မယ်၊ အခုပြန်လာမှာဘဲ’

‘အေး....ကောင်းတယ်သမီး၊ သွားစို့’

ဒေါ်ကြီးနှင့်သူမသည် အိမ်တံခါးသော့ကို အပြင်ဘ
မှာခတ်ပြီး ကိုဒေါင်မှကားထုတ်ကာ နီးရာရဲစခန်းသို့ အမြ
ဆုံးမောင်းလာခဲ့သည်။

* * *



# အပိုင်း (သုံး)

## အခန်း (၃၁)

သူရောက်နေသောနေရာသည် သီးပင်စားပင်တွေရှိသောခြံ
ဝင်းသေးသေးကလေးတစ်ခုတွင်းရှိ ဟောင်းနွမ်းရိနဲ့နေသော
အိုက်အိုပျဉ်ထောင်အိမ်တစ်လုံးဖြစ်သည်။

သူ့ကားကိုခြံဝင်းထဲအထိမောင်းလာပြီး ထိုအိမ်ရှေ့မှာရပ်
ခိုင်း၏။

အချိန်က တော်တော် နှောင်းနေပြီဖြစ်သောကြောင့် ညက
ပိုရှိမှောင်မည်းတိတ်ဆိတ်နေသည်။

တိုပတ်ဝန်းကျင်အနီးမှာလဲ လူသံ ဆူညံသံတွေ ဘာမှ
မကြားရ။

ဝေ့ခနဲတိုက်လိုက်သော လေအေးအေးတွေကြောင့် သူ့
တစ်ကိုယ်လုံးကျင်တက်သွားအောင် အေးလာသည်။





သူ့ကားရပ်သွားသည်နှင့် ကားနောက်ခန်းမှာ ပါလာ
သောသူက သူ့ကိုအရင်ဆင်းခိုင်းပြီး သူ့လက်ထဲမှကားသော့
ကို လှမ်းယူလိုက်သည်။

'သွား.....ရှေ့က'

အမိန့်သံက ခပ်မာမာ။ ခန္ဓာအချိုးအစားက ဗလခပ်
ကောင်းကောင်း။

သို့သော်....ခုချိန်ထိ ထိုလူ မျက်နှာကို သဲကွဲစွာမတွေ့ရ
သေး။

ထိုသူက သူ့မျက်နှာကို အဝတ်မည်းတစ်ခုဖြင့်စည်းနှောင်
ထားသဖြင့် သူ့မျက်နှာကိုမတွေ့ရခြင်းဖြစ်၏။

သူ့နောက်ကျောကို ဓားဖြင့်ထောက်ပြီး တစ်လမ်းလုံး
[illegible]ခုပြီးတစ်ခု ပေးလာသည်။

အခုလဲ သူရောက်လာသည်နှင့် အိမ်ထဲမှ အဆင်သင့်စောင့်
နေသော လူတစ်ယောက်က တံခါးဂျက်ကိုကလန့်ပြီး ဖွင့်ပေး
သည်။

'ကြော်....'

သူ အံ့သြမနေတော့ပါ။

မြင်ကွင်းက သူ တွေးထင်ထားသည့်အတိုင်း ဖြစ်နေခဲ့
တာကိုး။

သူ့ရှေ့မှာ အုပေါ်နက်ရောင်၊ အောက်အနက်ရောင်နှင့်
တစ်ကိုယ်လုံး အနက်ရောင်ဝမ်းဆက်ဝတ်ထားသော မိုက်ရှူးရဲ
ပုံစံပေါက်နေသည့် မောင်မင်းကို တွေ့ရသည်၊

'ကြွပါ...လူကြီးမင်း....ကြွပါ၊ စောင့်လိုက်ရတာဗျာ၊ ပါမှ ပါလာပါ့မလားလို့'

သူ တစ်ခွန်းမှ ပြန်မပြော။

ထိုလူ့မျက်နှာကို သွေးအေးတည်ငြိမ်သောမျက်နှာဖြင့်သာ လှမ်းကြည့်ပစ်လိုက်၏။

အခြေအနေက လျှပ်တစ်ပြက်အတွင်းမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်၊

ဒီနေရာမှာ ငါလျှင်ဖို့ သူ့ရန်ကိုရှောင်ဖို့ လိုသွားပြီ။

တွေ့ကြသေးတာပေါ့ မောင်းမင်းရော၊ တွေ့ကြသေးတာ ပေါ့။

'ကဲ....မော်ကြီး....သွားတော့ ရဖြီ....၊ကျေးဇူးတင်တယ် ကွာ၊ အမြင်မှာပဲနေဘော့၊ ကိစ္စရှိရင် ငါခေါ်လိုက်မယ်'

'ဟုတ်'

မောင်မင်းက သူနှင့်အတူပါလာသောလူကို အပြင်သို့ ထုတ် လိုက်သဖြင့် ထိုလူက ထွက်သွားသည်။

ထိုလူထွက်သွားနှင့် မောင်မင်းက အခန်းတံခါး ပိတ် လိုက်သည်။

အခန်းလေးအတွင်း မီးချောင်းရောင်ကိုမတွေ့ရ၊ ညအိပ် မီးသီးခပ်လဲ့လဲ့အရောင်ကိုသာ တွေ့ရသည်။

လေတိုးပေါက်တွေကိုလဲမတွေ့ရ။ နံရံတွေက လုံးဝအပိတ် တွေ့။

သိန်းမင်းစာပေ



ကြာကြာနေလျှင် အသက်ရှူကျပ်ပြီး ဗိုင်းခနဲလဲဖို့သာ သည်။

ပြီးတော့....အခန်းတစ်ခန်းလုံးက လူတွေနေသောအခန်း ဟုတ်ဟန်မတူ။

အသက်ရှူလိုက်တိုင်း နှာခေါင်းထဲတိုးဝင်လာသော ရနံ့ တွေက ချဉ်စူးစူးရနံ့တွေ ရှူနေရသည်။

ဘာနံ့တွေမှန်းလဲမသိ၊

ပိုးကောင်ရနံ့တွေလိုလို၊ ကြွက်သေပုပ်ရနံ့လိုလို၊ သစ်ရွက် တွေမှိုးရှိုသောရနံ့လိုလိုနှင့်....

အလွန်ဆိုးဝါးသောရနံ့တွေကိုရနေသည်။

သူနင်းထားသော ကြမ်းပြင်မှာလည်း အမှိုက်သရိုက်တွေက ဗရပွ၊ [illegible]။

သူကအမြဲတမ်း သပ်သပ်ရပ်ရပ် နေတတ်သောသူ ဖြစ်သော ကြောင့် အခုလို နေရာမျိုးမှာ သူဘယ်လိုမှ ကြာကြာနေလို့ရ မည် မဟုတ်။

သူ့ကို ဒီလိုအခန်းထဲ ခေါ်လာပြီး တမင် ညှဉ်းဆဲပစ်ရင် တော့ သူ သည်းခံလို့ရမှာ မဟုတ်တော့။

ဖြစ်ချင်တာဖြစ် လုပ်ရတော့မည်။

'အင်း....ဒီညသည်ကို ဧည့်ခံပုံကတော့ မမိုက်ဘူး ဖြစ်နေ တယ်၊ မတတ်နိုင်ဘူးဗျာ၊ ခွင့်လွှတ်ပေါ့၊ ခင်ဗျားနှင့်ကျွန်တော် နဲ့ ကြားမှာ မတွေ့မဖြစ် သိပ်အရေးကြီးတဲ့ ကိစ္စပေါ်လာလို့ အခုလို လုပ်လိုက်ရတာပါ'

သိန်းမင်းစာပေ

သူတစ်ခွန်းမှ မပြောသေး။

မောင်မင်းဆိုသူ၏မျက်နှာကို စေ့စေ့ကြည့်ပြီး နားထောင်လိုက်သည်။

'ဘာကိစ္စလဲဆိုတော့....'

မောင်မင်းက စကားကို ရုတ်တရက် ဖြတ်ချလိုက်ပြီး သူ့မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်၏။

သူ တစ်ချက်ကလေးမှ တုန်လှုပ် သွားခြင်းမရှိ၊

မောင်မင်းမျက်နှာကို အေးဆေးတည်ငြိမ်စွာ ကြည့်နေမြဲဖြစ်သည်။

'ခင်ဗျားနဲ့ ရှုတိုင်းယဉ်တို့ရဲ့ မင်္ဂလာဆောင်ခံပွဲက မနက်ဖြန်ဆို....'

'ဆက်ပြောပါ....'

မောင်မင်းက ပခုံးတစ်ချက် တွန့်လိုက်၏။

'ကျုပ် လိုရင်းတိုရှင်းပဲပြောမယ်၊ စကားတွေသိပ်ရှည်ရှည်ဝေးဝေးမပြောချင်ဘူး၊ အခုအချိန်မှာ ကျုပ်အတွက် သိပ်လိုနေတယ်၊ ခင်ဗျားနဲ့ ရှုတိုင်းယဉ်ရဲ့မင်္ဂလာပွဲမပျက်ချင်ရင် ကျုပ်တောင်းတဲ့ငွေကို ပေးရမယ်....

'အေး....လာပေးတဲ့ သူကလဲ ခင်ဗျားရဲ့ ဇနီးလောင်းကလဲ့ပြီး ဘယ်သူမှမဖြစ်စေရဘူး၊ ကျုပ်တောင်းတဲ့ ငွေကို မနက်ဖြန်မနက်မှာ ကျုပ်ခပ်စောစော လိုချင်တယ်၊ ကျုပ် လိုချင်တာရပြီဆိုတာနဲ့ ခင်ဗျားရဲ့ ဇနီးလောင်း ရင်ခွင်ထဲ ပြန်ထည့်ပေးလိုက်မယ်....





'ဘယ်နှယ်လဲ....'

သူတစ်ခွန်းမှ ပြန်မပြောဘဲ တွေးသည်။

ဒီပုံစံဆို ဒီလူ ငါ့ကို ပြန်မေးဆဲ့တဲ့ သဘော.... ငွေညှစ်တဲ့သဘော....,

ဒါကြောင့် ယဉ်လေးက ပြောခဲ့တာကိုး....

သူက ဆိုက်သမား၊ ချူစားသမား၊ လူလိမ် လူကောက်၊ ကလိန်ကကျစ် ကျတဲ့သူလို့၊

'ဟာ....တွေးတာလဲ ကြာလှချည်လား၊ အချိန်မဆွဲနဲ့၊ မြန်မြန်ပြော၊ ပေးမှာလား မပေးဘူးလား'

သူနဲ့ ယဉ်လေးရဲ့ ဂ်လာပွဲအတွက်တော့ မောင်မင်းတောင်းတဲ့ငွေကို မပေးမဖြစ်၊ ပေးရတော့မည်၊

သူ့ဘက်မှ ပြန် အကျပ်ကိုင်ဖို့ လိုအပ်သွားပြန်ပြီ။

'မင်းလိုချင်တာ ဘယ်လောက်လဲ'

မောင်မင်းက လက်ငါးချောင်း ထောင်ပြသည်။

'ငါးသောင်း'

'ဟဲ့....ဒီကောင်လား ငါးသောင်းနဲ့ ဒီလောက်အပင်ပန်းခံပြီး စွန့်စွန့်စားစားလုပ်မှာ၊ ငါးသိန်း....ငါးသိန်း၊ တိတိကျကျရမှ ပြင်မယ်နော်၊ တစ်ကျပ်တောင် အလျော့ မခံနိုင်ဘူး'

'ကောင်းပြီ၊ မင်းတောင်းတဲ့ငွေ ပေးမယ်၊ ငါ့အတွက် ငါးသိန်းက မုန့်ဖိုးပဲရှိတယ်၊ ပေးမယ်....ပေးနိုင်တယ်၊ အခု ချက်ချင်းယူမယ်ဆိုလဲ ရတယ်၊ သွားယူပေးရုံပဲ။ အေး....ဒါပေ

မယ့် ငါ့ကိုဒီမှာထားပြီး ငါ့ချစ်သူ တစ်ဦးတည်း လာမေးခိုင်း မယ်ဆိုရင်တော့ လုံးဝမဖြစ်နိုင်ဘူး'

'ဘာပြောတယ်.... ဘာပြောတယ်။ ပြန်ပြော စမ်းပါ မကြားလိုက်လို့'

'မင်းလိုချင်ရင် မနက်အထိ စောင့်မနေနဲ့၊ ငါသွားယူပေး မယ်၊ တစ်ခါတည်း ငါ့အိမ်လိုက်ခဲ့'

'ဟ....ဒါတော့ ဘယ်ဖြစ်မလဲ၊ ကျုပ်က ခင်ဗျားလက်နဲ့ ယူပေးတဲ့ငွေကို လိုချင်တာမဟုတ်ဘူး၊ ကြာခင်မှာ ခင်ဗျား ဇနီးဖြစ်လာမယ့် ရှုတိုင်းယဉ်ဆိုတဲ့ မိန်းမရဲ့ လက်နဲ့ ယူလာတဲ့ ငွေကိုမှ လိုချင်တာ....

'ကပ်စေးမနဲ့ ကြံဖန်ကပ်မနေနဲ့၊ ခင်ဗျားတို့ အတွက် ဒီ အချိန်ဟာ သိပ်အရေးကြီးနေတဲ့ အချိန်၊ တစ်မိနစ်ကလေး တောင်အထိခိုက် ခံဖို့မကြိုးစားချင်စမ်းပါနဲ့....

'ကျုပ်ပြောတာ လွယ်လွယ်လေး၊ ဘာများ ခက်လို့လဲ၊ ကျုပ်အခု ခင်ဗျားဆယ်လူလာဖုန်းနဲ့ ခင်ဗျားရဲ့ ဇနီးလောင်း ဆီကိုဖုန်းဆက်မယ်'

'ဘာ....'

သူ့ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားသည်။

'နေစမ်းပါ၊ ဒီလောက်လဲဒေါသ ဖြစ်မနေစမ်းပါနဲ့ လူ ကြီးမင်းရယ်၊ ကျုပ်ကခင်ဗျားဇနီးလောင်းကိုဘာစ်ယောက်တည်း ခွန့်စားပြီးလာခိုင်းမှာ မဟုတ်ပါဘူး၊ အခု ခင်ဗျား ပါလာတဲ့ ကားနဲ့ ခုနက ကျုပ်တပည့်ကို သွားခေါ်ခိုင်းမယ်၊ ဒါမှကျုပ်





တို့ဆီ တည့်တည့်မတ်မတ် ရောက်လာမှာပေါ့၊ ကျုပ်ဆီကို ရှုတိုင်းယဉ်နဲ့ ဒီ တူ ငွေငါးသိန်း ရောက်လာပြီ ဆိုတာနဲ့ ခင် ဗျားပါ ရှုတိုင်းယဉ်နဲ့ တစ်ခါတည်း ပြန်လိုက်သွားပေတော့'

ဖြစ်ပါ့မလား၊ သင်ပြောသလို လွယ်ပါ့မလား။

ယဉ်လေးက သတ္တိနည်းတဲ့သူ၊ ကြောက်ရွံ့ တွေဝေတတ် တဲ့သူ။

သူတို့ပြောသလို လိုက်လာဖို့ဆိုတာ လုံးဝမလွယ်၊

'မထင်ဘူး၊ မင်းပြောသလို ဖြစ်လာဖို့ လုံးဝမထင်ဘူး'

'ဟာ....ဘာကိစ္စ မထင်ရမလဲ၊ ရှုတိုင်းယဉ်က ခင်ဗျားနဲ့ ညားတော့မယ့် မိန်းမပဲ၊ လောက်လေးတော့ ခင်ဗျားက မပြီး ....လား၊ ခင်ဗျားကိုယ်တိုင်ပြော၊ ကျုပ်ဖုန်း ဆက်မယ်'

'ဟာ....တော့ လူ....ဟော့ လူ'

သူတားလို့ မရတော့....

မောင်မင်းက သူ့ဆယ်လူလာဖုန်းဖြင့် ယဉ်လေး အိမ်သို့ ဖုန်းခေါ်လိုက်ပြီ ဖြစ်သည်။

သိပ် မခေါ်လိုက်ရ....

ဖုန်းကထန်းဝင်သွား၏။

'ဟဲလို....'

'ရှုတိုင်းယဉ်လား၊ အခန့်သင့်လိုက်တာဗျာ၊ ကျွန်တော်က ခင်ဗျားနဲ့မှ တိုးပါ့မလားလို့'

'ရှင်.... ရှင်၊ ဘာကိစ္စနဲ့ ဒီအချိန်ကြီး ကျွန်မဆီ ဖုန်းဆက်ရတာလဲ'

'ဆက်ဆို ကိစ္စက ဘဝနဲ့ရင်းနှီးပြီးမှရတဲ့ ကိစ္စမို့ လို့ ပေါ့၊ ဘယ်နှယ်လဲ ခုချိန်အထိ မအိပ်သေးဘူးဆိုတော့ ခင်ဗျားရဲ့ ခင်ပွန်းလောင်းကြီး ပျောက်နေလို့ အိပ်မရဖြစ်နေတာတဲ့ ဖြစ်ရမယ်'

'ဟင်.... ရှင်.... ရှင်ဘယ်လိုသိတာလဲ' ဟုတ်တယ်၊ ကျွန်မ ခင်ပွန်းလောင်း ပျောက်နေတယ်၊ ဘယ်မလဲ၊ အဲဒါဘယ်မလဲ၊ ပြော'

'ကျွန်တော့် ဆီမှာ၊ ကျွန်တော့် အနားမှာ'

'ဘာဖြစ်တယ်'

'မယုံဘူးနဲ့တူတယ်၊ ယုံအောင်ပြောကြည့်မလား၊ ခေါ်ပေးမယ်လေ၊ ဒါပေမယ့် ခဏတော့နေဦး၊ ပြောစရာ ကျန်သေးတယ်'

'ရှင်.... ရှင်၊ တော်တော်အောက်တန်းကျတဲ့ ယောကျ်ား၊ အဆင့်အတန်းမရှိတဲ့ အယုတ်တမာလိုလူ၊ ကျွန်မချစ်သူကို ဘာဖြစ်လို့ ရှင်ခေါ်ထားရတာလဲ၊ ကိုကိုဘယ်မှာလဲ၊ ခေါ်ပေး ခေါ်ပေး၊ အခုခေါ်ပေး'

'နေစမ်းပါဦး၊ တယ်နှယ် သွေးရူးသွေးတန်းဖြစ်နေရတာလဲ' တိုးတိုးပြော၊ ခင်ဗျားအိမ်ကလူကြီးတွေ ကြားကုန်လို့ ပြဿနာ တွေ စွတ်တက်ကုန်ဦးမယ်၊ ဒီမယ်.... ကျုပ်ဆီမှာ ခင်ဗျားချစ်သူရောက်နေတယ်၊ ခင်ဗျားချစ်သူကို ခင်ဗျားလိုချင်





င် မနက်ဖြန်မနက် ငါးနာရီတိတိမှာ ငွေငါးသိန်းနဲ့ လာရွေးပါ'

'ဘာ.... ဘာပြောတယ်'

'နေဦးလေ.... နေပါဦး၊ အဲဒီလို ငွေငါးသိန်းနဲ့ လာရွေးဖို့ အတွက် ကျုပ်က ဒီကနေ ခင်ဗျားချစ်သူရဲ့ကားနဲ့ အတူ ကျုပ် လူတစ်ယောက်ကို လွှတ်လိုက်မယ်၊ သူခေါ်တဲ့နေရာကို သူနဲ့ အတူ လိုက်ခဲ့၊ ဒီကျရင် ခင်ဗျားချစ်သူနဲ့ ခင်ဗျားလက်ထဲက ငွေနဲ့ လဲမယ်၊ ကျုပ်ပြောတာ လက်မခံရင်တော့ သန်ဘက်ခါ ကျင်းပမယ့် ခင်ဗျားတို့မင်္ဂလာပွဲက ပျက်ပြီ၊ ဟား.... ဟား.... ဟား....'

'ဟင်း.... ရှင်.... ရှင်၊ လူ စိတ်ပြီး လူစိတ်မရှိတဲ့လူ၊ လူ့ပြည်ကို ... ကြီးယူဖို့လာတဲ့ အယုတ်တမာကောင်၊ ရှင့်ကို ကျွန်မသတ်မယ်.... သတ်မယ်'

'ဟား....ဟား....ဟား၊ လာသေးတယ်၊ သတ်မယ်တဲ့၊ လာလေ.... လာစမ်းပါ၊ လာသတ်စမ်းပါ၊ ခင်ဗျားသာသတ်မယ်ဆို ကျုပ်က ရင်ဖွင့်ပြီးသား ဖြစ်လိုက်ရှိတယ်....

'ဟေ့ လူ.... လာ၊ ခင်ဗျားဇနီးလောင်းနဲ့ ဖုန်းလာပြော၊ ကျုပ်ပြောသလို လုပ်ရင်လုပ်၊ မလုပ်ရင်တော့ ခင်ဗျားသေပြီ မှတ်၊ ဒီကိစ္စကို ကျုပ်တို့လေးယောက်ပဲ သိရမယ်နော်၊ ဘာတွေ ညာတွေ တိုင်တာတောဘာ လုပ်ရင်တော့ သေဖို့သာပြင်'

သူ့ကို ဖုန်းလှမ်းပေးလိုက်သဖြင့် သူ ဖုန်းကိုလှမ်းယူပြီး ပြောလိုက်ရသည်။

'ယဉ်လေး.... ယဉ်လေး'

'ဟင်.... ကိုကို၊ ကိုကို သူ့ဆီမှာရောက်နေတာပေါ့နော် ဖြစ်ရလေ ကိုကိုရယ်.... ဖြစ်ရလေ၊ ကျွန်မ.... ကျွန်မ သူပြော သလို လုပ်ရမလားကိုကို၊ အရေးကြီးတာက သူ့လက်ထဲက ကိုကိုလွတ်ဖို့ဘဲ.... ဒါမှ ကျွန်မကိုမင်္ဂလာဆောင်မှာပေါ့....

'အခုလဲ ကိုကို အိမ်ပြန်မလာလို့ လူကြီးတွေ ပူနေကြပြီ ကိုကို၊ ဖေဖေနဲ့ မေမေကတော့ ဒီကိစ္စကိုမသိဘူး မို့လား၊ သူတို့ကခေါင်းအေးနိုင်ပေမယ့် ကျွန်မ ဘယ်လို နေလို့မရပါဘူး ကိုကိုရယ်....

'ကျွန်မ.... ကျွန်မလေ.... ကိုကို့အတွက် အရမ်းစိုးရိမ်လွန်း လို့ ရဲ.... ရဲကိုတိုင်....'

'ဟာ.... ပေးစမ်း.... ကြာလိုက်တာ၊ ဒီလောက်အကြာကြီး ပြောခွင့်မပေးနိုင်ဘူး'

ယဉ်လေးပြော၍ သူနားထောင်နေစဉ် မောင်မင်းက သူ့ လက်ထဲမှ ဖုန်းခွက်ကို လုယူလိုက်သည်။

'မင်း မရှိင်းနဲ့၊ မင်းလိုချင်တဲ့ငွေကို ပေးဖို့ပြောနေတာ၊ ပေး ငါ့ကိုဖုန်းပြန်ပေး'

'မနက်ဖြန်မနက် လာပေးဖို့ပြောလိုက် ပြီးတာပဲ၊အလကား အရစ်ရှည်နေတယ်၊ ရော့.... လိုရင်းတိုရှင်း ပြန်ပြော၊ အ ကြောင်း မထပ်နဲ့'

'တောက်'





သူ့ဒေါသကို ချုပ်၍မရတော့သဖြင့် တက်တစ်ချက် ခပ် ပြင်းပြင်း ခေါက်လိုက်ရသည်။

သင်းပြောသလို သူ့လူလွှတ်ပြီး ယဉ်လေးကို အခေါ်ခိုင်း မယ်ဆိုတာ လုံးဝမဖြစ်နိုင်၊

ယဉ်လေးက သူ့အတွက် ဘယ်လောက်ပဲ သတ္တိရှိတယ် ပြောပြော၊ အခုလိုမျိုးတော့ မစွန့်စားသင့်၊

သူကိုယ်တိုင်ကလဲ သင်းလက်ထဲမှ သူလွတ်ဖို့အတွက် ယဉ် လေးကို ဒီနေရာအထိ မလာခိုင်းနိုင်....

ငါ ဘာဖြစ်ဖြစ်.... ဖြစ်ပစေ၊ ခံမယ်....

[illegible] လုံးဝအလာမခံနိုင်တော့ဘူး....

'ယဉ်လေး.... ကိုကို့ကိစ္စကို ကိုကိုရှင်းပါ့မယ်၊ ယဉ်လေး မလာနဲ့တော့၊ ကိုကိုရောက်နေတာ မှော်ဘီ၊ မှော်ဘီမြို့အစွန် မှာ'

သူပြောပြီး ဖုန်းခွက်ကို ပိတ်ချလိုက်သည်။

'ဟာ.... ဟေ့လူ.... ဟေ့လူ၊ ခင်ဗျား.... ခင်ဗျား.... ကဲ....'

'ဖျောင်း'

'အ....'

မထူးတော့....၊

သူတစ်ပြန် ကိုယ်တစ်ပြန် သတ်ကြပြီ။

ပွဲက သိပ်ကြမ်းသွားပြီ။

အခန်းထဲမှာ တဖုန်းဖုန်း တဒိုင်းဒိုင်းနှင့် သူချ ကိုယ်ချ ဖြစ်တော့သည်။

နှစ်ယောက်စလုံး ဘယ်သူက မှ အလျှော့မပေး။

တစ်လှည့်စီရှုံးလိုက် တစ်လှည့်စီနိုင်လိုက်နှင့် သူတို့နှစ်ယောက်ရဲ့ မိုက်ကန်းမှုကိုမည်သူက အဆုံးအဖြတ်ပေးရမှန်း မသိတော့။

တစ်ယောက်က သူ့မျှော်သင့်ချက်တွေကို ရိုက်ချိုးသလို ဖြစ်သွားသောကြောင့် ကျားရဲတစ်ကောင်လို စူးရှမြင်းပြနေသည်၊ မာန်ဖီသွေးကြွနေသည်။

နောက်တစ်ယောက်ကတော့ တစ်သက်လုံးမှ တစ်ကြိမ်တစ်ခါမှမဖြစ်ပေါ်ဖူးသော ဒေါသအစိုင်အခဲအသွား ဖုန်းခနဲ ဘတောက်လောင်ကျွမ်းသာ၍ သူ့စိတ်ကိုသူ ဘယ်လိုမှထိန်းချုပ်လို့မရတော့။

ထိုအခြေအခြေအနေကို ကံကြမ္မာကသာ အဆုံးအဖြတ်ပေးတော့မည်။

* * *



အခန်း (၂)

'ဒေါ်ကြီး....ဒေါ်ကြီး....လာ၊ သမီးတို့ ရဲစခန်းကိုအမြန်သွားမှဖြစ်မယ်၊ အခု ကိုကို ဆိုက်သအင်းရပြီ၊ ကိုကိုရောက်နေတာ မှော်ဘီမြို့အစွန်မှာတဲ့'

'ဟင်....မှော်ဘီမြို့အစွန်မှာ'

'ဟုတ်တယ်....ဒေါ်ကြီး၊ ဒါတောင် ကိုကိုပြောလိုသိရတာ၊ဒီလောက်သိရရင် သမီးတို့ လိုက်ဖို့ လွယ်သွားပြီ၊အမီးမပြောဘူးလား၊ ကိုကိုပျောက်နေတာက ဟိုအယုတ်တမာကောင်ရဲ့လက်ချက်ပဲ ဖြစ်မှာပါလို့၊ ကိုကိုတစ်ယောက်တော့

ဘယ်လိုများ ဖြစ်နေပြီလဲမသိပါဘူး ဒေါ်ကြီးရယ်၊ သမီးတို့ အခုချက်ချင်း အမြန်လိုက်သွားမှဖြစ်မယ်'

သူမက တရှုပ်ရှုပ်ငိုရင်းပြောသည်။

'အိမ်ကိုပြောလို့မဖြစ်ဘူးသမီး၊ သိရင် လူကြီးတွေကဆရမ်းစိတ်ပူသွားလိမ့်မယ်၊ သူတို့အိပ်နေတုန်း နောက်ဖေးပေါက်ကထွက်မှဖြစ်မယ်၊ လာ....လာ၊ အရင်ဆုံး တိုင်ချက်ဖွင့်ထားတဲ့ ရဲစခန်းကိုသွားမှဖြစ်မယ်'

'ဘုရားသိကြားမလို့ ကိုကိုတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့၊ ဒေါ်ကြီး ကိုကို့အတွက်ဆုတောင်းပေးပါဦး၊ ကိုကိုသာ တစ်ခုခုဆို သမီးလဲသေမှာပဲ'

'ညည်းကလဲအေ အရေးထဲ၊နိမိတ်မရှိတာတွေပြောနေမြန်ပြီ၊ မြန်မြန်လာ၊ ဟိုကနိုးလာမှပြဿနာတွေရှုပ်ကုန်မယ်၊ကျုပ်တံခါးပိတ်တုန်း ညည်းကကားကို အဆင်သင့်ထား ဟုတ်လား'

'ဟုတ်...ဟုတ်'

ဒေါ်ကြီးနှင့်သူမသည် အိမ်ထဲမှခြေသံမကြားအောင်အသံအတိတ်ဆုံးဖြင့် ခပ်သွက်သွက်ထွက်လာခဲ့သည်။

ဒေါ်ကြီးက နောက်ဖေးတံခါးကိုပိတ်နေဘုန်း သူမက ကားသွားထုတ်သည်၊

သိန်းမင်းစာပေ



ကားစက်ကိုးကိုအိမ်ထဲမှ ဖေဖေနှင့်မေမေ မကြားရအောင် အသာကလေးစက်နိုးပြီး ခြံထဲမှထွက်ခဲ့သည်။

သူမ ပထမဦးဆုံးသွားတာက သူမတို့မြို့နယ်ရှိ သူမတိုင်ချက်ဖွင့်ထားသော ရဲစခန်းဖြစ်၏။

စခန်းရောက်သည်နှင့်သူမက အခြေအနေအကျိုးအကြောင်းအားလုံးပြောပြပြီး ကိုကိုရှိနေသောမှော်ဘီသို့ အမြန်လိုက်ဖို့ပြောသည်။

သူမနှင့်အတူ တာဝန်ကျရဲသုံးဦးအား အမြန်လိုက်သွားရန် စခန်းမှူးက တာဝန်ချသည်၊

'တာဝန်ကျေပါစေ....ရဲဘော်'

'စိတ်ချ....ဆရာ....သတိ'

ရဲဘော်တွေက စခန်းမှူးကို အလေးပြုသည်။

'ကဲ....သမီး ရပြီ၊ စိတ်မပူနဲ့တော့ ဟုတ်လား၊ မကြာခင်မှာ အားလုံးအဆင်ပြေသွားလိမ့်မယ်၊ သမီးက သူတို့ကားနောက်ကလိုက်သွား၊ ညမှောင်တော့ကားကိုသတိထားမောင်းနော်၊ ဟိုဘက်ကအခြေအနေကလဲ နည်းနည်းထိန်းပေးပါဦး'

'ဟုတ်ကဲ့....ကျွန်မသိပါတယ် ဆရာ'

'ကောင်းပြီ....ကောင်းပြီ သွားကြတော့၊ ရဲဘော်တို့သတိဝီရိယနဲ့လုပ်မနော်၊ အဆင်ပြေပါစေကွာ'

'ဟုတ်....ဟုတ်'

သိန်းမင်းစာပေ

သူတို့တွေအားလုံး စခန်းထဲမှ ထွက်ခဲ့ကြသည်။
သူမနှလုံးသားတွေ အဆမတန် လှုပ်ရှားလျက်ရှိ၏။
လူတစ်ကိုယ်လုံး ထူပူပြီး လှုပ်ရှားယိမ်းယိုင် နေခဲ့သည်။
ကိုကိုတစ်ယောက် ဘာမှမဖြစ် ပါစေနဲ့။
ဘေးအန္တရာယ်ခပ်သိမ်း ကင်းရှင်းပါစေ။
သူမ တစ်လမ်းလုံး ဆုတောင်း လာခဲ့သည်။

* * *



## အခန်း (၃)

ငါ [illegible]သွားပြီ မောင်မင်း၊ ဒီလို အခြေအနေဖြစ်အောင် ဖန်တီးခဲ့တာကိုက သိပ်ကိုမှားတယ်၊ ငါအတန်တန် ပြောခဲ့ပါတယ်ကွာ၊ ငါ့စကားကို မင်း တစ်စက် ကလေးမှ နားမထောင်ဘူး၊ မင်းအလကားကောင်၊ ဘာမှ သောက်သုံး မကျတဲ့အကောင်၊ သူတစ်ပါးရှာထားတဲ့ငွေကို အခုလိုပုံစံမျိုးနဲ့ အလကား တောင်းယူဖို့ ကြိုးစားရတယ်လို့ကွာ...

'ငါ့ဘဝမှာ မင်းလိုလူမျိုးနဲ့ အပေါင်းအသင်း လုပ်တာ သိပ်မှားတယ်၊ အရမ်းမှားသွားပြီ၊ မင်းလုပ်ရပ်တွေကို ငါလုံးဝ ခွင့်မလွှတ်တော့ဘူး၊ ငါ့မှာတော့ ငါ့သူငယ်ချင်းပျောက်လို့ လိုက်ရှာလိုက်တာ နှံ့နေတာဘဲ....

'သွားရင်းလာရင်း လမ်းမှာများ ဘာဖြစ်သလဲ၊ ဘာဖြစ်သွားပြီလဲနဲ့၊ စိုးရိမ်လိုက်ရတာ၊ နောက်တော့ ကျော်ခေါင်လာပြောမှဘဲဒီရောက်နေမှန်း သိတော့တယ်၊ အခု....ငါ တွေ့ရတဲ့ အနေအထားကို ကြည့်စမ်း၊ ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်တာလဲကွာ'

'အခြေအနေက မြင်တဲ့အတိုင်းဘဲ၊အားလုံး လက်လွန်နေပြီ အခုချိန်မှာ ငါ့အတွက် ငွေသိပ်လိုနေတာ မင်းအသိဆုံး၊ ငါ့လက်ထဲမှာ ငွေငါးသိန်းမရှိလို့မဖြစ်တော့ဘူး၊ ဒီငွေကိုငါ့လက်ထဲ မနက်ဖြန်မနက် ရောက်ဖို့သိပ်အရေးကြီးသွားပြီ၊ ဒါကြောင့် ငါအခုလို လုပ်ခဲ့ရတာ၊ ဒီနည်းက ငါ့အတွက် အလွယ်ဆုံးနည်းပဲ၊ ဒီထက် လွယ်တဲ့နည်း မရှိတော့ဘူး'

'အေး....မင်း လွယ်တဲ့နည်းက ဂျေးထဲကို တန်းရောက်မယ့်နည်း၊ အဲဒါ မင်းနားမလည်ဘူးလား'

'တော်ပါတော့ဖိုးလ၊ ငါ အရမ်းစိတ်ညစ်နေတဲ့ အချိန်မှာ ဘာစကားမှ ငါ့ကိုလာမပြောနဲ့၊ ငါ နားမထောင်ချင်တော့ဘူး၊ ဟိုလူက ယုတ်မာကောက်ကျစ်ပြီး ရှုတိုင်းယဉ်ကို ပြောလိုက်ပြီ၊ မလာခဲ့နဲ့တော့တဲ့၊ သူ့ကိစ္စ သူရှင်းမယ်တဲ့၊ အဲဒီတော့ ဒီငွေငါးသိန်းဘယ်က သွားရတော့မှာလဲ ပြော'

'မသိဘူး၊ ငါဘာမှ ကူညီလို့ မရတော့ဘူး၊ မင်းကိုတစ်ခုပဲ ငါပြောမယ်၊ ဟိုလူကို ဒဏ်ရာတွေနဲ့ အခန်းထဲမှာ ဒီအတိုင်းထားလို့ မဖြစ်ဘူး'





'မထား[illegible]တော့ ဘာလုပ်ရမလဲ'

'ဟာ....ဘာ....ဘာလုပ်ရမလဲ၊ သူ့ကား ရှိတာဘဲ၊ နီးရာဆေးခန်းကိုပြေးပြီး ဆေးထည့်စရာရှိ ထည့်ခိုင်း ရတော့မှာပေါ့၊ မင်းနဲ့ ဟိုကောင်စုတ် တီးထားတာ ဒဏ်ရာတွေက မနည်းဘူး၊ သွေးထွက်လွန်ပြီး မသေဘူးလို့ ပြောနိုင်မလား။ တစ်မှုက[illegible] နှစ်မှုမလုပ်ချင်စမ်းနဲ့၊ ငါကတော့ဒီအတိုင်း လက်[illegible]ကြည့်မနေနိုင်ဘူး'

'မကြည့်နိုင် လုပ်.... ကြိုက်တာလုပ်၊ အခုအချိန်မှာ သင်းသေသွားလို့ ငါ ဂရုမစိုက်ဘူး၊ ငါလိုချင်တဲ့ငွေမရလို့ သေချင်နေတာဘဲ သိတယ်'

'အေး....ကောင်းတယ်၊ ကိုယ့်ဖို့ပဲ ကိုယ်ကြည့်၊မင်းလိုအတ္တကြီးတဲ့[illegible] ဒီတစ်သက်ပဲ ငါတွေ့ဖူးတော့တယ်။ ငါကတော့ မှန်တဲ့ဘက်၊ တရားတဲ့ဘက်ကိုလိုက်မယ်၊ ပေါ့ကောင်...[illegible]ကြီး....မော်ကြီး'

'ဗျာ....လာပြီ....လာပြီအစ်ကို'

မော်ကြီးဆိုသော ခပ်ထွားထွား လူက သူ့ရှေ့သို့ပြေးလာသည်။

'လာ....ငါနဲ့လိုက်ခဲ့၊ နင်တို့နှစ်ယောက် မဘဲရား နှိပ်စက်ထားလို့ ဟိုလူ[illegible]ပြီလားဘောင်မသိဘူး'

'ဟာ....အစ်ကိုရယ်၊ ဟို....ဟို....ဆရာ....ဆရာထိုးတာ များသွားလို့ပါ၊ ကျွန်တော် မပါ....မပါပါဘူး'

'တော်....ပီတ်ထား မင်းပါးစပ်၊ လာ....ငါနဲ့လိုက်ခဲ့'

ဖိုးလနှင့်အတူ မော်ကြီးဆိုသူက အောင်ကြီးချိန် ရှိနေသောအခန်းတွင်းသို့ ဝင်လာခဲ့သည်။

အောင်ကြီးချိန်ကအခန်းထောင့်နံရံမှာအသားမှီရင်းအသက်ကို ပြင်းပြင်းရှူနေပုံ ပေါက်သည်။

မျက်နှာ တစ်ပိုက်မှာလည်း ဒဏ်ရာတွေ ဗရပွ၊ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတွေစီးကျနေသည်ကို မြင်တွေ့ရ၏။

'ဟ....'

ဖိုးလ ဘယ်လိုမှ မနေနိုင်တော့။

ဖိုးသမှာ မောင်မင်းလို စိတ်မျိုး လုံးဝမရှိ။

မိမိရှေ့မှာ တစ်ဖက်သား ဒုက္ခရောက်နေလျှင် မဖြစ်မနေ ကယ်တင်ရမှ ကျေနပ်နိုင်သူ ဖြစ်သည်။

'ဟာ....ဖြစ်ရလေ ဒဏ်ရာတွေ မနည်းပါလား၊မော်ကြီး....တွဲစမ်း....တွဲစမ်း'

မော်ကြီးနှင့် ဖိုးလက အောင်ကြီးချိန်ကို တွဲ'မ' လိုက်၏

'ကျွန်တော့်ကို တစ်ခုကူညီပါဗျာ'

'အင်း....ဟုတ်ပြီ.... ပြော....ပြော၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'





'ယဉ်လေး.... ယဉ်လေး လိုက်လာရင်....ယဉ်လေး ဘာမှမဖြစ်အောင် ဂရုစိုက်ပေးပါ၊ သူ့ရန်က လွတ်အောင် ကူညီပေးပါ'

'ဟ....စိတ်ချ၊ ကျွန်တော် တစ်ယောက်လုံး ရှိတယ်၊ ခင်ဗျားရော ခင်ဗျား[illegible]မဖြစ်စေရဘူး၊ ကျွန်တော်တာဝန်[illegible] လာ....လာ....ခင်ဗျား ကျွန်တော့်ကိုတွဲ၊ ခင်ဗျားဒဏ်ရာတွေ သိပ်များနေတယ်၊ နီးရာဆေးခန်း အမြန်သွားမှဖြစ်မယ်၊ မော်ကြီး ကားအဆင်သင့်မြင်အား၊ သွား....သွား'

'ဟုတ်'

ဖိုးလက အောင်ကြီးချိန်ကိုတွဲပြီး အခန်းထဲမှ ထွက်လာသည်။

'ဩော်....မင်းက ဘယ်တင်ရှင်ကြီးပေါ့လေ၊ ဟုတ်လား'

'သောက်စကားမများနဲ့၊ ပယ်....ငါ့ရှေ့က'

'မဖယ်နိုင်ဘူး ဖိုးလ မဖယ်နိုင်ဘူး၊ ဒီနေရာမှာ သူ့ကိုကယ်တင်လိုက်ရင် ငါလိုချင်တဲ့ငွေကို ဘယ်ရတော့မှာလဲ၊ ငါ ရှုံးသွားမှာပေါ့ကွ၊ ဟား....ဟား....ဟား'

'မင်း ရူးနေသလား ဟေ့ကောင်၊ ရူးသွားပြီလားဟင် မင်းကြောင့် အသက်မသေလုမတတ်ဖြစ်နေတဲ့သူကို စေတနာ ကရုဏာနဲ့ကယ်တင်ပေးနေတာ'

'ငါ့မှာ မင်းလိုစေတနာတွေ ကရုဏာတွေ ဘယ်တုန်း

မှ ဘယ်သူ့အပေါ်မှာမှ မရှိခဲ့ဘူး၊ ငါလိုဘာခင္ဗ၊ ငါ လိုချင်တာငွေ'

'ခင်ဗျားသိပ်လိုချင်နေရင် ကျွန်တော် အခုချက်ချင်းပေးပါမယ်၊ လာ....ကျွန်တော့်ရုံးခန်းကို ကားနဲ့လိုက်ပို့ပေး၊ ကျွန်တော့်မှာ ရုံးခန်းသော့ပါလာတယ်၊ ခင်ဗျား လိုသလောက်ယူ'

'ဟာ....တကယ်၊ ခင်ဗျားတကယ်ပြောတာနော်၊ ကောင်းပြီ....ကောင်းပြီ၊ ဖိုးလ ပင်ကားမောင်း၊ ငါတို့နောက်မှာထိုင်မယ်၊ အခုသွားယူမယ်'

'ဒဏ်ရာတွေနဲ့ကွ လူမြင်မကောင်းဘူး၊ ဆေးခန်းမှာဆေးထည့်ပြီးသွားပေါ့၊ ရတာပဲ'

'အေး....ပြီးရော၊ ဟေ့လူ ဘဏ်မျှားမယ်တော့ မကြံနဲ့နော်၊ တစ်ခါတည်း သတ်ပစ်လိုက်မယ်'

'ဟေ့ကောင်'

ဖိုးလ ဝင်ဟန့်လိုက်တော့မှ မောင်မင်းဆိုသူက ငြိမ်သွားသည်။

မောင်မင်းသည် အတော်ငွေမက်သည့်သူဖြစ်ကြောင်း သူသိသွားပြီ။

သူ့ကို အခန်းတံခါးပိတ်ပြီး ဆရာဘပည့်နှစ်ယောက်ဝိုင်းတီးကြသောအဖြစ်ကို သူ တစ်သက် ဘယ်တော့မှမေ့မည်မဟုတ်။





သူတို့ရိုက်ထားသည့်ဒဏ်ရာတွေက သူ့တစ်ကိုယ်လုံး ရစရာမရှိ ပွနေပြီ။

သူ့ခန္ဓာကိုယ်တစ်ခုလုံး ကိုင်ရိုက်ထားခြင်းခံရသလို နာကျဉ်မျက်ရှနေပြီ။

သို့သော်....သူ ယောင်္ကျား။

သူ ကျုတင်းရမည်၊ ထိန်းနိုင်ရမည်၊

သူ ဘာဖြစ်ဖြစ် အရေးမကြီး....

ခံနိုင်ရည်ရှိရမည်၊ အားတင်းထားရမည်၊

အဓိက က သူ့ချစ်သူ ယဉ်လေး....

ယဉ်လေးကိုမထိခိုက်ဖို့ဘဲဖြစ်၏။

သူတို့သုံးယောက်က အောင်ကြီးချိန်ရဲ့ ကားပေါ်သို့အရောက်မှာ သူတို့ကားကိုအမှောင်ရိပ်မှာကွယ်နေသော ရဲသုံးယောက်က ဝိုင်းမိလျက်သားဖြစ်သွားပြီ။

'ဟာ....'

'ဟင်....'

'မလှုပ်နဲ့....ဆင်း၊ ကားပေါ်က အကုန်ဆင်း'

'ကိုကို....ကိုကို'

'ဟင်....ယဉ်လေး'

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။

ရဲတွေက မောင်မင်းဆိုသူရဲ့လက်ကို ကမန်းကတန်းလက်ထိတ်ခတ်လိုက်သဖြင့် မောင်မင်း ဘာမှလုပ်လို့မရတော့၊အငိုက်မိပြီးခံလိုက်ရပြီ။

အမှောင်ထုက တဖြည်းဖြည်း နှင့်ကြီးစိုးလာသည်။

'ဟင်....ကိုကို၊ကိုကို့ မျက်နှာပေါ်မှာ ဒဏ်ရာတွေနဲ့ပါလား၊ ဖြစ်ရလေ ကိုကိုရယ်....

'ကိုဆို့ အတွက် ကျွန်မစိတ်မကောင်းဖြစ်လာရင်'

'ရပါတယ် ယဉ်လေးရယ်၊ ယဉ်လေး ဘာမှ[illegible] တာဘဲ၊ ဒါနဲ့ ယဉ်လေးတို့က....'

'ကိုကိုပြောသလို တစ်ခါတည်းလိုက်လာခဲ့တာလေ၊ တော်သေးတာပေါ့ ကိုကိုရယ်၊ ကံသီပေလို့နော်၊ ကျွန်မတို့သာ အရောက်မမြန်ခဲ့ရင် ကိုကို အခုတော့ [illegible] ဖြစ်ချင်ဖြစ်နေမှာ၊ ဟိုမှာကြည့်....

'ဟိုလူတော့ လောဘသားကောင်ဖီပီ ဥပဒေပေးတဲ့အပြစ်ကို မရှုမလှခံရဦးမယ်၊ သိပ်လူပါးဝတဲ့သူ သေပါစေ'

'ယဉ်လေး.... အဲဒီလိုမပြောရဘူးလေ၊မပြောနဲ့ မပြောနဲ့ ကိုယ့်အကုသိုလ် မပါစေနဲ့'

'ကိုကိုတို့များ နေရာတကာ တရားရှိနေလိုက်တာ အံ့သြလို့ မဆုံးဘူး၊ ဟိုလူကိုကြည့်ပါဦး၊ ရဲက ဖမ်းသွားတာတောင် မျက်နှာက အချိုးတစ်စက်ကလေး ပြောင်းမသွားဘူး၊ ခပ်တည်တည်ပဲ....

'အဲဒီလို ကြွပ်ဆတ်ဆတ် မာကျောကျောနဲ့ လူမျိုး ကျွန်မ တစ်သက်တော့ တစ်ခါသာတွေ့ဖူးပါတယ် ကိုကိုရယ်၊ ဘာကြောင့်များ သူ့စိတ်ထဲမှာ အဲဒီလိုသွေးဆိုးညဉ်ဆိုးတွေ ရှိနေပါလိမ့်'





'ပေဖန်[illegible]ပါနဲ့တော့ ယဉ်လေးရယ်၊ အခုတော့ အချိန်တိုတိုအတွင်းမှာ အားလုံးပြီးဆုံးသွားပြီကို သား၊ ယဉ်လေး ကျေနပ်တယ်နော်'

'ကိုကို့မျက်နှာပေါ်မှာ ဒဏ်ရာတွေရှိလို့ မကျေနပ်ဘူး၊ ဟိုလူကို.... သတ်....'

'ကဲ.... [illegible] လူဆိုတာ သူ့ အကြောင်းနဲ့သူ လူဖြစ်လာရတဲ့သူတွေချည်းပဲ၊ သူ့ စိတ်ထဲ သူ့ ဘာသာသူ ဖြစ်လာတဲ့ဆန္ဒကို ဘယ်လိုသူစားမျိုးကမှ ဟန့်တားပေးလို့ ရတာမဟုတ်ဘူး၊ နောက်ဆုံးတော့ လူမိုက်မှန်ရင် လူမိုက်တို့ သွားရာလမ်းကို ဥပဒေက လမ်းခင်းပေးရတော့တာဘဲ၊ သူ့လမ်းသူသွားတာ သွားပါစေ....

'သူ့လိုလူစားမျိုးက ဥပဒေရဲ့အပြစ်ဒဏ်ကို ခံပြီးရင်လဲ လူ့လောကကြီးထဲက လူသားတွေနဲ့ ဘယ်လိုမှသဟဇာတ ဖြစ်အောင် နေလို့ရမယ့်သူမဟုတ်ဘူး၊ ဒါက သူ့ ဒဿနတွေလေ၊ ကိုကိုတို့နှစ်ယောက် တွေ့ခဲ့ဆုံခဲ့ရတဲ့ ကောင်လေးရဲ့ ဒဿနတွေကို ကိုကိုတို့ ပျင်းတဲ့အခါ အားလပ်တဲ့အခါ ပြောကြတာပေါ့'

'မပြောဘူး.... မပြောဘူး၊ သူ့လိုလူစားမျိုးအကြောင်း ကျွန်မပါးစပ်ကနေ ဘာမှမပြောနိုင်ဘူး၊ ကျွန်မ သူ့ကို သိပ်မုန်းတယ် ကိုကို'

'ကဲ.... ဒါဆို၊ ကလေးမ တစ်ခုတော့ဆုတောင်းပေး'

'ဘာလဲ ဟင်.... ကိုကို'

'ညမင်းကြီးရယ်၊ ကျွန်မတို့နှစ်ယောက် အမြန်ဆုံးလက်ထပ်နိုင်ဖို့အတွက် မိုးမြန်မြန်လင်းပေးပါလို့'

'ဟုတ်ကဲ့ကိုကို၊ ကျွန်မဆုတောင်းပေးမယ်နော်၊ စိတ်ထဲမှာပဲသိလား'

သူတို့တွေ ဘာဖြစ်လို့ဖြစ်ကြမှန်း သူမ စိတ်မဝင်စားနိုင်တော့။

ဂရုလဲမစိုက်၊ လှည့်မကြည့်နိုင်တော့။

သူမအနားမှာ သူမသိပ်ချစ်ရသော ကိုကိုတစ်ယောက်ရှိနေပြီမို့ အရာအားလုံးဟာ ပြီးပြည့်စုံသွားပါပြီ။

ကိုကိုဆုတောင်းခိုင်းသလို ကျွန်မရင်ထဲမှာ တိုးတိုးတိတ်တိတ်ကလေး ဆုတောင်းလိုက်ပါပြီ ကိုကို....

အို်း.... ညမင်းကြီးရယ်....

တစ်ဆိတ်ကျေးဇူးပြုပြီး ကျွန်မတို့ နှစ်ယောက် အမြန်လက်ထပ်ပေါင်းသင်းနေနိုင်ဖို့အတွက် မိုးမြန်မြန်လင်းပါစေလို့....

ချိုနွယ်(ရှုပဗေဒ)

သိန်းမင်းစာပေ